
www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တတိယအကြိမ် ပုံနှိပ်ခြင်းမှတ်တမ်း
[၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ-၁၀၀၀]

■

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၀၉၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၁၆၀၆၀၇

■

မျက်နှာဖုံးပန်းချီ
မောင်မောင်သိုက်

■

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးတင်မောင်ဝင်း (သင်းလဲ့ဝင်းပုံနှိပ်တိုက်)
(၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးလှတိုး (ရန်အောင်စာပေ)
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

■

ဖလင်
မျိုးဝင်းကျော်

■

ကွန်ပျူတာစာစီ
Dream City

■

[redacted]

တန်ဖိုး - ၁၂၀၀ ကျပ်

# ဒုတိယအကြိမ်
# ထုတ်ဝေသူ၏မှတ်ချက်

ကွယ်လွန်သူ ဆရာကြီးပီမိုးနင်းသည် ဤ "မယ်ယက္ခ" ဝတ္ထုကြီးကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က ရေးသားခဲ့ခြင်း ဖြစ်သည်။

ယခုခေတ် စာဖတ်ပရိသတ်များဆိုလျှင် "မယ်ယက္ခ" ဝတ္ထုကို ကြားရုံသာ ကြားဖူးကြ၍ ဖတ်ရှုတွေ့မြင်ဖူးသူကား မရှိသလောက် ဖြစ်၍နေကြပေပြီ။

ဆရာကြီးပီမိုးနင်း၏ ဤကဲ့သို့ တိမ်မြုပ်ပျောက်ကွယ်နေသော ဝတ္ထုကောင်းများ မြောက်မြားစွာ ရှိနေပေသေးသည်။

"မြန်မာပြည်စာအုပ်တိုက်" သည် တိမ်မြုပ်ပျောက်ကွယ်လု မတတ် ဖြစ်နေသော စာကောင်းပေမွန်များကို ပြန်လည်ထုတ်ဝေနေသဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်အတိုင်း မယ်ယက္ခ ဝတ္ထုကြီးကိုလည်း ပြန်လည်ရိုက်နှိပ် ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

ဆရာကြီးပီမိုးနင်း၏ တိမ်မြုပ် ပျောက်ကွယ်လုနီး ဖြစ်နေသော အခြားဝတ္ထုကောင်းများကိုလည်း ပြန်လည်ရိုက်နှိပ်သွားမည် ဖြစ်ပေသည်။

ထုတ်ဝေသူ
မြန်မာပြည်စာအုပ်တိုက်
၁၇-၃-၆၂

www.burmeseclassic.com

www.burmeseclassic.com

# တတိယအကြိမ်

## ထုတ်ဝေသူ၏ အမှာစာ

ဆရာကြီးပီမိုးနင်းသည် လယ်တီပဏ္ဍိတဦးမောင်ကြီးတို့နှင့် တစ်ခေတ်တည်း ထင်ရှားကျော်ကြားသော စာပေခေါင်းဆောင်ကြီးတစ်ဦးဖြစ်သလို စစ်ကြို ခေတ်ကာလ တစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော မြန်မာစာရေး ဆရာကြီးတစ်ဦးလည်း ဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ် ဝတ္ထုခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက မြန်မာစာပေတွင် လင်္ကာစပ်မနှောသော စကားပြေအရေးအသားမျိုး ခေတ်စားတွင်ကျယ် လာအောင် လမ်းသစ်ထွင် မျိုးစေ့ချပေးခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်။ ဆရာကြီးသည် ခေတ်မီသော အတွေးအခေါ်သစ်များကို မြန်မာစာဖတ်ပရိသတ်အား ဦးစွာ မိတ်ဆက်ပေးခဲ့သူလည်း ဖြစ်သည်။

ဆရာကြီးသည် အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုးတက်ကြီးပွားရေး၊ နိုင်ငံရေးနှင့် ရောင်းရေးဝယ်တာမှအစ စာအုပ်ပေါင်း မြောက်မြားစွာ ရေးသားခဲ့သည်။ ဆရာကြီး ရေးသားခဲ့သော ဝတ္ထုများ၊ ဆောင်းပါးများ၊ သတင်းစာခေါင်းကြီးများနှင့် ဘာသာပြန် စာအုပ်များမှာ များပြားလှပေသည်။ ဆရာကြီးသည် စာပေများကို ရေးသားရာ၌ အလွယ်ဆုံး၊ အရှင်းဆုံး စကားပြေဖြင့်သာ ရေးသားခဲ့သည်။ ဆရာကြီး ရေးသားခဲ့သော ဝတ္ထုများတွင် ပွဲစားကြီးသားအေးနှင့် မြမြ၊ နေရီရီ၊ နေညိုညို၊ ဟေမဝန်ဘွေ့ ချစ်ပန်းနွယ်၊ တစ်ကိုယ်တော်နှင့် မယ်ယက္ခဝတ္ထုများသည် လုံးချင်းဝတ္ထုများအဖြစ် ထင်ရှားခဲ့သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်သူစာရေးဆရာကြီးဦးရန်အောင်က "ပီမိုးနင်း၏ ဘဝနှင့် စာပေ" ဟူသော စာအုပ်တွင် ကျွန်တော့် လက်ဦးဆရာ ဟူသောအမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ဖူးရာ ထိုဆောင်းပါးအစ၌ –

၁၉၄၀ ခုနှစ်က ကွယ်လွန်သွားခဲ့လေပြီဖြစ်သည့် စာရေးဆရာကြီး ပီမိုးနင်းကား ကျွန်တော်၏ စာပေလက်ဦးဆရာပင် ဖြစ်ပါသည်။ ဆရာ၏ စာပေများကို ဖတ်ရသဖြင့် အားကျနည်းယူကာ စာပေရေးသားခြင်းဖြင့် ကျွန်တော် စာရေးဆရာ ဖြစ်လာရပါသည်။ ထို့ကြောင့် ဆရာကြီးပီမိုးနင်းသည် ကျွန်တော်၏ လက်ဦးကြားဆရာ၊ မြင်ဆရာသာတည်း။

ထိုပြင် ဆောင်းပါးတွင် ဆရာကြီးရန်အောင်က ဆက်၍ ဖော်ပြထားသည်မှာ ...

လွန်ခဲ့သည့် အနှစ် ၅၀ ကျော်က ဖတ်ခဲ့ရသည့် ဆရာပီမိုးနင်း၏ စာများကို ယခုပြန်လည် စဉ်းစားလျှင်ပင် ပိုးတဝါး ပေါ်လာလေသေး၏။

နေရီရီဝတ္ထုတွင် မြစ်ကမ်းသဲသောင်စပ်၌ မောင်နေဝင်းက ရီရီ ဟူသော စာလုံးကလေးများကို သဲပြင်တွင် ရေးသားနေသည်ကို မြင်ယောင်လာ၏။

နေညှိုညှိုဝတ္ထုတွင် ညှိုညှိုက မောင်နေဦးအား စာပေ၏ သဘောသဘာဝတို့ကို ပြောပြနေသည်များကို ကြားယောင်မိသည်။

ပွဲစားကြီးသားအဖနှင့် မြမြဝတ္ထုတွင် မော်လမြိုင်၊ ကျိုက်သန်လန်စေတီမှ သာယာသော ဆည်းလည်းသံကလေးကို နားထဲတွင် ကြားနေ၏။

မယ်ယကွဝတ္ထုတွင် တော၊ တောင်၊ ဂနိုင် စိမ့်စမ်းတို့ကို ဖွဲ့ထားရာ ထိုတောကြီးအတွင်းသို့ ကိုယ်တိုင် ရောက်နေရသလို ထင်မှတ်မိတော့သည်။

ငယ်စဉ်က ဆရာ့ဝတ္ထုများကို ဖတ်ရသဖြင့် အားကျအတုယူကာ ဝတ္ထုကလေးများ ရေးပြီး၊ ရန်ကုန်မြို့မှ ထုတ်ဝေသည့် မြန်မာ့ဂျူဟာ ဂျာနယ်၊ သက်စောင့်မဂ္ဂဇင်း၊ ကော်ဇောသစ်မဂ္ဂဇင်းနှင့် မော်လမြိုင်မြို့မှ ထုတ်ဝေသည့် ရွှေလမင်းမဂ္ဂဇင်းတို့တွင် ဝတ္ထုကလေး၊ ဆောင်းပါးကလေး၊ ဟာသစာပေကလေးများ ရေးသားထည့်သွင်းခဲ့ရ၏။

ဆရာပီမိုးနင်းအစွဲ အဘယ်မျှ ကြီးသနည်းဟုမူ ၁၆ နှစ်သားအရွယ်က ဖတ်ခဲ့ရသည့် နေရီရီဝတ္ထုမှာ ကျွန်တော့်ဦးခေါင်းထဲ မှ မထွက်ပဲ စွဲနေသဖြင့် ကျွန်တော် ၃၄ နှစ်အရွယ်၊ ၁၉၃၈ ခုနှစ်က တိုးတက်ရေးသတင်းစာတွင် ရေးသားထည့်သွင်းခဲ့သည့် အညာသားကလေးဝတ္ထုမှာ ဆရာ့နေရီရီဝတ္ထု၏ ဇာတ်လမ်းဇာတ်ကွက်ပင် ဖြစ်ပါသည်။

အညာသားကလေးကို တင်ညွန့်ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ရိုက်သဖြင့် ငွေလေးထောင်ကျပ်ရရာ ထိုငွေမှာ ဆရာပီမိုးနင်း၏ ကျေးဇူးကြောင့် ရသည့်ငွေဟု ဆိုနိုင်ပါသတည်း။

ယခု ဆရာကြီးဦးရန်အောင်၏မျိုးဆက် ကျွန်တော်များ ရန်အောင်စာပေကလည်း ဆရာကြီးရန်အောင်ကိုယ်စား ဆရာပီမိုးနင်း၏ ကျေးဇူးကို ဆပ်သောအားဖြင့် ရှားပါးပျောက်ကွယ်လုနီးပြီဖြစ်သော ဆရာပီမိုးနင်း၏ မယ်ယကွဝတ္ထုကြီးကို ဆရာပီမိုးနင်း၏ မျိုးဆက်ထံမှရရှိ၍ ယခု တတိယအကြိမ်မြောက် ထုတ်ဝေတင်ဆက်လိုက်ရပါသည်။

ရန်အောင်စာပေ

၉-၇-၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com

# မယ်ယာကွ

ကုန်းဘောင်မင်းသည် မိမိ၏ရှေ့၌ ခလုတ်ကန်သင်းပမာ မိမိ၏လမ်းကို မရှင်းအောင် ပြုရှာသော စကြာမင်းကလေးကို ပယ်ရှားသုတ်သင် ရေသို့နှင်လေရာ ဂယက်ဒီလှိုင်းတို့သည် ဧရာဝတီ မြစ်ရိုးတစ်လျှောက်၌ အထက်လှုပ်ရှား တီးတိုးစကားဖြင့် များစွာပြောဆိုကာ မငြိမ်မသက်သော အခါသမယကြီး ဖြစ်လေ၏။

“ဆင်ဖြူမသား ရေသို့လား၊ နဂါးဆောင် ယူသွားလတ္တံ့.” ဟူသော ကိန်း၊ သိုက်၊ တဘောင်သည် တဘောင်တို့၏ ထုံးစံအစဉ်အလာအတိုင်း ဘွားခနဲ ပေါ်ပေါက်လာ၏။ မည်သူကစ၍ ပေါ်ပေါက်လာသည်ကို မည်သူမျှ မပြောနိုင်ချေ။ ထိုစကားကို အတင်းဆွယ်လျက် အောက်ရာမည်တိုင်း တစ်လျှောက်တွင် စကြာယောင်၊ စကြာတုများသည် ပေါ်ပေါက်၍ လာကြကုန်သဖြင့် စိတ်မကျေနပ်ခြင်း အမျိုးမျိုး ဖြစ်နေကြသော သူတို့သည် အသစ်ဖြစ်သော အရှင်သခင် စကြာမင်းပေလားဟု ထင်ကာ တစ်အားတက်ကာ တို့၍ မငြိမ်မသက် ဖြစ်လာကြပြန်ရာ အစိုးရမင်းတို့သည် ခိုင်မာသောလက်ရုံးဖြင့် ဖိစီးနှိပ်ကွပ်ရသောကြောင့် အတန်ကလေး အေး၍သွားလေ၏။

ထိုကဲ့သို့သော အခါသမယ၌ အောက်တွင် ဖော်ပြလတ္တံ့သော အတ္ထုပ္ပတ္တိမျိုးသည် ထူးခြားသော အတ္ထုပ္ပတ္တိမဟုတ်၊ သုတ်သီးသုတ်ပျာ

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်အခါ ၁၂ နှစ် အရွယ်ခန့်ရှိသော သူငယ်မကလေးကို လက်ဆွဲကာ ရန်ကုန်မြို့ မြစ်ကမ်းနှင့် မနီးမဝေး တဲကုပ် အိမ်ငယ်တစ်ခုသို့ အသက်သုံးဆယ်ကျော်ခန့်ရှိသော ယောကျ်ားတစ်ယောက် ရောက်လာခြင်းသည် တစ်စုံတစ်ရာ ထူးခြားအံ့ဖွယ်သော အရာမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် တိတ်တဆိတ် ပြေးလွှားတိမ်းရှောင်ရခြင်းသည် ထိုကဲ့သို့သော အခါသမယမျိုး၌ တွေ့လွယ်၊ ကြုံလွယ်သော အရာမျှသာ ဖြစ်လေသတည်း။

ထိုအိမ်၌ ရေနံမီးခွက်ကြီးက မီးကိုဆွကာ၊လှုပ်ကာ အသက်သုံးဆယ်ခန့်ရှိသော မိန်းမတစ်ယောက်သည် ဆေးပေါ့လိပ်ကိုဖွာရင်း အိမ်ရှေ့ဘက်သို့မျှော်ကာ များစွာ တွေးတောနေဟန် ရှိလေ၏။ တစ်ခါတစ်ရံ အိမ်ရှေ့နှင့် အိမ်နံ့သားရှိ မှောင်ထဲသို့ စောင်းကာငဲ့ကာ လည်ပင်းတရှည်ရှည်နှင့် ကြည့်ရှာ၏။ ထိုမိန်းမသည် တစ်စုံတစ်ယောက် သောသူကို မျှော်လျက်နေဟန် ရှိလေ၏။

အဆိုပါ လူသည်လည်း သူငယ်မတစ်ယောက်ကို လက်ဆွဲကာ အိမ်ရှေ့သို့လာ၍ ရပ်သည်တွင် အဆိုပါ မိန်းမလည်း များစွာ ထိတ်လန့်သွားဟန် ရှိလေ၏။ ပူပန်စိုးရိမ် ကြောင့်ကြသော လက္ခဏာလည်းရှိ၏။ စကားမပြောဘဲ အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ –

“ကိုတိုင်းကျော် ... ရှင် ဘာပြုလို့ လာတာလဲ။ ဒီကနေ့အထိတောင် ရှင် ကျွန်မတို့ကို ဒုက္ခပေးမလို့လား။ အလိုရှိတာပြောပြီး မြန်မြန်သွားပါ။ ရှင့်ကိုမီရင် ကျွန်မတို့ပါ အသက်သေရပါလိမ့်မယ်”

ဟု ကြောက်အားနှင့် တုန်တုန်ယင်ယင် ပြောလေ၏။

ကိုတိုင်းကျော်သည် ခါးထဲမှ ဓားလွယ်ကို ထုတ်ကိုင်လျက် မိမိ၏နောက် မှောင်ရိပ်ကို ပြန်၍ကြည့်ပြီး စကားပြန်မပြောဘဲ အိမ်ကုပ်တဲသို့ ကုန်း၍ဝင်ပြီး –

“ကျုပ်သား မောင်ဘဝင်း ... ဘယ်မလဲ”

ဟု မေးလေရာ အနီးရှိ ကွပ်ပျစ်ပေါ်၌ အိပ်ပျော်၍နေသော ၁၃ နှစ်အရွယ်ခန့်ရှိသော သူငယ်ကလေးကို အိမ်ရှင်မိန်းမက လက်ညှိုးထိုး၍ ပြလေ၏။ မောင်တိုင်းကျော်သည် ကြည်လင်သောမျက်နှာနှင့် သားကလေး



ကိုကြည့်ကာ ခေါင်းညိတ်လျက် မိမိ၏ဇနီး နံဘေးတွင်ထိုင်ကာ မီးတိုင်ကို မှုတ်၍ပစ်ပြီး –

“မင်း ကျုပ်ကို ဘာပြုလို့ မလာစေချင်သလဲ။ ငါ အခုလို အဖြစ်မျိုး ရောက်နေတာ ဘယ်သူ့ကြောင့်လဲ။ မင်း ... အခု ဘယ်သူ့ကို မျှော်နေသလဲ။ ငါ့ကိုမျှော်နေတာ မဟုတ်ဘူးလား”

ဟု ပြောလေ၏။ မိန်းမက –

“ကိုတိုင်းကျော် ... ကျွန်မကို ဘာဖြစ်လို့ လာပြီး ညှဥ်းဆဲသလဲ။ စကားကြာကြာ မပြောပါရစေနဲ့။ မြန်မြန်သွားပါ။ ရှင်နဲ့ပါလာတာ ဘယ်သူ့ကလေးလဲ။ ရှင့်ကလေးလား”

ဟု မေးလေ၏။ မောင်တိုင်းကျော်က –

“မင်းက ကြာကြာမနေစေချင် မနေပါဘူး။ ကျုပ်သားမှာ ညီအစ်ကို မောင်နှမမရှိလို့ နှမကလေးတစ်ယောက် ခေါ်လာခဲ့ပါတယ်။ ဘယ်က ဘယ်သူလို့မမေးပါနဲ့။ အေးအေး မွေးစမ်းပါ။ ဟောဒီမှာ သူ့အတွက် စရိတ်ငွေများကိုလည်း ယူခဲ့ပါတယ်”

ဟု ပြောကာ ဗလာပုဆိုးအိတ်ထောင်ထဲမှ ငွေများကိုထုတ်ယူ၍ ပေးလေ၏။ အိမ်ရှင်မိန်းမသည် ငွေသံကို ကြားရသောအခါ ငြိမ်သက်သော အမူအရာနှင့် မောင်တိုင်းကျော်ကိုလည်းကောင်း၊ သူငယ်မလေးကိုလည်းကောင်း တလှည့်စီကြည့်ပြီး ငွေများကို ကောက်၍ယူလေ၏။ မောင်တိုင်းကျော်လည်း ကလေးမကလေးကို ပွေ့ယူကာ –

“ဟောဒီ့ဟာ မင့်အမေပါပဲ။ ဦးကြီး သွားဦးမယ်။ ဘာကိုမှ မစိုးရိမ်မပူပန်နဲ့။ မင့်ကို သမီးအရင်းလို မွေးပါလိမ့်မယ်”

ဟုပြောကာ သူငယ်မကလေးကို အိမ်ရှင်မဖြူ၏ ရင်ခွင်ထဲသို့ ပေးအပ်လိုက်လေရာ မဖြူသည် သူငယ်မကလေးကို ဆွဲယူပြီးလျှင် ကြင်နာစွာ ပွေ့ဖက်ထားလေ၏။ ထို့နောက် မောင်တိုင်းကျော်က –

“ကိုင်း ... ကျုပ် သွားတော့မယ်။ ကျုပ်သားနဲ့ ကျုပ်သမီးကို ကောင်းကောင်း မွေးရစ်ပါ။ ဒီငွေများဟာ မင်း ရင်းနှီးလောက်ပါတယ် ကျုပ် သွားဦးမယ်”

www.burmeseclassic.com



ဟု ပြောပြီး အိမ်မှထွက်ခါ မှောင်ရိပ်တွင် သုတ်သီးသုတ်ပျာ ထွက်သွားလေ၏။ မဖြူနှင့် သူငယ်မကလေး မမျိုးညွန့်သည် ကိုတိုင်းကျော်ကို မှောင်ထဲတွင်မျှော်ကာ ကြည့်လိုက်ကြလေ၏။ ။

* * *

BURMESE CLASSIC .com

## အခန်း (၁)

အထက်၌ ဖော်ပြခဲ့သော အကြောင်းအရာများ မဖြစ်မီ ရက်ပေါင်း အတန်ကြာက တွံတေးတောနက်ကြီး၏ တစ်ခုသော ချုံအတွင်းတွင် မထင်မရှား မှောင်ထဲ၌ လူနှစ်ယောက်ကို တွေ့ရလေ၏။ ထိုလူနှစ်ယောက် အနက် တစ်ယောက်မှာ မြေပေါ်တွင် ဒူးထောက်၍ တစ်ယောက်သောသူကို ပွေ့ထူကာ ထားလေ၏။ ၎င်းတို့၏ လက်လက်ပြောင်တောက်ပသော ဓားလွှတ်များသည်ကား မှောင်ထဲတွင်တောက်ပကာ မြေပေါ်၌ ရှိနေကြလေ၏။ ပွေ့ပိုက်ခြင်းကို ခံရသောသူ၏ နံသားမှ စမ်းရေပမာ စီးဆင်းသော အသက်ဓာတ် သွေးရှင်တို့သည် တသွေးသွေးစီးဆင်းကာ မြေပေါ်၌ အိုင်ထွန်း၍နေ၏။ ၎င်းလူသည် အားနည်းသောအသံဖြင့် "တပည့် မောင်တိုင်းကျော် ဆရာ ဒီရက်စက်ကြမ်းကြုတ် ဆိုးသွမ်းတဲ့ဘဝကို စွန့်ရပါတော့မယ်။ ဆရာ၏ သွေးများဟာ ဆရာရဲ့အသက်ကို တဖြည်းဖြည်း အပြင်ကို ဆောင်ယူကြတဲ့အတွက် အားအင်ကုန်ခန်းလှပါပြီ။ မကြာမီ အနောက်ဘက်မှာ ဝင်းဝင်းဝါဝါ မြင်ရတဲ့ နေရောင်ဟာ ကွယ်ပျောက်မသွားမီ ဆရာရဲ့ ကိုယ်ခန္ဓာကို တပည့်ဟာ ဒီတောထဲမှာ မြှုပ်နှံရပါလိမ့်မယ်။ ဒါပေမဲ့ ဆရာရဲ့စိတ်ထဲမှာ ဆရာ ယခုခံစားရတဲ့ ဝေဒနာထက် ပြင်းပြတဲ့ ဒုက္ခတစ်ခု ရှိပါတယ်။ သည်ဒုက္ခမီးကို တပည့် အေးအောင် တတ်နိုင်ရင် ဆရာက သေလမ်းဖြောင့်ရပါလိမ့်မယ်" ဟု ပြောကာ တပည့်၏လက်ကို ဆုပ်ကိုင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တပည့်တိုင်းကျော်က "အမိန့်ရှိပါဆရာ။ တပည့်ဟာ ဆရာရဲ့ အမိန့်ကို မြေဝယ်မကျ လိုက်နာတတ်တဲ့ လူတစ်ယောက်ဖြစ်တာကို ဆရာသိပါတယ်" ထိုအခါ ဆရာဖြစ်သူက "ဆရာ့မှာ မိန်းမမရှိပါ။ ငယ် ငယ်က မိခင်သေဆုံးသွားပြီး အလွန်တရာ ဆင်းရဲတဲ့ အရီးတစ်ယောက်နဲ့ နေရတဲ့ သမီးကလေး မမျိုးညွန့်ဆိုတာ ပုသိမ်မြို့မှာ ရှိပါတယ်၊ ဒီသမီးကလေး တစ်သက်မှာ မဆင်းရဲရအောင် တပည့် ကြည့်ရှုမွေးပါမယ်လို့ ကတိထားရင် ဆရာ အသေဖြောင့်ပါလိမ့်မယ်" ဟု ပြောလေ၏။

မောင်တိုင်းကျော်က "ကောင်းပါပြီဆရာ။ သမီးကလေး မမျိုးညွန့်အတွက် ဘာကိုမှ စိတ်ရတက်မများပါနဲ့။ ဆရာရဲ့သမီးကို တပည့် သမီးရင်းပမာ ကြည့်ရှုမွေးမြူပါမယ်။ စိတ်ချပြီး ရတနာသုံးပါးကို အောက်မေ့ပါ" ဟု ပြောကာ အားပေးလေ၏။ ထိုအခါ ဆရာသည် ကျေးဇူးတင်သော လက္ခဏာဖြင့် တပည့်၏လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး တပည့်၏မျက်နှာကို မော်ကြည့်လေ၏။ ဟင်း ... ခနဲ သက်မကြီးကို ချလေ၏။ ဦးခေါင်းသည် ထောင်၍လာ၏။ တစ်ဖန် ဦးခေါင်းသည် ပြန်၍ကျပြီးလျှင် နံဆောသို့စောင်းကာ ပါးစပ်ကို ဟလိုက်လေ၏။ စကြာတု စကြာယောင်ဖြစ်သော ဓားမြဗိုလ်ကြီး ဗိုလ်တုတ်သည် "ရှင်ဘုရင့်ဘုန်း၊ မိုးသို့ချုန်း၊ လူပုံတောမှာ မနေသာ" ဟူသော စကားအရ ရှင်ဘုရင်၏ စစ်သည်တော်တို့၏ လက်ချက်ဖြင့် ဒဏ်ရာရပြီးလျှင် ဤတောထဲတွင် စကြာဓာတ် သိမ်းရှာလေ၏။

သို့ဖြစ်သောကြောင့် လွန်ခဲ့သောအခန်း၌ မောင်တိုင်းကျော်သည် မမျိုးညွန့်ကလေးကို မိမိ၏ အိမ်သို့ တိတ်တဆိတ် ဆောင်ယူလာခဲ့ရလေသတည်း။ ။

* * *

## အခန်း (၂)

ထိုအခါသမယ၌ ရန်ကုန်မြို့သည် ယခုကဲ့သို့ မစည်ကား၊ မကြီးကျယ်သော်လည်း တစ်နည်းအားဖြင့် လွန်စွာနှပျို့ သာယာလေ၏။ ယခုအခါ ကြီးကျယ်သော တိုက်တာ အဆောက်အအုံတို့ကို ကြည့်ကာ သွားလာရသော လမ်းကျယ်ကြီးများသည် ထိုအခါသမယက တောအုပ် တောတန်းကလေးများ ခြံရံလျက် တသွင်သွင် တိုက်ဖေ့သော လေဖြင့် အမြဲစင်ကြယ်လတ်ဆတ်သော လမ်းဆွယ်လမ်းမြောင်ကလေးများ ဖြစ်ကြလေ၏။

ထိုလမ်းကလေးများမှာ တစ်ခါတစ်ရံ ရွံ့နွံအိုင်စပ် ရိုးပြတ်ကလေးများနှင့် ကြုံတွေ့ရသဖြင့် လက်ကိုင် ဝါးလုံးတန်းကလေးများနှင့်လည်းကောင်း၊ ဖြတ်လမ်း တံတားငယ်ကလေးများဖြင့်လည်းကောင်း ဆက်သွယ်လျက် ရှိလေ၏။ များစွာသော အိမ်တို့မှာ ပိတ်ဆီးကာသန်းခြင်းမရှိသော မြစ်ပြင်ကို ရှုမျှော်ကာ လွန်စွာအေးမြ စင်ကြယ်သော လေပြည်ကို ခံစားကြရလေ၏။

မမျိုးညွန့်သည် မဖြူအိမ်တွင် သမီးအရင်းကဲ့သို့ နေခဲ့သည်မှာ ၁၄ နှစ်အရွယ်သို့ ရောက်လာသဖြင့် လွန်စွာလှပသော ရုပ်ဆင်းကြန်အင်နှင့် ပြည့်စုံသူဖြစ်လေ၏။ အရပ်မှာ အတန်ငယ်ကလေး မြင့်၍ ထက်မြက်စူးရှသော မျက်လုံးများမှာ လွန်စွာကြည်လင် တောက်ပကာ ဝင်းလျက်

www.burmeseclassic.com

www.burmeseclassic.com

အတွင်းစိတ်၏ လှုပ်ရှားပြောင်းလဲခြင်းတို့ကို ကြေးမုံပြင်ပမာ ကောင်းစွာ ထင်ရှားစေနိုင်သဖြင့် ရက်တရက် ခက်ထန်စွာ ကြည့်နေရာမှ သနားစရာ အချက်ပေါ်လျှင် လျှင်မြန်စွာ နူးညံ့လျက် မိမိကဲ့သို့ လှပသော မောင်ဘဝင်းနှင့် နှစ်ကိုယ်တည်း နေကြသည့်အခါ ထိုမျက်လုံးများသည် အတိုင်းမသိ သိမ်မွေ့၏။ မောင်ဘဝင်းသည် ထိုမျက်လုံးများကို ကြည့်၍ နေရသည့် အခါ အလွန်တရာ နူးညံ့သော ဂွမ်းမွေ့ရာတွင် လျောင်းစက်ကာနေရသည် မှျမက သာယာကြည်နူးခြင်း ဖြစ်ရလေ၏။ အသားမှာ ဝါဝင်းလျက် ဆူဖြိုးတက်ကြွစ အရွယ်ဖြစ်သောကြောင့် လွန်စွာဖြောင့်စင်း ကျစ်လျစ် သော ကိုယ်ရှိလေ၏။ ပြုံးလိုက်သည့်အခါ ပုလဲရောင်ပမာရှိသော ညီညွတ် တောက်ပသော သွားကလေးများနှင့် နီမြန်းသော နှုတ်ခမ်းတို့မှာ ယောက်ျား တို့၏ စိတ်နှလုံးကို နှိမ်နင်းဖမ်းစား ကြေမွအောင် ချေနိုင်သော သတ္တိ ရှိလေ၏။ ၎င်းပြင် မောင်ဘဝင်းနှင့် မမျိုးညွန့်တို့သည် ယခုအခါ မောင် နှမကဲ့သို့ နေကြသော်လည်း စင်စစ်အားဖြင့် မောင်နှမ မဟုတ်ကြသည့် အကြောင်းကို ရိုးတွင်းခြင်ဆီမှအစ အကုန်အစင် သိကြလေ၏။ သို့သိခြင်း သည် ၎င်းနှစ်ဦးတို့၏စိတ်၌ နှစ်သိမ့်ခြင်းကို ဖြစ်စေ၏။ သို့ပင်ဖြစ်ငြား သော်လည်း တစ်စုံတစ်ရာမျှ ဖောက်ပြန်ခြင်း မရှိကြဘဲ ကလေးသူငယ်တို့ ဘဝ ချစ်ကြပြီးကာ တစ်ယောက်နှင့်တစ်ယောက် ကြာမြင့်စွာ ခွဲ၍မနေ နိုင်ခြင်းသာလျှင် ထူးခြားခြင်း ရှိလေ၏။

တစ်ခုသော ညနေအချိန်တွင် မောင်နှမ နှစ်ယောက်တို့သည် ဆူးလေဘုရားအနီးရှိ တစ်ခုသော တောအုပ်အစွန်း အနားတွင် လှည့်လည် ကာ နေကြလေ၏။ ထိုအခါသည် ကဆုန်လအခါဖြစ်၍ နေမင်းသည် ကမ္ဘာမြေ မျက်နှာပြင်ကို အစွမ်းကုန် ခြယ်လှယ်နိုင်သော အချိန်အခါ ဖြစ်လေ၏။ ဆူးလေစေတီတော်မြတ်၏ ထီးနှင့် ငှက်မြတ်နားသည် ရွှေအဆင်းပမာ တောက်ပသော ရွှေမှုန်ရွှေဟုန်း ရောင်ခြည်တို့၏ အထဲတွင် ဝင်းထိန်လျက် အထက်ကောင်းကင်သို့ ပျံတက်မည့်အလားနှင့် တူလေ၏။ မိမိတို့ရှေ့၌ ဝါးတစ်ရိုက်ခန့် ကွာသောနေရာတွင် ရွှံ့ညွန်တစ်ပိုင်း၊ ရေ တစ်ပိုင်း လှိုင်းကလေး တဖျတ်ဖျတ် လေပြည်ခတ်၍နေလေရာ အနောက်



ဘက်သို့ ဆင်းရန် ချိန်၍နေသော နေမင်း၏ရောင်ခြည်သည် ကြည်လင်သော ရေထဲတွင် အကွင်းသား အဝင်းသား ထင်၍နေလေ၏။ လက်ယာဘက်၌ ရှိသော ဆူးလေစေတီတော်မြတ်၏ ပုံသဏ္ဌာန်သည်လည်း အဆိုပါ ရေထဲ တွင် တစ်ပိုင်းထင်၍နေလေ၏။ မောင်ဘဝင်းနှင့် မမျိုးညွန့်တို့သည် နှစ် ယောက်လက်တွဲကာ ထိုမျှလောက် လှပသော ညနေချမ်းရုပ်ပုံကားကြီးကို ရှုစားကာနေကြစဉ် မိမိတို့၏နောက်၌ ကပ်လျက်ရှိသော တောအုပ်၏ မြင့်သော သစ်ရွက်သစ်ခက်များမှာ ရွှေမှုန်ကြဲထားသကဲ့သို့ ဝင်းထိန် တောက်ပ၍နေလေရာ အောက်ပိုင်းတွင် ဆိတ်ငြိမ်သာယာ စိမ်းညို့ပြာ လျက် လွန်စွာအေးချမ်းသော လက္ခဏာရှိလေ၏။

မောင်ဘဝင်းသည် ကျောက်ခဲတစ်လုံးကိုကောက်ကာ ရေလယ် သို့ ပစ်လိုက်လေရာ ရေများသည် လှုပ်ရှားလျက် တောက်ပသော ရေမှုန် ရေစိုင်တို့သည် နေရောင်တွင် ပန်းဆိုင်းပဒေသာ ပမာမြောက်၍ တက် လာလေရာ မမျိုးညွန့်မှာ မိမိကြည့်နေသော ငြိမ်သက်သော ပုံသဏ္ဌာန် လှုပ်ရှားပျောက်ကွယ်၍ သွားသည့်အတွက် မျက်နှာကလေး ရှုံ့၍ ဘဝင်းကို မျက်စောင်းထိုးလျက် –

“ဘာပြုလို့ ဒီလို နှောင့်ယှက်ချင်သလဲ။ ညွန့်ညွန့် ကြည့်နေတာ ကို မသိဘူးလား”

ဟု ဘဝင်း၏ လက်ကိုတုပ်ဆွဲကာ လွှတ်လိုက်ပြီးလျှင် အနီးရှိ သစ်ကိုင်း၊ သက်ရွက်၊ သစ်ခက်များ အောက်သို့သွား၍ လက်နှစ်ဖက်နှင့် ဒူးများကို ပိုက်ကာထားပြီး ငေးနေလေ၏။ ထိုအခါ ဘဝင်းသည် သစ် ခက်၊ သစ်ရိပ်၊ နေရောင်တို့ဖြင့် ပေါင်းစပ်လျက် မိမိ၏ အနေအထိုင်ကို မပြုပြင်၊ ဂရုမထား ရိုးရိုးထိုင်နေသော မမျိုးညွန့်ကို စိုက်၍ကြည့်ကာ လွန်စွာလှပါတကားဟု မိန်းမောကာ စိုက်၍ကြည့်နေလေ၏။ မမျိုး ညွန့်သည်ကား မိမိကို ကြည့်နေသည်ကို ဂရုမထားဘဲ မိမိ၏ ရှေ့၌ရှိ သော ရေအိုင်ကိုသာ ကြည့်၍နေပြီးမှ ဘဝင်းကိုကြည့်ကာ –

“အလို … ဘဝင်း။ ဘာငေးနေသလဲ။ ဟောဒီလို မကြည့်ပါနဲ့။ ညွန့်ညွန့် မကြိုက်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



ဟု နှုတ်ခမ်းကလေးစူကာ ပြောလေ၏။ ဘဝင်းသည် စကားပြန်၍ မပြောဘဲ ညွန့်ညွန့်အနားသို့ ကျားသစ်ပမာ လှားခုန်၍သွားကာ ညွန့်ညွန့် ခြေထောက်များအနီးတွင် ပစ်လှဲကာ တစောင်းလက်ထောက်၍ လျောင်းနေ၏။ ထိုအခါ ညွန့်ညွန့်က –

"ဘဝင်း ... တကတဲ ဘယ့်နှယ်ပါလိမ့်မလဲ။ ညွန့် ငရဲကြီးတော့မယ်။ ထ မထဘူးလား"

ဟု ပြော၍ ဘဝင်း၏ ဆံပင်ကို ဆွဲ၍ထူလေ၏။

ဘဝင်းသည် ရယ်မောကာထိုင်လျက် ညွန့်ညွန့် မျက်နှာကို စိုက်ကြည့်ရင်း –

"ညွန့် ... မင်း ဘာတွေကိုငေးပြီး စဉ်းစားနေသလဲ။ မင်းအရပ်ကို အောက်မေ့လို့လား။ ငါတို့နဲ့နေရတာ မပျော်ဘူးလား"

ဟု ညွန့်ညွန့်လက်ကို ဆွဲကိုင်ကာ မေးလေ၏။

"အို ... ဘာတွေကို မေးနေပါလိမ့်မယ်။ ညွန့်ညွန့်မှာ ဘယ်အရပ်က လာလို့ ဘယ်ကို အောက်မေ့ရမှာလဲ။ ညွန့်မှာ အရပ်မရှိဘူး။ ညွန့် ဘယ်လူ့ကိုမှလဲ မအောက်မေ့ဘူး၊ ညွန့် ဒီကိုရောက်လာတာ အင်မတန် အံ့သြစရာ ကောင်းတယ်။ ညွန့် နောက်ကို ဘယ်များ ရောက်ရဦးမလဲ မသိဘူး"

ဟု ဘဝင်းကို ကြင်နာသော မျက်လုံးများနှင့်ကြည့်ကာ ပြောလေ၏။

ဘဝင်းက "မင်း ဘယ်ကလာသလဲ ငါတို့ မသိဘူး။ မင်း ဘာလို့ ရောက်လာသလဲဆိုတာတော့ ငါသိတယ်။ ငါနဲ့အတူတူ လည်ပတ်ကစားနေဖို့ ရောက်လာတာ။ မင်း ဘယ်ကိုမှ မသွားရပါဘူး။ စိတ်သာချပါ။ ငါ့ ဖေဖေက မင်းကို ငါနဲ့ မောင်နှမတော်ဖို့ ခေါ်လာခဲ့တယ်လို့ မေမေက ပြောတယ်။ ငါတို့နဲ့နေရတာ မပျော်ဘူးလား။ မပျော်လို့ ထွက်ပြေးရင် ငါတော့ မင်းကို မတွေ့တွေ့အောင် လိုက်ရှာမှာပဲ"

ဟု ပြောလေ၏။

"မပြောပါနဲ့ ကိုဘဝင်းရယ်။ ညွန့် ဘယ်ကိုမှ သွားဖို့ စိတ်မကူး



ပါဘူး။ ညွန့် သွားမှာကို အဟုတ်ပဲ စိုးရိမ်သလား"

"အဟုတ်ပါပဲ။ အခုလို နေရတာ အင်မတန် ပျော်စရာကောင်းတာပဲ၊ ညွန့် မပျော်ဘူးလား"

ထိုအခါ ညွန့်ညွန့်သည် ဘဝင်းကို စေ့စေ့ကြည့်ကာ စကားပြန်၍ မပြောဘဲ ခေါင်းညိတ်လေ၏။

ထိုအတွင်း အနောက်တောင်ထောင့်မှ တိုက်ဖွေ့၍လာသော လေပြည်သည် သစ်ခက်၊ သစ်ရွက်၊ မြက်မြင့်ပင်ရှည်တို့ကို တိုးဝှေ့ကာ အေးခနဲ လေချွန်၍ လာသကဲ့သို့ မြူးထူးကစား၍ လာလေ၏။ အနီးရှိ လက်ပံပင် တစ်ပင်ပေါ်မှ ဆက်ရက်များ ကျွမ်းထိုး၍ကစားကာ ဆူညံ၍ နေကြလေ၏။ ဝင်းထိန်တောက်ပသော နေရောင်ခြည်တို့သည်လည်း မှိန်မှေး၍သွားသဖြင့် ဖျော့သောအဆင်း ပေါ်၍လာလေ၏။

"အလို ... နေကျသွားပြီ။ မေမေ ဆူတော့မယ်။ ပြန်ကြစို့ရဲ့ ဘဝင်းရယ်"

ဟုပြောကာ ထိုင်ရာမှထလေ၏။ ဘဝင်းသည်လည်း စကား မပြောဘဲ ထ၍ တောအုပ်အစွန်းမှ ရေအိုင်ကိုကွေ့ကာ လျှောက်၍လာကြလေ၏။ ယင်းကဲ့သို့လာရင်း နောက်ကို ပြန်ကြည့်လိုက်သောအခါ တောအုပ်၌ ငုပ်ခနဲ လျှင်မြန်စွာ ထိုင်လိုက်သော လူတစ်ယောက်၏ သဏ္ဌာန်ကို တွေ့ကြရသဖြင့် ညွန့်က –

"ဘဝင်း ... ဘဝင်း ... ပြေးကြစို့ရဲ့။ ဘယ့်နှယ့်လူကြီးလဲ မသိဘူး"

ဟု ပြောကာ နှစ်ယောက်သား အိုင်ငယ်ညွှန်ငယ်တို့ကို ခုန်သန်းကျော်လွှားကာ နောက်သို့ ပြန်ကြည့်ပြန်ကြည့်နှင့် ပြေးကြလေ၏။ တောအုပ်နှင့် အတန်ဝေးသောအခါကျမှ အပြေးကိုလျှော့ကာ လက်တွဲ၍ အေးချမ်းစွာ လျှောက်သွားကြလေ၏။ ။

* * *

www.burmeseclassic.com

## အခန်း (၃)

မောင်ဘဝင်းသည် အိမ်သို့ရောက်ပြီးနောက် မကြာမီ ဘုန်းကြီး ဦးအာစရ၏ ကျောင်းမှ ကျောင်းသားကလေး နှစ်ယောက်တို့သည် ရောက်လာကြပြီးလျှင် မောင်ဘဝင်းကို ထိုနေ့ည ကျောင်းသို့လာ၍အိပ်ရန် ဘုန်းကြီးက မှာလိုက်ကြောင်းနှင့် ပြော၍ ခေါ်ကြလေ၏။ မောင်ဘဝင်းသည်ကား ဘုန်းကြီးကျောင်းသို့ မကြာခဏ မိခင်နှင့် လိုက်ပါရသဖြင့် ဘုန်းတော်ကြီးသည် အထူးအာရုံပြုလျက် ၎င်း၏ ဉာဏ်ထက်မြက်ကြောင်းကို သိသဖြင့် တပည့်အရင်းကဲ့သို့ မွေးမြူ၍ ပညာသင်ကြားပေးရန် အကြံပြုလေ၏။

မောင်ဘဝင်းသည်ကား ဘုန်းကြီးကျောင်းသို့ မလိုက်ချင်သဖြင့် ငြင်းဆန်၍နေလေရာ မိခင်က ကူညီတိုက်တွန်း၍ ပေးသဖြင့် ပလွေကိုဆွဲ၍ မှုတ်ကာ ကျောင်းသားကလေး နှစ်ယောက်နှင့်အတူ လိုက်ပါ၍သွားလေ၏။ နောက်တစ်နေ့ မိုးလင်းသည်နှင့် တစ်ပြိုင်နက်တည်း အိမ်သို့ ပြန်လာလေ၏။

ထိုအခါ နေမင်းကြီးသည် အရှေ့ဘက်ကောင်းကင်မှ ပေါ်ထွက်စဖြစ်လျက် အေးမြသော ရောင်ခြည်သည် အရှေ့ဘက်ကောင်းကင်တွင် ကုံကုမံအဆင်းနှင့် ခြယ်လှယ်ထားသကဲ့သို့ လွန်စွာလှပလေ၏။ ထိုနေမင်းကြီး၏ အထက်၌ နေကိုမျိုလုခမန်း စောင့်နေသော တိမ်ညိုကြီးသည် ရပ်တည်၍နေသဖြင့် ထိုတိမ်အောက်၌ရှိသော နေဝန်းကြီးမှာ အကာမပေါ ကြက်ဥနှစ် ဝါဝါထိန်ထိန် ဖရိုဖရဲ ရစ်ပတ်၍ ထားသကဲ့ မှတ်ထင်ရလေ၏။



ကျေးငှက်တို့သည် မိုးရိပ်မိုးကဲကို ခတ်ကာ နှုတ်ဆက်တိုင်ပင်ကြသည့်အလား တစ်ပင်မှတစ်ပင်လှမ်းကာ တစ်ချက်တစ်ချက်သာ အော်မြည်ကြလျက် ငြိမ်သက်စွာ နား၍နေကြလေ၏။ တောကျီးကန်း တစ်ကောင်သည်ကား အိမ်ပေါ်၌နားကာ မောင်ဘဝင်းကို စိမ်းစိမ်းကြည့်ကာ မရဏ မရဏ ကြည့်လော့၊ မရဏ မရဏ ကြည့်လော့ဟူသော အသံနက်ကြီးနှင့် အော်၍နေလေ၏။ မောင်ဘဝင်းသည် ဆိတ်ငြိမ်အေးမြ ညိုမှိုင်းသော နံနက်အခါ ဤတောကျီးကန်း သတ္တဝါကို ဤဆိတ်ငြိမ်သော အမိုးထက်၌ မြင်ရသောအခါ အလိုအလျောက် ကြက်သီးများ တဖြန်းဖြန်းထ၍ လာလေ၏။ ဤနိမိတ်သည် အဘယ်သို့ နိမိတ်ပေနည်း။

အေးမြသော နံနက်လေသည် မောင်ဘဝင်း ပတ်လည်က ဖော့တိုက်ကာ အသည်းနှလုံးတိုင် စိမ့်၍သွားလျှင် လူသေ၏လက်ဖြင့် မိမိလက်ကို မွေ့ယမ်းသကဲ့သို့ ချမ်းခနဲ၊ စိမ့်ခနဲ ကြက်သီးတွေ ဖြန်းခနဲ ထ၍လာလေ၏။ ထိုနေ့နံနက်သည် အဘယ်သို့သော နံနက်ပေနည်း။ မောင်ဘဝင်းသည် မပွင့်တပွင့် ခပ်ဟဟကလေးရှိသော ကဲလားကိုမကာ အထဲသို့ လှမ်း၍ကြည့်လိုက်ရာ အိမ်တွင်း၌ မှောင်လျက် လူသံသူသံ၊ စကားပြောသံ တစ်စုံတစ်ရာကိုမျှ မကြားရသဖြင့် ညွန့်ညွန့်သည် နံနက်တိုင်း စောစောနိုးပြီး ဆွမ်းများကို ချက်လေ့ရှိ၏။ ယခု ညွန့်ညွန့် ဘယ်အတွက် အိပ်ရာက မနိုးပါသနည်း။ ညအခါ သားအမိနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တို့ကို ညဉ့်နက်အောင် ပြောဆိုကာ နေကြသည့်အတွက် ယခုမနိုးဘဲ နေကြရလေသလား။ အလို ... ကြက်သီးတွေ ထလှချေရဲ့။ ရင်ထဲကလည်း ကတုန်ကယင်နှင့် ဘယ်လိုအရေးများ ဖြစ်ပွားခဲ့ပါသလဲ။ ရင်ထဲတွင် တလေးလေးနှင့် ဘယ်အရေးများပါလိမ့်။ အခါတိုင်းနှင့် မတူပါတကား။ ကိုယ်ရှိန်ကိုသတ်ပြီး အတန်ကလေးကြာစွာ ရပ်၍နေလေ၏။

ထိုကဲ့သို့ နေသည်အတွင်း အိမ်ခေါင်မိုးထက်မှ မရဏ မရဏ ကြည့်လော့ဟူသော အသံနက်မျိုးကြီးနှင့် အော်ပြန်လေရာ ရင်ထဲတွင် ထိတ်ခနဲဖြစ်ပြီး ထိုကျီးကန်း၏ အသံကို မခံမရပ်နိုင်ဘဲ အိမ်ရှေ့သို့ ဆုတ်ခွာ၍ ကျောက်ခဲတစ်လုံးကို ကောက်ကာ ပစ်ခတ် ခြောက်လှန့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျီးကန်းသည်ကား အားခနဲ မြည်ပြီးလျှင် နေရာမှထ၍ ပြန်ကာ အိမ်ခေါင်၌ တစ်ပတ်နှစ်ပတ်ဝဲကာ ထိုးပြီး အနောက်ဘက်သို့ မရဏ် မရဏ် ကြည့်လော့ဟု မြည်ကာ ပျံသန်း၍သွားလေ၏။

ထို့နောက် မောင်ဘဝင်းသည် ကဲလားအနီးသို့ ပြန်၍ ချဉ်းကပ်ပြီးလျှင် ကဲလားကို ပင့်မြှောက်ကာ ထောက်ပြီးနောက် တိတ်ဆိတ်သော အခန်းထဲသို့ ဝင်သွားလေရာ ညွှန့်ညွှန့်နှင့် မိခင် နိုးနေသည်ကို မတွေ့ရသောကြောင့် ၎င်းတို့၏ အိပ်ရာဘက်သို့ လှမ်း၍ ကန့်လန့်ကာထောင့်၌ ဟလျက်ရှိသော အပေါက်မှကြည့်လေ၏။

ထိုအခန်းကလေးသည် မှောင်၍နေလေ၏။ အရှေ့ကောင်းကင်မှ ရိုက်သန်း၍ လာသောနေရောင်သည် ထိုအခန်းတွင်းသို့ မဝင်ရောက်နိုင်သေးသဖြင့် အတွင်း၌ရှိသည့် အရာများကို မထင်မရှားမျှသာ မြင်ရ၏။ သာ၍ ထူးဆန်းသော အခြင်းအရာမှာ အိပ်နေသောသူတို့၏ အသက်ရှူသံကို မကြားရခြင်း ဖြစ်လေသည်။ မောင်ဘဝင်းသည် အိပ်ရာကို လှမ်း၍ကြည့်လေရာ စောင်ဖြူကို ခေါင်းမြီးခြုံလျက် ပက်လက်အိပ်နေဟန်ရှိသော သဏ္ဌာန်တစ်ခုကို မြင်ရသဖြင့် မောင်ဘဝင်းက အခုအိပ်နေတာ မမပဲ။ ညွှန့်ညွှန့် ဘယ်မှာပါလိမ့်ဟု တွေးတောကာ မတ်တတ်ရပ်၍ နေလေ၏။

ယင်းသို့ ကြည့်နေရင်း "မမ" ဟု ခေါ်လေရာ မိမိအသံကို မိမိကြားလျက် ထိတ်လန့်၍ သွားလေ၏။ အိပ်ရာ၌ ပက်လက်အိပ်၍ နေသူသည်ကား လှုပ်ရှားခြင်းကိုမျှ မပြုချေ။ မောင်ဘဝင်းသည် ထပ်မံ၍ မခေါ်ဝံ့ဘဲ အလို ဘယ့်နှယ့် အရေးပါလိမ့်မလဲ။ အသက်ရှူသံကို မကြားရ၊ နှိုးလို့ခေါ်လို့လည်း မရပါကလား။ "မမ ... မမ" ဟု ထပ်မံ၍ ခေါ်ပြန်လေ၏။ အိပ်သူသည်ကား အလွန်ငြိမ်သက်စွာ နေလေ၏။

ထိုအခါ မောင်ဘဝင်းသည် ထပ်မံ၍လည်း မခေါ်ဝံ့ဘဲ တွေဝေကာ ရပ်လျက် ထွေထွေရာရာ များမြောင်စွာတို့ကိုသာ စဉ်းစား၍ နေလေ၏။ ယင်းသို့ စဉ်းစားကာ ရပ်လျက်နေစဉ် အလင်းရောင်သည် တဖြည်းဖြည်း ပြည့်၍လာရာ အိမ်အတွင်း၌ရှိသော အရာဝတ္ထုတို့ကို



အတော်ပင် ထင်ရှားစွာ မြင်ရသဖြင့် ညွှန့်ညွှန့် မရှိကြောင်းကို ကောင်းစွာ သိရလေ၏။ မိခင်သည်ကား စောင်ခြုံအောက်တွင် အနည်းငယ်မျှ မလှုပ်မရှားဘဲ နေလေ၏။

မောင်ဘဝင်းသည် ကြောက်ဆုတ်ကြောက်ဆုတ်နှင့် အိပ်ရာအနီးသို့ ကပ်သွားပြီးလျှင် ခေါင်းမြီးခြုံလျက် ငြိမ်သက်စွာ နေသောသဏ္ဌာန်ကို စိုက်ကြည့်ကာ "မမ ... မမ" ဟု ခေါ်ပြန်လေရာ ပြန်၍မထူး၊ လှုပ်ရှားခြင်းလည်း မပြုသဖြင့် စောင်ကိုဆွဲ၍ လှန်လိုက်လေသည်။ ယင်းကဲ့သို့ ဖွင့်လိုက်သောအခါ မှိန်မေးသော အသားရောင်ထဲတွင် မျက်လုံးကို ကြောင်တောင်ဖွင့်ကာ သွားကလေးများပေါ်လျက် အိမ်အမိုးကို စိုက်၍ ကြည့်နေဟန်တူသည့် ဖြူရော်သော မျက်နှာကိုတွေ့ရသဖြင့် ဘဝင်းသည် ထိတ်လန့်၍ သွားပြီး စောင်ကို လက်မှလွှတ်ချကာ အခန်းအတွင်းမှ နောက်ဆုတ်ပြန်၍ ထွက်လာပြီးလျှင် အပြင်သို့ ရောက်သောအခါ ထိတ်လန့်တကြား အော်ဟစ်ငိုယိုကာ အိမ်နီးပါးချင်းများ ရှိရာသို့သွားပြီးလျှင် အကျိုးအကြောင်းတို့ကို စုံလင်စွာ ပြောပြလေ၏။

အိမ်နီးပါးချင်းများသည် နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက်တည်း သတင်းထူး သတင်းဆန်းကို ကြားရသောကြောင့် အဆောတလျင် ထကြကာ၊ ဆူကာညံကာ၊ အော်ကာဟစ်ကာ မောင်ဘဝင်းနောက်သို့ လိုက်လာကြလေ၏။ အိမ်ရှေ့သို့ ရောက်သောအခါ အိမ်ထဲသို့ သူဝင်ပါ၊ ငါဝင်ပါနှင့် ပြောကာ မဝင်ဝံ့ကြဘဲ တရုံးရုံးနှင့် စု၍နေကြလေ၏။ ထိုကဲ့သို့ နေသည့်အတွင်း မောင်ဘဝင်းသည် လူတစ်ယောက်၊ နှစ်ယောက်ကို အတင်းဆွဲကာ –

"လာကြပါ ခင်ဗျား ...။ ဝင်ပြီး ကြည့်ကြပါဦး။ ကျွန်တော့်မမ ဘာဖြစ်နေသလဲ မသိလို့ပါ"

ဟု ပြောကာ အခန်းထဲသို့ ဝင်သွားလေ၏။ ထိုအခါကျမှ အခြားလူများသည်လည်း နောက်မှလိုက်၍ ဝင်ဝံ့ကြလေ၏။ အိပ်ရာအနီးသို့ ရောက်သောအခါ မောင်ဘဝင်းသည် စောင်ကိုလှန်၍ပြလေရာ မြင်သမျှသောသူတို့သည် အံ့သြ၍ နေကြပြီးနောက် အချို့က –

www.burmeseclassic.com

www.burmeseclassic.com



"စောင်ကို အကုန်လှန်လိုက်။ ဘယ်မှာ ဒဏ်ရာရှိသလဲ။ ဘယ်သူ့လက်ချက်လဲ"

ဟု ပြောကြလေ၏။

မောင်ဘဝင်းသည်ကား အခန်းထဲမှ ပြေး၍ထွက်ကာ အိမ်ပြင်တွင်ထိုင်လျက် မိခင်ကိုတကာ၊ ညွှန့်ညွှန့်ကိုတကာ ငိုယို၍ နေရှာလေ၏။ ထိုအတွင်း လူတစ်ယောက်သည် စောင်ကို ခွာလိုက်လေရာ ညှီသောသွေးနံ့ကိုရကြ၍ သေချာစွာ ကြည့်ကြလေရာ အိပ်ရာပေါ်၌ သွေးများအိုင်ထွန်းလျက် ကွပ်ပျစ်အောက်သို့လည်း များစွာ စိမ့်စီး၍ ကျနေသည်ကို တွေ့ကြရလေ၏။ နံဘေး၌ကား ဓားရာလိုလို မြင်ကြရလေ၏။ မမျိုးညွှန့်သည် လက်သည်ဖြစ်လေသလား။ ယခု ဘယ်ကို သွားပါသနည်း။ အဘယ်အတွက် တိတ်တဆိတ် ထွက်ပြေးပါသနည်း။

ထိုအတွင်းတွင် လူတစ်ယောက်သည် သုတ်သီးသုတ်ပျာ ပြေး၍လာလေရာ "ဟော့ ... ဟော့ ... ဟော့ ... မောင် ဘာပြုလို့ ငိုရသလဲ။ ဘယ်သူ ဘာဖြစ်သလဲ"

ဟု ပခုံးကိုကိုင်၍ လှုပ်ကာမေးလေ၏။ ဘဝင်းက မျက်နှာကို မော်ကြည့်လျက် "ကိုဘိုးခင် ... ကိုဘိုးခင် ... မမကို ဝင်ကြည့်ပါဦး။ ကိုဘိုးခင်လာရင် အမြဲညှော်ခံကျွေးမွေးတဲ့ ကျွန်တော့်မမဟာ အခု မရှိတော့ဘူး ကိုဘိုးခင်ရဲ့"

ဟု ပြောလေရာ ကိုဘိုးခင်သည် အခန်းထဲသို့ အမြန်တိုး၍ဝင်သွားလေ၏။ ၎င်းဘိုးခင်သည်ကား ကိုတိုင်းကျော် မရှိသည့်အတွင်း သေသူမဖြူနှင့် အလွန့်အလွန် ချစ်ကျွမ်းဝင်လျက် နေသူဖြစ်လေရကား အများအိမ်နီးချင် ဘို့က ၎င်းတို့နှစ်ယောက်ကို တစ်မျိုးတစ်မည် ပြောဆိုထင်မြင်၍ နေကြလေ၏။ ကိုဘိုးခင်သည် အလောင်းကို မြင်ရသောအခါ မျက်နှာကိုပိတ်၍ ကျိတ်ကာငိုလျက် အပြင်သို့ ထွက်လာသဖြင့် အများလူတို့က မောင်ဘိုးခင်ကိုကြည့်ကာ တစ်ယောက်ကိုတစ်ယောက် လက်တို့ကြလေ၏။

ထို့နောက် တဲအိမ်ကလေးမှ အချို့သော သူတို့သည် ထရံများကို



ခွာကြပြီးလျှင် အလင်းရောင်ကို ဝင်စေ၏။ ၎င်းနောက် သူတစ်လက် ငါတစ်လက် ကူညီလုပ်ကိုင်ကြလေရာ အလောင်းသည် ရေမိုးချိုးပြီး၊ သပ်ရပ်စွာ ပြင်ဆင်ပြီး ဖြစ်၍သွားလေ၏။ အချို့သောသူတို့က မောင်ဘိုးခင်ကို မသင်္ကာ ဖြစ်ကြလေ၏။

အချို့သော သူတို့က ညွှန့်ညွှန့်ခေါ်သည့် သူငယ်မကလေးသည် အမှုအရာလည်း ထူးဆန်းသည်၊ အဘယ်က ပေါ်လာသည်ဟူ၍ မည်သူမျှလည်း မပြောနိုင်။ ယခု လတ်တလော အဘယ်ကို ထွက်သွားသည်ဟု မသိရ။ ကေန္တ ညွှန့်ညွှန့်ဆိုသည့် သူငယ်မသည် ထိုအမှုကို ပြုသွားလေပြီဟု တွေးထင်ကြလေ၏။ မောင်ဘဝင်းသည်ကား မိခင်ကိုတကာ၊ ညွှန့်ညွှန့်ကိုတကာနှင့် အများလူတို့ ထင်မြင်ပြောဆိုသမျှတွေကို မယုံကြည်နိုင်ဘဲ ညွှန့်ညွှန့်ကိုသာ တလျက်ငိုရှာလေ၏။ မောင်ဘဝင်း၏စိတ်၌ မိခင်ကွယ်လွန်သောကြောင့် ပူဆွေးခြင်း လွန်စွာကြီးမား၏။ ညွှန့်ညွှန့် ပျောက်ကွယ်၍ သွားသောကြောင့် ခံစားရသော ပူလောင်ခြင်းမှာ သာ၍ကြီးမားလေ၏။ ညွှန့်ညွှန့်အပေါ်၌ တစ်မျိုးတစ်မည် ထင်ကြသည်များအတွက်လည်း များစွာ စိတ်လက်မကောင်းဖြစ်ကာ အကြိမ်ကြိမ် ဒေါသထွက်လေ၏။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ထိုအခါ မောင်ဘဝင်းသည် နိုကိုးရာမဲ့ဖြစ်လျက် ရဟန်းတော် ဦးအာစရထံသို့သာ ဆည်းကပ်ကာ စာပေသင်ကြား၍ နေရှာလေ၏။ ဘုန်းတော်ကြီး ဦးအာစရကိုယ်တော်သည်လည်း တပည့်မောင်ဘဝင်းကို လွန်စွာချစ်ခင်လျက် သားရင်းတပည့်သဖွယ် မွေးမြူ၍ထားလေရာ အတော်ကလေး လူလားမြောက်၍ လာလေ၏။ ဆရာဘုန်းတော်ကြီးကလည်း လောကီပညာ၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ နက္ခတ်ကျမ်းနှင့် မန္တရားဂါထာ၊ ပညာမျိုးစုံကုန်စင်မကျန် အခံအခိုင်း၊ အရိုင်းအနု၊ အစုစုတို့နှင့် အင်းအိုင်ခါးလှည့်လက်ဖွဲ့များပါ သင်ကြားတတ်မြောက်စေသဖြင့် မောင်ဘဝင်းလည်း ရှေးမျိုးဗီဇ ဝါသနာအထုံပါသူဖြစ်သဖြင့် လူရိုးထက်သန်၊ ရဲရင့်လျင်မြန်၊ အကြံကောင်း၊ ဉာဏ်ကောင်း၊ အတွေးကောင်း၊ အတောကောင်း ဖြစ်လေရကား ဆရာသခင် သင်ပြ၊ ဆုံးမနည်းလမ်းများပေးသည်မှာ အကျိုးမဲ့မဟုတ်၊ အဟုတ်တကယ် ပညာတတ်လျက် လူရပ်တွင်ထင်ပေါ် လူပေါ်တွင်လူလုပ်၊ အသက်မွေးလုပ်ကိုင်ရန် ပိုင်ပိုင်ကြီးနိုင်စွမ်းသူ လူပျိုကလေးတစ်ယော ၊ လောက်လောက်လားလား ဖြစ်၍လာလေ၏။ ရုပ်ဆင်းကြန်အင်၊ အသွင်မူရာ အရာရာ၌ ဆရာကောင်းတပည့် ဖြစ်သောကြောင့် ဖော်ရွေခဲ့ညား၊ ကြီးမားရည်ချင်း၊ အတွင်းအပြင် ဖြူစင်ရိုးသား၊ စိတ်နေသဘောထား လွန်စွာမြင့်မြတ်သော သူတစ်ယောက်ဖြစ်သည့်အပြင် ကိုယ်လက်ကြံ့ခိုင် စည်ပင်ဖြိုးဝေလျက် ထက်မြက်သန်မာ၍ အရုပ်အမော်း



လူလုံးလူထည်မှာ မြင့်မားခံ့ညားသူတစ်ယောက် ဖြစ်သောကြောင့် ကျောင်းသားလူငယ် အပေါင်းတို့အပေါ်၌ ဩဇာအာဏာ ရှိသူတစ်ယောက် ဖြစ်လေ၏။

မောင်ဘဝင်းသည် မိမိ၌ တန်ခိုးသတ္တိ ပြည့်စုံလျက် အတောင်အလက် သန်စွမ်း၍လာကြောင်းကို တစ်နေ့တခြား သိရှိ၍လာသည်နှင့် မိမိ၏မိခင်ကို သတ်ဖြတ်သောသူအပေါ်၌ နိုင်နင်းစွာ ကလဲ့စားချေရန် အကြံသည် တစ်နေ့တခြား ကြီးမား၍လာလေ၏။ သို့သော် ထို့ထက် ကြီးမားထက်သန်သော စိတ်သည်ကား ညွန့်ညွန့်ကိုသာ တွေ့ရန်ဖြစ်လေ၏။ ညွန့်ညွန့်သည် အဘယ်သို့ သွားပါသနည်း။ ညွန့်ညွန့်သည် ငါ့အား သတင်းကလေး အနည်းငယ်မျှကိုမျှမကြား မည်သူ၏လက်သို့ ရောက်ရှိနေသနည်း။ မိခင်ကိုသတ်ပြီး မည်သို့သော ရန်သူသည် ညွန့်ညွန့်ကို ဆောင်ယူ၍ သွားပါသနည်း။ "ညွန့်ညွန့် မင်း ဘယ်မှာနေသလဲ" ဟု အခါခါ တွေးတောမိ၏။ တစ်ရံတစ်ခါ ညွန့်ညွန့်နှင့်မကွဲမီ ညနေစောင်းအချိန်၌ ဆူးလေဘုရားအနီးရှိ တောအုပ်ရေအိုင်တွင် နှစ်ယောက်တည်း ပျော်ရွှင်စွာ ကစား၍ နေကြသည်များကို သတိရလျက် ထိုရေအိုင်ရှိရာသို့ တစ်ကိုယ်တည်း လာရောက်ကာ မိမိ သွားလာနေထိုင် ကြံစည်သည့် ခရီးစဉ်တို့ကို တွေးတောကာ နေလေ၏။ ထိုတောအုပ်၌ ငါတို့နှစ်ယောက်ကို ချောင်းမြောင်း၍ ကြည့်နေသောသူသည် အဘယ်သို့သော ရန်သူပေနည်း၊ စသည်ဖြင့် တွေးတောကာ ထိုသူ၏ မျက်နှာကိုမြင်တိုင်း အမျက်ဒေါသ ပြင်းပြစွာထွက်လျက် အံကြိတ်၍ လက်သီးလက်ရုံးတန်းကာ နေလေ၏။

ထိုအတွင်း ဟော ... ဟို သစ်ရွက်၊ သစ်ခက်၊ သစ်ကိုင်းများအောက်၌ ညွန့်ညွန့်သည် နောက်ဆုံးတိုင် ငါ့ကို သတိပြန်၍ သတိရသေးရဲ့လား။ ထိုကဲ့သို့ နေ့စဉ် လွင့်ပါးကွဲပြားခြင်း၏ အရိပ်နိမိတ်ကို ငါသည် ထင်မြင်၏။ ငါသည် ရေထဲကို ခဲနှင့်ပေါက်လိုက်သော်အခါ ငါ့အား စိတ်ဆိုးသော အမူအရာနှင့် ကြည့်၏။ ညွန့်ညွန့်ကို ငါသည် ဟိုအခါက မောင်နှမလို ချစ်ခင်ခဲ့၏။

ယခုအခါ၌ အိပ်ရာမှ နိုးသောကာလ တောင့်တလွမ်းဆွတ်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေသော အချစ်သည်ကား အဘယ်သို့သော အချစ်မျိုးပေနည်း။ ညွှန့်ညွှန့်ကို ဤတောအုပ်၌ ငါ ယခု ပြန်၍တွေ့ရလျှင် အလျင်ကကဲ့သို့ ရှုးချာချာ လုပ်၍နေမည်လား။ ညွှန့်ညွှန့် မင်း၏ လက်ကလေးကို ငါသည် ဆုပ်ကိုင်လိုက်သောအခါ ငါ၏ ကိုယ်တစ်ကိုယ်လုံးသည် လေတိုက်သော သစ်ပင်ပျိုကဲ့သို့ တသိမ့်သိမ့် ခါ၍သွား၏။

ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို မရိပ်မိချေ။ ယခုသည်ကား ငါသည် ကောင်းစွာနားလည်၏။ ညွှန့်ညွှန့် မင်းသည် ငါ၏ နှမ မဟုတ်။ ယခုအခါ တွေ့လျှင် ထိုကဲ့သို့သော ရှုးသွပ်မိုက်မဲသော စိတ်မျိုး ငါ့မှာ ရှိတော့မည်မဟုတ်။ ညွှန့်ညွှန့် မင်း ငါ့ကို ပြန်၍သတိရရဲ့လား။ ညွှန့်ညွှန့် ငါနှင့် အတူတကွ ပေါက်လွှတ်ပဲစား နေခဲ့ရခြင်းသည်ကား အချည်းနှီး ဖြစ်ခဲ့၏။ ထိုအခါ၌ ငါ၏ နှလုံး၌ရှိသော အချစ်တည်းဟူသော ကြာငုံသည် ပွင့်အာခြင်းသို့ မရောက်သဖြင့် ညွှန့်ညွှန့်၏ ချစ်ဖွယ်သော ကိုယ်စိတ်နှစ်ပါးမှ တိုးဖော့ထွက်ပေါ်လာသော အချစ်ဓာတ် လေညင်း၏ အေးမြသော အရသာတို့ကို ငါသည် မသိလိုက်ရချေ။

ငါသည် ကျေးဇူးမဲ့သော သူတစ်ယောက် ဖြစ်ပေ၏တကား။ ညွှန့်ညွှန့်သည် ငါ့အား လူမိုက်ကြီးတစ်ပါးဟူ၍ မှတ်လေသလား။ ညွှန့်ညွှန့်သည် တစ်ခါတစ်ခါ ငါ၏အပေါ်၌ မျက်ထားမချို၊ ညှို့ကာ၊ အိုကာ နေခဲ့သည်မှာ ငါ၏ မိုက်မဲခြင်းကြောင့်ပေလား။ သို့သော် နောင်အခါမှ တသော နောင်တသည် အချည်းနှီးသော အရာပေတည်း။

ငါ၏စိတ်သည် ယခု အိပ်ရာမှနိုး၏။ အချစ်သည် သူခိုးပြေးမှ ဆေးကြောင်ထသကဲ့သို့ ငါ၌ ယခုဖြစ်ပေါ်၏။ ညွှန့်ညွှန့် ငါသည် မင်းကို မတွေ့သမျှမနေ၊ ပထဝီမြေဆုံးအောင် လိုက်တော့မည်ဟု အဓိဋ္ဌာန်ပြုကာ လက်သီးလက်မောင်း ဆန့်တန်းလေ၏။ ။

* * *

# အခန်း (၅)

အောက်ပါအခန်းများသည် လွန်ခဲ့သော အခန်းများကဲ့သို့ မခြားမနားလုပ်ရှားသော ခေတ်သမယ၌ ဖြစ်လေ၏။ သာယာဝတီမင်းကို တရုတ်မော်မင်းသားသည် တိတ်တဆိတ် ဖမ်းဆီးချုပ်နှောင်ရာ ထိုကဲ့သို့ ချုပ်နှောင်ခြင်းကို ခံနေတော်မူရသည့်အတွင်း ဖခင် စံလွန်တော်မူရှာ၏။

ပုဂံမင်းသည် ထီးနန်းကို သိမ်းပိုက်လိုက်၍ သရေခေတ္တရာမင်းသားနှင့် တရုတ်မော် မင်းသားတို့ကို ဖမ်းဆီးကွပ်မျက်၏။ ထိုအခါသမယ၌ အောက်ရာမညတိုင်းတွင် နိုးသားဓားပြ ထူပြော၍ ပြည်သူဆင်းရဲသားတို့မှာ စိတ်လက်မချမ်းသာ ဖြစ်ကြကုန်၏။

ဧရာဝတီ မြစ်ရိုးတစ်လျှောက်၌ လွန်စွာ ကျော်စောသောင်းကျန်းသော ဓားပြများသည် မြို့ငယ်ရွာငယ်တို့ကို များစွာ ပူလောင်စေ၏။ လွန်စွာကျော်စောသော ဓားပြသည်ကား အဆင်းလှသော မယ်ယက္ခဆိုသူ ဖြစ်လေ၏။

၎င်းမယ်ယက္ခ၏ အကြောင်းကို မည်သူမျှ တတ်အပ်သေချာ မသိရချေ။ အချို့က မိန်းမဟုဆို၏။ အချို့က ယောက်ျားဟုဆို၏။ သို့သော်လည်း အများလူတို့၏ ထင်မြင်ချက်အရ မိန်းမဖြစ်လေ၏။ အခါများစွာမှာမူ ၎င်းသည် ယောက်ျားလိုဝတ်ဆင်၍ တိုက်ခိုက်လေ့ရှိ၏။

၎င်းဓားပြသည် အလုံးအရင်း အတော်ကြီးလျက် အများအားဖြင့် ဆင်းရဲသားတို့ကို တိုက်ခိုက်ခြင်းမပြု၊ အစိုးရအရာရှိများကိုသာ ဖမ်းဆီးတိုက်ခိုက်၍ အခါများစွာ ပြန်ပေးပြုလုပ်လေ့ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူဆင်းရဲသားတို့ အပေါ်၌ နှိပ်စက်ညှဉ်းပန်းသော အရာရှိများ ပေါ်ပေါက်လျှင် ထိုအရာရှိများကို မကြာမီ သွားရောက်ဖမ်းဆီး၍ ကြိမ်ဒဏ်ပေးခြင်း၊ ဥစ္စာယူခြင်းတို့ဖြင့် အပြစ်ပေး၏။

အချို့သော ဆင်းရဲသားတို့အား ထောက်ပံ့ကြည့်ရှု ပေးကမ်း၏။ ၎င်းဓားပြတို့သည် မည်သည့်နေရာ၌ ခိုအောင်းနေထိုင်ကြသည်ဟု သေချာစွာ မည်သူမျှ မသိကြချေ။ မောင်ဘဝင်းသည်ကား "ငါ၏မိခင်ကို သတ်သောသူသည် ထိုလူဆိုးဓားပြတို့ အထဲ၌ပင် ရှိတန်ရာ၏" ဟု တွေးတောကာ ဓားပြများကို ဖမ်းဆီးဖြိုဖျက်ရန် အမြဲကြံစည်၍ နေလေ၏။

သို့သော်လည်း မိမိမှာ ရာထူး တစ်စုံတစ်ရာ ရှိသူမဟုတ်သဖြင့် အဘယ်ပုံ ကြံစည်ရမည် မသိချေ။ ယခုအခါသည်ကား ကောင်းစွာ လူလားမြောက်သူတစ်ယောက် ဖြစ်လေ၏။ မောင်ဘဝင်းသည် မိမိ၏ ကြီးစွာသောအကြံ အထမြောက်နိုင်ရန် နည်းလမ်းတစ်ခုသာ ရှိသည်။

ထိုနည်းလမ်းသည်ကား မိမိကိုယ်တိုင် ဓားပြဖြစ်မှသာလျှင် ဓားပြများနှင့် ပေါင်းသင်းဆက်ဆံနိုင်ဖွယ်ရာ ရှိသည်ဟု ကောင်းစွာသိလျက် ကြီးသောအကြံတစ်ခုကို ပြုလေ၏။ ထိုအကြံသည်ကား ပဲခူး ဝန်ရှင်တော်မင်းကြီးထံဝင်၍ မိမိအကြံကို ပြောပြမှ တော်ချေမည်ဟူသော အကြံအစည် ဖြစ်လေ၏။

ယင်းသို့ အကြံပြုပြီးသည်နှင့် တစ်ပြိုင်နက် ဆရာဘုန်းတော်ကြီး ဦးအာစရထံမှ လက်မှတ်စာများကို တောင်းပြီးလျှင် ပဲခူးဝန်ရှင်တော်မင်းကြီးအား စာကို သွား၍ပြလေ၏။

နောက် မိနစ်အနည်းငယ်မျှ ကြာသောအခါ ဝင်စေဟူသော အမိန့်ကိုရသဖြင့် မကြောက်မရွံ့ ယောကျ်ားကောင်းပီသစွာသော ကိုယ်ဟန်ဖြင့် လိုက်ပါသွားလေရာ ကျယ်သော အဆောင်အခန်းကြီး တစ်ခုထဲသို့ ရောက်သွားလေ၏။

၎င်းအခန်းကြီးသည် လွန်စွာတိတ်ဆိတ်လျက် လက်နက် ဓား၊ လှံ၊ သေနတ် စသည်တို့ကို နံရံ၌ များစွာတွေ့ရှိရသဖြင့် အံ့ဩမိန်းမောခြင်းနှင့်ရပ်ကာ ကြည့်ရှုလေ၏။ အတန်ကလေး ကြာသောအခါ တစ်ခုသော အခန်းငယ်မှ တံခါးပွင့်၍ လူတစ်ယောက် ထွက်လာပြီးလျှင် မောင်ဘဝင်းကို ခေါင်းညိတ်ကာ ခေါ်လေရာ မောင်ဘဝင်းသည် အခန်းထဲသို့ ဝင်ရောက်၍ သွားလေ၏။



၎င်းအခန်းသည် ပထမအခန်းလောက် မကျယ်သော်လည်း အလွန်တရာ ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်လျက် ကတ္တီပါတို့ဖြင့် တဖိတ်ဖိတ်တောက်ပြောင်၍ နေလေ၏။ လွန်စွာခံ့ညားသော လူကြီးတစ်ယောက်သည် ကတ္တီပါမွေ့ရာပေါ်တွင် မှီလျက် ရှေ့တွင် ကွမ်း၊ ဆေး၊ လက်ဖက် တင်သော ငွေကလပ်များမှာ တောက်ပြောင်လျက် နေလေ၏။ မင်းလုလင်က မောင်ဘဝင်းကို အချက်ပြလိုက်ရာ မောင်ဘဝင်းသည် ဝန်ရှင်တော်မင်းကြီးရှေ့တွင် ပြားပြားဝပ်၍ နေလေ၏။

ဝန်ရှင်တော် မင်းကြီးသည်ကား မောင်ဘဝင်း၏ ခံ့ညားသားနားယောကျ်ားကောင်း ပီသကြောင်းကို ကြည့်ရှုကာ အကဲခတ်ပြီးလျှင် –

"မောင်ရင် ... ဘယ်ဘက်က အမှုထမ်းလိုသလဲ"

ဟု မေးလေ၏။

မောင်ဘဝင်းက –

"ဘုရား ... ကျွန်တော်မျိုးသည် ယခု ထကြွသောင်းကျန်းသော ဓားပြများကို ဖမ်းဆီးလိုပါသည်"

ဟု လျှောက်ထားလေ၏။ မင်းကြီးက ပြုံးရယ်လျက် –

"မောင် ဘယ်လို ဉာဏ်စွမ်းဉာဏ်စနဲ့ ဖမ်းမလဲ။ ယခု ဓားပြများဟာ လွန်စွာ အစွမ်းကောင်းတယ်လို့ ကြားရတယ်။ မယ်ယက္ခကိုများ တွေ့ချင်လို့လားကွဲ့"

ဟု ရယ်ကာ ပြောလေ၏။

-ဘဝင်းက "ဓားပြများ အစွမ်းကောင်းကြောင်းကို ကျွန်တော်မျိုး ကြားသိရပါတယ်။ သို့သော်လည်း ကျွန်တော်မျိုး ဝန်ရှင်တော်မင်းကြီး ဆယ်ရက်တန်သည်၊ တစ်လတန်သည် အသုံးပြုပြီး ခိုင်းကြည့်မယ်ဆိုလျှင် ကျွန်တော်မျိုးရဲ့ အရည်အချင်း၊ အစွမ်းအစကို သိရပါလိမ့်မယ် ဘုရား"

ဝန်ရှင်တော်မင်းကြီးက "စမ်းကြည့်ရင်တော့ သိရမှာပေါ့လေကွယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကိုယ်တိုင် အဘယ်မျှလောက် စွမ်းရည်သတ္တိ ရှိတယ်ဆိုတာကိုလဲ ပြောဦးမှပေါ့။ မင်းဆရာကတော့ အတော် ချီးမွမ်းရေးလိုက်တာပဲ”

မောင်ဘဝင်းက “ချီးမွမ်းရေးရခြင်းဟာလည်း အပိုအမို မပါသေးပါဘူး ဘုရား။ ကျွန်တော်မျိုး ယခု ကျော်စောတဲ့ ဓားပြခြောက်ယောက်ကို တစ်ယောက်တည်းနဲ့ ဓားချင်း၊ လှံချင်းယှဉ်၍ ခုခံနိုင်လိမ့်မယ် ထင်ပါတယ်”

ထိုအခါ မင်းကြီးသည် –

“ကိုင်း … မောင်ကျား စမ်းဝံ့ပါ့မလား”

ဟု အပါးရှိလူကို မေးလေရာ မောင်ကျားက –

“ကျွန်တော်မျိုးဟာ အရှင်မင်းကြီးထံမှာ အမှုထမ်းခဲ့တာ သုံးနှစ်ကျော်ပါပြီ။ ဘယ်နေရာမှ နောက်မဆုတ်ခဲ့ပါ။ သို့သော် ဒီသူငယ်ဟာ အရွယ်နုပျိုသူ ဖြစ်တဲ့အတွက် သူ့ကိုယ်သူ အထင်ကြီးဟန် တူပါတယ်။ ကျွန်တော်မျိုးက လက်လွန်တတ်လွန်းလို့ လူရည်လူသွေး ကောင်းတဲ့ သူငယ်မှာ အရုပ်ပျက်၊ အဆင်းပျက် ဖြစ်သွားမယ့်ပြင် နောင်တစ်သက်လုံး နလန်မထူနိုင်အောင် အတွင်းဒဏ်ရသွားမှာကို ကျွန်တော်မျိုး သနားလှပါတယ်၊ ဒီ့အတွက် မလုပ်ပါရစေနဲ့ ဘုရား”

ဟု လျှောက်လေ၏။ မင်းကြီးက မောင်ဘဝင်းဘက်ကို လှည့်ပြီး –

“ဘယ့်နှယ့်မောင်၊ ကြားရဲ့လား။ မင်းကို သနားလို့ မကစားချင်ဘူး ဆိုပါကလား။ မင်း ဘယ်နှယ့် သဘောရသလဲ”

“ကျွန်တော်မျိုးမှာ ဝန်မလေးလှပါဘူး ဘုရား။ စမ်းကြည့်ရင် သိရပါလိမ့်မယ်၊ ကျွန်တော်မျိုးကို သနားတယ်ဆိုတာကိုလည်း များစွာ ကျေးဇူးတင်ပါတယ်။ သို့သော် မိမိကိုယ်ကို သနားတဲ့အတွက် ကျွန်တော်မျိုး အပေါ်မှာ သနားလေဟန်ပြောရင် ကျွန်တော်မျိုး ခံချင်တဲ့စိတ် မရှိပါဘုရား”

ဟု မောင်ဘဝင်းက လျှောက်လေ၏။

ထိုအခါ ဝန်ရှင်တော်မင်းကြီးက “ကြားရဲ့လား မောင်ကျား။ စကားမများနဲ့၊ သနားလည်း မသနားနဲ့။ ကစားမယ်သာ ပြင်ပေရော့။



သို့သော် လူကလေးက လူနုထွားကလေးမို့ ညှာညှာတာတာ ကြည့်ကစားလိုက်ပါ။ ကိုင်း … မောင်ရင် ဘယ်တော့ ကစားချင်သလဲ”

ထိုအခါ မောင်ဘဝင်းက “ကျွန်တော်မျိုး ဘယ်အခါမဆို အသင့်ပါပဲခင်ဗျာ”

ဟု ပြန်ပြောလေရာ ဝန်ရှင်တော်မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ နေရာမှထပြီး –

“ကိုင်း … လာခဲ့ကြ”

ဟု ခေါ်ကာ အခန်းအပြင်သို့ ထွက်ခဲ့လေ၏။ မကြာမီ အိမ်ခြေရင်း ကျယ်သောခြံကြီးထဲသို့ ရောက်သွားကြလေရာ ဝန်ရှင်တော်မင်းကြီးသည် အခိုင်းအစေ၊ ကျေးကျွန်၊ မင်းလုလင်များကိုခေါ်၍ စည်းများကိုသားမှတ် လက်ဝှေ့သတ်ရန် နေရာကိုပြင်စေ၏။ ကြည့်ရှုသူတို့လည်း အမြောက်အမြား ဝိုင်းအုံလာရောက်ကြလေ၏။

ထို့နောက် ဘဝင်းနှင့်ဘိုးကျားတို့သည် ခါးတောင်းများ ကျိုက်ကြလေရာ ဘဝင်းမှာ အသားဖြူလျက် ထိုးကွင်းမင်ကြောင်များ စိမ်းပြီးလျှင် ဖြူးပင်းသော အသားပေါ်၌ ဆေးနီများ ဝင်းဝင်းလျှံ၍ နေသည်ကို အများသူတို့ ကြည့်ရှုကာ အံ့သြကြလေ၏။ ဦးသျှောင်မှာ သပ်ရပ်စွာ ထုံးထားသဖြင့် မင်းသားရုပ်ပမာ လွန်စွာလှပလေ၏။ ချောမောပြေပြစ်၊ ခံ့ညားပြည့်ဖြိုး၊ စည်ပင်ရှည်မားသော ရုပ်ဆင်းသဏ္ဌာန်မှာ အကျီမဝတ်ဘဲ နေသည့်အခါ သာ၍ထင်ပေါ်သဖြင့် ဝန်ရှင်တော်မင်းကြီး ကိုယ်တိုင် စုတ်သပ်ကာ လက်ဖျားခါလျက် –

“ကဲ … ဘိုးကျား။ အလှအပ ကလေးလောက် ကစားလိုက်ပါ။ သူငယ်ကလေးက လူရည်လူသွေး ချောပါဘိသနှင့်။ အဲရုပ်ပျက်၊ အဆင်းပျက် ဖြစ်သွားအောင်များ မထိုးလိုက်ပါနှင့်”

ဟု ပြောလေရာ ဘိုးကျားက –

“စိတ်သာချပါ ဘုရား။ ကျွန်တော် ညှာညှာတာတာ ကစားလိုက်ပါ့မယ်”

ဟု ပြန်ပြောကာ လက်ခုပ်လက်ဝါး တီးလိုက်သကဲ့သို့ မြည်အောင်

www.burmeseclassic.com

www.burmeseclassic.com



လက်ခမောင်း ခုတ်လိုက်လေ၏။ ဘိုးကျားမှာ ဂင်တိုဖြစ်၍ အသားညို ညို၊ ထိုးကွင်းနက်နက်၊ သစ်သားလက်၊ သစ်သားခြေလို လွန်စွာမာကျော သော အသားအရေ ရှိလေ၏။

မောင်ဘဝင်းသည်ကား လက်ခမောင်းခတ်ကာ မလှုပ်မရှားဘဲ ဘိုးကျားကို ရပ်၍ကြည့်နေလေ၏။ ဘိုးကျားမှာ ကျားဟူသော နာမည်နှင့် လိုက်စွာ သားကောင်၏ရှေ့၌ ခုန်ကစားသည့်ပမာလို လွန်စွာလှုပ်ရှား၍ ဒူးနှင့်ခြေဖျား၊ လက်ဝါး၊ လက်သီးတို့ပါ ပင့်တာပျံကာ သန်းကာ ကစား ၍ နေလေ၏။

မောင်ဘဝင်းသည် မောင်ဘိုးကျားကို ဆက်လက်ကာ စိုက်၍ ကြည့် နေလေရာ ဘိုးကျားသည် ဟိုဘေးကခြောက်၊ သည်ဘေးကခြောက်၊ အောက်ကလှမ်း၍ နှိုက်တော့မလို၊ နံဘေးကလှမ်း၍ ပုတ်တော့မလို တင်ပါး လက်ဝါးနှင့် ရိုက်တော့မလို၊ သျှောင်ကိုဆွဲကာ ဆောင့်ကြားတွင် ညှပ်တော့မလိုလိုနှင့် နေလေ၏။ ထိုအတွင်း မောင်ဘဝင်းသည် လျှပ်စစ် ပြက်သည့်ပမာ လျင်မြန်စွာ ခုန်လိုက်လေရာ ဘိုးကျား၏နောက်သို့ လာ၍ကျလေ၏။ ဘိုးကျားသည် လန့်၍ခုန်လိုက်ရာ မောင်ဘဝင်းနေရာသို့ ရောက်၍သွားလေ၏။

အတန်ကလေး ကြာသောအခါ ဘိုးကျား၏ဘေးကို “ဘုန်း” ခနဲ လက်ဝါးနှင့်ရိုက်ပြီးလျှင် မောင်ဘဝင်းသည် ခုန်လွှားကာ ဘိုးကျား၏ နောက်သို့ ကျလေ၏။ ထိုအခါ ဘိုးကျားသည် အတော်ကလေး သွေး ဆူ၍လာသဖြင့် မောင်ဘဝင်းကို အတင်းဝင်၍ အမဲလိုက်ရာ မောင်ဘဝင်း မှာ ပြဒါးကို အဖမ်းရခက်သလို၊ နံဘေးသို့ဝင်၍ ချောခနဲ ထွက်သွားလေ၏။ ထို့နောက် ဘိုးကျား၏ ဦးခေါင်းသည် မောင်ဘဝင်း၏ လက်မောင်း အောက်သို့ ရောက်သွားပြီးလျှင် လက်နှစ်ဖက်ကို မောင်ဘဝင်း ချုပ်မိ လေ၏။ ထို့နောက် မောင်ဘဝင်းသည် အကြာကြီးမလွှတ်ဘဲ မိမိ စီရင် သလို ခံရတော့မည် ဖြစ်ကြောင်းကို သိလောက်အောင်ပြုပြီးမှ ဘိုးကျားကို မြေသို့ မှောက်လဲအောင် ထိုး၍ချလိုက်လေရာ ထိုနေရာတွင် ပထမပွဲ သိမ်း၍ သွားလေ၏။ ထိုအခါ ဘိုးကျားသည် လွန်စွာရှက်လျက် မျက်နှာ



များ ပျက်အောင် စိတ်ဆိုး၍ –

“မည်သူမျှ မတားကြနဲ့တော့။ ဒီတစ်ခါဖြင့် ကျွန်တော့်အစွမ်း ကို ပြတော့မယ်။ ကျိုးလျှင်ကျိုး၊ ကန်းလျှင်ကန်း၊ မင်းကံနဲ့ မင်းအကြောင်းပဲ ကိုင်း ...”

ဟု ဆိုကာ လက်ခမောင်းခတ်၍ သတ်ကြပြန်လေရာ နောက်ဆုံး၌ ဘိုးကျားမှာ အနာကြီးနာလျက် အသက်မျှ ကောင်းစွာ မရှူရှိုက်နိုင်လောက် သောအခြေသို့ ဆိုက်ရောက်ရလေ၏။

ထို့နောက် ဝန်ရှင်တော်မင်းကြီးသည် မောင်ဘဝင်း၏ ကျောကို သပ်ကာ –

“လာလာ ... မောင်ရင် ယောက်ျား ပီသပါပေတယ်”

ဟုပြောကာ ခေါ်လေ၏။ မောင်ဘဝင်းလည်း မင်းကြီးနှင့်အတူ လိုက်သွားလေရာ မင်းကြီး၏ အခန်းထဲသို့ ပြန်၍ရောက်သွားလေ၏။ အခန်းထဲသို့ ရောက်သောအခါ မင်းကြီးက –

“ကောင်းကောင်းထိုင်ပါ။ မကြောက်ပါနဲ့။ လက်ဖက်ရည်များ သောက်လေကွယ်။ ဟောဒီမှာ လက်ဖက်များစား။ မောင် ဘယ်အတွက် ဓားပြများကို ဖမ်းဆီးချင်တာလဲ”

“ကျွန်တော်မျိုးမှာ မိဘမရှိ၊ ဆွေမျိုးညာတိ ခိုင်ခိုင်လုံလုံလည်း မရှိဖြစ်ပါတယ်။ သို့အတွက် ကိုယ့်ထူးကိုယ်ချွန်ဆိုသလို၊ ဆရာ ဘုန်းကြီး ကလည်း ကျွန်တော်မျိုးအကြောင်းကို ထောက်ထောက်ပံ့ပံ့ ရေးပေးမယ် ဆိုတဲ့အတွက် လက်ရုံးအားကို အမှုထမ်းရရင် အရှင်မင်းကြီးလို သခင် ကောင်းများ သဘောကျသလောက် ကြီးပွားဖို့လမ်း ရှိလိမ့်မယ်လို့ မျှော်လင့် အားထားပြီး အခြားပညာခံ မရှိသည့်အတွက် ယုံကြည်ကိုးစားတဲ့ အစွမ်း သတ္တိနဲ့ အမှုတော်ထမ်းဖို့ရန် လာရောက်ပြီး စွန့်စားခိုကိုးရခြင်း ဖြစ်ပါတယ် ဘုရား”

“နို့ ... ဘယ်လိုများ ဖမ်းဆီးမယ် ကြံစည်ပါသလဲ”

“ကျွန်တော်မျိုးမှာ ကိုဘိုးကျားတို့လို မြန်မြန်ထက်ထက် သန်မာသူ လူသုံးယောက်လောက်ရရင် မကြောက်ပါ။ ရောက်ရာရပ်ရွာက လူတန်

www.burmeseclassic.com

www.burmeseclassic.com



လျှင်လူ၊ စားရေရိက္ခာတန်လျှင် စားရေရိက္ခာ၊ ခဲယမ်းလက်နက် တန်လျှင် ခဲယမ်းလက်နက် ကူညီထောက်ပံ့ရန် အမိန့်စာတမ်းတစ်ခုကိုသာ မစတော်မူပါ ... ဘုရား"

"နို့ ... မောင် စရိတ်များကော ဘယ်မှာရမလဲ"

"ကျွန်တော်မျိုး ဆေးဝါး ပယောဂများကို ကောင်းစွာ တတ်ကျွမ်းအောင် ဆရာဘုန်းတော်ကြီးက သင်ထားပါတယ်။ ဒီအတွက် ဘယ်နေရာမှာမဆို လွယ်ကူပါလိမ့်မယ်။ ဒီပြင်လည်း ခဲယမ်းရိက္ခာ ရပ်ရွာက ထောက်ပံ့ရင် တစ်စုံတစ်ရာ အပိုအမို လိုဖို့မရှိပါ။ ကျွန်တော်မျိုး မားပြများကို ဖမ်းဆီးအောင်မြင်တဲ့ အခါကျမှ နောက်ပါလူစုနဲ့တကွ အရှင်မင်းကြီး ထိုက်သလိုကြည့်၍ ချီးမြှောက်တော်မူပါ . ဘုရား"

ထိုအခါ မင်းကြီးသည် များစွာ သဘောကျလျက် –

"ဒီလို မဟုတ်ဘူးလကွဲ့။ မင်းတို့ လူပျိုလူရွယ် ကလေးဆိုတော့ ငွေစကြေးစ လိုကြပေလိမ့်မယ်။ မောင် ကြံစည်တဲ့အတိုင်း အောင်မြင်အောင်သာ အားထုတ်၊ လူဆိုးများရန်ငုတ်ကို ပျောက်အောင်သာ ကြိုးစားပါ။ မောင့်အစွမ်းကိုလည်း ယုံကြည်ပါတယ်။ ဒီအတွက် စရိတ်ငွေကိုလည်း လိုတဲ့အခါ လာ၍ယူပါ။ တလင်းနယ်တဲ့နွားဟာ စပါးစားခွင့်ရှိတယ်။ ထို့အတူ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်တဲ့လူများမှာ တိုင်းပြည်ကငွေများကို သုံးစားဖို့ အခွင့်ရှိပေတယ်။ မောင် အလိုရှိတဲ့ လူများကိုသာ ရအောင်ရှာ၊ ဘိုးကျားကိုလည်း ပါရှိပါစေမယ်။ စရိတ်ငွေအတွက် မပူနဲ့။ အခုတော့ လူဆိုးမားပြများဟာ ဒီက လွှတ်ထားသလိုလို ပြောနေသံများ သန်သန့်ကြားရလေတော့ မောင်လိုလူကို မျှော်နေဆဲပါပဲ"။

ထို့နောက် ဝန်ရှင်တော်မင်းကြီးသည် မောင်ဘဝင်းကို အပါးသို့ ခေါ်ကာ တိုးတိုးကျိတ်၍ ထက်သန်သောမျက်နှာနှင့် ဆိတ်ကွယ်သော စကားများကို ပြောလေ၏။ မောင်ဘဝင်းသည် စိတ်အားထက်သန်စွာနှင့် ကောင်းစွာနားထောင်လေ၏။ ထိုကဲ့သို့ နာရီဝက်ခန့် စကားပြောဆိုကြပြီးနောက် မောင်ဘဝင်းသည် ထွက်သွားလေ၏။ ။

* * *

## အခန်း (၆)

ယခုထက်တိုင် ကြီးကျယ်သော မော်ဘီတောကြီးသည် ထိုအခါသမယက တောကန္တာရကြီးပေတည်း။ ထိုတောကြီး၌ တောင်မူစာတစ်ခုသည် ရှိ၏။ ၎င်းတောင်မူစာ၌ ကြီးကျယ်သော တောင်ခေါင်းကြီးတစ်ခု ရှိလေ၏။ ၎င်းတောင်ခေါင်းကြီး အထဲသို့ စာဖတ်သူသည် ကျွန်ုပ်နှင့်အတူ တိတ်တဆိတ် ဝင်၍လိုက်အံ့၊ အောက်ပါအခမ်းအနားကို တွေ့ရှိနိုင်လေသည်။ ထိုတောင်ခေါင်းထဲသို့ ဝင်လျှင်ဝင်ချင်း ပေငါးဆယ်ခန့် အကျယ်ရှိ၍ အလျားပေကိုးဆယ်ခန့် အတွင်းသို့ ဝင်၍သွားရ၏။ ထိုဂူကြီး၏အဝတွင် ပန်းနွယ်၊ ပန်းအုံ၊ ပန်းရုံ ရုံကာဝိုင်းလျက် အပေါက်မှာ ပန်းရုံများညှပ်သဖြင့် အဝင်အထွက်ခါးသဖွယ် ဖြစ်၍နေလေ၏။ အနောက်ဘက်မှ တသွင်သွင် တိုက်ဖော့တိုးဝင်သော လေသည် တောပင်၊ တောပန်း၊ တောပွင့်၊ တောသီး၊ တောသစ်ရွက်၊ တောသစ်ခက်တို့၏ အကြားမှ သန့်သည်ထက် သန့်အောင် အထပ်ထပ် စစ်ထုတ်၍ရသော လေကဲ့သို့ ညင်းတစ်ခါ၊ မာတစ်လှည့် အေးအေးကလေး အမြဲတိုက်ဖော့နေလေ၏။ ထိုလေ၏ရနံ့မှာ ပန်းပေါင်းနံ့ပမာ ရတနာရွှေပြွန်ဖြင့် သွယ်သွန်းကာ လောင်းလိုက်သလို၊ ချိုမြိန်လှစွာသော ရနံ့ဖြင့် နှာဝတွင် အမြဲဖြည့်သကဲ့သို့နေလေ၏။ ထိုဂူဝသို့ ကျွန်ုပ်တို့ရောက်သောအခါ အလွန်တရာ ချစ်ဖွယ်ကောင်းလှသော လေပြည်ကိုခံလျက် ဂူအပြင်ဘက်သို့လှည့်ကာ ခေတ္တကလေး ရပ်၍ကြည့်လိုက်လျှင် အဆိုပါ ပန်းရုံတံခါးဝ၏ ရှေ့၌ ဂမုန်း၊ နှင်းပန်း၊ ငွေပန်းစန္ဒကူး၊

www.burmeseclassic.com

www.burmeseclassic.com



လေကိုမြူ၍ ကြည်ဖြူလတ်ဆတ်၊ တောင်ပန်း မြတ်နှင့်၊ အထပ်ထပ်ဖြာ၊ မာလာသစ္စာ၊ မဟာလေ့ကားဆပ်သွား၊ ဇီဇဝါ၊ ခတ္တာ၊ ပုန်းညက်၊ အခက်ယုဇန၊ မြေမှာခသည်၊ ဒေါနကြူလှိုင်၊ မြိုင့်သရဖီ၊ လေကိုမှီ၍၊ အဆီပက်ဖျန်း၊ ရင်ခတ်ပန်းနှင့်၊ တစ်ခန်းမိုးဆွေ၊ သင်းခွေဖက်ဆွတ် မလွှတ်ကြက်ရုန်း ခြယ်မှုန်းဖွန်ဖြူ သဇင်ကြူနှင့်၊ မဋ္ဌူသော်က ထူလှပန်းအိ၊ ဆန်းသည့်စံပယ်၊ တောမမယ်၊ မြို့မမယ် ဘယ်ညာဝိုင်းရံ ရောင်စုံသန်းခြယ်စီမံသော မြေညီကုန်းမြင့်သည် ရှုစားသူတို့၏ မျက်စိကို အဆင်းနှင့် ဖမ်းစားလျက် ထိုနေရာသည် လူသားသတ္တဝါတို့၏ ဌာနမဟုတ် သူရဿတီ၊ စန္ဒီကညာ၊ သုဓာနတ်မင်းတို့ ခြယ်လှယ်ကာ ကစားသည့် မြင့်မြတ်သန့်ရှင်းသော ဌာနဟူ၍ မှတ်ထင်ဖွယ် ရှိလေသည်။

ထိုပန်းတို့ကို ကျွန်ုပ်တို့ လှည့်လည်ကြည့်ရှုကြသောအခါ ပန်းခြံ၏ အနောက်ဘက် စမ်းရေများ စီးဆင်းလျက်ရှိသော ကျောက်စောင်းကမ်းပါးယံတစ်ခုသို့ ကျွန်ုပ်တို့ ရောက်၍လာလေရာ ထိုနေရာမှနေ၍ ကြည့်လိုက်သောအခါ ကျွန်ုပ်တို့ရှေ့ နိမ့်သောနေရာ၌ ထိန်ဝင်းတောက်ပသော်ကအင်ကြင်း၊ ရွှေဆင်းချရား၊ စံကားပီတောက်၊ မခြောက်စိမ်းစို၊ ပင်ပျိုသရဖီ၊ စီရီဖြန့်ယှက်၊ ဒန်းဒလက်တို့ဖြင့် နတ်တို့ခြယ်လှယ် စီမံ၊ ဝေယံနတ်နန်းအလား၊ ရှုစား၍မငြီးသော ပန်းတောကြီးသည်လည်း ရှိလေ၏။

၎င်းပန်းပင်တို့၌ ကပ်၍ပေါက်ကြသော ဂမုန်းအင်နှင့် သဇင်နီဖြူ၊ မိုးကုရွှေကြောင်၊ အရောင်ပွင့်လန်း၊ ဖယောင်းပန်း၊ ကြေးပန်း၊ ဝေါသဇင်ပန်းတို့ပါ လေညာကနေပြီးလျှင် ရနံ့ကို သွန်းလောင်းကာ အဆိုပါဂူဝသို့ အသုံးတော်ခံကြလေ၏။ ထို့ပြင် ဂူရှေ့ပန်းခြံ၌လည်း မညီမညာ ဝဲယာတောင်မြောက် ပေါက်လျက်ရှိသော ရင်ခတ်နှင့် လှိုတောင်တန်းဆပ်သွားပန်းပင်များ အပေါ်၌ ကူးယှက်နွယ်သန်း ရစ်ပတ်ကာဖက်ယမ်းလျက် အခက်အခက် အတက်အတက်တို့၏ အကြားတွင် မှီကပ်လျှောက်တွားကာနေကြသော ပန်းများသည်ကား ကရမက်စုကာ၊ ညာကိုယှက်သန်း၊ နွာညိုပန်းနှင့် ရွှေပန်းသစ်နွယ်၊ တစ်သွယ်ကက္ကရ၊ နနကလေး တတိုင်း



မွှေးတို့ပါ ရောယှက်ကာ နေကြလေ၏။ ထိုမျှလောက် ကြီးကျယ်ခမ်းနားသော ဗိမာန်သည် မည်သူ၏ ဗိမာန်ပေနည်း။

ကျွန်ုပ်တို့သည် ဂူကို သေချာစွာ မကြည့်ခဲ့ရသေးသဖြင့် တစ်ဖန်ဂူထဲသို့ ပြန်၍ဝင်ကြလေရာ အဆိုပါ ဂူကြီး၌ နံရံတွင်မြင်ရသော အရာများသည် လက်နက်ကိုင် အစောင့်နှစ်ယောက်နှင့် နံရံတွင် ချိတ်ထောင်၍ထားသော ဓားလှံလက်နက် တပြောင်ပြောင်လက်သော အရာများဖြစ်သဖြင့် အပြင်၌မြင်ရသောပန်းများနှင့် သဘာဝအလွန်ခြားနားလေ၏။

ထိုဂူကြီးသည်ကား လွန်စွာ ဆိတ်ငြိမ်သော ဂူကြီးဖြစ်လျက် အတွင်းနံရံတွင် ကပ်လျက် ကြီးမားသော ညောင်စောင်းလိုလို၊ ခုတင်လိုလို မြင့်သောဌာနတစ်ခု ရှိလေ၏။ ခုတင်ကြီး၏ နံရံဘက်၌ အပေါက်တစ်ခုရှိလေ၏။ ထိုအပေါက်မှ အတွင်းသို့ ကြည့်လိုက်သောအခါ တဝင်းဝင်း ထိန်ပြောင်လျက်ရှိသော မီးရောင်ကို တွေ့မြင်နိုင်လေ၏။ ထိုအခန်းတွင်းသို့ ကျွန်ုပ်တို့သည် ဆက်လက်ဝင်ရောက် ကြည့်ရှုလိုက်သောအခါ အပြင်ခန်း၏ တစ်ဝက်ခန့်မျှရှိသော အခန်းတစ်ခုသည် ရှိလေ၏။ ထိုအခန်း၌ အမြဲတောက်သော မီးရောင်ဖြင့် လင်းထိန်လျက် အေးမြသော မြေပေါ်တွင် ခင်းထားသော ဖျာပေါ်၌ အုပ်လွှမ်းထားသည့် ကော်ဇောများမှာ အလွန်ချောပြောင် တလက်လက် အရောင်ဟပ်၍ နေလေ၏။ နံရံများတွင် ချိတ်လွှား ခြယ်လှယ်ကာရံထားသော ကော်ဇောများသည် မီးရောင်၌ အမျိုးမျိုးသော အရောင်များဖြင့် အခန်းကို တိုး၍လင်းပြောင်စေ၏။ ထိုအခန်းထိပ်၌ ကောင်းကင်ပေါက်တစ်ခု ရှိလေ၏။ ၎င်းအခန်းထောင့်တစ်ခုတွင် အလွန်တရာ သစ်လွင်တောက်ပသော ကန့်လန့်ကာကြီးတစ်ခုမှာ တစ်ပိုင်းတင် တစ်ပိုင်းကျလျက်ရှိလေရာ ကန့်လန့်ကာအတွင်း၌ အလွန်တရာလှပသော ခုတင်တစ်ခု ရှိလေ၏။ ထိုခုတင်သည်ကား သပ်ရပ်ဖြူစင်စွာ ခင်းကျင်းထားသော ခုတင်ဖြစ်လေ၏။ ထိုနေရာသည် မည်သူ၏ နေရာ၊ မည်သူ၏ တောနန်းပေနည်း။ ။

* * *

www.burmeseclassic.com

## အခန်း (၇)

"ဘယ့်နှယ့်လဲ ဗိုလ်မြင့်ရဲ့။ ဟန်ကျပါ့မလား။ ခရီးဖြင့် အတော်ပန်းခဲ့ကြပြီ။ ဘယ်ဆီမှာမှ ရန်စကလေးများ မတွေ့ကြရသေးပါကလား။ ကျွန်တော်ရဲ့ လက်များက ခုတ်ချင်၊ ထစ်ချင်၊ ပစ်ချင်၊ ခတ်ချင်လွန်းလို့ တယားယားနေ။ ဒီလိုသာနေရရင် သွေးစသွေးနကို တော်တော်နဲ့ မြင်ရတော့မှာ မဟုတ်ဘူး ဆရာရဲ့"

ဟု ဗိုလ်ကျားက ရှေ့တွင်မီးလှုံရင်း ပြောလေ၏။

"သေသောသူ ကြာရင်မေ့သတဲ့။ ပျောက်သောသူကိုပင် ရှာရင်တွေ့သတဲ့။ မကြာမကြာ ရွာတွေကိုလာပြီး စီးကြတဲ့ ဓားပြများကို မတွေ့ဘဲနေပါ့မလား"

ဟု ဗိုလ်မြင့်က မီးရောင်ရှေ့တွင် လက်ဝါးကို ဖြန့်ကာပြလေ၏။

ထိုအခါ ဗိုလ်တိုးက မီးလှုံရာမှ ရုတ်တရက်ထကာ ကြီးမားတုတ်ခွဲသော မိမိ၏ကိုယ်ကို ရေမှတက်သော ခွေးဘီလူးကြီးပမာ လှုပ်ရှားကာ ယမ်းပြီးလျှင် လက်သီးလက်မောင်းတန်းလျက် –

"မယ်ယက္ခအသား ချိုသလား၊ ခါးသလားဆိုတာ မကြာမီ စားရဦးတော့မှာပဲ"

ဟု ပြောလေ၏။



ဗိုလ်ဝိုင်းဆိုသူ ပိန်ပိန်ရှည်ရှည် လူသည်ကား ဆေးပေါ့လိပ်ကို ကိုင်ကာ ငိုင်လျက်နေရာမှ ဗိုလ်တိုး၏ လှုပ်ရှားခြင်းကြောင့် လန့်ဖျတ်၍ နိုးလာပြီးလျှင် ပါးစပ်ကိုဟကာ သမ်းလိုက်လေ၏။

ဇရပ်တဲသည်ကား ထန်းတပင်မြို့အပြင် တောစပ်တစ်ခု၌ ရှိလေ၏။ ထိုတဲအတွင်း၌ နောက်ပါ လူကိုးယောက်တို့မှာ တရှူးရှူး အိပ်၍ နေကြလေ၏။ ထိုညဥ့်သည် ဆောင်းဥတုညဥ့် ဖြစ်လေ၏။ ဓားပြများသည်ကား အချိန်အနည်းငယ်အတွင်း ထန်းတပင်မြို့စီးမည်ဟု စာကပ်၍ ထားကြလေ၏။ မြို့သူမြို့သားတို့သည်ကား မယ်ယက္ခရောက်လာမည့် သတင်းကို ကြားကြရသောအခါ ဖိမ့်ဖိမ့်တုန်၍ နေကြလေ၏။ သို့သော်လည်း မြို့အပြင်ဘက်၌ မိမိတို့ကို ကယ်ဆယ်ရန် ရောက်၍နေသော လူတစ်စုရှိကြောင်းကိုကား မသိကြချေ။ ထိုလူစုသည် ဓားပြများ ပေါ်ပေါက်၍ လာမည်ကိုသာ နားတစွင့်စွင့်နှင့် နေကြလေ၏။

ညဥ့် ၁၂ နာရီခန့်လောက် ရှိသောအခါ မြင်းခွာသံတစ်ခုကို ကြားကြလေ၏။ ထိုမြင်းခွာသံသည် တဖြည်းဖြည်း နီး၍လာလေရာ မီးလှုံ၍နေသူတို့သည် စိတ်အားထက်သန်စွာနှင့် နေရာမှထ၍ ကြည့်ကြလေ၏။ မြင်းခွာသံသည် တဖြည်းဖြည်းတိုး၍ ပြင်းထန်လာလေ၏။ အတန်ကလေး ကြာသောအခါ မြင်းညိုကိုစီး၍ လူတစ်ယောက်သည် အနားသို့ရောက်လာလေရာ ဝမ်းမြောက်ဝမ်းသာ ထကြ၍ ခရီးဦးကြိုပြုကြရလေ၏။

မြင်းစီးသမား ဗိုလ်ဝင်းသည် မြင်းပေါ်မှလွဲကာ ဆင်းပြီးလျှင် –

"ဟိုအကောင်တွေ အိပ်နေကြသလား။ နှိုးလိုက်နှိုးလိုက်။ ခါးကို ပိတ်ဖြူများ ပတ်ကြပေစေ။ ဓားပြတပ် အတော်ကြီးတယ်၊ မကြာမီ ရောက်လာလိမ့်မယ်။ ငါတို့လူများကို သိရအောင် ခါးစည်းကြိုးအဖြူမှာ အစများချကြ၊ သူတို့မှာ ခါးစည်းကြိုး အဖြူပါတယ်။ ဒါပေမဲ့ အစမရှိဘူး"

ဗိုလ်ကျားက "မယ်ယက္ခ ပါရဲ့လား"

ဟု မေးလေရာ –

ဗိုလ်ဝင်းက "ပါမယ်မထင်ဘူး၊ ဗိုလ်ကျော်ဆိုတာ ပါလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ သူလည်း အရေးကြီးတဲ့ လူတစ်ယောက်ပဲ"

ဟု ပြောကာ တဲထဲသို့ ဝင်ကြ၍ မိမိတို့ လူအများကို နှိုးကြကာ အသင့်ပြင်ဆင်၍ မီးများကို ငြိမ်းသတ်ကြပြီးလျှင် ထန်းတပင်မြို့ အစွန်းနားသို့ ထုထပ်သောမှောင်ထဲတွင် တပ်ချီ၍ သွားကြလေ၏။

မြို့အနီးသို့ ရောက်သောအခါ ဓားပြများ ဝင်မည့်လမ်း၌ လူများကို တစ်ယောက်စီ ခွဲခန့်၍ ထားကြပြီးလျှင် မှောင်ထဲ၌ ဆိတ်ငြိမ်စွာ နေကြလေ၏။ ယင်းသို့ တစ်နာရီကျော်ကျော် နေကြသောအခါ လူသံ ခြေသံများကို ကြားကြလေ၏။

မကြာမီ မည်းသော မှောင်တိုက်ထဲတွင် လူအုပ်ကြီးတစ်စုသည် ပိုလ်ဝင်းတို့စောင့်သော နေရာအနီးသို့ ရောက်လာလေ၏။ သေနတ်များကို ဖောက်ကြလေ၏။ မြို့ထဲရှိ လူများသည်ကား မောင်းများထုကာ ဆူညံပြေးလွှား၍ နေကြလေ၏။ ထို့နောက် ဓားပြများသည် သေနတ်များကို ပစ်ဖောက်ကြပြီးလျှင် မြို့တွင်းသို့ ဝင်စပြုကြလေ၏။

မြို့တွင်းရှိ လူများသည်ကား မောင်းသံများကို ကြားကြသော်လည်း လှုပ်ရှားခြင်းများကို ရပ်ကြပြီးလျှင် မိမိတို့၏ အိမ်များ၌ ဆိတ်ငြိမ်စွာ အဘယ်ပုံ ဖြစ်လာမည်ကို စောင့်စား၍သာ နေကြလေ၏။

သူကြီးသည်ကား မောင်းကို အတန်တန်တီးသော်လည်း မည်သူမျှ မိမိအိမ်သို့ မပေါ်လာဘဲ နေသဖြင့် အားကိုးရာမဲ့ ဖြစ်၍နေလေ၏။ ထိုကဲ့သို့ မလာမရောက်ခြင်းသည် အခြားကြောင့် မဟုတ်၊ မဆိုင်သော နေရာ၌ ပါဝင်ပါလျှင် မယ်ယက္ခက အဘယ်ပုံ ပြုလုပ်တတ်သည်ကို သိကြသောကြောင့် ဖြစ်လေ၏။

ဓားပြများသည် သူကြီးအိမ်သို့ တိုက်ရိုက်သွားကြပြီးလျှင် အိမ်ကို ဝိုင်းရံကြလျက် "မဆိုင်သူ မလာကြနဲ့။ ရွာသားများ ငြိမ်ငြိမ်နေကြ။ ငြိမ်ငြိမ်နေရင် ချမ်းသာရာရမယ်။ မငြိမ်ရင် ဘေးထိမယ်" စသည်ဖြင့် အော်ဟစ်ကြလေ၏။

သူကြီးအိမ်ပေါ်သို့ "ဗိုလ်ကျော်" သည် အေးအေးတက်ပြီးလျှင် သူကြီးကိုခေါ်လေရာ သူကြီးသည် ဗိုလ်ကျော်၏ရှေ့၌ ပြားပြားဝပ်၍



နေလေ၏။

ထိုအတွင်း အိမ်အနီး၌ ရုန်းရင်းဆန်ခတ်ဖြစ်ပြီးလျှင် ဓားပြများသည် အချင်းချင်း ခုတ်သတ်၍ နေကြလေရာ "ဗိုလ်ကျော်" အိမ်ပေါ်မှ လွှားခနဲ ပြေးဆင်းလာလေ၏။

ဓားပြတစ်ယောက်သည် "ဗိုလ်ကျော်" ၏ ခေါင်းကိုဆီး၍ ခုတ်လေရာ ဗိုလ်ကျော် လဲ၍သွားလေ၏။ နောက်ပါ ဓားပြများသည်လည်း တစ်ယောက်ကိုတစ်ယောက် ဆက်လက် ခုတ်ထစ်ကြလေ၏။

အချို့သောဓားပြများသည် လဲ၍သွားသော ဗိုလ်ကျော်အပေါ်သို့ ပြေးလာကြရာ "ဗိုလ်ကျော်" ၏ အပါး၌ရှိသော ဓားပြများက ဆီး၍ ပစ်ခတ်ကြသဖြင့် လဲကျကြလေ၏။

ထို့နောက် အခြားဓားပြများသည် စုရုံး၍ လာကြလေ၏။ ၎င်းတို့သည်လည်း တစ်ယောက်အပေါ်တစ်ယောက် ထပ်၍လဲကြလေ၏။ ရွာသားများသည်ကား အံ့အားသင့်လျက် မိန်းမော၍ နေကြလေ၏။

မှောင်ထဲ၌ ဝင်းခနဲ ဝင်းခနဲ သေနတ်ရောင်၊ မီးရောင်၊ ဓားရောင် တို့နှင့် ဓားသွားချင်းခတ်မိသော အသံများသည် ညည်းသံ၊ အော်သံတို့နှင့် ရောစပ်ရှုပ်ထွေး၍ နေလေ၏။ ထိုအတွင်း သူကြီးအိမ်မှာ မီးစွဲ၍ တဖြောင်းဖြောင်း၊ တဖုန်းဖုန်း စိန်အမြောက်ပစ်သံလို မြည်နေလေ၏။ ဓားပြများသည် မြင်သမျှသော သူတို့ကို မရှောင်ဖယ်ဘဲ ပစ်ခတ်ကြသဖြင့် လူအများသည် အလင်းရောင်ကို ရှောင်ရှားကာ မှောင်မိုက်ရာနေရာသို့ ခိုဝင်ကြရလေ၏။

ထို့နောက် အတန်ကြာ ဆက်လက် ခုတ်ထစ် ပစ်ခတ်ကြပြီးသော အခါ ဓားပြများသည် ဖရိုဖရဲဖြစ်လျက် ဆုတ်ခွာ၍ သွားကြလေလျှင် ရွာသားများသည် ဆူညံကာ မား၊ လှံ၊ တုတ်၊ ခဲ စသည်တို့နှင့် ရဲရင့်စွာ ထွက်လာကြလေရာ မိမိတို့ကို ရွာသားများက ဓားပြများဖြစ်သည်ဟု ထင်မှတ်လျက် ဝင်ရောက် တိုက်ခိုက်မည်ကို စိုးသောကြောင့် ဗိုလ်ဝင်းက—

"ရွာသားများ ငြိမ်ငြိမ်နေကြ။ ငါတို့ ကယ်ဆယ်ရန် လာတဲ့သူများ ဖြစ်တယ်။ ဓားပြများမဟုတ်၊ ဓားပြများ ပြေးကြပြီ။ ဓားပြခေါင်းဆောင်ကို ငါတို့မိထားပြီ။ လာကြကြည့်ကြ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လေရာ ရွာသားများသည် ချက်ချင်း အပါးကိုကပ်၍ မလာဝံ့ကြဘဲ နေကြလေ၏။

ထိုအခါ ထပ်ခါထပ်ခါ ခေါ်သောအခါကျမှ အပါးသို့ တစ်ယောက်ပြီးတစ်ယောက် လာကြပြီးလျှင် မြေပေါ်၌ လဲ၍နေသော ဓားပြခေါင်းဆောင်ကို ကြည့်ကြလေ၏။ ၎င်းဓားပြခေါင်းဆောင်သည်ကား (ဗိုလ်တိုင်းကျော်) ဖြစ်လေ၏။ ။

* * *

## အခန်း (၈)

ဗိုလ်ကျော်ခေါ် တိုင်းကျော်သည် ဗိုလ်ဝင်း၏ လက်တွင်းသို့ လုံးလုံးကြီး ကျရောက်လေ၏။ ဓားပြခေါင်းဆောင်ကြီးသည် မြေတွင် ဒဏ်ရာနှင့် လူးလိမ့်ကာနေလေ၏။ ဗိုလ်ဝင်းသည် ဒဏ်ရာကို ကြည့်ရှုလေရာ သေလောက်သော ဒဏ်ရာမဟုတ်ကြောင်းကို တွေ့ရှိရလေ၏။

ဗိုလ်ဝင်း အဖော်များသည် ဗိုလ်ကျော်ကို ခေါင်းပေါင်းများနှင့် လက်ပြန်ကြိုးတုပ်မည် ပြုကြလေရာ ဗိုလ်ဝင်းက ဗိုလ်ကျော်ကို မြင်လျှင်မြင်ချင်း မိမိ၏ ဖခင်မှန်းမသိသော်လည်း သွေး၏ နှိုးဆော်ခြင်းကြောင့် အလိုလို ကြင်နာသနား ရှိသေကိုင်းညွတ်သော စိတ်ကိုထားမိလျက်–

"အို ... ကြမ်းကြမ်းတမ်းတမ်း မလုပ်ကြပါနဲ့ကွယ်၊ အိမ်တစ်အိမ်ပေါ်ကိုတင်ပြီး ဒဏ်ရာကို ဆေးဝါးများ ထည့်ကြပါ"

ဟု ပြောလေရာ နောက်ပါလူစုသည် ဗိုလ်ကျော်ကို သူကြီးအိမ်သို့ တွဲ၍တင်ကြလေ၏။

ဓားပြကြီးသည်လည်း ဗိုလ်ဝင်းကို မြင်သောအခါ မိမိ၏ ရင်သွေးသားဖြစ်ကြောင်းကို စိုးစိမ္မျှမရိပ်မိချေ။ သို့သော်လည်း ယောကျ်ားကောင်းပီသလျက် သာယာပြေပြစ်စွာ စကားပြောဆိုသည်ကို ကြားရသဖြင့် မိမိကို နိုင်နင်းဖမ်းဆီးသူ ဖြစ်စေကာမူ မုန်းထားခြင်းမရှိ၊ ငါကဲ့သို့သော လင်းယုန်ငှက်ကြီးကို ဤနံ့ပြီစုတ်ငှက်ကလေးသည် ရဲရင့်စွာ ဖမ်းဆီးနိုင်

www.burmeseclassic.com

www.burmeseclassic.com

ပေ၏တကားဟု တွေးတောကာ များစွာအံ့ဩလျက် စိတ်ထဲတွင် ချီးမွမ်းထောမနာ ပြုနေလေ၏။ သို့ပင် ချီးမွမ်းထောမနာ ပြုသော်ငြားလည်း ဘယ်အခါမျှ အဖမ်းမခံရဖူးသော ဓားပြခေါင်းဆောင်တစ်ယောက်ဖြစ်လေရကား များစွာအရှက်ရလျက် ငါသည် ဤသူငယ်လက်တွင်းသို့ ကျရောက်သည်ထက် သေရသည်ကား ပိုမိုမြတ်သေး၏ဟု အောက်မေ့မိလေ၏။ သို့သော် ထိုသူငယ်သည် ငါတို့ကို အဘယ်ကြောင့် အပြီးတိုင် လက်စမသတ်ပါသနည်းဟု တွေးတောကာ မကျေနိုင်၊ မချမ်းနိုင်အောင် ရှိလေ၏။

ဗိုလ်ဝင်း နောက်ပါလူစုသည် ဓားပြခေါင်းဆောင်ကြီးကို ရင်ခွဲ၍ အသည်းကို ထုတ်နုတ်ကာ ပျော်ပျော်ကြီး သတ်ဖြတ်ရန် ဆန္ဒရှိကြလေ၏။ ဗိုလ်ဝင်းသည်ကား သတ်ဖြတ်ရန် အနည်းငယ်မျှ စိတ်ဆန္ဒမရှိ။ ဤဓားပြခေါင်းဆောင်ကြီးကို အရှင်လတ်လတ် ဖမ်းဆီးရမိခြင်း၏ ကြီးသောဂုဏ်ကို ရရှိဖို့ရန်ကိုသာ မျှော်လင့်နေလေ၏။

ဓားပြခေါင်းဆောင်ကြီး၏ ဒဏ်ရာကို ဆေးဝါးများ ထည့်ကြပြီးနောက် နိုင်လုံစွာ ထိတ်များ ခတ်ထားကြပြီးလျှင် ကြွင်းကျန်သော ဓားပြများကို အနီးအနား၌ လိုက်လံရှာဖွေကြလေရာ အလောင်းများနှင့်တကွ ဒဏ်ရာနှင့် သေ၍နေကြသူ ဓားပြအချို့တို့ကို ရရှိကြပြန်လေ၏။

ထို့နောက် ဗိုလ်ဝင်းသည် မိမိ၏ လူစုတို့ကိုခေါ်ပြီး အကုန်စစ်ဆေးကြည့်ရှုရာ အချို့မှာ အနည်းငယ်မျှ ဒဏ်ရာရရှိသည်မှတစ်ပါး တစ်စုံတစ်ယောက်မျှ ဆုံးပါးဖိတ်စဉ်ခြင်း မရှိသဖြင့် ထိုညဥ့်အဖို့ ပျော်ရွှင်ကာ သောက်စားကြလေ၏။

ရွာသူကြီးသည်လည်း ဗိုလ်ဝင်းကို လွန်စွာ ကျေးဇူးတင်လေ၏။ ထမင်းစားသောက် ပြီးစီးကြသောအခါ ဗိုလ်ဝင်းသည် ဗိုလ်ကျော်၏ အနီးသို့ လာရောက်ပြီးလျှင် မယ်ယက္ခ အကြောင်းများကိုလည်းကောင်း၊ ၎င်းနှင့် မယ်ယက္ခ အတူတကွ နေသည်မနေသည် အကြောင်းကိုလည်းကောင်း၊ ၎င်းတို့၏ နေရာစခန်းများကိုလည်းကောင်း စစ်ဆေးမေးမြန်းလေ၏။



ဤကဲ့သို့ စစ်ဆေးခြင်းများကို ကောင်းစွာ ပြန်ဟမပြောကြားဘဲ နေလေရာ နောက်ပါလူစုတို့နှင့် ရွာသားများက ဗိုလ်ကျော်ကို ရိုက်နှက်၍ စစ်ဆေးရန် ပြောကြလေ၏။ ဓားပြခေါင်းဆောင်ကြီးကလည်း –

"မောင်သည် ကျုပ်ကဲ့သို့သော သူတစ်ယောက်ကို မိပြီးသောကြောင့် စိတ်ကျေနပ်ဖို့ရှိပါပြီ။ မည်သူ့အကြောင်းကိုမျှ စစ်ဆေးဖို့မရှိပါ၊ မောင် သဘောရှိသလိုသာ ကျုပ်ကို စီမံပါတော့။ ကျုပ်ကို ဤနေရာတွင် မောင်ရင်က အပြီးတိုင် စီရင်မည်ဆိုပါလျှင် သာ၍ ကျေးဇူးတင်ပါမည်။ အရှင်ဖြင့် မယူဆောင်ပါနှင့်။ ကျုပ်ခေါင်းကိုရလျှင် မောင်ရင်၏ကိစ္စပြီးသင့်သည် မဟုတ်ပါလား။ ကျုပ်၏ခေါင်းကို ယခုညဖြတ်၍ နေပြည်တော်ကိုသာ အရောက်ပို့လိုက်ပါ။ မောင့်မှာ ဆုတော်များ ရပါလိမ့်မည်"

ဟု မိမိ၏သားအား ရဲရင့်စွာ ပြောလေ၏။

ထိုအခါ ဗိုလ်ဝင်းက –

"ကျွန်တော်သည် အသက်ကို သတ်ဖြတ်ရန်လာသည် မဟုတ်၊ ဖမ်းဆီးရန်သာ လာခြင်းဖြစ်ပါသည် ခင်ဗျား။ ဓားပြကြီးကို မိခြင်းသည် ကျွန်တော်၏ ကိစ္စပြီးစီးခြင်း ဖြစ်ပါသည်။ ကျွန်တော့်တာဝန်သည် အသက်ကို သတ်ရန်မဟုတ်ပါ။ ယခုမှာ မယ်ယက္ခကိုမိအောင် ကူညီကြံစည်နိုင်လျှင် ဗိုလ်ကြီး အသက်ချမ်းသာရာရအောင် ကျွန်တော် ကူညီကြံစည်ပေးနိုင်ပါသည်"

ဟု ပြောလေရာ ဓားပြခေါင်းဆောင်ကြီးသည် မောင်ဘဝင်းကို ပြုံးရယ်ကာကြည့်၍ ခေါင်းခါပြီးလျှင် –

"မောင့် သဘောရှိပါပဲ။ မယ်ယက္ခနှင့်တော့ ကျုပ် မသက်ဆိုင်ပါဘူး။ ကျုပ်လဲ မသိပါဘူး။ ကျုပ်တပ်နှင့် သူ့တပ် တခြားစီပါ။ မယ်ယက္ခ ဆိုတာ အဖိုလား၊ အမလားတောင် ကျုပ် မသိပါဘူး"

ဟု ရယ်မော၍ ပြောလေ၏။

ထိုအခါ ဗိုလ်ဝင်းသည် ဓားပြခေါင်းဆောင်ကြီး၏ စိတ်သဘောခိုင်မာကြောင်းကိုသိလျက် ဆက်လက်၍ မစစ်ဆေးဘဲ ကြွင်းသမျှညအချိန် အနည်းငယ်တွင် အနည်းငယ် ကိုယ်လက်လတ်ဆတ်ခြင်း ဖြစ်စိမ့်သော

www.burmeseclassic.com

www.burmeseclassic.com



ဗှာ ဓားပြခေါင်းဆောင်ကြီးအနီးတွင် ခေါင်းချ၍ အိပ်လေရာ ငါးမိနစ်အတွင်း အိပ်ပျော်၍ သွားလေ၏။

နောက်တစ်နေ့ မိုးသောက်သောအခါ ဓားပြခေါင်းဆောင်ကြီးကို ရန်ကုန်မြို့သို့ ဆောင်ယူရန် မြစ်ဆိပ်သို့ ဆင်းကြလေရာ လူထုအင်အား မြောက်မြားစွာတို့သည် လာရောက်ကြည့်ရှုကြလေ၏။

ဓားပြခေါင်းဆောင်ကြီးကို လက်ပြန်ကြိုး၊ ခါးကြိုးများနှင့် မိမိတို့ရှေ့တွင် လျှောက်စေ၏။ ဗိုလ်ဝင်း၏လူများနှင့် အခြားရွာသားများသည် ဓား၊ လှံများကို ကိုင်ကြလျက် ဝိုင်းရံလိုက်ကြလေ၏။

ယင်းကဲ့သို့ လာကြရာတွင် ကြည့်ရှုနေကြကုန်သော လူပရိသတ်အပေါင်းတို့သည် အုန်းအုန်းကျွက်ကျွက် ဖြစ်သွားကြလေ၏။ ထိုအခါ ဗိုလ်ဝင်းသည် အဘယ်သို့သော အကြောင်းများပေနည်းဟု လူစုပရိသတ်များရှိရာသို့ လှမ်း၍ကြည့်လေရာ မိန်းမပျိုတစ်ယောက်၏ရှေ့၌ လူများသည် လမ်းဖယ်၍ ပေးနေသည်ကို တွေ့မြင်ရလေ၏။

ထိုမိန်းမပျိုသည် လွန်စွာလှပ၍ လက်ထဲတွင် သပြေရွက်များကို ကိုင်ကာ မောင်ဘဝင်းရှိရာသို့ အတင်းတိုး၍ လာလေ၏။ လူအများတို့သည် ၎င်းမိန်းမပျိုကလေးကို လမ်းဖယ်၍ ပေးကြသော်လည်း ဤမိန်းမပျိုသည် မိန်းမတန်မဲ့နှင့် ရဲတင်းလှလေ၏။ ယောကျ်ားပျိုကလေးဖြစ်သော ဗိုလ်ဝင်းရှိရာကို အဘယ်ကြောင့် ဤမျှလောက် ရဲတင်းစွာ သွားချင်ပါသနည်း။ ဤမိန်းမပျိုသည် ဘယ်သူဘယ်ဝါ သားမြေးဖြစ်ပါသနည်း။ ဤမိန်းမပျိုသည် ပေါ်လွင်သောစိတ်ရှိလှ၏ စသည်ဖြင့် ကဲ့ရဲ့သူတို့က ကဲ့ရဲ့ကြလေ၏။

ထိုမိန်းမသည်ကား ကဲ့ရဲ့ပြောဆိုခြင်းတို့ကို ပမာနမထားဟန်မရှိမူ၍ မောင်ဘဝင်း၏ထံကိုသာ ရှေးရှုလာနေလေ၏။ မောင်ဘဝင်းသည်ကား ထိုမိန်းမ၏ ထူးခြားသော အမူအရာကိုကြည့်ကာ အံ့သြ၍နေလေ၏။

အတန်ကလေး ကြာသောအခါ မောင်ဘဝင်း၏ အပါးသို့ရောက်လာလေရာ အင်မတန် ထင်ပေါ်ကျော်စောသော ဓားပြကြီးကိုရအောင်



ဖမ်းဆီးနိုင်သည့်အတွက် ဗိုလ်ကလေးကို ကျွန်မ သပြေပန်းနှင့်လာ၍ ချီးမွမ်းထောမနာ သြဘာမင်္ဂလာ လာ၍ပေးပါသည်။ နောင်တွေ့သမျှ ရန်သူတို့ကိုလည်း အောင်မြင်နိုင်ပါစေရှင်ဟု ပြုံးရွှင်သော မျက်နှာနှင့် ပြောကာ သပြေပန်းများကို ပေးလေ၏။

ဗိုလ်ဝင်းသည် သပြေပန်းများကိုမျှ ယူရမှန်းမသိအောင် ထိုမိန်းမပျို၏ ရုပါရုံအဆင်း၌ စိတ်အာရုံစိုက်၍ နေလေ၏။ ဗိုလ်ဝင်းသည် သပြေပန်းများကို ယူပြီးလျှင် မိန်းမပျိုကို ငေး၍ကြည့်နေလေ၏။ မိန်းမပျိုသည်ကား ဘဝင်းကို ပြန်၍မကြည့်ဘဲ သပြေပန်းများကို ပေးပြီးနောက်ပြန်သွားမည်ပြုလေရာ မောင်ဘဝင်းက –

"အမိနာမည် ဘယ်လိုခေါ်ပါသလဲ။ အဘယ်အရပ်မှာ နေပါသလဲ"

ဟု မေးရာ မိန်းမပျိုကလေးက ပြန်၍မပြောသေးဘဲ မောင်ဘဝင်း၏ မျက်နှာကို ရှက်ကိုးရှက်ကန်းနှင့်ကြည့်ကာ ရပ်လျက် –

"ကျွန်မနာမည် မနန်းနွယ်လို့ ခေါ်ပါတယ်"

ဟု ပြောလိုက်ပြီး နောက်ကိုလှည့်ကာ လူစုလူဝေးထဲသို့ ပြန်၍ဝင်သွားလေ၏။

ဗိုလ်ဝင်းသည်လည်း အံ့အားသင့်လျက် ငေးမောကာ နေရစ်ပြီးမှ သတိရလာပြီးလျှင် ဤမျှလောက် လှသည့်မိန်းမကို ငါသည် စကားသုံးခွန်းမျှပြည့်အောင် မပြောလိုက်ရလေခြင်းဟု တွေးတောကာ မကျေမချမ်းနိုင်ဖြစ်လျက် အနီးအပါးရှိ လူများအား –

"ဘယ်အရပ်က မိန်းမဖြစ်ပါသလဲ"

ဟု မေးမြန်းလေရာ ဥက္ကံသုံးဆယ်နယ်က ဦးကြီးဝရီးများနှင့် ကုန်ရောင်းကုန်ဝယ် လှေနှင့်တက်နှင့် ခေတ္တလာရောက်သူ ဖြစ်ကြောင်းကို သိရှိရလျက် ဤမိန်းမပျို၏ ဌာနဖြစ်သော ဥက္ကံသုံးဆယ်ကို ငါ အဘယ်သို့သောအခါ ခရီးကြုံကြိုက်၍ ရောက်ပါမည်နည်းဟု တွေးတောကာ ရန်ကုန်မြို့သို့ မပြန်လိုဘဲ ဤမြို့မှာပဲ စောင့်ဆိုင်းပြီးလျှင် ဤမိန်းမပျိုရပ်ထံသို့ လိုက်လံ၍ သွားချင်လောက်အောင် စိတ်လက်ဖောက်ပြန်ခြင်း ဖြစ်လာလေ၏။ သို့သော် မိမိအပေါ်၌ရှိသော တာဝန်သည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသောတာဝန်ဖြစ်ကြောင်းကို သတိရလျက် မိမိ၏စိတ်ကို အနိုင်ဖြေဖျောက်ကာ ဤ ဥက္ကံသုံးဆယ်ဆိုတာ အဘယ်ကိုမျှ ပြေးမည့်ရွာများမဟုတ်၊ ငါ တစ်ခါတစ်ခေါက်တော့ လမ်းကြုံ၍ ရောက်မှာပဲ။ အခုကိစ္စများပြီးရင်လည်း အကြောင်းရှာပြီး ဤမျှလောက် လှသည့်သူကလေးကို မတွေ့တွေ့အောင် ပြန်၍ရှာလျှင် တွေ့နိုင်ဖွယ်ရာ ရှိပေသည်။ ဤမြို့မှာ သူ့အကြောင်းကို လာရောက်ပြီး အသေအချာ စုံစမ်းထားလျှင် သူနေမည့်ဌာနကို သေချာစွာ သိရမှာပဲဟု အောက်မေ့ကာ မိမိသွားရန်ရှိသော ခရီးကိုသာ သွားရရှာလေ၏။

သို့သော်လည်း ၎င်းမနန်းနွယ်ဆိုသူ၏ ရုပ်ပုံသည် မိမိ၏ စိတ်နှလုံးတည်းဟူသော ဆေးမှန်၌ ဓာတ်ရိုက်သလို၊ မပျောက်မပျက်ဘဲ မြဲမြဲကြီး ထင်၍နေသဖြင့် ဘယ်အခါမျှ ပျောက်ပျက်တော့မည် မဟုတ်သော ဓာတ်ပုံကဲ့သို့ တည်ရှိလေ၏။

မြစ်ဆိပ်သို့ ရောက်သောအခါ တရားခံ ဓားပြခေါင်းဆောင်ကြီးကို လှေပေါ်သို့တင်ကြ၍ ရန်ကုန်သို့ ထွက်ခဲ့ကြလေ၏။

လှေပေါ်သို့ ရောက်သောအခါ ဗိုလ်ဝင်းသည် ပေါင်းမိုးထဲတွင် တစ်ကိုယ်တည်းလျောင်းကာ မနန်းနွယ်ကိုသာ တွေးတော၍ နေလေ၏။ မနန်းနွယ်၏ ဗျာပါဆံများကိုလည်းကောင်း၊ ဝင်းထိန်သော ရွှေခြေချင်းများကိုလည်းကောင်း၊ ဆင်ယင်သောပုတီးများနှင့် ကြော့ရှင်းသော လည်တိုင်၊ ပြုံးချိုသော နှုတ်ခမ်းများကိုသော်လည်းကောင်း တရေးရေး မြင်ကာနေမိလေ၏။

ထိုအတွင်း ဗိုလ်ကျားသည် အပါးသို့ ကပ်လာပြီးလျှင် –

"ဆရာ၊ ဘာတွေများတွေးတောပြီး တစ်ကိုယ်တည်း ဆွေးနေပါသလဲ၊ ဗျာပါဆံက တစ်ဖက်တစ်ဆုပ်၊ မှတ်ပုတီးက တစ်သွယ်နှစ်သွယ် မနန်းနွယ် ရွှေခြေချင်းနှင့် ဝါဝင်းလှတယ်လို့ တစ်ကိုယ်တည်းကျိတ်ကာ စိတ်မှာတွေးပြီး တရေးရေး ထင်မြင်နေပါသလား ဆရာရဲ့"

ဟု ရယ်မောကာ ပြောလေ၏။

ဗိုလ်ဝင်းက –



"အို ... ကိုဘိုးကျားရယ်။ လာပြီး နောက်တောက်တောက်၊ ယွတေတေ မလုပ်စမ်းပါနဲ့။ စိတ်နောက်တုန်း မျောက်ပွဲလာပြသလို၊ ကျုပ်တစ်ခါတည်း အော်ငိုပစ်လိုက်လိမ့်မယ်"

ဟု ပြောလျက် ဆံပင်များကို ဖိုးရိုးဖားရားချကာ လိမ့်၍နေရှာလေ၏။

ဗိုလ်ကျားက –

"အို ... ဒါလောက်တောင်လည်း မပူပါနဲ့။ ကိုယ်တော်ကလေးရဲ့။ သေသောသူ ကြာရင်မေ့သတဲ့။ ပျောက်သောသူ ရှာရင်တွေ့သတဲ့။ မြင်ရသူ မနန်းနွယ်ကလေးနဲ့တော့ မကြာခင်မွေ့ရအောင် တပည့်များ ဆောင်ကြဉ်း၍ ပေးပါမယ်။ ဘယ်ဆီဘယ်မှာ နေတယ်ဆိုတာကိုသာ သေချာစွာ စုံစမ်းကြဖို့ ရှိပါတယ်"

ဟု ပြောလေ၏။

ဗိုလ်ဝင်းက –

"ဟုတ်ပါ့မလား၊ ကိုဘိုးကျားရဲ့။ အခုဖြင့် မနန်းနွယ်ဆိုတာကလေးဟာ ဘွားခနဲပေါ်လာပြီး ကျွန်တော့်ကို အရူးဆေးတိုက်သွားသလို ဖြစ်နေတာပဲ။ သူပေးခဲ့တဲ့ သပြေပန်းကလေးတွေကိုသာ မနွမ်းမခြောက်ဘဲ ကြာနိုင်သမျှ ကြာကြာခံရအောင် ကြံဆောင်ပြီးထားရတော့မှာပဲ၊ ဒီသပြေပန်းကလေးတွေကို မြင်တိုင်းမြင်တိုင်း ဘဝင်ကို လေပြည်ရိုက်ပြီး တလှိုက်လှိုက် ဖြစ်နေရတော့တာပါပဲ ကိုဘိုးကျားရဲ့"

ဗိုလ်ကျားက –

"အို ... ဒါလောက်တောင် ပူပင်နေစရာ မလိုပါဘူး။ သပြေပန်းနိမိတ်ကတော့ အောင်မြင်ဖို့ နိမိတ်ပါပဲ။ အခု ကြုံကြိုက်ပုံက အင်မတန်စုံလင်ပြီး ကျော်စောတဲ့ ဓားပြကြီးကိုလဲ မိရတယ်၊ သမီးကညာကလည်း သပြေပန်း ဆက်သလာရတယ်၊ ဒီနိမိတ်ကို ထောက်လိုက်ရင် အင်မတန်မင်္ဂလာရှိတဲ့ နိမိတ်ဖြစ်တော့ သမီးကညာဟာ အပြီးပါပြီး အနီးလာရမည့် အတိတ်ပြတာပါပဲ။ ဧကန် မကြာမီ တွေ့ရမယ်ဆိုတာကို ဆရာ စိတ်ချနေပါတော့။ လိပ်ပြာမလှ မရှိစမ်းပါနဲ့။ တမိနန်းညာ တစ်နွယ်ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



အမိဖမ်းရှာမယ့် တပည့်တွေကလည်း အမြဲနောက်က ပါပါတယ်"

ဟု ပြောလေ၏။

ဗိုလ်ဝင်းသည်ကား တပည့်ကျော်၏ အားပေးခြင်းဖြင့် များစွာ အားမတက်၊ နောက်ဆက်လက် ဘယ်အချက်၊ ဘယ်နေရာ၊ ဘယ်အခါ၌ ဤမျှလောက်လှသော နတ်ကညာကလေးနှင့် တစ်ခါထပ်တွေ့ရဦးမည်ကိုသာ တွေးကာတောကာ မအေးစရာအချက်ကြီး ပေါ်၍နေလေ၏။

ထိုကဲ့သို့ ဓားပြခေါင်းဆောင်ကြီးကိုမိလျက် ညနေရီတာရောအချိန် ရန်ကုန်ကို ရောက်လာကြလေရာ ဓားပြခေါင်းဆောင်ကြီးကို မိလာသော သတင်းသည် တစ်မြို့လုံးသို့ ပျံ့နှံ့၍သွားသဖြင့် ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး အပေါင်းတို့သည် ခရီးဦးကြိုပြုကြလျက် တစ်မြို့လုံး သောင်းသောင်းဖြဖြ ဥက္ကောဋ္ဌေယျဖြစ်၍ နေကြလေ၏။

ပဲခူးမင်းကြီးသည်လည်း ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြို ပြုလာလေ၏။ ဓားပြခေါင်းဆောင်ကြီးကို ရှေ့ကြိုးနောက်ကြိုးများနှင့် မြို့ပေါ်သို့ တင်သွားသောအခါ ကြီးစွာသော လူစုလူဝေးတို့သည် မင်းကြီး၏အိမ်သို့ ဓားပြကိုကြည့်ရင်း လိုက်ပါလာကြလေ၏။ မင်းကြီး၏အိမ်တော်သို့ ရောက်သောအခါ ဓားပြကြီးကို အိမ်ရှေ့တွင် ခိုင်လုံစွာ ချုပ်နှောင်၍ ထားကြပြီးလျှင် ဗိုလ်ဝင်း၏ လူစုများကို ကြီးစွာသော ပျော်ပွဲကြီး ခင်းကျင်း၍ မိုးချုပ်သည်တိုင်အောင် ဧည့်ခံကြလေ၏။

ဓားပြကြီးသည်ကား တစ်စုံတစ်ရာ ကြောက်ရွံ့သော လက္ခဏာ မရှိ။ အေးအေးဆေးဆေး ရွှင်လန်းသော မျက်နှာနှင့်သာ ချုပ်နှောင်ခြင်းကို ခံ၍နေလေ၏။ ။

* * *

## အခန်း (၉)

ညဥ့်ကိုးနာရီကျော်လောက် ကျသောအခါ ဓားပြကြီးကို ကြည့်ရန် လာသူတို့၏ အရေအတွက်သည်တိုး၍ မနည်းဘဲ တဖြည်းဖြည်း ပိုမို၍ များပြားလာကြလေ၏။ မင်းကြီးနှင့် ဗိုလ်ဝင်းတို့လူစုသည်ကား ပျော်ပွဲဖြင့်သာ ဆက်လက်၍ အချိန်ကို ကုန်စေကြလေ၏။

ထိုအတွင်း အလွန်တရာလှပသော ယောကျ်ားပျိုတစ်ယောက်သည် လူစုထဲသို့ ပျာယီးပျာယာ ပြေးဝင်လာလေ၏။ ကြည့်ရှုသောလူစု အမြောက်အမြားတို့သည်လည်း အံ့အားသင့်ဟန်နှင့် ကြည့်၍နေကြလေ၏။

ထိုအခါ ဗိုလ်ကျား—

"မောင် ... ဘာကိစ္စရှိသလဲ"

ဟု မေးလေရာ ထိုယောကျ်ားပျိုက —

"သတင်းအထူး ရှိလို့ပါ။ ဗိုလ်ဝင်းနဲ့မင်းကြီးကို တွေ့ပါရစေ။ အင်မတန် အရေးကြီးတဲ့ သတင်းရှိပါတယ်"

ဟု ပျာယီးပျာယာ ပြောလေ၏။

ထိုအခါ ဗိုလ်ဝင်းသည် ထ၍လာလေရာ —

"ခင်ဗျား ဗိုလ်ဝင်းဆိုတာလား ခင်ဗျား။ မင်းကြီးကိုလည်း တွေ့ပါရစေ။ မြို့သူမြို့သားများ ထိတ်လန့်ကုန်မှာစိုးလို့ ကျိတ်ပြီး ပြောလိုပါစေ"

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဝင်းက –

"ဘယ်လို အကြောင်းလဲ ပြောသာပြောပါ"

ဟု ဓား‌လွတ်ကိုကိုင်စွဲကာ မေးလေရာ –

"မင်းကြီးကို ခေါ်ပါ။ ဓားပြတွေ အများကြီး ရောက်ကုန်ပြီ။ မကြာမီအတွင်း အိမ်တော်ကိုလာပြီး စီးကြပါလိမ့်မယ်။ ဆိပ်ကမ်းမှ ယခု တက်ကြတော့မယ်။ တက်များတက်လာပြီလား မသိဘူး။ မတက်မီ ဆီးပြီး ခုခံရင် နိုင်ပါလိမ့်မယ်။ တက်မိရင် ခက်ပါလိမ့်မယ်"

ပြောလေရာ –

"ဒီမှာ ခေတ္တဆိုင်းပါ။ ကျုပ် မင်းကြီးကို သွားပြီးပြောပါရစေ"

ဟု ပြောပြီး ဗိုလ်ဝင်းသည် မင်းကြီး၏ အခန်းရှိရာသို့ ထွက်သွားလေ၏။

အတန်ကြာသောအခါ ပြန်လာကြပြီးလျှင် မင်းကြီးနှင့် ဗိုလ်ဝင်းသည် အဆိုပါလူပျိုအား လာရောက် မေးမြန်းကြပြီးကာလ ဓားပြကြီးကိုစောင့်ရန် ဗိုလ်ကျားကိုထားဖို့ စီမံကြပြီးလျှင် မင်းကြီးရော၊ ဗိုလ်ဝင်းရော ရှိသမျှသော ဗိုလ်များ၊ နောက်ပါလူများနှင့် အဆောတလျင် ထွက်သွားကြလေ၏။ ယောက်ျားပျိုသည်လည်း "ကျွန်တော် အိမ်ကိုသွားပြီး စောင့်ရှောက်စရာ ရှိပါသေးတယ်" ဟု ပြောပြီး ထွက်ပြေးလေ၏။

နောက် ငါးမိနစ်လောက် ကြာသောအခါ ယောက်ျားပျိုကလေးသည် ဓားပြကြီးကို စောင့်နေသော ဗိုလ်ကျားထံသို့ ပြေးလာပြီးလျှင် ဗိုလ်ကျား၏ အပါးသို့ကပ်ပြီး –

"ဗိုလ်ကျား သတိထားပါ။ အခုလာတာ မယ်ယက္ခတပ်ပဲ။ မယ်ယက္ခကိုယ်တိုင် ပါလာတယ်။ ခင်ဗျား တစ်ယောက်တည်း ဒီမှာ စောင့်နိုင်ပါ့မလား။ ဟော ... ဟော ... မယ်ယက္ခ နီးလာပြီထင်တယ်။ ခင်ဗျား လူများ နိုင်မှာမဟုတ်ဘူး။ ဟော ... ဟော ... မယ်ယက္ခရောက်ပြီ"

အနီး၌ ကြည့်ရှုနေကြသော လူပရိသတ်တို့သည်လည်း ကိုယ်စီကိုယ်င ဓားလွတ်များကို ထောင်ကြလေ၏။ ယောက်ျားပျိုသည်လည်း ဗိုလ်ကျား၏လည်ကိုညစ်ကာ မယ်ယက္ခဆိုတာ ကြည့်လိုက်ဟု ပြောပြီး



ဗိုလ်ကျားကို မြေတွင်ထိုး၍ လှဲလေ၏။

ဓားပြများဖြစ်ကြသော ကြည့်ရှုသူတို့သည် ဗိုလ်ကျားအနီးသို့ ဝိုင်းအုံ၍ လာကြပြီးလျှင် ဝိုင်း၍ ချည်နှောင်ကြလေ၏။ နောက် ငါးမိနစ်လောက် ကြာသောအခါ ဗိုလ်ကျားသည် မြေပေါ်တွင် အတုံးသားလဲ၍ ကျန်ရစ်လေ၏။

ဓားပြဗိုလ်ကြီးနှင့် ယောက်ျားပျိုသည် ကြည့်ရှုသူ ပရိသတ်ယောင်ဆောင်သော ဓားပြများနှင့် ထွက်ပြေးကြလေရာ မင်းကြီးအိမ်တွင် တိတ်ဆိတ်၍ ကျန်ရစ်လေ၏။

ဗိုလ်ဝင်းနှင့် မင်းကြီးသည်လည်း ဆိပ်ကမ်း၌ တစ်စုံတစ်ရာကိုမျှ မတွေ့ရသောကြောင့် တစ်ကြောင်း၊ အိမ်တော်ဘက်မှ သေနတ်သံကို ကြားရသောကြောင့်တစ်ကြောင်း သင်္ကာမကင်းဖြစ်ကာ နောက်ပါလူစုများနှင့် အဆောတလျင် တုံ့ပြန်၍ လာကြလေရာ အိမ်သို့ရောက်သောအခါ ဗိုလ်ကျား လဲနေသည်ကို တွေ့ရလျက် တစ်ဖန်ပြန်၍ လိုက်လံကြလေရာ ဓားပြများမှာ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ လမ်းခွဲ၍ သွားကြလေသောကြောင့် မှောင်ထဲတွင် ပျောက်ကွယ်သွားကြလေ၏။

ဗိုလ်ဝင်းနှင့် မင်းကြီးသည်လည်း လက်မှိုင်ကျကာ အဘယ်ကို လိုက်ရမှန်းမသိဘဲ နေကြလေ၏။ မြစ်ဆိပ်ကို သွားရောက်ကြည့်ရှုကြပြန်သော်လည်း တစ်စုံတစ်ရာကိုမျှ မတွေ့ကြရချေ။

အကြောင်းမူကား ဓားပြတို့သည် ကုန်းလမ်းဖြင့် ပြန်သွားလေ၏။ ဗိုလ်ဝင်းနှင့်တကွ မင်းကြီးသည် မိမိတို့၏ လူစုများနှင့် များစွာ ထိတ်လန့်ကြလျက် "မယ်ယက္ခ" ဆိုတာ ယောက်ျားလား၊ မိန်းမလား။ ထိုယောက်ျားပျိုသည် မယ်ယက္ခပင် ဖြစ်လေသလားဟု တွေးတောကာ နေကြလေ၏။

ဗိုလ်ဝင်းသည် မိမိလူစုကို ပေါင်းပြီးလျှင် မြင်းများနှင့် ကုန်းလမ်းက လိုက်လံရှာဖွေကြလေရာ တစ်စုံတစ်ရာကိုမျှ မတွေ့ကြရသောကြောင့် စိတ်ပျက်ပျက်နှင့် မိုးလင်းအားကြီး အချိန်တွင် ပြန်၍လာကြလေ၏။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

မောင်ဘဝင်းသည် မိမိ၏ ကြီးသောအလုပ်တစ်ခု ပျက်ကွက်ခြင်းကြောင့် များစွာ စိတ်လက် မချမ်းမသာ ဖြစ်၍နေလေ၏။

သို့သော်လည်း ဓားပြခေါင်းဆောင်ကြီးကို မိမိ တိုက်ခိုက်ဖမ်းဆီးစဉ်က အရှင်လတ်လတ်မိခြင်း၊ မိပြီးသည့်နောက် ရန်ကုန်မြို့သို့ အရောက်ဆောင်ယူလာနိုင်ခြင်း၊ ဆောင်ယူပြီးနောက် မင်းကြီး၏အိမ်တော်သို့ အရောက်ပို့နိုင်ခြင်း ဤအချင်းအရာတို့ကို ပြန်လှန် တွေးတောလိုက်သောအခါ မိမိစွမ်းရည်သတ္တိ မဖျင်းမညံ့ကြောင်း ထင်ရှား၍နေသဖြင့် အနည်းငယ် စိတ်လက် ဖျော်ဖြေရာရလေ၏။

ဓားပြခေါင်းဆောင်ကြီး လွတ်၍သွားခြင်းသည်ကား မိမိတစ်ဦးတည်း၏ အပြစ်မဟုတ်ချေ၊ သို့ဖြစ်၍ ဘယ်သောအခါ ပြန်၍မိအောင်ဖမ်းဆီးရမည်ကို ကြံစည်ကာ နေလေ၏။

သို့ပင် ကြံစည်ငြားသော်လည်း မနန်းနွယ်ဆိုသူ မိန်းမပျိုကလေး၏ မျက်နှာကို တရေးရေးမြင်၍ နေရသောကြောင့် စိတ်လက်ပူပင်၏။ ဓားပြခေါင်းဆောင် လွတ်သွားသည့်အကြောင်းကို မနန်းနွယ်ကြားလျှင် အဘယ်မျှ ရှက်စရာကောင်းမည်နည်းဟု မနန်းနွယ် ကိုင်လာသော သပြေပန်းကလေးများနှင့် ချိုသာအေးမြ ကြည်လင်လှသော စကားသံကလေးများကို ပြန်၍တွေးမိသောအခါ အသည်းနှလုံး အေးခနဲ၊ စိမ့်ခနဲ လေပြည်တွင် ဒန်းဆင်၍ အလွှဲခံရသလို ဖြစ်၍သွား၏။



မောင်ဘဝင်းသည် ဓားပြကြီးကိုလည်းကောင်း၊ မယ်ယက္ခကိုလည်းကောင်း အမိဖမ်းတော့မည်ဟု စိတ်ကိုတင်းလျက် အချက်ကျသူလျှိုများလွှတ်ကာ ဗီဇနာနှင့် ခရာကိုလင့် ချိန်အခါသင့်မည်ကို စောင့်ဆိုင်း၍ နေဟန်ရှိလေ၏။

အကြောင်းမူကား ထင်ပေါ်ကျော်စောစ ပြု၍လာသော ဗိုလ်ဝင်းကို ရန်ကုန်မြို့၌ နေ့စဉ်လိုပင် ရက်ပေါင်း အတော်ကြာစွာ မြင်ကြရလေ၏။ တစ်ရံတစ်ခါ သေးငယ်သောမျက်နှာနှင့် လူပြတ်သောနေရာများတွင် တစ်ကိုယ်တည်းရပ်ကာ ငေးမော၍နေသည်ကို မြင်ရလျက် ဟော ... ဟော ဗိုလ်ဝင်း ဘာကိုကြံသလဲ၊ ဘာကို တွေးနေသလဲဟု မြင်ရသူတို့သည် တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ ပြောကြ၏။

တစ်ရံတစ်ခါ သစ်ပင်ရိပ်တစ်ရိပ်တွင် တစ်ကိုယ်တည်းထိုင်ကာ မြေကြီးကို တုတ်နှင့်ခြစ်နေသည်ကို တွေ့မြင်ကြရသော ကလေးသူငယ်တို့သည် ဗိုလ်ဝင်းကို အတန်ကြာကလေး ရပ်၍ကြည့်ကြပြီးလျှင် ကဆုန်ပေါက်ကာ အိမ်ကိုပြေးကြလျက် အလွန်ထူးဆန်းသော အကောင်ကြီးတစ်ကောင်ကို တောထဲမှတွေ့၍ လာသည့်ပမာ စိတ်အားထက်သန်စွာ –

"ဗိုလ်ဝင်းကြီး၊ ဘာလုပ်နေသလဲ မသိဘူး။ ဗိုလ်ဝင်းကြီး။ ဟောဟိုမှာ ထိုင်နေတယ်။ လာကြည့်ကြပါလား"

စသည်ဖြင့် အားရဝမ်းသာ ပြောပြလေ၏။ အကြောင်းမူကား ဗိုလ်ဝင်းသည် များစွာ နာမည်ကြီး၍နေလေ၏။ ဗိုလ်ဝင်းသည်ကား အဘယ်သို့သောအရာများကို စဉ်းစား၍နေသည်ဟု မည်သူမျှ ကောင်းစွာမသိရချေ။ နာမည်ကြီးသူဖြစ်သောကြောင့် ကြီးကျယ်သော အကြောင်းအရာတို့ကိုသာလျှင် တွေးတော၍ နေလိမ့်မည်ဟု တွေ့မြင်သူတို့က ထင်ကြပေလိမ့်မည်။

သို့သော် ဗိုလ်ဝင်းသည် ကြီးကျယ်သော အမှုများကို စွမ်းဆောင်နိုင်ကာမှ အခါခပ်သိမ်း ကြီးကျယ်သော အရာတို့ကိုသာလျှင် တွေးတော၍ နေနိုင်မည်လောဟု ဆင်ခြင်စဉ်းစားဖွယ် ရှိပေ၏။ အကြောင်းမူကား ထူးခြားသော ယောက်ျားပျိုသည် လူပျိုလူရွယ်မျှသာ ဖြစ်သောကြောင့် ကြီးကျယ်သောအရာတို့မှတစ်ပါး အခြားတွေးတောရန် များစွာအကြောင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ရှိပေသေး၏။

သေးနုပ်သိမ်ဖျင်း၊ ထင်ရှားခြင်းမရှိသော ရှေ့နေတစ်ယောက်၏ သား အီတာလျံလူမျိုး (Corsica) "ကော်စီကာ" ကျွန်းသား နပိုလီယန်ဘိုနာပတ်သည် (Victor Hugo) "ဗစ်တာဟူးဂိုး" ခေါ်သော စာရေးဆရာကြီး တစ်ယောက် ပြောသည့်အရဆိုလျှင် (Who absurdly won impossible battles) အောင်နိုင်ဖွယ်ရာမရှိသော စစ်ပွဲတို့ကို မရေမရာ အောင်မြင်၍ လာသူဖြစ်သော်လည်း အခါခပ်သိမ်း စစ်အောင်မြင်ဖို့ရာကိုသာလျှင် တွေးတော၍ နေမည်မဟုတ်ချေ။

အကယ်၍ ထိုကဲ့သို့သာ တွေးတော၍နေပါလျှင် ဘီလူးသဘက် ထက် ပိုမို၍ဆိုးသွမ်းသူ ဖြစ်ဖွယ်ရာရှိ၏။

(Socrates) "ဆိုကရေးတီး" ဆိုသူ ပညာရှိကြီးသည် လမ်းမကို လျှောက်ကာ တပည့်များအား ပြောဟောဆုံးမ၍ အချိန်ကိုကုန်စေသဖြင့် အိမ်သူဇနီးဖြစ်သူ၏ ပြောဆိုကဲ့ရဲ့ ဆူပူခြင်းကို မကြာခဏ ခံရရှာသော်လည်း အခါခပ်သိမ်း ကမ္ဘာလောကကြီးနှင့် သတ္တဝါတို့၏ အကြောင်းကိုသာလျှင် စဉ်းစား၍နေနိုင်မည် မဟုတ်ချေ။

ထိုကဲ့သို့သာ အမြဲစဉ်းစား၍ နေခဲ့ပါလျှင် ရူးသွပ်သော ဝေဒနာ စွဲကပ်၍ သေဖွယ်ရာသာ ရှိလေ၏။ ရေမြေသနင်း ဘုရင်မင်းမြတ်တို့ သည် ညဉ့်သုံးယံတွင် တစ်ယံသာ စက်ပျော်ရသည် ဆိုသော်လည်း အခါ ခပ်သိမ်း ပြည်သူဆင်းရဲသားတို့၏ အကြောင်းကိုသာ တွေးတော၍ နေ မည် မဟုတ်ချေ။

ထိုကဲ့သို့ တွေးတော၍သာ နေနိုင်ပါလျှင် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ရန်သူရင်သွေးတို့ကို ဤမျှလောက် များစွာ မွေးဖွားနိုင်ရန် မရှိချေ။

လူသတ္တဝါတို့သည် အဘယ်မျှပင် ကြီးကျယ်မြင့်မြတ်စေကာမူ ၎င်းတို့၏စိတ်သည် လူသတ္တဝါတို့၏ စိတ်မျှသာ ဖြစ်သောကြောင့် ရုပ် ထွေးရောပြွမ်း ပရမ်းပတာများသော စိတ်မျှသာ ဖြစ်လေရကား လူတို့ သည် အပြင်အပကိုသာ မြင်နိုင်သဖြင့် အတွင်းစိတ်၏ ပွေလိမ်ရှုပ်ထွေးပုံ



ကို မမြင်ရချေ။

တိမ်သောရေ၌ အမှိုက်သရိုက်တို့ကို မြင်လွယ်၊ တွေ့လွယ်၊ စမ်းမိလွယ်၏။ နက်သောရေ၌ ထိုကဲ့သို့ မြင်ရန်၊ တွေ့ရန်၊ စမ်းမိရန် ခက်ခဲသော်လည်း အမှိုက်သရိုက် အညစ်အကြေး မရှိဟူ၍ မဆိုနိုင်ချေ။

လေသည် ရေထက် ကြည်လင်သော ဓာတ်ဖြစ်၏။ သို့သော်လည်း လေဓာတ်၌ပါသော အညစ်အကြေးတို့ကြောင့် ဥပဒ်အန္တရာယ်တို့ကို လူသတ္တဝါတို့သည် များစွာ ခံစားကြရလေသည်။

ချစ်ခြင်း သဘောတရား၊ ရာဂတည်းဟူသော အဆိပ်ဓာတ်သည် ကား ဈာန်ရသော ရသေ့တို့၏ ကြည်လင်ငြိမ်သက်သော စိတ်ကို ရုတ် တရက် နောက်ကျုခြင်းသို့ ရောက်စေနိုင်လေ၏။ ဗိုလ်ဝင်းကဲ့သို့သော သူငယ်ကလေးမှာမူ အဘယ်မှာ ပြောဖွယ်ရာ ရှိပါအံ့နည်း။

ဗိုလ်ဝင်း၏စိတ်၌ မနန်းနွယ်ကိုရရန် အရေးသည် ဗိုလ်ကျော်နှင့် မယ်ယက္ခကို ရရန်အရေးထက် ပိုမိုသေးငယ်မည်ဟု မည်သူ ပြောဆိုနိုင်ပါ မည်နည်း။

ထို့မှုမက ဗိုလ်ဝင်း၏ စိတ်နှလုံးတံခါးကို အမြဲမပြတ် တီးခေါက် ကာ "မမေ့ပါနှင့်၊ မမေ့ပါနှင့်။ နှမရှိပါသေးတယ်။ နှမကို မေ့ပြီလား။ ငယ်ငယ်ကလေးက အတူတူနေပြီးမှ ကွဲကွာ၍ သွားရသူဖြစ်ပါတယ်၊ နှမ ဘယ်မှာနေသည်ကိုမျှ မောင်မတွေးမတော၊ မောင့်စိတ်သည် လေပွေ ပမာ လွင့်ပါးခြင်း များလှပါသည်တကား" ဟု မကြာခဏ လာရောက်သတိ ပေး နှိုးဆော်၍နေသော အသံတစ်ခုသည် အမြဲနှောင့်ယှက်လျက်ရှိ၏။

ထိုတီးသံ၊ ခေါက်သံ၊ ဆူသံ၊ ပူသံသည်ကား ညွှန့်ညွှန့်၏ အသံ ဖြစ်လေ၏။ ဗိုလ်ဝင်းသည် ထိုအသံကို လျစ်လျူရှုနိုင်ပါမည်လော။

သို့ဖြစ်သောကြောင့် ဗိုလ်ဝင်းမှာ ဓားပြကိုဖမ်းဖို့အရေး၊ မိခင် အတွက် ကလဲ့စားချေဖို့အရေး၊ နှမငယ်ကလေး ညွှန့်ညွှန့်ကို ပြန်၍ တွေ့အောင်ရှာဖို့အရေး၊ မနန်းနွယ်ဆိုသူကလေး၏ မျက်နှာကလေး တရေးရေး မြင်နေသောကြောင့် ဗိုလ်ဝင်း၏ စိတ်ထဲတွင် မုန်တိုင်းလေ ဆင်၍ နေသကဲ့သို့ ဖြစ်လေ၏။ စိတ်ထဲ၌ ဝေ့တိုက်သော မုန်တိုင်းလေ

www.burmeseclassic.com

www.burmeseclassic.com



တို့မည်သည် စိတ်၌ လှုပ်ရှားခြင်းဖြစ်သလို၊ ကိုယ်ခန္ဓာ လှုပ်ရှားစေတတ်သည်မဟုတ်။ အနုကြမ်းစီးခြင်းကို ခံရသော အိမ်ငယ်ပမာ ကိုယ်ခန္ဓာသည် ဆိတ်ငြိမ်စွာ ခံ၍နေလေ၏။

မနန်းနွယ်၏မျက်နှာကို တွေးတောကာ မအေးရှာသည့်အထဲတွင် နှမသယ်ကလေးညွန့်ညွန့်၏မျက်နှာကို သွား၍မြင်လိုက်သောအခါ လွန်စွာမချိမဆံ့ဖြစ်လျက် မနန်းနွယ်ကလေးသည် အဘယ်မျှပင် လှစေကာမူ ညွန့်ညွန့်ကို မီပါမလား။ ငါသည် ညွန့်ညွန့်ကို မမေ့နိုင်ပါတကား။ မနန်းနွယ်ကို တွေ့လိုက်ပြန်သောအခါ ဖိုဟိုက်၍ မောပန်း၏။ ညွန့်ညွန့်ကို တွေးလိုက်သောအခါ အသည်းလှိုက်၍ လွမ်းလှ၏။

"ညွန့်ညွန့် ... ညွန့်ညွန့် ... ဤဘဝမှာ မောင်သည် နှမကို ပြန်၍တွေ့နိုင်ပါဦးမည်လား။ နှမ အဘယ်မှာနေသည်ကိုမျှ မောင်အား သတင်းကလေးကို မကြား၊ နေနိုင်အားပါပေရဲ့ ညွန့်ညွန့်ရဲ့။ မောင်နဲ့အတူ ဆူးလေစေတီတော်မြတ်ကို နောက်ဆုံးဖူးရစဉ်က နှမသွားတော့မည့်အကြောင်းကို မောင့်အား အရိပ်အမြွက်ကလေးကိုမျှ မပြောပြရက်လေခြင်း ..."

ဟု ညည်းညူပြီးနောက် ထိုအမှတ်တရဖြစ်သော ညနေစောင်းအချိန်၏ ရုပ်ပုံကားသည် မိမိ၏စိတ်၌ ဝင်းဝင်းထိန်ထိန်၊ သစ်သစ်လွင်လွင်ကြည်လင်စွာ ပေါ်ပေါက်၍လာပြီးလျှင် ... တစ်ကိုယ်တည်း တစ်ခါတစ်ခါတွေးတောမိသည်မှာ –

"ညွန့်ညွန့်သည် ရေကို ကြည့်၍နေ၏။ ငါသည် ရေကို ခဲနှင့်ပေါက်၏။ ရေပန်းများသည် နေရောင်တွင် နဝရတ်ကိုးပါးပမာ ဝင်းထိန်စွာ ခုန်ပျံ၍လာ၏။ ထိုအခါ ညွန့်ညွန့်က နှုတ်ခမ်းကလေးစူကာ သူ့ကိုတမင်နှောင့်ယှက်ရမလားဟု ငါ့ကို အပြစ်တင်၏။ ညွန့်ညွန့်သည် ဟိုသစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်တို့၏ အောက်၌ထိုင်ကာ ငေးမောတွေးတောကာ နေလေ၏။ ငါသည် အပါးသို့ သွား၍ထိုင်ကာ သူ့လက်ကလေးများကို ကိုင်သောအခါ ငြိမ်၍နေရှာ၏။ ထို့နောက် ညွန့်ညွန့်သည် ယဉ်ကျေးသော သမင်မကလေးပမာ ဖြူစင်သော ခြေထောက်ကလေးများနှင့် ပေါ့ပေါ့ ရေအိုင်နံဘေးမှလှည့်ကာ ခုန်းစိုင်း၍ပြေး၏။ ငါသည် ညွန့်ညွန့်



၏ လက်ကိုကိုင်ကာ အတူတကွ ပြေး၍လိုက်လာ၏။ ညွန့်ညွန့် ချောင်းမြောင်းသော လှုကိုမြင်၍ ထိတ်လန့်ကာ ငါ့အား တွယ်ကပ်သောအခါ ငါသည် ညွန့်ညွန့်ကို အဘယ်ကြောင့် ပွေ့ပိုက်ကာ မထားပါသနည်း။ ညွန့်ညွန့် ... ညွန့်ညွန့် ... မင်းသွားရင် ကမ္ဘာအစွန်းသို့တိုင်အောင် ငါလိုက်၍ ရှာမည်ဟု ငါသည် ကတိထား၏။ ညွန့်ညွန့် မင်း ဘယ်မှာနေသလဲ။ ညွန့်ညွန့် မင်း မောင်သည် မမေ့နိုင်ပါကလား"

စသည်ဖြင့် ပြန်လှန်တွေးတောကာ ရင်ထဲတွင် တဖိုဖိုနှင့် မျက်ရည်များသည် ပြိုင်ဆင်းကျလာလေ၏။

ဗိုလ်ဝင်းသည် ထိုကဲ့သို့ အလီလီတွေးတောရင်း တစ်နေ့သ၌ ညနေချမ်းအချိန် ညွန့်ညွန့်ကို သတိရသော စိတ်အနှောင့်အယှက်ကြောင့် ကယောက်ကယက်ဖြစ်ကာ ဖြေဆည်၍မရသဖြင့် အလွမ်းကလေးမှ ပြေစေတော့ဟု အောက်မေ့ကာ ဆူးလေစေတီတော်အနီးသို့ တစ်ကိုယ်တည်း လှည့်လည်လျှောက်သွားလေ၏။

ယင်းသို့ လှည့်လည်လျှောက်သွားလေရာ စေတီတော်အနီးသို့ ရောက်သောအခါ အထက်ဖော်ပြခဲ့သော သရက်တောအုပ်ဘက်သို့ လှမ်း၍မျှော်ကာ ညွန့်ညွန့်နှင့်အတူ ရောက်ဖူးသောနေရာကို ကြည့်မိလေ၏။

ယင်းသို့ ကြည့်လိုက်ရာတွင် လွန်စွာထူးဆန်းလျက် ကြီးစွာသော မိန်းမောတွေဝေခြင်းကို ဖြစ်စေသည့် ပုံသဏ္ဌာန်တစ်ခုကို မြင်ရသဖြင့် အံ့အားသင့်ကာ ရုပ်တန့်လျက် အသက်ကိုမျှ မရှူနိုင်အောင် ကြောင်တောင်တောင်ကြီးဖြစ်ကာ မိမိမြင်ရသော ပုံသဏ္ဌာန်သည် အစစ်အမှန် ဖြစ်လေသလား၊ သို့တည်းမဟုတ် မိမိ၏ မငြိမ်သက်သောစိတ်က တမင်လုပ်ကြံ၍ မိမိကိုပြသော သဏ္ဌာန်ဖြစ်လေသလား၊ သို့တည်းမဟုတ် ပြောင်လှောင်လှည့်ဖြား မိမိ၏စိတ်ကို တိုး၍ချောက်ချားအောင် နတ်ပြောင်နတ်လှောင်တို့ အယောင်ဆောင်ကာ ပြလေသလား စသည်ဖြင့် အမျိုးမျိုး တွေးတောကာ နေလေ၏။

မြင်ရသော ပုံသဏ္ဌာန်မှာ ရွှေအဆင်းပမာ ဝင်းဝါသော ညနေချမ်းနေရောင်ခြည်တွင် ဆံပင်ကိုဖြန့်ကာ အနောက်ဘက်ကို မျှော်၍နေသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုတစ်ယောက်၏ သဏ္ဌာန်ဖြစ်လေ၏။ ထိုမိန်းမပျိုသည် မိမိမြင်ဖူးစဉ်ကထက် ပို၍လှပသည်ဟု ထင်ရ၏။

ရပ်သောနေရာသည်ကား သရက်တောအုပ်၏ အနောက်ဘက်အစွန်းအစပ်ဖြစ်သဖြင့် စိမ်းစိုသော အရိပ်အယောင်နှင့် နေရောင်သည် ရောစပ်ကာ ထိုမိန်းမပျို၏ မျက်နှာကို ထူးသောကျက်သရေဖြင့် ဆင်သလျက် အခြားသော သာမန်မိန်းမတို့နှင့်မတူ၊ တစ်မူထူးခြား လူသားစင်စစ်မှဟုတ်ပါ့မလားဟု တွေးတောဖွယ်ရာ ဖြစ်လေ၏။

ထိုမိန်းမပျိုသည် ဇလာထဘီနှင့် ဖြူစင်သောအကျႌကို ဝတ်ဆင်လျက် သနပ်ခါးမရှိ၊ ပကတိရွှေဝါအသားဖြင့် ဝင်းထိန်သောမျက်နှာကို ခပ်မော့မော့ကလေးထားကာ ကောင်းကင်၌ရှိသော တိမ်တို့ကို မျှော်ရှုကာနေသကဲ့သို့ မှတ်ထင်ရလေ၏။ ၎င်း၏ လက်ယာဘက်လက်အနီးရှိ သစ်ကိုင်းတစ်ခုကို ဆွဲကိုင်၍ထား၏၊ လက်ဝဲဘက်မှာ ဦးခေါင်း၏နောက်သို့ပစ်ကာ နောက်စေ့ကိုကိုင်၍ အမျှော်စိုက်သော လက္ခဏာနှင့် မောက်မို့သော ရင်ကလေးမှာ ကော့ကော့ကလေး မလှုပ်မရှားထုလုပ်ထားသော အရုပ်ပမာ ငြိမ်သက်စွာ နေလေ၏။

အောက်နား၌ ဟ၍နေသော ထဘီစသည်ကား မြောက်ဘက်က တိုက်လာသောလေတွင် တဖတ်ဖတ်ရိုက်ခတ်ကာ ဖြူဝင်းစင်ကြယ်၊ ဖြောင့်စင်းသွယ်ချောသော ခြေသလုံးတစ်ဖက်ကို မကြာခဏ ဝင်းခနဲ၊ ဝင်းခနဲ ပေါ်ထွက်စေ၏။ တစ်ကိုယ်လုံး အနေအထား သဏ္ဌာန်လက္ခဏာမှာ လွန်စွာ လက်ရာမြောက်သောပန်းပုဆရာသည် အရုပ်ကိုထုပြီးလျှင် တွေ့မြင်သူတို့ မိန်းမောလောက်အောင် တမင်လာရောက်၍ ရပ်ဆောင်ရပ်တည်ထားသည်နှင့် တူလေ၏။

ထိုမိန်းမပျိုသည် မည်သည့်ဘက်ကိုမှ စောင်းငဲ့ကာမကြည့်၊ ပကတိယဉ်ကျေးသော ငါးရံ့ကိုယ် မနိမ့်မမြင့်ကလေးမှာ မြင်သူတို့ မောလောက်အောင် ထူးချွန်၍လှပနေလေ၏။ ထိုမိန်းမပျိုသည်ကား ... မနန်းနွယ်ဖြစ်လေ၏။

မောင်ဘဝင်းသည် အတန်ကလေးကြာစွာ တွေဝေမိန်းမော၍ ခန



ပြီးမှ သတိရ၍လာပြီး ညွှန့်ညွှန့်ကို လုံးလုံးကြီးမေ့ကာ နီးသည်ထက်နီးအောင် ခြေသံမကြားစေဘဲ မိန်းမပျိုရှိရာသို့ တူရူလျှောက်လာလေ၏။

ထိုမိန်းမပျိုသည် တကယ်ပင် မနန်းနွယ် ဖြစ်လေသလား။ အဘယ်သို့သောအရာကို တွေးတော၍ နေပါသနည်း။ ငါ့ကိုမြင်လျှင် တောသမင်မလေးပမာ ထိတ်လန့်၍ ပြေးရှာလေမလား။ ဤရုပါရုံတည်းဟူသောအရာသာသည် ရှုစား၍ ကောင်းလှပါ၏တကား။ အပါးသို့ ရုတ်တရက်ကပ်လျှင် လန့်ဖျပ်၍ ပြေးပေလိမ့်မည်။ တော်ရာက ချောင်းမြောင်းပြီး ကြည့်လေမှ တော်လေမည်ဟု တွေးတောကာ တောအုပ်အရှေ့ဘက်သို့ ကွေ့ကာ တစ်ခုသော သစ်ပင်အောက်မှ ခေါင်းငဲ့လျက် ကြည့်၍နေလေ၏။

ဤကဲ့သို့ ကြည့်၍နေသည့်အတွင်း မနန်းနွယ်သည် မောင်ဘဝင်း၏ ထက်သန်သော စိတ်ဓာတ်ဖြင့် မနောမှာ ထိခိုက်ခြင်းကို ခံရသောကြောင့်ပေလား၊ သို့တည်းမဟုတ် တစ်စုံတစ်ရာ ကြောင့်ကြမကင်း ဖြစ်သောကြောင့်ပေလားဟု မသိရချေ။ နောက်သို့ ဖြည်းဖြည်းကလေး လှည့်၍ကြည့်လေရာ တိတ်တဆိတ် ချောင်းမြောင်း၍ ကြည့်နေသူ မောင်ဘဝင်းမျက်နှာကို တိုက်ရိုက်ကြီး မြင်မိလေ၏။

ထိုကဲ့သို့ မြင်လိုက်သောအခါ မောင်ဘဝင်းမှာ ထိတ်ခနဲဖြစ်၍ ရှေ့တိုးရမလို၊ နောက်ဆုတ်ရမလို ဖြစ်သွားပြီးမှ ဟယ် ... ဘယ်လိုပဲဖြစ်ဖြစ် လက်ငင်းချက်ချင်းတွေ့ကာ နှုတ်ခွန်းဆက်ကလေးမှ ဆက်ရစေတော့ဟု အောက်မေ့ကာ မနန်းနွယ်ရှိရာသို့ စိုက်စိုက်ပါအောင် တိုး၍သွားလေ၏။

မနန်းနွယ်သည်ကား မောင်ဘဝင်းကို မြင်သောအခါ မျက်နှာမှာ ဝင်းခနဲ၊ မျက်လုံးများမှာ လက်ခနဲဖြစ်ပြီး သစ်ကိုင်းကို ကိုင်ထားသော လက်သည် လွှတ်၍သွားပြီးလျှင် မောင်ဘဝင်းကို အံ့အားသင့်သော အမူအရာနှင့် ငေးစိုက်ကာ စက္ကန့်အနည်းငယ်မျှ ကြည့်၍နေလေ၏။

ထို့နောက် ချာခနဲ လှည့်သွားပြီးလျှင် စေတီတော်မြတ်ရှိရာသို့ လျင်မြန်စွာ ထွက်သွားလေ၏။

မောင်ဘဝင်းသည်ကား နောက်က မီအောင် ကြိုးစား၍လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



ရာ မနန်းနွယ်သည် နောက်သို့ ပြန်လှည့်မကြည့်ဘဲ ရှေ့သို့သာ အစဉ်တစိုက် ခပ်သုတ်သုတ်သွားလေ၏။ မကြာမီ စေတီတော်ပေါ်သို့ တက်သွားလေ၏။ မောင်ဘဝင်းသည်လည်း စေတီတော်ပေါ်သို့ တက်၍လိုက်သွားလေရာ အနောက်ဘက်သို့ မနန်းနွယ် ဆင်းသွားသည်ကို မြင်လိုက်ရသဖြင့် မိမိလည်း ဆင်း၍ လိုက်သွားမည်အပြုတွင် မနန်းနွယ်သည် မိမိနှင့် အတော်ကွာလှမ်း၍ သွားလေ၏။ မောင်ဘဝင်းသည်လည်း စေတီပေါ်မှ ဆင်း၍ လိုက်လေ၏။

ထိုအတွင်းတွင် တစ်ခုသော သစ်ပင်အောက်၌ ထိုင်၍နေသော အသက် ၆၀ ခန့်ရှိ အဘိုးကြီးတစ်ယောက်သည် ကုပ်ကုပ်နှင့်ထ၍ လာပြီးလျှင် မနန်းနွယ်ကို စောင့်၍နေသူအလား၊ အားရဝမ်းသာ ခရီးဦးကြိုကာ မနန်းနွယ် အပါးသို့ စကားတစ်လုံးနှစ်လုံး ကပ်၍ပြောပြီး မနန်းနွယ်နှင့်အတူ အနောက်ဘက်သို့ တွဲ၍လျှောက်သွားလေ၏။

ထိုအခါ မောင်ဘဝင်းသည် တစ်ဖန် အံ့အားသင့်လျက် ရှေ့သို့ တိုး၍လိုက်ရလျှင် တော်မည်၊ မတော်မည်ကို ရပ်၍စဉ်းစားနေပြီးမှ ဆက်လက်၍ လိုက်သွားလေ၏။ မနန်းနွယ်နှင့် အဘိုးကြီးသည်ကား လမ်းကွေ့လမ်းကောက်တို့နှင့် သစ်ပင်များ၊ တောအုပ်များ၊ ချုံများစပ်ကြားတွင် ပျောက်ချည်ပေါ်ချည် သွားနေလေရာ အတန်ကလေးကြာလျှင် မျက်ခြည်ပြတ်၍ သွားလေတော့၏။

ထိုအခါ မောင်ဘဝင်းသည် ကြံရာမရဖြစ်လျက် အဘယ်သို့သော အကြောင်းခြင်းရာပေနည်း။ ဤအဘိုးကြီးသည် မနန်းနွယ်၏ ဖခင်ပေလား၊ အဘိုးဖြစ်လေသလား။ အဘယ်သို့ တော်စပ်ပါသနည်း၊ ၎င်းတို့သည် ဤနေရာသို့ အဘယ်နည်း၊ အဘယ်ပုံ ရောက်၍ လာကြပါသနည်း စသည်ဖြင့် သို့လောသို့လောဖြစ်ကာ အတန်ကလေးကြာစွာ တွေးတောလျက် ငေးကာ ရပ်တန့်ကာနေပြီးမှ လက်သီးလက်ရုံးတန်းကာ "ငါ သင်းတို့ကို မတွေ့တွေ့အောင်ရှာမည်" ဟူ၍ စိတ်ကိုတင်းကာ နောက်သို့ လှည့်ပြန်လာလေ၏။

မောင်ဘဝင်းသည် မနေ့က မိမိ တွေ့ကြုံရခြင်းကို ပြန်လှန်တွေး



တောကာ "ငါမြင်ရသော မနန်းနွယ်သည် အဘယ်သို့သော မိန်းမပေနည်း။ ငါမြင်ရသည်မှာ အမှန်စင်စစ် ဖြစ်လေသလား။ ငါ၏စိတ်၌ များပြားစွာ တွေးတောမိခြင်းကြောင့် ထင်ရမြင်ရသော သဏ္ဌာန်ပေလား။ ငါမြင်ရသည်မှာ အကယ်စင်စစ်မှန်လျှင် အလွန်တရာမှ ထူးဆန်းသော မြင်ရခြင်းသာ ဖြစ်ပေလိမ့်မည်ဟု တွေးတောကာ နံနက်ရှစ်နာရီခန့်အချိန်တွင် ပြုထွက်စဖြစ်သော ဆောင်းနေနွေးနွေးကလေးကိုခံကာ မနန်းနွယ်ကို မြင်ရသောနေရာသို့ တစ်ကိုယ်တည်း လျှောက်သွားလေ၏။

မနန်းနွယ် ရပ်သောနေရာသို့ ရောက်သောအခါ ဤနေရာသည် မနန်းနွယ် ရပ်သောနေရာပဲဟု အောက်မေ့ကာရပ်၍ ဆူးလေစေတီတော်မြတ်ကြီးကို မျှော်ရှုကာ နေလေ၏။

အတန်ကလေး ကြာသောအခါ မိမိကိုင်၍ထားသော သစ်ကိုင်းကို မှီပြီး မြေပေါ်သို့ ငုံ့၍ကြည့်လိုက်သောအခါ အတိုင်းမသိ ဝမ်းမြောက်ခြင်းကို ဖြစ်စေသည့် အရာဝတ္ထုတစ်ခုကို တွေ့မြင်ရလေ၏။ ထိုအရာသည်ကား အခြားမဟုတ်၊ အလွန်တရာ သန့်ရှင်းစင်ကြယ်သော ပဝါဖြူကလေး ဖြစ်လေသည်။

ထိုပဝါဖြူကလေးသည် မြေပေါ်၌ဝပ်ကာ နှင်းပြောက်များနှင့် စွတ်စိုသော လက္ခဏာရှိသောကြောင့်လည်း မြေပေါ်၌ ပြားကပ်၍မနေ၊ ပုံလျက်နေသောကြောင့် မြောက်လေပြည် တိုက်ခတ်ကစားခြင်းဖြင့် အသက်ဝင်သကဲ့သို့ တလှုပ်လှုပ် ဖြစ်နေလေ၏။

၎င်းပဝါဖြူကလေးကို မောင်ဘဝင်းသည် ကပျာကယာ ဝမ်းမြောက်ဝမ်းသာနှင့် ကောက်၍ယူပြီး ချစ်ခြင်း၏ စိတ်အဟုန်ကြောင့် အလိုလို နှာဝသို့ ကပ်လိုက်မိလေရာ အလွန်တရာ မွှေးကြိုင်သော သနပ်ခါးနံ့၊ ပန်းနံ့၊ နံ့သာအထုံနံ့တို့ကို ခံစားရလျက် ထိုအနံ့တို့သည် ဟဒယဝတ္ထုရုပ်သို့ သက်ဆင်းဝင်ရောက်၍ ရင်ဝတွင် မိုလှိုက်ပြီးလျှင် ထိုပဝါကလေးကို ဆုပ်ကိုင်ကာ ရင်ဝသို့ ကပ်ထားမိလေ၏။

ထို့နောက် ပဝါဖြူကလေးကို မကြာခဏ နမ်းကာရှုပ်ကာ ၎င်းပဝါဖြူကလေးနှင့် မျက်နှာကိုလွှမ်းအုပ်ကာ ရင်ဝသို့ မကြာခဏ ကပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



နေလျက် "ဒီပဝါဟာ သူ့ပဝါပါပဲ။ ငါ့အတွက် တမင်သက်သက် ပစ်ချ၍ ထားခဲ့သော ပဝါပေလား၊ ထိုပုဝါ၌ စွဲကပ်လျက်ရှိသော အနံ့အသက်တို့သည် ငါ၏စိတ်ကို ဖမ်းစားရန် တမင်ကြံဆောင် ဆွတ်ဖျန်း၍ထားသော အထုံအနံ့များပေလား"

သို့သော် "မနန်းနွယ် ငါ့အား ဤကဲ့သို့ ဆေးဝါးပယောဂဖြင့် ကြံစည်ရန်မလို၊ ငါမြင်သည့်နေ့ကပင် မနန်းနွယ်၏ ပုံသဏ္ဌာန်သည် အဖိုးမဖြတ်နိုင်သော ရတနာကျောက်မျက်ရုပ်မှာ ငါ၏နှလုံးအတွင်းသားတည်းဟူသော ခိုင်လုံစွဲမြဲသည့် ရတနာကြုတ်ထဲတွင် အမှန်ကိန်းအောင်း၍ နေ၏"

"ငါ၌ ဤမျှလောက် ရမ္မက်ဖမ်းစား ထက်သန်စွဲလမ်းသော အချစ်အားသည် မနန်းနွယ်၏ စိတ်နှလုံးကို ထိခိုက်ခြင်း ဖြစ်ပါ့မလား။ ငါ၌တည်ရှိသော ကြီးလှစွာ စွဲလမ်းခြင်း၏ တစ်စိတ်တစ်ဒေသကိုမျှ မနန်းနွယ် စွဲလမ်းရရှိပါ့မလား။ သို့သော် ငါ့ကို ရှောင်ရှား၍ သွားသည်ကိုထောက်လိုက်လျှင် ငါကဲ့သို့သော အချစ်စိတ်သည် မနန်းနွယ်၏ စိတ်နှလုံးအတွင်းသို့ အနည်းငယ်မျှ ရောက်ဟန်မရှိသေးချေ။ သို့သော် တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသည့်စကားအရ ငါက ဤမျှလောက် ချစ်လျှင် သူ၏စိတ်၌ ထင်မြင်ကောင်း ထင်မြင်ပါလိမ့်မည်"

စသည်ဖြင့် တွေးတောကာ လက်ကိုင်ပဝါကလေးကို လက်နှစ်ဖက်နှင့် ရိုသေစွာကိုင်၍ကြည့်လျက် မိမိ၏အချစ်ဓာတ် စိတ်အဟုန်တို့ကို အကုန်အစင် အရည်ပျော်စေလျက် ထိုလက်ကိုင်ပဝါကိုလည်းကောင်း၊ အချစ်ဓာတ်ရည်တို့ဖြင့် ဆွတ်ဖျန်း၍နေလေ၏။

"ထို အဖိုးမဖြတ်နိုင်သော လက်ကိုင်ပဝါကလေးကို ရခြင်းသည် ကောင်းမြတ်သော နိမိတ်လက္ခဏာပေတည်း။ ငါသည် မနန်းနွယ်ကို မတွေ့မနေရအောင် လိုက်လံ၍ရှာချေက ~ကန် တွေ့ရမည်မလွဲ ဖြစ်ကြောင်းကို ကြိုတင်၍ပြသော နိမိတ်နှင့်တူ၏"

"ထိုလက်ကိုင်ပဝါကလေးသည် ငါ၏လက်သို့ အချစ်၏စေတမန်ပမာ ရောက်လာရ၏။ ငါသည် မနန်းနွယ်ကို ဧကန်ရလိမ့်မည် မလွဲ



ဖြစ်ပေသည်"

စသည်ဖြင့် တွေးတောအားတက်ကာ အဖိုးထိုက်တန်လှသော ရတနာအထုပ်အထည်ကို ကောက်၍ရသောသူကဲ့သို့ အတိုင်းမသိ ပေါ့ပါးရွှင်ပျ တရွရွ လှုပ်ရှားသောစိတ်နှင့် ပဝါကလေးကို သပ်ရပ်စွာခေါက်ပြီးလျှင် အကျီအိတ်ထဲသို့ထည့်ကာ ထိုနေရာမှ ထွက်ခွာပြီးလျှင် မနန်းနွယ်၏ လှေသည် မြစ်ဆိပ်ကမ်းနား၌ ရှိလေမလားဟု တွေးတောကာ ဆိပ်ကမ်းသို့ သွားရောက်၍ လှေဟူသမျှကို စုံစမ်းမေးမြန်းလေ၏။

ထိုသို့ စုံစမ်းမေးမြန်းပါသော်လည်း အဘယ်လှေမှာမှ အဘိုးကြီးတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်၏ သတင်းကို မကြားမသိရသောကြောင့် စိတ်အားငယ်ငယ်နှင့် ပြန်လာခဲ့ရလေ၏။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မောင်ဘဝင်းသည် နေ့စဉ်နေ့တိုင်း မနန်းနွယ်ကို တွေ့လိုတွေ့ငြား သဘောထားကာ ဆူးလေဘုရားကို လာ၍စောင့်၏။ မြစ်ဆိပ်ကမ်းနားလှူအဆင်းအတက်များကို အမြဲ သွားရောက်ကြည့်ရှု၏။ သို့ပင် ကြည့်ရှုငြားသော်လည်း မနန်းနွယ်ကို ထပ်မံ၍မတွေ့ရသဖြင့် များစွာ စိတ်လက်မချမ်းမသာ ဖြစ်ရလေ၏။

ကမ္ဘာဦး၌ နေ–လ–နက္ခတ်တာရာတို့ကို စ၍ မြင်ကြရသော သူတို့သည် ထို နေ–လ–နက္ခတ်တာရာတို့သည် တစ်ဖန်ပျောက်ကွယ်၍ ကမ္ဘာမြေမျက်နှာပြင်၌ မှောင်အတိ ပြန်၍ကျချေက မောင်ဘဝင်း၏ စိတ်၌ ခံစားရသော အမှောင်ထက် ကြီးကျယ်နိုင်ဖွယ်ရာ မရှိချေ။

မောင်ဘဝင်း၏စိတ်၌ မနန်းနွယ်သည် မိမိကို ရံဖန်ရံခါ လာ၍ ရုပ်ဆောင်ကာ ပြသော နတ်သမီးကလေးနှင့် တူလေ၏။ အခါခါ တွေးတောမိသည်မှာလည်း "ဤမိန်းမသည် ငါ့အား အဘယ်အတွက်ကြောင့် ရှောင်ရှားပါသနည်း။ ငါ့ကို စကားမပြောလိုလျှင် အဘယ်ကြောင့် (အကမြင်း)ထပြီး ငါ့အား သပြေပန်းနှင့် လာ၍ (စ)ပါသနည်း"

"ဓားပြကြီး လွတ်သွားသောကြောင့် ငါ့အပေါ်၌ အထင်အမြင်သေးကာ ဂရုမထားဘဲ နေလေရော့သလား။ လောကမှာ ရွှေကဲ၊ ကျောက်ကဲကို အကဲခတ်ရလွယ်သကဲ့သို့ လူ့အကဲကို အခတ်ရခက်သတဲ့။ သို့သော် လူယောကျ်ားတို့၏ အကဲကိုခတ်ရခြင်းထက် မိန်းမတို့၏ အကဲကိုခတ်ရ



ခြင်းသည် ပိုမို၍ ခက်ခဲလှပေသည်တကား။ ထက်လှစွာသော ဓားတို့သည် အသွားဖြင့် အသက်ကိုဖြတ်တတ်၏။ မနန်းနွယ်သည်ကား ငါ၏အသက်ကို မိမိ၏ အဆင်းရုပ်ရည်ဖြင့် သတ်ဖြတ်တော့မည်တကား"

ဟု မိမိ၏စိတ်၌ ထင်မြင် အောက်မေ့မိလေ၏။

တစ်နေ့သ၌ နံနက်ခင်းအချိန်တွင် မောင်ဘဝင်းသည် စိတ်လက်မကောင်းသည်နှင့် ကန်တော်ကြီးဘက်သို့ တစ်ကိုယ်တည်း လှည့်လည်၍ သွားလေ၏။

ထိုအခါ သမယ၌ ကန်တော်ကြီးအနီးအနား၊ အတွင်းအပြင်၌ ယခုကဲ့သို့ သပ်ရပ်ခမ်းနားစွာ ပြုပြင်ဖန်ဆင်း၍ မထားသော်လည်း ပကတိ နဂိုအတိုင်း တည်ရှိသော တောအုပ်၊ တောတန်းများမှာ တောပင်၊ တောနန်း ရုက္ခမူတို့၏ အရိပ်အယောင်များသည် မှိုင်းညို့စိမ်းစို အလွန်တရာ နုပျိုအေးမြသော အဆင်းရှိလေ၏။

ဆောင်းလေသည် ထိုတောအုပ်များကို ဖြတ်သန်းတိုက်ဖွေ့ တဆွေ့ဆွေ့ ကစား၍ လာသည့်အခါ နံ့သာမျိုးစုံ သင်းထုံချိုအေး မွှေးလှသော အဆီအနှစ်တို့ကို အရည်ဖျော်၍ ဆောင်ယူသွင်းပို့ နှာဝတွင် ကြို့ကာဆက်သလို၊ တစ်ကိုယ်လုံးမှာ စိမ့်စိမ့်ဖြာပြီးလျှင် ပကတိသော လောကဓာတ်အရသာကို ခံစားရသကဲ့သို့ ဖြစ်လေ၏။

ထို မှိုင်းညို့ စိမ်းစိုအေးမြသော တောရိပ်၊ တောင်ရိပ်တို့ဖြင့် စိမ်းပြာသော ရေ၏အရောင်သည် တစ်ချက်တစ်ချက် နေရောင်နှင့် တွေ့သည့်အခါ နီလာ၊ မြသား ဥဿဖရားဘော်စင် အရောင်လွှင်လျက် ပြောင်ရွှင်ထွန်းပ နေမင်းကို တုပသကဲ့သို့ ထင်မြင်ရလေ၏။

အမျိုးမျိုးသော ငှက်တို့သည်လည်း ယခုကဲ့သို့ လူတို့၏ အနှောင့်အယှက် နည်းပါးခြင်းကြောင့် လူးလာပျံသန်း ပင်နန်းခက်မြိုင် အဆိုင်ဆိုင်တို့မှ ခေါ်ကာ အော်ကာ မြူးပျော်သာလျက် ဝနာတောဖျား မြိုင့်စခန်းအလားလို ထင်ယောင်ထင်မှားဖြစ်အောင် ဖန်တီးကြလေ၏။

မောင်ဘဝင်းသည် ထိုတောအုပ်ကြီးများကို ဝင်ရောက်ဖြတ်သန်းကာ တဖြည်းဖြည်း လှည့်လည်လျှောက်သွားလေရာ တောထဲတွင် လှည့်

www.burmeseclassic.com

www.burmeseclassic.com

လည်၍ ဟင်းရွက်၊ ဟင်းသီး၊ ပန်းခက်၊ ပန်းရွက်များကို ချိုးကြသော မိန်းမ၊ ယောကျ်ားတို့၏ မြူးပျော်အော်ဟစ်သံ၊ တေးသံတို့ကို ကြားရလျက် ဤတောအုပ်၌ မိမိတစ်ကိုယ်တည်းမဟုတ်၊ အခြား လူသူလေးပါး အသွားအလာ မဆိတ်ငြိမ်ကြောင်းကို သိ၍ အားတက်ကာ သွားချင်သလို သွားလေရာ ယခုအခါ မန်ကျည်းပင်များ တန်းလျက် ပေါက်၍နေသောနေရာဘက်မှ ရေအနီးသို့ ချဉ်းကပ်၍ သွားလေ၏။

ယင်းသို့ ချဉ်းကပ်၍ သွားလေရာ ရေကြက်မတစ်ကောင်သည် မိမိ၏ရှေ့နားမှ ထ၍ပျံသွားပြီး အတန်ကလေး ဝေးသောနေရာ၌ရေထဲတွင် ရွက်တိုက်၍ နေသည့်ပမာ ကူးယက်သွားလာ၍ နေလေ၏။

ဘဝင်းသည် ထိုရေကြက်မကို အဝေးမှကြည့်ရသည်မှာ အားမရသဖြင့် ထိုရေကြက်မရှိရာသို့ လှည့်၍လိုက်သွားပြီးလျှင် တစ်ခုသော အင်ပွန်းမှရပ်လျက် ရေထဲကို စိုက်၍ ကြည့်နေလေ၏။

ယင်းသို့ ရေထဲသို့ အတန်ကြာ ကြည့်နေပြီးနောက် လက်ယာဘက်သို့ လှည့်လည်ကြည့်လိုက်လေရာ တစ်ကိုယ်လုံး ဆတ်ဆတ်ခါပြီးလျှင် မျက်နှာဖြူလျက် ကျောက်ရုပ်ပမာ မလှုပ်မရှားနိုင်အောင် ဖြစ်၍သွားလေ၏။ မျက်လုံးများမှာလည်း လက်ယာဘက် ရေစပ်တွင် စိုက်၍နေလေ၏။

အကြောင်းမူကား ထိုရေစပ် ကြည်လင်ငြိမ်သက်သော ရေထဲတွင် အံ့ဖွယ်သော အရိပ်တစ်ခုကို မြင်ရလေ၏။ ထိုအရိပ်သည်ကား တစ်ခုသော သစ်ပင်ပျိုကိုမှီကာ ရပ်၍နေသော မိန်းမပျိုတစ်ယောက်၏ အရိပ်ဖြစ်လေ၏။

နောက် အတန်ကြာ ရှိသောအခါ မောင်ဘဝင်းသည် နောက်သို့ ဆုတ်၍ လာပြီး ထိုအရိပ်နှင့် တည့်သောနေရာသို့ လှည့်၍သွားပြီး လျှင် ရေဆိပ်ဘက်သို့ ကြည့်လိုက်လေရာ မနန်းနွယ် ရပ်၍နေသည်ကို မြင်ရလျက် ခြေဖျားထောက်၍ မနန်းနွယ်၏ ကျောအနီးသို့ ရောက်အောင် ကပ်ကာ သွားလေ၏။

မောင်ဘဝင်းသည် မနန်းနွယ်၏ နောက်၌ရပ်ကာ အလွန်တရာ ကြော့ရှင်းလှပသော ခါးကလေး၊ တင်ကလေး၊ အလုံးအရပ်ကလေးနှင့် သပ်ရပ်စွာ ဖီးလိမ်း၍ထားသော ဦးခေါင်းကလေးကိုကြည့်ကာ မနန်းနွယ်၏ ကိုယ်တစ်ကိုယ်လုံးကို မျက်လုံးနှင့် မျိုတော့မလို၊ မျက်တောင်မခတ်ဘဲ ကျောက်ရုပ်ပမာ ငေးစိုက်၍ ပြင်းပြထက်သန်လှစွာသော စိတ်အားနှင့် ကြည့်ကာနေလေ၏။



ယင်းသို့ အတန်ကြာ ကြည့်၍နေပြီးနောက် "မနန်းနွယ်လို့ ခေါ်လိုက်ရလျှင် လန့်၍များ သွားလေမလား။ ဟော့ ... ဟော့ ဟုခေါ်ကာ ပခုံးကလေးကို လက်ဖျားနှင့်တို့ရလျှင် တော်လေမလား။ ငါ့ကိုမြင်လျှင် အရင်တစ်ခါလို ရှောင်ရှားပြီး တော်ရာသို့ ထွက်သွားလေမလား။ ငါ့ကို မမြင်ရအောင် အသံမပြုဘဲ ယခုလို မျက်စိ၏ စည်းစိမ်အရသာဖြင့်သာ တင်းတိမ်၍ နေရလျှင် တော်ချေမည်လား "

"အို ... ဘယ်လိုပဲဖြစ်ဖြစ် မတတ်နိုင်ပါဘူး။ ငါ့အား ဤမျှလောက် စိတ်ဒုက္ခပေးဖို့ရန် သူ့အမေက မွေး၍ထုတ်လိုက်သည့် အလှတုံး၊ အလှရည်၊ အလှနှစ်၊ အလှတစ်၊ အလှခဲ၊ အလှပုလဲ၊ အလှရွဲကလေးကိုဖြင့် အတင်းဝင်၍ ပွေ့ကာဖက်ကာ၊ ဖျစ်ကာညှစ်ကာ နှင့် ဘာဖြစ်လို့ ငါစိတ်ညစ်အောင် တမင်တကာ လူ့ပြည်ကိုလာ၍ လှရသလဲဟု ပြောပြီး ကလဲ့စားချေလိုက်ရလျှင် အမယ်မင်း ငါ့အသက်မှ ကြာကြာကြီး ရှင်ပါတော့မလား။ သူ့ကို ကလဲ့စားချေတာနှင့် ငါသေ၍သွားရလျှင် မနန်းနွယ်ကလေးတည်း ဟူသော အလှကိုယ်ကလေးဟာ သူတစ်ပါး၏လက်တွင် သက်ဆင်းရရှာပေတော့မည်။ အမယ်လေး မုန့်ဆီကြော်သည်ကမှ ပေးမယ်မကြဲသေးဘူး၊ နှုတ်ခမ်းနာနှင့် တည့်ပါ့မလားဆိုတာ ကျနေတာပါပဲ။ ဩော် ... ဒီကောင်မကလေးဟာ ငါ့ကိုဖြင့် ရူးအောင် တမင်လုပ်တော့တာပါပဲ။ ပဒိုင်းသီးများမှာတော့ ဆုတ်ရင်ရူးသတဲ့၊ စားရင် ရူးသတဲ့၊ သူ့မှာတော့ မြင်ရုံနှင့် ရူးပြီး ထိမိလျှင် မူးမော်လျက် ငါ့အသက်ဟာ ပြွတ်ပြွတ်သာ ထွက်ရှာပေတော့မည်တကား"

"ဟင် ... မတတ်နိုင်ပါဘူး။ အခုလို နေရတာထက်တော့ သေတာက မြတ်ပါသေးရဲ့။ သေရခြင်း အမျိုးမျိုးထဲတွင် မနန်းနွယ်၏ လက်ကလေးကို ကိုင်မိ၍ သေရခြင်းသည် အခြားသော သေနည်းမျိုးထက် ပို၍မြတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မနန်းနွယ်ဟာ မြွေပွေးမ မဟုတ်ဘဲ ဒီလောက်တောင် အဆိပ်ပြင်းစွာ တက်မယ်တော့ မဟုတ်ပါဘူး။ ဟင် ... ငါ၏ တစ်ကိုယ်လုံးမှာ တဖြိုးဖြိုး တဖျင်းဖျင်းနှင့် မိုးကြိုးဓာတ်သွင်းသလို၊ အမယ်မင်း ဘာတွေ ဖြစ်လာပါလိမ့်။ ဤတောအုပ်၊ တောတန်း၊ ကန်တော်ကြီးစခန်းမှာ မယ်ဥကို ကျားချီသလို အတင်းသာဖမ်းပြီး အုပ်ချီ၍ သွားချင်တော့တာပဲ။ သို့သော် လက်ဖက်ကောင်းစေလိုက ပလောင်တောင်တက် နေ့းစေရမယ်တဲ့။ ယခု ငါ ဤမျှလောက် မနေနိုင်မထိုင်နိုင်ဖြစ်၍ နေရခြင်းသည် သူ၏ လှပသောအဆင်းကြောင့် ဖြစ်လေသည်။ အကယ်၍ စကားတစ်လုံးနှစ်လုံး လောက်ပြောရလျှင် ယခုထက် ပိုမိုပြီး ချစ်စရာကောင်းပေလိမ့်မည်”

“လောက၌ အချို့သော မိန်းမများသည် ကိုယ်ဟန်ကြော့ရှင်းခြင်းတည်းဟူ သော အရသာကိုပြလျက် ယောကျ်ားတို့၏ စိတ်တည်းဟူသော ပိုးပုရွက်ကို နှစ်သက်စေ၏။ အချို့တို့သည်ကား မျက်နှာ၏ အလှဓာတ် အဆင်းအရောင်တည်းဟူသော ပိုက်ကွန်ဖြင့် ယောကျ်ားတို့၏စိတ်ကို အုပ်ကာဖမ်း၏။ အချို့သော မိန်းမတို့သည် မျက်လုံးတည်းဟူသော ထက်လှစွာသော စဉ်းမြားဖြင့် ယောကျ်ားတို့၏ အသည်းကို ထွင်းဖောက်ကာ ဖမ်းစားတတ်၏။ အချို့သော မိန်းမတို့သည်ကား ချစ်ဖွယ်သော နှုတ်ခမ်းပါးစပ်နှင့် ပုလဲရောင်အသား၊ ဖြူစင်ညီညွတ်သော သွားကလေးများဖြင့် ယောကျ်ားတို့၏နှလုံးကို ကိုက်စားကာ အနိုင်ကျင့်၏”

“အချို့သော မိန်းမများသည်ကား မွှေးကြိုင်သင်းပျံ့သော ပန်းပင်၊ ပန်းခက်၊ ပန်းရွက်တို့၏ အပြေးဝေ့တိုက်ကာ ကစားသော လေ၏အသံကဲ့သို့ ချိုသာအေးမြ ကြိုင်သင်းလှသော အသံစကားဖြင့် ယောကျ်ားတည်းဟူသော ပဒးပိတုန်းကို ရန်းဆန်၍ မထွက်နိုင်အောင် ဆွဲဆောင်၍ ထားနိုင်၏”

“အချို့သော မိန်းမတို့သည်ကား ပီယာနိအထက်သံပမာ ကြည်လင်စွာမည်သော ရယ်မောသံဖြင့် ယောကျ်ားတည်းဟူသော မြွေမင်းကို အပါးသို့ အလမ္ပာယ်ခေါ်သလို၊ တဖြည်းဖြည်း ခေါ်ယူနိုင်၏။ အချို့သော မိန်းမတို့သည်ကား အလွန်တရာ မွှေးကြိုင်ချိုမြိန်သော ပန်းရနံ့၊ ပန်းဆီ



တို့ဖြင့် စိုပြည်သည်။ နှင်းပန်းပွင့်နှင့်တူသော ပြုံးရယ်ခြင်းတို့ဖြင့် ယောကျ်ားတို့၏ စိတ်နှလုံး၊ နှံ့စုတ်ငှက်ကို တဝဲဝဲပျံသန်း ချဉ်းကပ်၍နေအောင် ပြုလုပ်နိုင်၏။ စင်စစ်အားဖြင့် မိန်းမတို့၏ ကိုယ်၌ရှိသော ဖမ်းစားခြင်း လက်နက်အမျိုးမျိုးတို့သည်ကား ရေတွက်၍ မကုန်နိုင်ချေ၊ ဤ မနန်းနွယ် မှာမူ အဘယ်လောက် လက်နက်တွေများမည်ကို အကုန်အစင်သိရအောင် ကြိုးစားပြီး (အသိခေါက်ခက် အဝင်နက်)ဟူသော စကားအတိုင်း ဖမ်းစားခြင်းကို ငါသည် အဆုံးတိုင် ခံရချေတော့မည်”

ဟု တွေးတောကာ မနန်းနွယ်ကို ခေါ်လိုက်တော့မည်ဟု အကြံပြုမိလေ၏။

ထိုကဲ့သို့ အကြံပြု၍ နေသည့်အတွင်း မောင်ဘဝင်း၏ ထက်သန်လှစွာသော စိတ်၏အစွမ်းကြောင့် မနန်းနွယ်မှာ အလိုအလျောက် အစိမ်းပက်သလို တဖြန်းဖြန်း၊ တစိမ့်စိမ့် ဖြစ်လာသောကြောင့် နောက်သို့ ထိတ်ခနဲဖြစ်ကာ၊ ချာခနဲ လှည့်၍ကြည့်ရာလေရာ ကျောက်ရုပ်ပမာ မျက်လုံးအပြူးသား ရပ်၍နေရှာသော မောင်ဘဝင်းနှင့် မျက်နှာချင်းဆိုင်မိလျက် အသက်မရှုနိုင်ဘဲ မှိုင်ခနဲ၊ ဝေခနဲ ဖြစ်၍သွားလေ၏။

မနန်းနွယ်သည် မောင်ဘဝင်းကို မြင်သောအခါ တစ်ကိုယ်ရေ တောစခန်း၌ ဖမ်းအုပ်ကိုက်စား၊ အကောင်လိုက် ဝါးတတ်သော သစ်ကျားနှင့် တွေ့သောအခါ မလှုပ်သာမရှောင်သာ၊ မပြေးသာမဆုတ်သာ ဖြစ်သကဲ့သို့ အသည်းတုန်အူချမ်း သတိဉာဏ်မလန်းဘဲ အကြောက်ဓာတ် ဖမ်းစားပြီးလျှင် အရှင်လတ်လတ် မတ်တတ်ကသေသလို၊ မလှုပ်မခြောက်။ သွေးဟူသမျှပျောက်ပြီး မျက်နှာမှာဖြူလျက် အသက်ကိုမရှုနိုင်ဘဲ အသည်းတုန်၍ နေရှာလေ၏။

ယင်းကဲ့သို့ အတန်ကလေး ကြာစွာနေပြီးနောက် ဖြူရော်ရော်ရှိသော မျက်နှာပေါ်၌ အသွေးရောင်သည် တဖြည်းဖြည်း ပြန်၍ပေါ်လာပြီးလျှင် မောင်ဘဝင်း၏မျက်နှာကို ကြည့်၍နေသော မျက်လုံးများသည် မြေပေါ်သို့ စိုက်၍သွားပြီးလျှင် အပါး၌ရှိသော သစ်ပင်ကလေးတစ်ပင်၏ အရွက်များကို ခြွေကာချ၍ နေလေ၏။

www.burmeseclassic.com

မောင်ဘဝင်းသည်ကား သစ်ရွက်ကလေးများကို ခြွေကာချ၍နေသော လှပပြေပြစ် ချောမောသော လက်ချောင်းကလေးများကို စိုက်၍ကြည့်နေရာတွင် ရင်ခွင်၌ ရှမ်းအိုးစည်တီးသလို၊ ရှမ်းဘောထုံ ... ရှမ်းဘောထုံ ရှမ်းဘောထုံဟု မြည်၍နေလေ၏။

ငှင်းလူပျိုအပျို နှစ်ယောက်တို့သည် လူပြတ်လပ်သော တောရပ်စခန်း၌ နှစ်ယောက်တည်း ရင်ဆိုင်တွေ့၍ နေကြသောအခါ ဆိတ်ငြိမ်သော တောရိပ်၊ အေးကြည်သော တောရိပ်၊ ဘဝင်ကိုကြွအောင် ပြုသောလေပြည်၊ နှာဝတွင် ခြွေ၍နေသော ပန်းနံ့၊ လေထဲတွင် အတောင်ဖြန့်ကာ ချိုသာစွာမြည်သော ငှက်သံ၊ ကြည်လင်သော ရေအလျှံတို့သည် အသီးအသီးသော ယောကျ်ားပျို၊ မိန်းမပျိုတို့၏စိတ်၌ ခဲကာပျစ်ကာ တွဲကာနေသော အချစ်လုံး၊ အချစ်ခဲကို အရည်ဖျော်၍ချသကဲ့သို့ ဖြစ်လေရကား တစ်ကိုယ်လုံး၌ အချစ်ဓာတ်တွေ ပျံ့နှံ့ကာ လျှပ်စစ်ဓာတ်ပမာ တစ်ဦးနှင့်တစ်ဦး ကူးယှက်ကာ နေကြသောကြောင့် စကားကိုမျှ မပြောနိုင်ဘဲ နေကြလေ၏။

သို့ပင် စကားမပြောနိုင်ကြငြားသော်လည်း အချစ်၏ ဆိတ်ငြိမ်ခြင်းသည် နတ်စောင်းနတ်ညင်းတို့၏ သာယာသောအသံထက် ပိုမိုထင်ရှား ထူးခြားသာယာလျက် အသွေးအသားဟူသမျှတို့သည် တဆွေ့ဆွေ့ခုန်ကာ နေကြလေ၏။

သို့ အသံမထွက်သော အချစ်ဓာတ်စကားဖြင့် ဆိတ်ငြိမ်စွာ ပြောဆို၍ နေပြီးနောက် အတန်ကလေး ကြာသောအခါ မောင်ဘဝင်းက –

“မနန်းနွယ်”

ဟု တုန်လှုပ်သောအသံဖြင့် တိုးတိုးကလေး ခေါ်လိုက်လေ၏။ မောင်ဘဝင်း ခေါ်သောအသံသည် မိမိ ပတ်ဝန်းကျင်၌ လှုပ်ရှား၍နေသော လေပြည်၏အသံထက် ပိုမို၍ မကျယ်ချေ။

မနန်းနွယ်သည် ထိုအသံကို ကြားရသောအခါ အရွက်များကို ကိုင်ခြွေလှုပ်ရှား၍နေသော လက်ချောင်းကလေးများသည် မိုးကြိုးစက်ထိမှန်သလို၊ ကျဉ်ခနဲဖြစ်ပြီး မလှုပ်မရှား ရပ်တန့်၍ သွားလေ၏။

မောင်ဘဝင်းက တစ်ဖန် မနန်းနွယ်ဟု နည်းနည်းကလေး တိုး၍



ကျယ်စွာ စိတ်အားထက်သန်စွာနှင့် ခေါ်လိုက်ပြန်သောအခါ မနန်းနွယ်သည် ကျယ်ဝန်းတောက်ပ အရည်လည်လှသော ကျောက်မျက်ရတနာမျှ ဝင်းထိန်လှသော မျက်လုံးများကို ဖြည်းဖြည်းကလေး မော့ကာ ရှည်လျားသော မျက်တောင်များအောက်မှ မောင်ဘဝင်း၏မျက်နှာကို မော်၍ကြည့်လိုက်လေရာ ထက်မြက်စူးရှသော မောင်ဘဝင်း၏ မျက်လုံးများကို မြင်သဖြင့် တစ်ဖန်ပြန်၍ ငုံ့သွားပြီးလျှင် မျက်နှာကို မော်၍ကြည့်လိုက်လေရာ မျက်နှာမှာ (CARMINE) ကာမိုင်းခေါ် ပန်းရောင်ဖြင့် ဆိုးသလို ဝင်းထိန်၍ နေလေ၏။

တစ်ဖန် မောင်ဘဝင်းက မနန်းနွယ်၏အပါးသို့ ခြေတစ်လှမ်းတိုးပြီးလျှင် ထပ်မံ၍ ခေါ်ပြန်သောအခါ မနန်းနွယ်သည် တည်ကြည်ရဲရင့်သော မျက်နှာကိုထားပြီးလျှင် မောင်ဘဝင်း၏မျက်နှာကို မော်ကြည့်လျက် –

“ရှင် ... ဗိုလ်ဝင်း မဟုတ်လား”

ဟု မေးလေ၏။

ဘဝင်းက “ဟုတ်ပါတယ် မနန်းနွယ်။ မနန်းနွယ်ကို ကျုပ်လိုက်ပြီး ရှာနေတာပါပဲ”

ထိုအခါ မနန်းနွယ်သည် အံ့အားသင့်လျက် “ရှင် ... ကျွန်မကို ဘာပြုလို့ သည်လိုရှာနေရသလဲ”

ဟု မေးလေရာ မောင်ဘဝင်းက –

“ကျုပ် မပြောနိုင်အောင် ရှိတာပဲ။ မနန်းနွယ်ကို တွေ့အောင်ရှာရမယ်ဆိုတဲ့ အမိန့်စာကြီး ရထားသလို၊ မရှာဘဲမနေနိုင်အောင် ဖြစ်နေတာပါပဲ”

ဟု ပြောလိုက်လေ၏။

ထိုအခါ မနန်းနွယ်၏ မျက်နှာမှာ ညိုးခနဲ၊ ဖြူခနဲဖြစ်ပြီး မောင်ဘဝင်း၏မျက်နှာကို ကြောက်စနိုး အမူအရာနှင့် စိုက်၍ကြည့်ကာ နောက်သို့ဆုတ်၍ သွားပြီးလျှင် စကားမပြောဘဲ ငေး၍နေလေ၏။

မောင်ဘဝင်းက “မနန်းနွယ်ကဲ့သို့ လှတဲ့မိန်းမလို ဤဘဝမှာ

www.burmeseclassic.com



တစ်ခါမှ မတွေ့ရပါ။ မနန်းနွယ်သာ ပထမနေ့က သပြေပန်းကလေးတွေနဲ့ မလာရင် မနန်းနွယ်အတွက် ယခုလို ချာချာလည်အောင် အရူးဖြစ်နေရဖို့ မရှိပါ။ အလွန်တရာလှတဲ့ နတ်သမီးကို မြင်ရပြီးနောက် မမြင်ဘဲနေရရင် မရူးဘဲနေနိုင်ပါ့မလား မနန်းနွယ်ရယ်။ ဒါပေမဲ့ ဒီကန်တော်ကြီးစောင်းမှာ မနန်းနွယ်ကို တွေ့ရလိမ့်မယ်လို့ အားကိုးပြီး လာခြင်းမဟုတ်၊ မနန်းနွယ်၏ရုပ်ပုံကို တစ်ကိုယ်တည်း စိတ်မှာစောပြီး အတွေးနဲ့ ဖျော်ဖြေရအောင် လာရောက်ခြင်း ဖြစ်ပါတယ်။ အခုမှ နတ်ကောင်းနတ်မြတ်များက ကျုပ်အပေါ်မှာ ကရုဏာသက်ပြီး မနန်းနွယ်ကို တကယ်အဟုတ် ကျုပ်ထံကို ဆောင်ယူပြီး လာတာနဲ့တူပါတယ်"

ဟု ရဲရင့်စွာပြောလေရာ မနန်းနွယ်သည် မောင်ဘဝင်း၏ မျက်နှာကို သနားကရုဏာနှင့် ကြည့်ကာ ပြုံး၍သာနေလေ၏။

ထို့နောက် မောင်ဘဝင်း ဆက်၍ပြောသည်မှာ –

"မနန်းနွယ် ... ကျုပ်ကိုကြည့်ပြီး ယခုလို ပြုံးရက်ပေမှာပဲ။ သို့သော်လည်း ကျုပ် အခုလို ဖြစ်ရခြင်းဟာ မနန်းနွယ်ရဲ့ အပြစ်ဖြစ်ပါတယ်။ မနန်းနွယ် ဤမျှလောက် လှကြောင်းကို ကိုယ်တိုင်သိသင့်ပါရက် ကျုပ်စိတ်ကယောက်ကယက်ဖြစ်အောင် လာပြီး စကားမပြောရင် ကျုပ် ဒီလို အရူးထဖို့ မရှိပါ။ မနန်းနွယ်ရဲ့ ရူပါရုံကြောင့် မအိပ်နိုင်မစားနိုင်အောင် ဖြစ်နေရသူကို မနန်းနွယ်ကသတဲ့ ဆေးနဲ့မှ လွတ်ကင်းချမ်းသာဖို့ ရှိပါတော့တယ်"

ဟုပြောကာ မနန်းနွယ်၏ လက်ကလေးတစ်ဖက်ကို မိမိ၏ လက်နှစ်ဖက်နှင့် ဖွတ်အတင်း ကိုင်ဆွဲလိုက်လေ၏။

ထိုအခါ မနန်းနွယ်က "အလို" ဟု အော်ကာ လက်ကလေးများကို ပြန်၍ရုတ်သိမ်းမည်ပြုလေရာ မောင်ဘဝင်း၏ သန်မာသောလက်များသည် ဆုပ်မိလျှင် မလွတ်တမ်းဟူသော အနေသို့ရောက်၍နေသဖြင့် မနန်းနွယ်မှာ ပြန်၍မရုန်းနိုင်သည်သာမက မောင်ဘဝင်း၏ လက်ချောင်းများမှ စီးဆင်းသော ချစ်စိတ်အရှိန်တို့သည် မနန်းနွယ်၏ ကိုယ်တစ်ကိုယ်လုံးကို ပျံ့နှံ့၍သွားပြီးလျှင် ဆီအိုးတွင် ကျအပ်သော ဝါဂွမ်းစိုင်ပမာလို



ပျော့ပျောင်း၍ သွားသောကြောင့် ခုခံရန် အားအင်ဟူသမျှ ကုန်ခန်းလျက် ရင်ဝတွင်မှိုလှိုက်ကာ နေရှာလေ၏။

ဒူးနှစ်ဖက်သည်လည်း ခိုင်မြဲစွာ ထောက်ခံခြင်းငှာ မစွမ်းနိုင်သကဲ့သို့ဖြစ်ပြီးလျှင် အနီး၌ရှိသော မြက်ခင်းပေါ်သို့ ထိုင်လျက်ကျတော့မလို ဖြစ်သွားသောကြောင့် အနီးရှိ သစ်ပင်ကိုသာ အတွင်အားပြု၍ မှီရရှာလေ၏။ ထို့နောက် မနန်းနွယ်က –

"လွှတ်ပါရှင် ... မတော်ပါဘူး။ မြင်မြင်ချင်း ဆောက်နဲ့ထွင်းဆိုတာလို လွန်အားကြီးပါတယ်။ ကျွန်မ အော်လိုက်ရမလား"

ဟု ပြောလေ၏။

မောင်ဘဝင်းက "မနန်းနွယ် အော်ချင်ရင် အော်လိုက်ပါတော့။ ကျုပ်တော့ ကျုပ်စိတ်ကိုမှ ကျုပ်မနိုင်ဖြစ်နေပြီ။ မနန်းနွယ်ရဲ့ လက်ကလေးကို ကိုင်ရမှဖြင့် ဘဝတစ်ရာ ဆက်ကာဆက်ကာ ဆင်နှင်းခံ၍ သေဝံ့ပါတယ်"

ဟု ပြောလေ၏။

ထိုအခါ မနန်းနွယ်က –

"အမယ်လေး ... ဘယ့်နှယ့် လူပါလိမ့်မလဲ။ အင်မတန် ကဲတဲ့လူပါကလား။ ကျွန်မ အော်လိုက်ရရင် ရှင် ဒုက္ခရောက်တော့မယ်။ ရှင် အဖမ်းအဆီး ဝါသနာပါ့တိုင်း တွေ့သမျှလူကို ဖမ်းရမယ် အောက်မေ့နေသလား။ လွှတ်ပါရှင် ... လွှတ်ပါ ... ကျွန်မ တောင်းပန်ပါရစေ"

ဟု မျက်နှာကို ချိုစွာထား၍ ပြောလိုက်လေ၏။

ဘဝင်းသည်ကား မလွှတ်သည်သာမက အားတက်၍ အနားသို့ တိုးကာကပ်ပြီးလျှင် –

"မနန်းနွယ် ... ဒီကို စောစောစီးစီး ဘာပြုလို့ ရောက်လာသလဲ။ ဧကန္တ ကျုပ်နဲ့ တွေ့ရအောင် နတ်များ နှိုးဆော်လို့ ရောက်လာတာပါပဲ"

ဟု ပြောလေ၏။

မနန်းနွယ်သည် မိမိလက်ကို ပြန်၍ရုန်းရန် မကြိုးစားဘဲ အားလျော့ကာ –

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မတို့ ဒီနေရာကို မရောက်ဖူးလို့ လာလည်တာပါ”

ဟု ပြောလေ၏။

မောင်ဘဝင်းက –

“အို ... မင်းတစ်ယောက်တည်း မဟုတ်ဘူးလား။ ဘယ်သူပါသေးသလဲ”

မနန်းနွယ်က “ကျွန်မဘကြီး ပါလာပါတယ်။ သူ ဟိုဘက်တောစပ်ကို လျှောက်ကြည့်နေတယ် ထင်ပါရဲ့။ တော်တော်ကြာရင် ပြန်လာလိမ့်မယ်။ ရှင် တွေ့နေမှာ မကြောက်ဖူးလား”

“အို ... မသကာ သူ့တူမ လက်ကလေးကို ကိုင်တာ မကြိုက်ရင် ဓားနဲ့ ထိုးသတ်ရုံရှိတော့မပေါ့။ မနန်းနွယ်လည်း ရှိပါသေးတယ်။ ရက်ရက်စက်စက် ကျုပ်ကို မလုပ်တန်ပါဘူး။ ဒါထက် မနန်းနွယ် အခု ဘယ်မှာနေသလဲ”

ဟုမေးရာ မနန်းနွယ်က –

“ကျွန်မတို့ တူဝရီးနှစ်ယောက် လှေနဲ့အလာမှာ ဓားပြများနဲ့ တွေ့လို့ ကုန်စည်ပစ္စည်းများ အကုန်ပဲ ပါသွားပါတယ်။ ဒီ့အတွက် ရန်ကုန်မှာပဲ ခဏနေပြီး ဦးကြီးတတ်တဲ့ ဆေးဝါးအတတ်နဲ့ စရိတ်ကလေးများရအောင် ကြံစည်နေရပါတယ်”

“နို့ ... အခု ဘယ်မှာတည်းသလဲ”

ဟု မောင်ဘဝင်းက မေးလေရာ –

“ကျွန်မတို့ လှေနဲ့ပဲနေပါတယ်”

ဟု ပြန်ပြောလေ၏။

မောင်ဘဝင်းက –

“ဘယ်လောက် ကြာကြာနေမလဲ။ ဘယ်တော့ ဥက္ကံသုံးဆယ်ကို ပြန်မလဲ” ဟု မေးရာ –

မနန်းနွယ်က “ကျွန်မ သေသေချာချာ မပြောနိုင်သေးပါဘူးရှင်။ ကျွန်မဦးကြီး သွားမယ့်နေ့မှာ ကျွန်မ လိုက်ရမှာပဲ” ဟု ဖြေလေ၏။

မောင်ဘဝင်းက “မင်းတို့လှေ ဘယ်အနားမှာ ဆိုက်ထားသလဲ



မနန်းနွယ်ရဲ့၊ ကျုပ်ဖြင့် မနန်းနွယ်ကို ဆူးလေဘုရားအနားမှာ တွေ့ကတည်းကစပြီး မြစ်ဆိပ်ကမ်းနားမှာ မနန်းနွယ်တို့လှေကို တွေ့ရမလားလို့ အတန်တန် ရှာမိပါတယ်။ နောက်ဆုံးကျတော့မှ ရှာလို့မရနိုင်တဲ့အတွက် စိတ်ပျက်ပျက်နဲ့ ဒီကန်တော်ကြီးကို အလည်အလာမှာ မနန်းနွယ်နဲ့ ကိုယ်တိုင်တွေ့နေရပါပြီ။ မနန်းနွယ်နေတဲ့ နေရာကိုဖြင့် တွေ့အောင်လိုက်ပြီး ကြည့်ရတော့မှာပဲ”

“အမယ်လေး ... ရှင် ဘယ့်နှယ့် လုပ်ပါလိမ့်မလဲ။ ခက်ပဲ ခက်ရချည်သေးရဲ့။ ကျွန်မတို့လှေကို လိုက်ရှာလို့ တွေ့ပါပြီတဲ့ရှင်၊ ရှင့်မှာ ဘာများ အကျိုးကျေးဇူး ရှိမှာတဲ့လဲ”

ဘဝင်းက မျက်နှာညှိုးငယ်စွာနှင့် မနန်းနွယ်လက်ကို လွှတ်ပြီးလျှင် –

“အကျိုးရှိမယ် မရှိမယ်ဆိုတာတော့ မနန်းနွယ် တစ်ခုပါပဲ။ ကျုပ်မှာတော့ မနန်းနွယ်တို့ လှေကိုတွေ့ရပြီး လှေပေါ်ကို မတက်ရရင် နေပါစေတော့။ ကမ်းနားကရပ်ပြီး မနန်းနွယ်ရဲ့ အရိပ်အယောင်ကို နေ့ရောညပါထိုင်ပြီး ကြည့်ကာကြည့်ကာ နေရတော့မှာပဲ”

“ကျွန်မတို့ လှေထွက်သွားရင်ကော”

“မနန်းနွယ်တို့ လှေထွက်သွားရင် ကျုပ်လှေတစ်စင်းနဲ့ နောက်က တကောက်ကောက်လှော်ပြီး လိုက်ရတော့မှာပဲ”

“ဘယ်အထိ ရှင်လိုက်နိုင်မလဲ”

“မနန်းနွယ်တို့ သွားရင်သွားချင်း မနန်းနွယ်တို့ ရပ်ရင်ရပ်ချင်း၊ မနန်းနွယ်တို့ ဥက္ကံသုံးဆယ်အထိ ရောက်အောင်လိုက်မှာပဲ”

“ဒီတော့ ကျွန်မဦးကြီးက ရှင့်ကို ဓားပြထင်ပြီး သေနတ်နဲ့ ပစ်လိုက်ရင် ရှင် ဘယ့်နှယ့်လုပ်မလဲ”

“မနန်းနွယ်က ပစ်ဖို့ အခွင့်ပေးရင် ကျုပ် အသေခံပါ့မယ်။ မနန်းနွယ် တစ်ယောက်ကိုသာ အားကိုးပြီး လိုက်ရမှာပဲ”

ထိုအခါ မနန်းနွယ်က အတန်ကြာစွာ စကားမပြောဘဲနေပြီးနောက် –

“ဗိုလ်ဝင်း”

www.burmeseclassic.com

www.burmeseclassic.com

ဟု ခေါ်လိုက်လေရာ ဗိုလ်ဝင်းက –

"အလိုရှိရာကိုသာ အမိန့်ရှိပါ။ ကျုပ် နားထောင်လျက် ရှိပါတယ်"

ဟု ပြောလေ၏။

မနန်းနွယ်က "ရှင် ကျွန်မကို တကယ်အဟုတ်ပဲ၊ ရှင် ဒီလောက်တောင် ချစ်သလား"

"မနန်းနွယ်ရယ် ... ချစ်တယ် မချစ်တယ်ဆိုတာ မေးဖို့မလိုပါဘူး"

ဟု ပြောကာ ရင်ခွင်ထဲကို လက်နှိုက်၍ ထုတ်ကာပြပြီး –

"ဟောဒီ ပဝါကလေးကို နေ့ရောညရော ကျုပ် ရင်ခွင်မှာထားပြီး မနန်းနွယ်ရဲ့ ကိုယ်စားအမှတ်နဲ့ နမ်းရှုပ်ကာ နေရပါတယ်။ ဟောဒီ ပဝါဖြူကလေးဟာ မနန်းနွယ်ရဲ့ ပဝါဖြူကလေး မဟုတ်လား"

ဟု ပြလေရာ မနန်းနွယ်သည် ပဝါဖြူကလေးကို ကိုင်ယူကာ ကြည့်လျက် မျက်နှာမှာ နီမြန်းပြီး တစ်ကိုယ်လုံး တရှိန်းရှိန်း ဖြစ်၍နေလေ၏။

ထိုအတွင်း မောင်ဘဝင်းက –

"ဒီပဝါဖြူကလေးကိုဖြင့် မနန်းနွယ်ကို ပြန်ပြီးမပေးပါရစေနဲ့။ မနန်းနွယ်မရှိရင် ဒီပဝါကလေးနှင့်ပဲ စိတ်ကိုဖြေရပါတယ်"

ဟု ပြောကာ ပဝါကလေးကို မနန်းနွယ်လက်ထဲမှ ပြန်၍ ဆွဲယူလိုက်လေ၏။

မနန်းနွယ်သည် ပဝါကလေးကို မပေးချင်ပေးချင်နှင့် ပေးရသော အမူအရာမျိုးနှင့် ပေးလိုက်ပြီးလျှင် မောင်ဘဝင်း၏မျက်နှာကို ကရုဏာရှိသော မျက်လုံးများနှင့် ခပ်ငေးငေး၊ ခပ်အေးအေးကလေး ကြည့်ကာ မောင်ဘဝင်း မျက်လုံးများနှင့် မိမိ၏မျက်လုံးများမှာ အရောင်ချင်းဆက်၍ နေလေ၏။

မနန်းနွယ်၏ ဖြူဝင်းတောက်ပ ညီညွတ်လှသော သွားကလေးများနှင့် မပွင့်တပွင့်နေကာ၊ မအာတအာ ပျားပိတုန်းတို့ မြူးရာသည့် ပန်းနှင်းဆီပမာနှင့် တူသော နီမြန်းသော နှုတ်ခမ်းကလေးများသည် မောင်ဘဝင်း၏ မျက်နှာပေါ်၌လည်းကောင်း၊ မောင်ဘဝင်း၏ နှုတ်ခမ်း၊ နှာ



ခေါင်းများ၏ အောက်၌လည်းကောင်း၊ မောင်ဘဝင်း၏ ဖြူစင်သော ပါးပြင်၌လည်းကောင်း လျောင်းစက်မွှေ့လျော် ပျော်ပိုက်လိုသော အသွင်လက္ခဏာကို များစွာထင်ရှားစေ၏။

မောင်ဘဝင်းသည် ချစ်သောသူတို့၏ စိတ်ဓာတ်နှိုးဆော်ခြင်းဖြင့် ထိုအကြောင်းကို ကောင်းစွာရိပ်မိလျက် မိမိ၏ဘက်သို့ မနန်းနွယ် အဘယ်မျှလောက် ညွတ်ပျောင်းလျက် ရှိသည်ကို သိ၏။

သို့ပင် သိငြားသော်လည်း မိမိ၏မျက်မှောက်၌ ရပ်လျက်ရှိသော မနန်းနွယ်သည် ပြစ်ပေါကင်းစင် ကြည်လင်သော ပတ္တမြားကျောက်မျက်ရတနာ ငမောက်အလားကဲ့သို့ လက်ဖျားနှင့်တို့မိလျှင် ညို့ခနဲဖြစ်ကာ အရောင်များ မှေးမှိန်သွားလေမလား၊ သို့တည်းမဟုတ် လွန်စွာသန့်ရှင်း မြူမှေးကင်းသည့် အဆင်းရွှေ ဖယောင်းနှင့်ထုသလို နုနုထွတ်ထွတ် မွတ်မွတ်သွင်မူ မိုးနတ်သူကလေးမှာ ထိလိုက်လျှင် ပြိုကာဆင်းပြီး ခလက်ငင်း ကြောက်၍သွားရှာမလား စသည်ဖြင့် တွေးတောကာ တိုး၍ မကပ်ဝံ့ဘဲ ငြိမ်သက်စွာ နေရှာလေ၏။ သို့နေရာတွင် မနန်းနွယ်က "ဗိုလ်ဝင်း ကျွန်မ သွားပါရစေတော့ရှင်။ တစ်ဆိတ် လမ်းဖယ်၍ပေးပါ။ မတော်လို့ ဦးကြီးပေါ်လာရင် ကျွန်မကို လော်မာတယ်ထင်ပြီး များများကြီး အပြစ်တင်ပါလိမ့်မယ်"

ဟု ချိုအေးသော လေသံကလေးနှင့် ပြောလေ၏။

မောင်ဘဝင်းက "နေပါဦး မနန်းနွယ်ရယ်။ တစ်အောင့်ကလေးမျှ မနန်းနွယ်ရဲ့ မျက်နှာကလေးကို ခပ်အေးဆေး ဆက်ပြီး ကြည့်ပါရစေ။ အခုတစ်ခါ မနန်းနွယ် ပျောက်ကွယ်သွားပြီး နောက်တစ်ခါ ထပ်ပြီးမမြင်ရရင် အင်မတန် ဒုက္ခများပြီး ရှင်အားထက် သေအားသန်ပါလိမ့်မယ်။ ကျုပ်အသက်ဟာ အခုဖြင့် မနန်းနွယ်ရဲ့ လက်ထဲကို လုံးလုံးကြီး ရောက်လို့နေပါပြီ။ မနန်းနွယ် သွားရာကိုသာ တကောက်ကောက် ရှာကြံလိုက်ရပါတော့မယ်။ မနန်းနွယ် ရေထဲကသွားရင် ကျုပ် လက်ပစ်ကူးပြီး လိုက်ရပါတော့မယ်။ မနန်းနွယ် အရေးပေါ်လို့ ဒွေးမယ်နော် နတ်ကိန္နရာလို တိမ်ဇက္ကာ အထက်လမ်းက ပျံသန်းပြီး သွားမယ်ဆိုရင်လည်း တောင်

www.burmeseclassic.com

www.burmeseclassic.com



စဉ်ခုနစ်ထပ် တောအထပ်ထပ်ကို ခြေကျင်ဖြတ်သန်းပြီး မောပန်းရင်ကွဲကာ အသည်းပါအံပြီး သေစေတော့၊ အသော့ချက်ချင်း ခုလက်ငင်း လိုက်ရပါတော့မယ်။ မနန်းနွယ်ကယ်မှ ချမ်းသာရာရမယ့်လူကို ကြည်ဖြူတော်မူစမ်းပါ မနန်းနွယ်ရဲ့”

ဟု ပြောရှာလေ၏။

ထိုအခါ မနန်းနွယ်က “ဗိုလ်ဝင်း ... ရှင်ဟာ အလွန်တရာမှ စွမ်းရည်သတ္တိ ကောင်းတယ်လို့ ပြည်အသိ ကျော်ကြားသူတစ်ယောက် ဖြစ်ပါတယ်။ ဗိုလ်ဝင်းကို ကြိုက်တဲ့မိန်းမတွေလည်း အများကြီး ရှိပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မကဲ့သို့ မထင်မရှား ဘွားခနဲပေါ်လာတဲ့ မိန်းမတစ်ယောက်ကို ကောက်ကောက်ပါအောင် ကြိုက်ကာလိုက်မယ်ဆိုရင် တော်လိမ့်မယ် မထင်ပါ။ ရှင့်မှာ ချစ်သူ၊ ခင်သူ၊ ကြင်နာသူဆိုလို့ တစ်ယောက်မှ မရှိခဲ့သေးဘူးလား”

ဟု မေးရှာလေ၏။

ဗိုလ်ဝင်းက “အို ... ဒါတွေကို မေးစရာ မရှိပါဘူး။ ဖူးစာဆိုတဲ့ ကံကြမ္မာဟာ လူသတ္တဝါတို့ စီမံလို့ ဖြစ်တာမဟုတ်၊ နတ်များရဲ့အလုပ်ဖြစ်ပါတယ်။ ဖူးစာဖန်လျှင် လူအမှန်စင်စစ် ဖြစ်ပါလျက် မိုးနတ်သူဒေဝီအလှတို့နဲ့ တွေ့ကြုံလို့ ညားရပါတယ်။ အောင်ပင်လယ် ဆင်ဖြူရှင်ဟာ တောကစားသွားရာမှာ ဖူးစာနတ်စီရင်လို့ တဒင်္ဂပဟန်ဖြင့် အင်မတန်ထူးခြား ဒေဝီနဲ့ ညားရတယ်လို့ ရာဇဝင်စာဟောင်းမှာ သေအချာတွေ့ရပါတယ်။ ဒါကြောင့် စလေဆရာဦးပုညက ဟောဒီတေးထပ်ကို ရေးစပ်ပြီး ထားခဲ့ပါတယ်။ မနန်းနွယ် မကြားဖူးရင် ဒီတေးထပ်ကို ကျုပ်ဆိုလို့ပြပါမယ်”

ဟုပြောကာ အောက်ပါတေးထပ်ကို ဆို၍ပြလေ၏။

**တေးထပ်**

ရတနာပူရ ဆင်ဖြူမျှာ့သခင်၊ တဒင်္ဂသမင်ကို–မဆင်ခြင်
လိုက်မှား။ ။ မန်းဂီရိတောင်စဉ်ဆွယ်သည်–အောင်ပင်လယ်
တော၌ ပျော်ပါး။ လက်ယာရစ် ခရုငွေရယ်၊ သမုဆွေပသွား။



နုပီယေ စကားနှင့်–လှည့်ဖျားတဲ့ဇော်ဂျီ။ ။ လက်ဖျောက်သံ
နှစ်ထပ်တီးရုံနှင့် နတ်သမီး ပျံကျရသည်။ ။ သံဝါသစပ်မှီ
သည် ရသေ့တီသွေးကြွလို့ သေရဖို့ဆင်ဖြူရှင် ရှုးလေသည့်
အင်။ ။ သည်ကဲ့သို့ ဖြစ်ထုံးတင်မည်– ချစ်တုန်းတွင်
ခွဲပါနှင့်လေး။ ။

၎င်းတေးထပ်ကို ဖြည်းညင်းသာယာစွာ ဆိုပြီးနောက် ဆက်လက်၍ ပြောပြသည်မှာ–

“မနန်းနွယ်၊ အခုလည်း ကျုပ်မှာဖြင့် အောင်ပင်လယ် ဆင်ဖြူရှင်လို သူရသေ့တီနတ်ဒေဝီနဲ့ ဒီကန်တော်ကြီးတောအုပ်မှာ ယခုပင် တွေ့ရပြီး ဖြစ်သောကြောင့် နောင် ဆက်လက်၍ မတွေ့ရဘဲ ကွေကွင်းပြီးသွားမှုဖြင့် ဥမ္မတ္တက အရူးကြီးဖြစ်ပြီး သေချင်းကြီးမလှ ဧကန်ပင် သေရပါလိမ့်မယ်”

ထိုအခါ မနန်းနွယ်က–

“ကျွန်မကို ဒီလောက်တောင် မမြှောက်ပါနဲ့ရှင်။ နတ်သမီးနဲ့ မနှိုင်းကောင်းပါဘူး။ ဗိုလ်ဝင်းမှာလည်း ကျွန်မအတွက် သေလောက်အောင် ရူးမှာ မဟုတ်ပါဘူး၊ ဒီမိန်းမကလေးဟာ ရုပ်ကလေး သနားကမားရှိရဲ့၊ ငါ့ကိုလည်း မိန်းမတွေ အကြိုက်များတယ်။ သူလည်း တခြားမိန်းမများလို ငါ့ကိုကြိုက်မှာပဲလို့ သဘောထားပြီး ကျွန်မကို အပေါ့စားလို အကြောနဲ့ကြံဖို့ စိတ်ကူးတယ် ထင်ပါတယ်။ ထင်ရှားသူ မိန်းမတွေကို ခေါင်းခေါက်ပြီး တစ်ယောက်ပြီးတစ်ယောက် ရွေးချယ်ယူနိုင်တဲ့လူဟာ ကျွန်မလို မထင်ရှားတာကို တကယ် ကြံစည်မှာ မဟုတ်ပါဘူး။ ရှင် ကျွန်မကို မတွေ့မီက ချစ်ဖူး၊ ကြိုက်ဖူးတဲ့ မိန်းမတစ်ယောက်တော့ ရှိမှာပါပဲ။ မရှိဘူးလို့ ရှင်ပြောဝံ့ပါမလား။ ရှင့်လိုလူစားဟာ ရည်းစားမရှိဘဲ နေမှာမဟုတ်ပါဘူး”

ဟု ပြောလေ၏။

ထိုအခါ ဗိုလ်ဝင်းက–

“မနန်းနွယ်ရဲ့။ မဟုတ်တဲ့စကားကို လီဆယ်လို့ပြောရင် အကျိုး

www.burmeseclassic.com

www.burmeseclassic.com

လည်း များဖို့မရှိပါ။ မနန်းနွယ် ထင်တဲ့အတိုင်း မှန်ပါတယ်။ ငယ်ငယ်တုန်းကတော့ ချစ်တဲ့ခင်တဲ့သူ ရှိပါတယ်၊ အခုတော့ မရှိပါဘူး။ ဒီမိန်းမနဲ့ အခုတော့ ကွဲပြီးနေပါပြီ၊ ဘယ်မှာမှလည်း တွေ့နိုင်ဖို့ နည်းလမ်းမရှိတော့ပါဘူး"

ဟု ပြောလေ၏။

မနန်းနွယ်က ပြုံးရွှင်သော မျက်နှာနှင့် –

"ငယ်ငယ်က ချစ်သူမိန်းမရှိတယ်ဆိုတော့ ကျွန်မက ရယ်ချင်တယ်။ ရှင့်ကိုယ်ကို အခု အင်မတန်ကြီး၊ အထင်ကြီးနေသလား"

ဟု ပြောလေရာ မောင်ဘဝင်းမှာ စကားပြန်၍မပြော၊ မနန်းနွယ်ကိုလည်း မကြည့်၊ ခပ်ပြုံးပြုံး မျက်နှာထားနှင့် ခေါင်းငုံ့ကာ မနန်းနွယ်ကိုင်သော ပန်းပင်ကလေးကို ကိုင်ကာနေလေ၏။ မနန်းနွယ်သည်လည်း ထိုပန်းပင်ကလေးကိုပင် ကိုင်၍ လက်ဆော့ကာ နေရှာလေ၏။

ထိုအတွင်း မနန်းနွယ်က –

"ကျွန်မကို ချစ်တယ်၊ ခင်တယ်၊ စုံမက်တယ်ဆိုတာကို အင်မတန်မှပဲ ကျေးဇူးတင်ပါတယ်ရှင်။ ဒါပေမဲ့ ဗိုလ်ဝင်းနဲ့ ကျွန်မမှာ ဆက်ဆံနိုင်ဖို့ရာ အင်မတန်မှ ခက်ခဲပါတယ်။ ကျွန်မမှာ ဒီဘကြီးကိုပဲ ပြုစုကာ သူသွားရာကို တစ်နေရာမှ တစ်နေရာ လိုက်နေရတဲ့အတွက် အတည်တကျ မနေရပါ။ နောင်အကြောင်းဆုံလို့ တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့ကြရင် ဒီအကြောင်းကိုထပ်ပြီး ပြောကြသေးတာပေါ့ရှင်၊ အခုတော့ မြန်လည်း မြန်လွန်း၊ စောလည်း စောလွန်းပါတယ်။ တကယ်ဆိုတော့ ရှင့်လိုလူကို ကျွန်မက ငြင်းစရာမရှိပါဘူး။ ကျွန်မလို မိန်းမကို အတည်ကြံပါ့မလား ဆိုတာကိုသာ ကျွန်မစဉ်းစားဖို့ ရှိပါတော့တယ်။ တကယ်လို့ အတည်ကြံတယ်ဆိုရင် မယုံနိုင်အောင်ရှိတာပါပဲ။ ကြပ်ကြပ်ကြီးလည်း စဉ်းစားပါရှင်။ မတော်တဆ ရှင်ချစ်ဖူးတဲ့မိန်းမနဲ့ ပြန်ပြီးတွေ့မှဖြင့် အခုပြောသမျှစကား၊ အခုချစ်တယ်ဆိုတဲ့ စိတ်တွေဟာ အကုန်အစင် ပျောက်ပျက်ပြီး ကျွန်မကို ဘီလူးမကြီးလို့ ထင်သွားလိမ့်မယ်"

ဟု ပြောလေ၏။



ဘဝင်းက "မနန်းနွယ် ကျုပ်ပြောတဲ့ စကားတွေကို ထပ်လို့သာ ပြောရရင် ဆုံးနိုင်တော့မှာ မဟုတ်ပါ။ မနန်းနွယ် သွားလိုရာသွားပါ။ မနန်းနွယ် စိမ်ခြယ်လှယ်ချင်သလို စီမံပါ။ နောက်ဆုံး တစ်နေ့ကျတော့သာ မနန်းနွယ်ကို ရမယ်လို့ စိတ်ချလက်ချ သိရမယ်ဆိုရင် အနှစ်တစ်ရာ တိုင်တိုင် စောင့်နိုင်ပါတယ်။ သို့သော်လည်း မနန်းနွယ်ကို မကြာခဏတွေ့ရအောင် မနန်းနွယ်သွားရာကို အရိပ်လိုလိုက်ပြီး နေရတော့မှာပဲ"

"ရှင် အမြဲလိုက်နေနိုင်မယ် မဟုတ်ပါဘူး။ လိုက်လည်း မလိုက်ပါနဲ့ရှင်။ ကျွန်မအတွက် ဒုက္ခမခံပါနဲ့။ ကျွန်မ ဘယ်သူ့ကိုမှ မယူပါဘူး၊ စိတ်သာချနေပါ။ ကျွန်မ ယောကျ်ားယူဖို့ မွေးလာတဲ့မိန်းမ မဟုတ်ပါဘူး။ ကျွန်မမှာ ဒုက္ခနဲ့မိန်းမပါ၊ ဟော ... ခြေသံကြားရတယ်။ ဘကြီးလာပြီ ထင်ပါတယ်။ ရှင် တစ်ဆိတ် ပုန်းနေလိုက်ပါဦး"

ဟု ပြောလေရာ မောင်ဘဝင်းသည် တစ်ခုသော ချုံအတွင်းသို့ လျှင်မြန်စွာလှည့်ဝင်ပြီး ချုံအောက်၌ဝပ်ကာ မနန်းနွယ်ကို ချောင်း၍ ကြည့်နေလေ၏။

ထိုအတွင်း အဘိုးကြီးတစ်ယောက်သည် မနန်းနွယ်၏အပါးသို့ ရောက်လာပြီးလျှင် –

"သြော် ... တူမကြီး၊ ဒီနေရာမှာပဲ နေသကိုး။ ဦးကြီးက တွေ့မှ တွေ့ရပါ့မလားလို့ အောက်မေ့တယ်။ ကိုင်း ... သွားကြစို့ရဲ့။ နေကလေးလည်း အတော်မြင့်လာပြီ"

ဟု ပြောလေရာ မနန်းနွယ်သည် အဘိုးကြီးနှင့်အတူ ယှဉ်ကာ သွားလေ၏။ အတန်ကလေး သွားမိသောအခါ နောက်သို့လှည့်၍ ကြည့်လေ၏။ မောင်ဘဝင်းသည်ကား ချုံအကွယ်၌ရပ်ကာ ငေး၍ကြည့်ရစ်လေ၏။

စက္ကန့်အနည်းငယ်အကြာ ငေး၍နေပြီးနောက် မောင်ဘဝင်းသည် နောက်ယောင်ခံကာ လိုက်သွားလေ၏။ တူဝရီးနှစ်ယောက်တို့သည်သည်း ဘုရားကြီးဘက်သို့ တဖြည်းဖြည်း ရှေ့နောက်လှည့်ပတ်၍ သစ်ပင်များ၏ အကြား၌ ပျောက်ချည်ကွယ်ချည် သွားကြလေရာ မောင်ဘဝင်းမှာ သမင်ကို

www.burmeseclassic.com

www.burmeseclassic.com



ချောင်း၍လိုက်သော ကျား၏ပမာ ဆိုင်းကာ၊ ရပ်ကာ၊ ကွယ်ကာ၊ ပုန်းကာ တဖြည်းဖြည်း လိုက်သွားလေ၏။

မနန်းနွယ်သည် တစ်ခါတစ်ခါ နောက်သို့ပြန်ကြည့်လေရာ မောင်ဘဝင်းနှင့် မျက်နှာချင်းဆိုင်၍ နေလေ၏။ တစ်ခါတစ်ခါ မောင်ဘဝင်းကို မတွေ့မမြင်ရချေ။

မောင်ဘဝင်းမှာမူ မျက်ကြောမပြတ်ဘဲ မနန်းနွယ်ကို အမြဲမြင်၍ နေလေ၏။ အေးချမ်းသာကြည် တီတီတာတာ ဘာသာဘာဝ မြည်ရှာကြသော ငှက်တို့သည်ကား ဆိတ်ငြိမ်သောတောအလယ်မှာ အသံချင်းယှက်၍ နေကြလေ၏။ မနန်းနွယ်သည်လည်း မွေးပျံ့သော ပန်းရနံ့တို့ကို တစ်ခါတစ်ခါ အားရပါးရ ရှူရှိုက်ရင်း လျှောက်သွားလေ၏။ ။

* * *

# အခန်း (၁၂)

ထိုကဲ့သို့ တောအုပ်တောတန်း အနိမ့်အမြင့် မြေစခန်းတို့ကို ဖြတ်ကာ အဘိုးကြီးနှင့် မနန်းနွယ်တို့ သွားကြလေရာ ဘုရားကြီးဘက်သို့ ရောက်ကြသဖြင့် ဘုရားရင်ပြင်တော်ထက်သို့ တက်ကြလေ၏။

မောင်ဘဝင်းသည်ကား မလျော့သောလုံ့လ၊ မတွန့်မတိုသော စိတ်စေတနာနှင့် ကြိုက်ချစ်သောသူတို့ ဖြည့်ကျင့်ဆည်းပူးရာ အဖြာဖြာသော စိတ်အားထက်သန်ခြင်းတို့ဖြင့် မိမိ၏ရှေ့၌ သွားလျက်ရှိသော မိန်းမပျိုကလေးမကို မပျောက်မပျက်စေရအောင် အားထုတ်ကာ မဆုတ်မတွန့်ဘဲ အစဉ်တစိုက် လိုက်သွားလေရာ ဘုရားပေါ်သို့ ရောက်သွားလေ၏။

ဘုရားရင်ပြင်ပေါ်သို့ ရောက်သောအခါ အဘိုးကြီးနှင့် မိန်းမပျိုကလေးသည် စနေထောင့်တွင် ထိုင်ကြပြီးလျှင် ဘုရားကိုဦးချကာ ရှိခိုးကြလေ၏။ မောင်ဘဝင်းသည်ကား တနင်္ဂနွေထောင့်၌ထိုင်ကာ စနေထောင့်ရှိသော နဂါးကို သုတ်ရန်ပြင်နေသော ဂဠုန်မင်းကဲ့သို့ ဘုရားဖူး၍ နေလေ၏။

သို့သော်လည်း မနန်းနွယ်တို့ ပျောက်ကွယ်သွားမည်ကို စိုးရိမ်သောကြောင့် ဘုရားကို စိတ်ဖြောင့်စွာ မဖူးနိုင်ဘဲ တစ်အောင့်ကလေးမျှ ကြာသောအခါ ထသွားပြီးလျှင် ဘုရားကိုလှည့်၍ လျှောက်သွားလေရာ မနန်းနွယ်တို့ထိုင်၍ ဘုရားဖူးလျက် နေသည်ကိုပင် တွေ့ရ၍ အားတက်

www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် တစ်ခုသော တန်ဆောင်းအကွယ်မှနေ၍ ၎င်းတို့ အရိပ်အဆင်ကို ကြည့်ကာနေလေ၏။

နောက်အတန်ကြာသောအခါ မနန်းနွယ်တို့သည် အနောက်ဘက်မှ ဆင်းသွားကြသည်ကို မောင်ဘဝင်းသည် မယောင်မလည် ဆက်လက်၍ပင် လိုက်သွားလေရာ နာရီပြန်တစ်ချက် အချိန်ခန့် ကြာသောအခါ ဆိပ်ကမ်းသို့ ရောက်သွားလေ၏။

ဆိပ်ကမ်းသို့ ရောက်သောအခါ မောင်ဘဝင်းသည် ၎င်းတို့လှေနှင့်မားပြများကို ကိုယ်တိုင်စုံစမ်းရအောင် လိုက်သွားရလျှင် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို နေရာကျရန် ရှိလေသည်။ မားပြများလည်း ပြန်၍ ထကြွနေသည်ဟု သတင်းရရှိလေသည်။ "ငါလွှတ်ထားသည့် သူလျှိုများလည်း ယခုထက်တိုင် မပေါ်လာသေး။ ငါကိုယ်တိုင် လိုက်လေမှတော်မည်"

ဟု တွေးကြံကာ အဘိုးကြီးနှင့် စကားပြောရအောင် ကြံလေမှတော်ချေမည်ဟု စိတ်အကြံပြုလေ၏။

ယင်းကဲ့သို့ စိတ်အကြံပြုလျက် စကားပြောရန် အချက်ကိုရှာ၍နေရာတွင် မနန်းနွယ်နှင့် အဘိုးကြီးသည် မိမိတို့၏ လှေကိုကြည့်ကာ လမ်းပေါ်တွင် တစ်ခုသော သစ်ပင်ရိပ်၌ ထိုင်ကြလေ၏။

လှေပေါ်၌ရှိသော လူသုံးယောက်တို့သည်ကား ၎င်းတို့ကို မြင်သောအခါ ဝမ်းမြောက်ရွှင်လန်းသော လက္ခဏာနှင့် ခရီးဦးကြိုပြုရန် ပြင်ဆင်၍ နေကြလေ၏။

မောင်ဘဝင်းသည် ၎င်းတို့အနီးသို့ တိုက်ရိုက်ရောက်အောင် သွားလေရာ အဘိုးကြီးနှင့်တကွ လှေပေါ်ကလူများသည် မောင်ဘဝင်းကို ကြည့်၍ နေကြလေ၏။ မနန်းနွယ်သည်ကား မကြည့်ဘဲ ကမ်းနားဘက်သို့ လှည့်၍နေလေ၏။

"ဘကြီးတို့၊ ဘယ်အရပ်ကပါလဲခင်ဗျာ"

ဟု ရိုသေစွာမေးလေရာ–

အဘိုးကြီးက "ဘကြီးတို့ ဥက္ကံသုံးဆယ်ဘက်ကပါပဲ။ ဘယ်လို



အကြောင်းကိစ္စနဲ့ မေးလာပါသလဲ မောင်ရယ်"

"ကိစ္စကတော့ အခြားမဟုတ်ပါဘူး ဘကြီးရဲ့။ ကျွန်တော်လည်း ထန်းတပင်ဘက် သွားစရာ ကိစ္စရှိတာနဲ့ လှေကြုံများရမလားလို့ မေးရတာ ဖြစ်ပါတယ်"

ဟု ပြောလေ၏။

ထိုအခါ မနန်းနွယ်သည် မောင်ဘဝင်းကို လှည့်၍ကြည့်ကာ တစ်ရံတစ်ခါမျှ မောင်ဘဝင်းကို မမြင်ဖူး မသိဖူးသော အမူအရာမျိုးနှင့် မောင်ဘဝင်းကို ကြည့်၍နေလေ၏။ မောင်ဘဝင်းသည်ကား မနန်းနွယ်ကို နည်းနည်းမျှ တိမ်းစောင်း၍မကြည့်ဘဲ ဣန္ဒြေနှင့် နေလေ၏။

အဘိုးကြီးက "ဘယ်လို အကြောင်းကိစ္စများ ရှိလို့လဲ၊ မောင်ရင်ကလေးရဲ့"

ထိုအခါ မောင်ဘဝင်းသည် အဘိုးကြီးအနီးသို့ ကပ်ပြီးလျှင်–

"အခြားမဟုတ်ပါဘူး။ ကျွန်တော်ဟာ မင်းမှုထမ်း ဖြစ်ပါတယ်၊ ဟိုဘက်နယ်မှာ လူဆိုးမားပြများ ထကြွသောင်းကျန်းနေတယ်လို့ ကြားတာနဲ့ စုံစမ်းဖို့ လူများလွှတ်ထားရာ ဘာသတင်းကိုမှ မကြားရတဲ့အတွက် ကိုယ်တိုင်လိုက်ရန် ကြံစည်ပါတယ်။ အရင်က ဗိုလ်တိုင်းကျော်ကိုဖမ်းတာ ကျွန်တော်ပါပဲ။ အခု ဗိုလ်ကျော်လွတ်သွားလို့ စိတ်မကျေမချမ်း ဖြစ်နေပါတယ်"

ဟု တီးတိုးစကားဖြင့် ပြောလေ၏။

"ဩော် ... မောင်ရင်ကလေးဟာ ဗိုလ်ဝင်းဆိုတာလား"

"မှန်ပါတယ် ဘကြီးရဲ့။ တိုးတိုးပြောပါ။ ဘကြီးတစ်ယောက်တည်း သိပါစေ"

ထိုအခါ အဘိုးကြီးသည် များစွာအံ့သြသော လက္ခဏာနှင့် မောင်ဘဝင်းကိုကြည့်ကာ–

"ဗိုလ်ဝင်း ... ဗိုလ်ဝင်းနဲ့ မောင့်သတင်းကိုတော့ အတော်ပဲ ကြားဖူးတာပါပဲ။ ဘကြီးက အတော်ကြီးပြီလို့ မှတ်တာ။ မောင်ရင် ငယ်ငယ်ကလေး ရှိပါသေးကလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ဆက်လက်၍ ပြောပြသည်မှာ –

"ဟုတ်တယ် မောင်ရယ်။ ဟိုဘက်နယ်မှာ အတော်ပဲ သောင်းကျန်းနေပါတယ်။ ဘကြီးတို့ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရအောင် ဖြစ်နေတာပါပဲ။ ဒီကိုအလာမှာလည်း ဘကြီးတို့ လှေဟာ ဓားပြများနဲ့ တွေ့ခဲ့လို့ ပါသမျှကလေးများ တက်တက်စင် သွားပါပကောလား မောင်ရဲ့။ သြော် ... မောင်ရင်ကလေးကို အခြားသူ မှတ်တယ်၊ ဗိုလ်ဝင်းဆိုတာကိုး။ သာဓု–သာဓု–သာဓု၊ အနို့ မောင်ရင် တစ်ယောက်တည်း လိုက်မှာလား။ ဘကြီးတို့လှေက မောင်ရင်မြင်တဲ့ အတိုင်း လှေသားသုံးယောက်၊ ဘကြီးတို့ တူဝရီးနှစ်ယောက် အားလုံး ငါးယောက်ပါတယ်။ လှေက ခပ်ငယ်ငယ်နဲ့မို့ လူများများတော့ မဆံ့ဘူး"

ထိုအခါ ဗိုလ်ဝင်းက ငါ သည်အဘိုးကြီးနှင့် အပြောရအဆိုရ ခက်ခဲလိမ့်မည်ဟု မှတ်ထင်မိရာ ငါထင်တာ မှားကုန်ပြီ၊ မနန်းနွယ်နှင့် တွေ့ရဖို့၊ အသိမိတ်ဆွေဖြစ်ဖို့ အရေးဟာ လွန်စွာ ခက်ခဲလိမ့်မယ်လို့ ထင်နေရာ၊ အခုမှာ ငါထင်သလောက် မခက်ပါကလား။ အခုဖြင့် မနန်းနွယ်နှင့် တစ်လှေတည်း ခရီးသွားရချည်သေးရဲ့။ မနန်းနွယ်၏ မျက်နှာကို မပြတ်မလပ် ဖူးရချည်သေးရဲ့။ ဤအဘိုးကြီးသည် တကယ့်သူတော်ကောင်း အဘိုးကြီး၊ လူရိုးလူကောင်းကြီးပေတကား စသည်ဖြင့် တွေးတောကာ ရင်ထဲတွင် အောင်ပွဲခံ၍ နေပြီးနောက် –

"ကျွန်တော် တစ်ယောက်တည်းပါပဲ ဘကြီးရဲ့။ ကျွန်တော့်လူ များကို ထန်းတပင်ကျမှ တွေ့ရပါလိမ့်မယ်။ တစ်ယောက်အတွက်တော့ ဒီ့ထက် ပို၍ကျပ်မယ် မထင်ပါ။ ဘကြီး အခွင့်ပြုရင် အလွန်တရာ ကျေးဇူး တင်မှာပါပဲ။ အခစားနား အဘယ်၍ အဘယ်မျှ ပေးရမယ်ဆိုတာကို ဘကြီး အမိန့်ရှိပါ"

ဟု ပြောလေ၏။ အဘိုးကြီးက –

"အို ... အခစကားကို မပြောပါနဲ့။ ဘကြီးတို့နယ်ကို ဓားပြ၊ လူဆိုးတို့ ဘေးရန်မှ ကယ်ဆယ်ဖို့ စွန့်စားလာရတဲ့လူကို ဘကြီးက လှေခ တောင်းနေရဦးမလား။ တစ်ယောက်တည်းဆိုတော့ တိုးပြီးလည်း



ဝန်လေးဖို့ မရှိပါဘူး။ ကုန်စည်များလည်း ပါမှမပါတာကဘဲ"

ဟု ပြောလေ၏။

မောင်ဘဝင်းက အလွန်တရာ ဝမ်းသာလျက် –

"ဘကြီး ကျေးဇူးကို မမေ့ပါဘူး ခင်ဗျား။ ဘကြီးတို့လှေ ဘယ်နေ့ ဘယ်ရက် ထွက်မယ်ဆိုတာကိုသာ သိပါရစေ"

ဟု ပြောလေရာ အဘိုးကြီးက –

"ဘကြီးတို့လှေ အခုညနေ ထွက်မှာပဲ"

ဘဝင်းက "အို ... ညကို ထွက်မှာလား။ လူဆိုးတွေနဲ့ တွေ့မှာကို မကြောက်ဖူးလား"

"ကြောက်စရာ တယ်ရှိမယ် မထင်ပါဘူး။ ဘကြီးတို့ လှေမှာ ဘာမှ လုယက် တိုက်ခိုက်စရာ မပါပါဘူး၊ အလာတုန်းက ပေးပြီးခဲ့ပါပြီ။ ဓားပြများက အားနည်းရင် ဘကြီးတို့ကပြန်ပြီး သူတို့မှာပါတာကို တိုက် ယူဖို့ ရှိတာပါပဲ။ ဘကြီးက တွေ့မှသာတွေ့ရော ကြောက်စိတ်ဆိုတာ အနည်းသားပဲကလား မောင်ရဲ့။ ငယ်ငယ်ကလေးကပဲ လှေနဲ့ တက်နဲ့ ဒီထက်ဆိုးတဲ့ ခရီးလမ်းတွေကို သွားလာနေခဲ့ပါတယ်။ အခုတော့ မောင်ရင်လည်း အပါသားပဲ။ ကြောက်စရာ မရှိပါဘူး။ ပျော်ပျော်ပါးပါး သွားကြဖို့သာ ရှိပါတယ်။ နို့မောင်ရင် လှေပေါ်တက်ပြီး လက်ဖက်ရည် ကလေးများ သောက်ပါဦးလား။ နေပူကအလာမှာ လက်ဖက်ရည်ဟာ အကောင်းဆုံးဆေးပါပဲ။ ဘကြီးလည်း ဒီတူမကလေး အလိုကို လိုက်လိုက် ပြီး သူ့ မရောက်ဖူး၊ မပေါက်ဖူးတာနဲ့ ကန်တော်ကြီးနဲ့ ဘုရားကြီးကို နံနက်စောစောကပဲ လှည့်လည်ပြီး ပြလာခဲ့တယ်။ ကိုင်း ... မနန်းနွယ်၊ နေပူတယ် တူမကြီးရဲ့။ လှေပေါ်ကိုတက်ပြီး တစ်ရေးတစ်မောအိပ်ဦး။ လာ ... မောင် လှေပေါ်တက်ပါဦး"

ဟု ပြောလေရာ မောင်ဘဝင်းသည် လှေပေါ်သို့ တက်ရလေ၏။

လှေပေါ်သို့ရောက်၍ လက်ဖက်ရည်များသောက်ရင်း အတန် ကလေးကြာစွာ စကားပြောပြီးနောက် မောင်ဘဝင်းက မိမိမှာ ခရီးအတွက် ပြင်ဆင်စရာရှိကြောင်း၊ ဝန်ရှင်တော်မင်းကြီးအားလည်း အကျိုးအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရန် ရှိသေးကြောင်းနှင့် အခွင့်တောင်းပြီးလျှင်–

“ကျွန်တော် လေးချက်တီးလောက်မှ အရောက်လာပါမယ်”

ဟု ပြော၍ ထွက်သွားလေ၏။ မောင်ဘဝင်းသည်ကား ခရီးပန်း ရမှန်းမသိအောင် ဝမ်းသာလုံးဆို့၍ နေလေ၏။ ။

* * *

## အခန်း (၁၃)

ထိုနေ့ညနေအချိန် မောင်ဘဝင်းသည် အကျိုးအကြောင်းများကို ဝန်ရှင်တော်မင်းကြီးအား လျှောက်တင်ပြီး၍ မိမိလုပ်ငန်းနှင့်ဆိုင်သော လူတို့အားလည်း အကျိုးအကြောင်းများကို မှာပြီးလျှင် မနန်းနွယ်တို့၏ လှေရှိရာသို့ အဆောတလျင် ပြန်၍လာလေ၏။

ယခုကဲ့သို့ ပြန်လာရာတွင် မနန်းနွယ်တို့၏ လှေနှင့် အတူတကွ လိုက်ပါရမည်၊ မနန်းနွယ်နှင့် တွေ့ရတော့မည်၊ မနန်းနွယ်နှင့် အတူတကွ တစ်လှေတည်း ခရီးသွားရတော့မည်ဟူသော အကြောင်းများကို တွေးတောလျက် ဟုတ်မှဟုတ်ပါ့မလား၊ ဤမျှလောက်ကြီးသော ကုသိုလ်ကံသည် ငါ့အား ဖြစ်ပွားနိုင်ပါမည်လား၊ ငါယခုလာခြင်းသည် မနန်းနွယ်တို့ လှေကို လာခြင်းဖြစ်၏။ ငါတကယ် လာလေသလား၊ အိပ်မက်တွင် သွားလာ၍ နေလေသလား၊ ဟို မြစ်ဆိပ်ကမ်းနားရောက်မှ မနန်းနွယ်တို့၏ လှေကိုမတွေ့ရလျှင် ကမ်းနားတွင် ရင်ကွဲ၍ သေဖွယ်ရာရှိပေသည်။

ထိုကဲ့သို့ တွေ့မှတွေ့ပါ့မလား၊ လှေများ ထွက်သွားမလား၊ မိမိကို စောင့်၍ နေပါဦးမလား စသည်ဖြင့် တွေးတော၍ ပူပင်ကာ မိမိကိုယ်ကို မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် ခြေလှမ်းသွက်သွက် သွားလေရာ မြစ်ဆိပ်ဘက်သို့ နီးလာလေသော် မနန်းနွယ်တို့၏ လှေ ရှိသေးရဲ့လားဟု ခပ်လှမ်းလှမ်းက လှမ်း၍ကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ကြည့်လေရာ အဘိုးကြီးသည် လှေပေါ်မှရပ်ကာ လက်တစ်ဖက်နှင့် မျက်လုံးများကို အရိပ်ပေးကာကွယ်ရင်း ကမ်းပေါ်သို့ကြည့်၍နေလေ၏။ သို့ကြည့်နေလေရာ မောင်ဘဝင်း ပေါ်လာသည်ကို တွေ့မြင်သောအခါ အားရဝမ်းသာနှင့် လှေပေါင်းမိုးထဲသို့ လှည့်ကာကုန်းကာ စကားတစ်ခွန်းနှစ်ခွန်းပြောလျှင် မနန်းနွယ်သည် ပေါင်းမိုးထဲမှ ကပိုကရိုနှင့် ထွက်လာပြီးလျှင် မောင်ဘဝင်းကို ကြည့်လေ၏။

လက်ဖက်ရည်သောက်၍ နေကြသော လှေသမားသုံးယောက်တို့သည်ကား လက်ဖက်ရည် ပန်းကန်များကိုကိုင်ကာ လည်ကိုဆန့်၍ ကြည့်ကြပြီးလျှင် မိမိတို့၏ လက်ဖက်ရည်ကို သောက်မြဲတိုင်း သောက်၍နေကြလေ၏။

မောင်ဘဝင်းသည် ထိုကဲ့သို့ ကြည့်နေသည်ကို မြင်ရသောအခါ လွန်စွာအားရလျက် ငါ့ကို အတော်ဂရုစိုက်ပြီး မျှော်နေကြရှာတာကပဲဟု သိရှိ၍ လှေရှိရာသို့ ပြေး၍သွားလေ၏။

အတန်ကလေး ကြာသောအခါ လှေပေါ်သို့ ရောက်သွားပြီးလျှင် မိမိ၏ ပခုံးထက်၌ရှိသော အဝတ်ထုပ်ကို လှေပေါင်းမိုးထဲသို့ ပစ်၍သွင်းကာ ပေါင်းမိုးရှေ့တွင် မိမိ၏လှေကဲ့သို့ ပိုင်စိုးပိုင်နင်း ထိုင်လျက် –

"ဘကြီးတို့ ကျွန်တော့်အတွက် ဒုက္ခများနေပါပြီ။ အားနာစရာ အင်မတန် ကောင်းတာပါပဲ"

ဟုပြောရင်း မိမိ၏မျက်နှာကို ပုဆိုးစနှင့် ယပ်လေ၏။

အဘိုးကြီးက "အို ... ဒုက္ခမများပါဘူး မောင်ရယ်။ မောင်ရောက်လာတာ အခန့်သင့် ထွက်မယ့်အချိန်ပါပဲ"

ဟု ပြောလေ၏။

မနန်းနွယ်သည်ကား မောင်ဘဝင်း၏ အထုပ်ကိုယူကာ ကြိုးတစ်ခုနှင့်စည်းပြီးလျှင် လှေပေါင်းမိုးတွင် ချည်ဆွဲ၍ ထားလေ၏။

မောင်ဘဝင်းသည် ထိုကဲ့သို့ မနန်းနွယ် လုပ်နေသည်ကို မြင်ရသောအခါ ပီတိသောမနဿ အလွန်တရာဖြစ်ပြီးလျှင် မနန်းနွယ် လုပ်ပုံကိုင်ပုံ၊ ချည်ပုံနှောင်ပုံကို ကြည့်ကာ မနန်းနွယ်၏ ကျင်လည်သော လက်



ချောင်းကလေးများကို စိတ်အာရုံ-စူးစိုက်၍နေလေ၏။

မနန်းနွယ်သည်လည်း ထိုကဲ့သို့ မောင်ဘဝင်း၏ အထုပ်ကို ကိုင်တွယ်ခြင်း၊ မနိုင်သည်ကိုနိုင်အောင် ပြန်၍ချည်နှောင်ပေးခြင်း အလုပ်များကို လုပ်၍နေစဉ် မောင်ဘဝင်းကို မျက်စောင်းကလေးနှင့် တစ်ချက်တစ်ချက် ကြည့်လေရာ မောင်ဘဝင်း၏မျက်လုံးနှင့် မကြာခဏ ဆိုင်၍နေလေ၏။ ထိုကဲ့သို့ မိမိ၏အချစ်ကို လွန်စွာအားကိုး စိတ်ချလျက် မနန်းနွယ် စောင်း၍ကြည့်လိုက်သော မျက်လုံးအရှိန်တစ်ချက်သည် မိမိ၏ စိတ်ထဲ၌ အသပြာတစ်သိန်းတန်သည်ဟု ထင်မှတ်လေ၏။

ထိုမျက်စောင်းဖြင့် ကြည့်ရှုသောအရှိန်ဖြင့် မောင်ဘဝင်း၏စိတ်သည် မြင့်ကာမြင့်ကာ၊ ကြွကာကြွကာ နိဗ္ဗာန်သို့မြောက်ကာ တက်သကဲ့သို့ ထင်မှတ်လေ၏။

မနန်းနွယ်သည် လှလှပပပြင်ဆင်၍ နေသူမဟုတ်၊ ခရီးပန်း၍ အနည်းငယ်မျှ အိပ်ပြီးလျှင် အိပ်ရာမှနိုးစမို့ ဆံပင်မှာ မပြုမပြင် အမျှင်မျှင်တွေ ကပိုကရိုထပြီး နဂိုလှ နဂိုယဉ် အင်မတန် ထင်ပေါ်သောကြောင့် မောင်ဘဝင်း၏ စိတ်သည် ၎င်းဆံပင်တည်းဟူသော မနန်းနွယ်၏ ညွတ်ကွင်း ပိုက်ကွန်တို့အထဲတွင် မိအပ်သော ချိုးသူငယ်ကဲ့သို့ မလွတ်နိုင်အောင် ဖြစ်၍နေတော့သတည်း။

(ဤဝတ္ထု၌ အများတွေးတောကြသည့်အတိုင်း မနန်းနွယ်သည် မယ်ယကျဖြစ်ပါလျှင် မောင်ဘဝင်းကို အထူး ဖမ်းဆီးချုပ်နှောင်ရန် လိုတော့မည်မဟုတ်၊ ဤလို ကပိုကရိုရှိသော ဆံပင်တို့ဖြင့် ညို့ကာ ဖမ်းခြင်းသည် သံကြိုးထိတ်ကြိုး အစင်းတစ်ရာတို့ဖြင့် ချည်နှောင်သည်ထက် ပိုမိုခိုင်ခံ့လိမ့်မည်ဟု စိတ်ချဖွယ်ရှိလေသည်။)

ထိုအတွင်း အဘိုးကြီးက –

"မောင်ရင် ... ထမင်းစားပြီးပြီလား"

ဟု မေးလေရာ –

မောင်ဘဝင်းက "ထမင်းစားပြီးပါပြီ ဘကြီးရဲ့။ ဘကြီးတို့ကော

www.burmeseclassic.com

www.burmeseclassic.com



စားပြီးကြပြီလား"

ဟု မေးလေရာ–

"ဘကြီးတို့ အခု စားမလို့ပါဘဲ။ မောင် စားပါဦးလား"

ဟု ပြောလေရာ–

မောင်ဘဝင်းက ငြင်းပယ်လျက် လှေပေါင်းမိုးတွင် တပ်ထားသော ဝါးခေါင်းအုံးတစ်လုံးကိုမှီကာ တုံးလုံးလှဲ၍ နေလေ၏။

ထိုအခါ အဘိုးကြီးက–

"အေး ... အေး ... မောင် တုံးလုံးလှဲနေပါဦး။ ဘကြီးတို့ ထမင်းစားဦးမယ်"

ဟု ပြောခိုက် မနန်းနွယ်သည် အလွန်တရာ သန့်ရှင်းဖြူစင်သော ခေါင်းအုံးနှစ်လုံးနှင့် ကော်ဇောတစ်ချပ်ကိုယူလာပြီးလျှင် မောင်ဘဝင်း၏ အပါးသို့ ပုဆစ်ဒူးတုပ်ကာ ခင်း၍ပေးပြီး–

"ဒီမှာ တုံးလုံးလှဲပါရှင်"

ဟု ပြုံးချိုသော မျက်နှာကလေးနှင့် မောင်ဘဝင်းမျက်နှာကို ရဲရဲမကြည့်ဘဲ ပြောရှာလေ၏။

မောင်ဘဝင်းက "အို ... ဒုက္ခတယ်ကြီးမရှာပါနဲ့။ ဒီလှေမှာ ကျုပ်ပါလာခြင်းဟာ အားလုံးကို ဒုက္ခပေးဖို့ ဖြစ်တာပါပဲ။ ကျွန်တော်မှားလို့ လိုက်လာမိတော့တာပဲ"

ဟု ပြောကာ လှဲနေရာမှ ထလေ၏။

"ကိစ္စမရှိပါဘူးရှင်။ ဒုက္ခမများပါဘူး။ ကျွန်မတို့မှာ အားငယ်ငယ်နဲ့ ပြန်ရမယ့်အထဲမှာ ရှင့်လို အားကိုးလောက်တဲ့ လူတစ်ယောက်ပါလာတဲ့ အတွက် အင်မတန် ကျေးဇူးတင်တာပါပဲ။ ဒီအပေါ်မှာ တုံးလုံးလှဲပါရှင်"

ဟုပြောကာ လှေပဲ့ဘက်သို့ ထမင်းစားရန် ထသွားလေ၏။ ။

* * *

## အခန်း (၁၄)

နောက်နာရီဝက်လောက် ကြာသောအခါ လှေသည် ထွက်သွားလေ၏။ လေသည် အတော်ကောင်းသဖြင့် ညနေချမ်းလေကြောတွင် ကြည်လင်စွာ တိုက်လွှင့်၍ သွားသောလှေသည် မောင်ဘဝင်း၏စိတ်ကို အထူးကြည်နူးစေ၏။ လှေသမားများသည် ရွက်ကိုအားကိုးကာ ပဲ့ဘက်၌ စစ်တုရင်ထိုး၍ လိုက်သွားကြလေ၏။

အဘိုးကြီးသည်ကား ဆေးတံကြီးကိုသောက်ရင်း လှေပဲ့ကိုင်၍ မှိန်းကာနေလေ၏။လှေဦးဘက်၌ မောင်ဘဝင်းသည် အနောက်ဘက်ရှိ သာယာသော ကောင်းကင်နှင့် တိမ်ချပ်တိမ်လွှာများကိုလည်းကောင်း၊ ဝဲယာတစ်ဖက်တစ်ချက်၌ ပေါက်ရောက်လျက်ရှိနေသော သစ်ပင်ကြီး၊ သစ်ပင်ငယ်၊ တောအုပ်၊ တောတန်း၊ လယ်ပြင်၊ လယ်ကောင်း၊ ကမ်းစောင်းရေစပ်တို့ကိုလည်းကောင်း ကြည့်ရှုကာ ကြည်လင်ချိုအေးသော လေပြည်ကို ရှူရှိုက်မျိုသောက်ရင်း ထိုင်၍နေလေ၏။

သို့သော်လည်း မောင်ဘဝင်း၏ မျက်နှာသည် ပေါင်းမိုးထဲတွင် တစ်စောင်းလှဲကာနေသော မနန်းနွယ်၏ဘက်သို့ မကြာခဏ လှည့်ကာ ကြည့်မိလေ၏။ ထိုကဲ့သို့ လှည့်ကာ ကြည့်မိသည့်အခါတိုင်း မျက်လုံးများ ဆိုင်မိသောကြောင့် မကြာခဏ လှည့်၍–ကြည့်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ အတန်ကြာကလေး နေလတ်သော် မောင်ဘဝင်းသည် မနန်းနွယ်ဘက်သို့ ငဲ့ကာကြည့်ရင်း –

"မနန်းနွယ် ဒီလောက်သာယာတဲ့ ညနေမျိုးကို ကျုပ်တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးသေးဘူး။ မနန်းနွယ်တို့မှာတော့ အမြဲ လှေနဲ့တက်နဲ့နေတဲ့အတွက် တွေ့ရမှာဘဲ၊ ကြည့်စမ်းပါ မနန်းနွယ်ရဲ့။ ဟောဟို တောအုပ်ကလေးမှာ ရွှေအဆင်းနဲ့တူတဲ့ နေရောင်နဲ့ ဝင်းဝင်းထိန်နေတဲ့ ပန်းတွေဟာ ချစ်စရာ မကောင်းဘူးလား"

ဟု ပြောလေ၏။

မနန်းနွယ်က ပြုံးချိုသော မျက်နှာနှင့်ထကာ ထိုင်ပြီးလျှင် အပြင်ဘက်ကို ခေါင်းငဲ့ကာ မောင်ဘဝင်း လက်ညှိုးညွှန်ရာကို ကြည့်လျက် စကားမပြောဘဲ နေလေ၏။

"မနန်းနွယ်တို့မှာ ဒီလိုလှပတဲ့သူမို့ အလှကို မြင်ရသော်လည်း ထူးတယ်လို့ မထင်တာ ထင်ပါရဲ့"

ဟု ပြောလေ၏။

မနန်းနွယ်က မျက်နှာမှာနီပြီး ပြုံးချိုသောမျက်နှာနှင့် မောင်ဘဝင်းကို ကြည့်ရင်း –

"နို့ ... ရှင်ဘာပြုလို့ အလှကိုကြည့်ပြီး စိတ်ထဲမှာ ပျော်နေသလဲ"

"ကျုပ် အင်မတန်ကြီး မလှလို့ထင်ပါရဲ့"

ဟု ပြောလေ၏။

"လှပါတယ်ရှင်။ ဗိုလ်ဝင်းက မလှဘူးလို့ အပြောခံရဘူးသလား"

ဟု မေးလေရာ မောင်ဘဝင်း အသည်းနှလုံးမှာ ရေချမ်းအိုးကြီးထဲတွင်ထည့်၍ စိမ်လိုက်သလို ဖြစ်သွားလေ၏။

"မနန်းနွယ် ... ကျုပ် မင်းတို့လှေမှာ ပါလာတာကို သဘောမကျဘူးလား"

ဟု မေးလေရာ –

"ဘာသဘောမကျစရာ ရှိသလဲရှင်။ ကျွန်မတို့မှာ အဖော်တောင် ရပါသေးတယ်"



"ကျုပ် ဒီလှေမှာ ပါလာတဲ့အတွက် နည်းနည်းကလေးမှ တိုးပြီး မပျော်ဘူးလား"

"ပျော်ပါတယ်ရှင်။ လူနည်းရင် ပျင်းတာပဲ။ လူများရင် ပျော်ကြမြဲပါ"

"မနန်းနွယ်။ ကိုင်း ... ကျုပ် တစ်ယောက်တည်းပါပြီး ဘာလူမှ မပါဘဲ မနန်းနွယ်နဲ့နှစ်ယောက်တည်း အခုလို လှေနဲ့သွားရရင် မနန်းနွယ် အင်မတန်ကြီး ကြောက်မှာလား"

"ဘာကြောက်စရာရှိသလဲရှင်။ ဗိုလ်ဝင်းဆိုတာ လူကောင်းပဲ။ ဟားပြမှမဟုတ်ဘဲ"

"နို့ ... နေပါဦး မနန်းနွယ်ရဲ့။ အဲဒီလို နှစ်ယောက်တည်းသွားရရင် မနန်းနွယ်စိတ်ထဲမှာ နည်းနည်းကလေးများ မပျော်ပေဘူးလား။ ကျုပ်ဖြင့် အတိုင်းထက်အလွန် ဝမ်းသာမှာပဲ"

"အလို ... ရှင် သူများလှေမှာလည်း စီးသေးရဲ့။ ပါလာတဲ့ လှေရှင်များကိုလည်း မပါစေချင်။ ရှင်တစ်ယောက်တည်း စီးချင်တာပေါ့လေ။ ကျွန်မဘကြီးနဲ့ လှေသမားသုံးယောက်ကို လှေပေါ်ကများ နှင်ချဦးမလို့လား"

ဟု အံ့အားသင့်ယောင်နှင့် ပြောင်ပြက်ကာ ပြောလေ၏။

"ဒီလိုလည်း မဟုတ်ပါဘူး မနန်းနွယ်ရဲ့။ မတော်တဆ မနန်းနွယ်နဲ့ ကျုပ် နှစ်ယောက်တည်းများ သွားရရင် ပြောတာပါ"

"သြော် ... ဒီလိုလား။ ဒီလိုဖြစ်ရင် ကျွန်မ မပြောတတ်အောင် ရှိတာပဲ။ ရှင်တကယ်ကိစ္စရှိလို့ လိုက်လာတာလား။ ကျွန်မကို သုံးခွန်းသော စကား ပြောချင်လို့ လိုက်လာတာလား"

"ဘုရားလည်းဖူးရင်း၊ လိပ်ဥလည်းတူးရင်း ဆိုသလိုပါပဲ။ အမှန်ကတော့ မနန်းနွယ်ကို ကျုပ် ကန်တော်ကြီးမှာ ဘယ့်နှယ့်ပြောသလဲ။ မနန်းနွယ်သွားရာကို ကောက်ကောက်ပါအောင် လိုက်တော့မယ်လို့ အကြံပြုထားပါတယ် မနန်းနွယ်ရဲ့။ မတော်လို့များ အခုလှေနဲ့ ပါမလာရင် ကျုပ် ဘယ်လိုဖြစ်နေမယ်ဆိုတာ မပြောနိုင်အောင် ရှိမှာပါပဲ"

"ရှင် အခုလှေနဲ့ပါမလာရင် ရှင့်မြို့မှာရှိတဲ့ အပျိုချောကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ တစ်လှည့်စီ လည်နေမှာပေါ့"

"ဘုရားကို စူးရပါစေရဲ့ မနန်းနွယ်ရယ် ...။ ကျုပ် ငယ်ဖြူအစစ်ပါ။ ဘယ်လူနဲ့မှ ဘာမှမဖြစ်ဖူးပါဘူး။ အခုလည်း ကျုပ်မှာ ချစ်တဲ့သူတစ်ယောက်မှ မရှိပါဘူး။ မနန်းနွယ် ဒီလိုတွေးရင် အမှားကြီး မှားမှာပေါ့။ ဒါ့ထက် ကျုပ်မေးတာကို မနန်းနွယ်ပြန်ပြီး မဖြေသေးဘူး။ မနန်းနွယ်နဲ့ ကျုပ်နဲ့ နှစ်ယောက်တည်း လှေနဲ့တက်နဲ့သွားရရင် အနည်းငယ် စိတ်ပျော်ပါ့မလားလို့ ကျုပ်မေးမိပါတယ်"

ထိုအခါ မနန်းနွယ်သည် ချစ်စဖွယ်သော မျက်လုံးကြီးများနှင့် မောင်ဘဝင်း၏ မျက်နှာကို မျက်တောင်မခတ်ဘဲ မေးခနဲတစ်ချက်၊ လင်းခနဲတစ်ချက် နက်နဲသော စိတ်ဓာတ်ကိုလွှတ်ရင်း စကားမပြောဘဲ ကြည့်၍သာ နေရှာလေ၏။

မောင်ဘဝင်းသည်လည်း ထိုနူးညံ့သော မျက်လုံးများဖြင့် ဖမ်းစားခြင်းကို ခံရလျက် မနန်းနွယ်၏မျက်နှာကို စိုက်၍ကြည့်ကာ ဖယောင်းဖော့ပမာ နူးညံ့ချောမွတ် သေးသွယ်လှစွာသော မနန်းနွယ်၏ လက်ကလေးနှစ်ဖက်ကို ဖြည်းညင်းစွာ အုပ်ကာအုပ်ကာ ကိုင်မိလေ၏။

ယင်းကဲ့သို့ ကိုင်မိသည်နှင့် တစ်ပြိုင်နက် နှစ်ဦးနှစ်ဝသော ပျိုရွယ်သူတို့၏ ကိုယ်ခန္ဓာအတွင်း လျှပ်စစ်ဓာတ်ကြိုးပမာ သွယ်တန်းကူးယှက်လျက် နေကြကုန်သော သိန်းသန်းမကသော အာရုံကြောအပေါင်းတို့သည် သံလိုက်ဖြင့် ထိအပ်သော သံ (ဝိုင်ယာ)ဓာတ်ကြိုးပမာ အသက်ဓာတ်ဝင်စား၍ လာကြပြီးလျှင် တဖျဉ်းဖျဉ်း လှုပ်ရှားထကြွ ရှိုးရှိုးရွရွ ဖြစ်ကြလေသတည်း။

စင်စစ်သော်ကား မိန်းမပျို၊ ယောကျ်ားပျိုတို့၏ ကိုယ်၌ရှိကြကုန်သော အသွေးဓာတ်၊ အသားဓာတ်၊ အကြောဓာတ်တို့သည် စောင်းကြိုးပမာ လွန်မင်းစွာ တင်းရင်းသော အခြေအနေ၌ ရှိကြသဖြင့် ထိလိုက်လျှင် တစ်ကြောလုံး၊ တစ်သားလုံး၊ တစ်သွေးလုံး တုန်လှုပ်တီးခတ်လျက် မိမိတို့၏ စိတ်အတွင်း၌သာ ကိုယ်စီကိုယ်င ကြားနိုင်ကြကုန်သော အသံတစ်မျိုးသည် ပေါ်ပေါက်၍လာလေ၏။



ထိုအသံသည်ကား စောင်းငြင်းပတ်သာ ခရာဒုံမင်း၊ ခြွေညှင်းသန့်သန့်၊ ပွေခင်းဖန့်ဖန့်၊ ရေကင်းသံဖြန့်သည်ထက် ပိုမိုချိုအေးလျက် နတ်စောင်း၊ နတ်ညှင်းအသံတို့ထက် သာလွန်လေးနက်သံသည်ဟု မှတ်ထင်ရလေ၏။

ယင်းကဲ့သို့ လက်အချင်းချင်း ထိနိုက်၍နေလေရာ မိမိတို့ ပတ်ဝန်းကျင်၌ ရစ်ခြံကာနေသော လောကဓာတ်တစ်ခုလုံးကိုပင် ပြင်ပြင်သားမေ့လျော့ကာ မျက်နှာချင်း၊ မျက်လုံးချင်း၊ နှာခေါင်းချင်း၊ နှုတ်ခမ်းချင်း၊ တစ်ဦးကိုတစ်ဦး ဆွဲ၍ယူသလို အလိုလို နီးကပ်၍ လာကြလေ၏။

ယင်းကဲ့သို့ နီးကပ်၍ လာကြသည့်အခိုက်တွင် "အရေးကောင်းလျက်၊ ဒိန်းဒေါင်းဖျက်" ဟူသော စကားကဲ့သို့ ပဲ့ဘက်တွင် စစ်တုရင်ထိုးနေကြသော လှေသမားများအနက် တစ်ယောက်သောသူသည် ဖျက်လိုဖျက်ဆီး ဒေါသကြီးပြီးလျှင် စစ်တုရင်ရုပ်ကို ခုံပေါ်သို့ တစ်အားဆောင့်၍ ချယမ်းကာ ပါးစပ်က "ခွတုပ်" ဟု ကျယ်လောင်စွာ အော်လိုက်လေ၏။

ထိုအခါ အပျို၊ လူပျိုနှစ်ယောက်တို့၏ စိတ်သည် နတ်ပြည်သို့ ရောက်၍နေရာမှ ဘုံကြိုးပြတ်ကာ ဘုံးခနဲ ကျ၍လာကြသလို၊ ဖဿဒေဝနာ စည်းစိမ်ကြောပြန့်၍နေရာမှ ရုတ်တရက် လန့်ထိတ်ကာ သတိရကြပြီးလျှင် လက်များကို လွှတ်ကြရလေ၏။

ထို့နောက် ရှက်ကိုးရှက်ကန်းဖြစ်ကာ မျက်လွှာများကို အသီးသီးချကာ နေကြလေ၏။

ထိုအတွင်းတွင် အနောက်ဘက်မှ ဖော့တိုက်၍လာသော လေညှင်းသည် သင်းပျံ့မွှေးကြိုင်သော ပန်းရနံ့တို့ကို ဆောင်ယူလျက် နှာဝကို မြူလာလေ၏။

တဖျတ်ဖျတ် ကခုန်နေကြသော ရေလှိုင်းကလေးများသည် အနောက်ဘက်မှ ရိုက်ဆင်းသော နေရောင်ခြည်၌ ရွှေအဆင်းပမာ ပြိုးပြိုးပြက်လျက် ပျိုရွယ်သူနှစ်ယောက်၏ မျက်နှာကို ရွှေရောင်ဖြင့်လာ၍ ဟပ်ကာ လှသည်ထက်လှအောင် မှုန်းသခြယ်လှယ်လေ၏။

အနီးရှိကမ်းခြေ၌ ထိုင်၍နေသော ပေါက်ပင်ကြားမှ ဝင်းထိန်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပသော တိန်ညင်းငှက်တစ်ကောင်သည် မြူးပျော်သောအသံဖြင့် ရေပြင်ထက်သို့ ထိုးစိုက်ကာ ပျံချလျက် ၎င်းတို့၏အနီးတွင် တစ်ချက်နှစ်ချက် ဝဲပျံကာ ကောင်းချီးမင်္ဂလာ ဩဘာပေးပြီးလျှင် အဆိုပါ ပေါက်ပင်သို့ ပျံ၍နားကာ ကြည်ဖြူသူ နှစ်ယောက်တို့ကို ငြိမ်သက်စွာ ကြည့်ရှု၍နေလေ၏။ မိမိတို့၏ အထက်၌ရှိသော ဖြူစင်သည့် ရွက်သည်လည်း ပြည့်တင်းညီညာစွာ မောင်းလျက် အားတက်သရော ဆွဲဆောင်လေရာ လှေဦးတွင် ရေယက်ပန်းကြွပြီးလျှင် စိန်ကျောက်၊ နီလာ၊ သန္တာပုလဲ၊ နဝရတ် အစိုင်အခဲတို့ကို ရေပန်းရေပေါက်တို့သည် လှေဦးထက်သို့ ဖြန့်ကြဲ၍ လွင့်စဉ်လာကြလေ၏။

ထို့နောက် မနန်းနွယ်နှင့် မောင်ဘဝင်းသည် တစ်ယောက်ကိုတစ်ယောက် ဆက်လက်၍ စကားမပြောနိုင်ကြဘဲ မိမိတို့၏ အချစ်ဓာတ်ပိုမိုလေးနက်အောင် စွမ်းဆောင်ဖန်တီးနိုင်သော လောကဓာတ်၏ ကြည်လင်သာယာ လှပခြင်း၌ မွေ့လျော်ကာ တစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာ နေရခြင်းတည်းဟူသော အမြိုက်အရသာဖြင့် အထူးအချုန် ကြည်နူးကာ နေကြရှာလေသတည်း။

ယင်းကဲ့သို့ သွားကြလေရာ ယုဂန္ဓိုရ်တောင်စွန်းဝယ် တဖြည်းဖြည်း ကွယ်တော့မည်ရှိသော ဒေါင်းစက်ဖန်ဝါ နေရာဇာသည် နီဝါသောအဆင်းဖြင့် လောကတစ်ခုလုံးကို မှုန်းသခြယ်လှယ်ကာ "ဂွတ်နိုက်" ဟူသော စကားဖြင့် သွားတော့မည်ဟန် ပြင်လေ၏။

ပလီပလာ ပြာအဝါနှင့် ညွှန့်ညာယှက်သန်း၊ တိမ်ပန်းတိမ်ခက်၊ တိမ်ညိုနက်တို့သည် စပျစ်နွယ်ပမာ အနောက်ဘက် ဓါယာကို ဆေးစုံဖြင့် ခြယ်ကာသပြီးလျှင် ရှုကြည့်၍မဝအောင် သိုက်မြိုက်ခမ်းနား လှပခြင်းကို ထင်ရှားစေ၏။ ထိုအခါ လှေသည် ရန်ကုန်မြို့နှင့် အတန်ကြီး ဝေးသွားပြီဖြစ်သောကြောင့် နေလုံးလည်းပျောက်ပြီးလျှင် လောကဓာတ်တစ်ခွင်ဝယ် ဆေးမင်ဖြင့် ခြယ်တော့မည့်အသွင် မှောင်တပ်ကြီးဆင်၍ လာလေသတည်း။

ထိုကဲ့သို့ ဘဝင်းနှင့် မနန်းနွယ်တို့ နှစ်ကိုယ်တည်း လှေဦးဘက်၌ ထိုင်၍နေကြသည်ကို အဘိုးကြီးသည် အဘယ်ကြောင့် အခွင့်ပေး၍



ထားပါသနည်း။ ထိုကဲ့သို့ အခွင့်ပေး၍ ထားခြင်းသည် ဤဝတ္ထု၌ များစွာယုတ္တိကင်းသော အချက်တစ်ခု ဖြစ်လေသည်ဟု စာဖတ်သူအချို့တို့က တွေးတောကြပေလိမ့်မည်။

သို့သော်လည်း ဤဝတ္ထု၌ ပါရှိသော အကြောင်းအရာများ ဖြစ်ပွားသော ခေတ်သမယသည် ကျွန်ုပ်တို့၏ ထူးဆန်းသော ခေတ်သမယနှင့် မတူ။ ယောက်ျားပျို၊ မိန်းမပျိုတို့မှာ ယခုထက် ပိုမို၍ လွတ်လပ်ခြင်းကို ရကြလေသည်။ သို့ပင် လွတ်လပ်ခြင်းကို ရကြငြားသော်လည်း ထိုလွတ်လပ်ခြင်းဖြင့် ဖောက်လွှဲဖောက်ပြား မတရားသော အကျင့်အလေ့မျိုးထဲသို့ မိမိတို့ကိုယ်ကို ရောက်အောင် မပြုတတ်ကြချေ။

သို့ဖြစ်သောကြောင့် မောင်ဘဝင်းနှင့် မနန်းနွယ်တို့၏ နေပုံကို အဘိုးကြီးသည် အခွင့်ပြု၍ ထားလေသလား မသိရချေ။ လှေသမားတို့မှာမူ မနန်းနွယ်နှင့် မောင်ဘဝင်းတို့ကို မိမိတို့၏ မျက်မှောက်၌ရှိသော စစ်တုရင်အကွက်တစ်ကွက်လောက်မှ အလေးဂရုပြုကြဟန် မရှိကြချေ။

ယင်းကဲ့သို့ စကားပြောရင်း ဆက်လက်၍ သွားကြရာ အတော်ကလေး သွားမိလတ်သော် လေများတိတ်၍ လှေသမားများသည် ရွက်ဖြုတ်ကြပြီးလျှင် လှေကို စ၍ ခတ်ကြလေရာ မောင်ဘဝင်းနှင့်မနန်းနွယ်တို့ လှေပေါင်းမိုးထဲသို့ ဝင်ကြလေ၏။ အကြောင်းမူကား ဆောင်းဥတုအခါသမယ ဖြစ်သောကြောင့် အတော်ကလေး အေး၍လာလေ၏။

ပေါင်းမိုးအတွင်းသို့ ရောက်သောအခါ အထက်နည်းအတိုင်း ဆက်လက်၍ စကားပြောနေကြရာတွင် လှေနံဘေးမှ လှေနှင့်တိုက်ခိုက်မိသော အသံလိုလို ကြားရသောအခါ မောင်ဘဝင်းနှင့် မနန်းနွယ်သည် အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေရာ လူနှစ်ယောက်နှင့် လှေငယ်တစ်စင်းသည် မိမိတို့လှေနံးမှပွတ်၍ အမြန်ကြီး လျှော်သွားသည်ကို မှောင်ထဲတွင် ကောင်းစွာမသဲမကွဲဘဲ မည်းခနဲ မည်းခနဲ မြင်လိုက်ကြရလေရာ လှေသမားများအား –

"ဒီလှေ ဘာလှေပါလိမ့်မလဲ"

ဟု မောင်ဘဝင်းကမေးလျှင် လှေသမားများက –

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"တံငါလှေထင်ပါရဲ့ မောင်ရင်ရယ်"

ဟု ပြောသဖြင့် ၎င်းလှေအကြောင်းကို ဆက်လက်၍ မတွေးတောဘဲ စကားပြောမြဲတိုင်း ပြော၍နေကြလေ၏။

မောင်ဘဝင်းမှာ မိမိမမျှော်လင့်သော အခြေအနေနှင့် တွေ့၍နေသောကြောင့် မိမိ၌ ဤဘဝတွင် ထိုမျှလောက်ကြီးသော စိတ်ပျော်ရွှင်ခြင်းကို ဘယ်အခါမျှ မရဘူးဘဲ အထူးပင်ပျော်ရွှင်ကာ မွေးကြိုင်သော လေပြည်လေညင်းပမာ မနန်းနွယ်၏ နှုတ်လျှာမှ ချိုသာစွာထွက်သော အသံစကားများ၌ နှစ်သိမ့်ကာနေရှာလျက် ငါ့အား ဤအဘိုးကြီး မိမိ၏ တူမနှင့် သဘောတူသောကြောင့် စကားပြောခွင့်ပြုထားပေ၏ဟု အားကိုးကာ ခေါင်ရေအိုးကိုတွေ့ရလျက် မက်မောကာ မေ့လျော့မူးယစ်၊ စုတ်တံကိုမပစ်နိုင်၊ တစိုက်စိုက်ခဲ၍နေသော သူကဲ့သို့ မနန်းနွယ်နှင့်အတူ အနှောင့်အယှက်မရှိဘဲ တိုးတိုးတိတ်တိတ် စကားပြော၍နေကြခြင်းတည်းဟူသော ရသာရမ္မက်၏ ဖမ်းစားခြင်း၌ မူးယစ်ကာ နေရှာလေ၏။

ထိုစဉ် မနန်းနွယ်က "ရှင့်ကို အများလူတို့က ဗိုလ်ဝင်းလို့ ခေါ်ကြပါတယ်။ ရှင့်နာမည်က ဘယ်သူပါတဲ့လဲ"

ဟု မေးလေ၏။

မောင်ဘဝင်းက "ကျုပ် ငယ်နာမည်က မောင်ဘဝင်းပါ။ မနန်းနွယ် ကြားဖူးသလား"

ဟု မေးလေ၏။

မနန်းနွယ်က "ငယ်နာမည်ကလည်း နာမည်ကောင်းပါပဲလားရှင်။ သူများပြောသံကိုတော့ ကြားဖူးပါတယ်။ နို့ပေမယ့် သာပြီး သေသေချာချာ သိရအောင် မေးကြည့်ရပါတယ်။ ဒါ့ထက် အခုနေ မတော်တဆ ဘေးပြများနဲ့တွေ့ရရင် ရှင့်ကိုအားကိုးရမှာပဲ"

မောင်ဘဝင်းကလည်း "အို ... မကြောက်ပါနဲ့ မနန်းနွယ်ရယ်။ မနန်းနွယ်အတွက် တစ်ခုခု စွန့်စားရတယ်ဆိုရင် အင်မတန် ဝမ်းမြောက်ရမှာပဲ။ မနန်းနွယ်ကိုသာ ကျုပ် ဘယ်လောက် ချစ်တယ်ဆိုတာကို သာပြီး သိသာအောင်ပြဖို့ရာ အခုနေ အရေးတစ်ခုခု ပေါ်စေချင်တာပါပဲ"



မနန်းနွယ်က "မပေါ်ပါစေနဲ့ရှင်။ အင်မတန် ကြောက်လှပါတယ်။ ကိုဘဝင်းကို အားကိုးရခြင်း၊ ကိုဘဝင်း၏ စောင်မကယ်ဆယ်ခြင်းကို ခံရခြင်းဟာ ကျွန်မမှာ အင်မတန် စိတ်အားတက်ပြီး အင်မတန်ကြီးတဲ့ ချမ်းသာခြင်းကို စံစားရဖို့ရှိပေမယ့် ဘေးပြများနဲ့ မတွေ့ပါရစေနှင့်လို့ ဆုတောင်းရပါတယ်။ ကျွန်မတို့အတွက် ကိုဘဝင်းမှာ ဘေးပြရဲ့လက်ချက်နဲ့ အသက်သော်လည်း သေစရာရှိပါတယ်။ အင်္ဂါတစ်ခုခုသော်လည်း ချွတ်ယွင်းစရာရှိပါတယ်။ မတော်တဆ ဒီလိုများဖြစ်သွားရင် ကျွန်မ အင်မတန် သနားမှာပဲ"

"အို ... ဒါတွေကို မပြောပါနဲ့။ မနန်းနွယ်ကသာ ရှင် နက်ဖြန်ခါ အသေခံဝံ့ရင် ရှင့်ကို ကျွန်မ ယခု စုံမက်ပါ့မယ်လို့ ပြောစမ်းပါ။ ကျုပ် နက်ဖြန် အသေခံဝံ့ပါ့မယ်"

ဟု မောင်ဘဝင်းက ပြောလေ၏။

မနန်းနွယ်က "ကိုဘဝင်း အသက်ရှည်ပါစေလို့ ကျွန်မ နေ့တိုင်း ဆုတောင်းပါတယ်။ ကျွန်မအတွက် ဘေးမသင့်စေရပါဘူး။ ကိုဘဝင်းမှာ မတော်တဆ တစ်ခုခုဖြစ်သွားရင် ကျွန်မမှာ ..."

ဟုပြောကာ စကားဆက်လက်၍ မပြောနိုင်ရှာဘဲ ရှက်ကိုးရှက်ကန်းနှင့် မျက်နှာကိုအောက်သို့ချလျက် မျက်နှာတွင် သွေးရောင်တွေ လျှမ်းလျှမ်းတက်ပြီးလျှင် မိမိ၏ပေါင်ပေါ်သို့ လှပသော လက်ချောင်းကလေးများနှင့် ထိုးကာခြစ်ကာ နေလေ၏။

ပုဆစ်ဒူးတုပ်ကာ ထိုင်၍နေသော ပေါင်ကလေးများမှာ လွန်စွာဖောင်းအိညီညွတ် ပြေပြစ်ချော့မောသဖြင့် မောင်ဘဝင်း၏ မျက်လုံးများသည် ထိုပေါင်များ၏အပေါ်၌ မငြိမ်မသက် လှုပ်ရှား၍နေသည့် လှပသော လက်ချောင်းကလေးများကို ကြည့်ကာ–

"ဪ ... ဒီမနန်းနွယ်ကလေးကို ဒီဘဝမှာ ရမှရပါတော့မလား။ သူတို့နေတဲ့ အရပ်အထိ ငါလိုက်သွားပြီး သူတို့အိမ်မှာ အတင်းပဲနေရင် လက်ခံပါ့မလား။ မတော်တဆ ဒီကောင်မကလေးကို မရပြီဆိုမှဖြင့် ငါရဲ့ ဘဝဟာ အင်မတန် ဆင်းရဲငြိုငြင်ဖွယ် ကောင်းတဲ့ဘဝ ဖြစ်ရတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးတောကာ –

"မနန်းနွယ် ... မနန်းနွယ် ပြောတဲ့စကားတွေကို ထောက်ပြီးကြည့်ရရင် မနန်းနွယ် ကျုပ်ကို အနည်းငယ် စုံမက်တယ်ဆိုတာ ကျုပ်သိလောက်ပါတယ်။ ဒါပေမဲ့ မနန်းနွယ် နှုတ်ပါးစပ်က အတိအလင်း ပြောမပြသေးတဲ့အတွက် ကျုပ်ရင်ထဲမှာ တစ်ပွက်ပြီးတစ်ပွက် ရေနွေးအိုးကြီးဆူပွက်သလိုနေပါတယ်။ တစ်ဆိတ်လောက် အသေအချာ သိပါရစေ မနန်းနွယ်ရယ်။ ကျုပ်ကို တကယ်စုံမက်တယ် မဟုတ်လား"

မနန်းနွယ်သည် မောင်ဘဝင်း၏ မျက်နှာကို ဖြည်းညင်းစွာ မော်၍ကြည့်ပြီးနောက် ပြုံးချိုသောမျက်နှာနှင့် ခေါင်းကလေးကို အသာညိတ်ကာ "ရှင်ပြောသည့် အတိုင်းပါပဲ"

ဟု ပြန်ပြောလေရာ မောင်ဘဝင်း၏ နှလုံးအတွင်း၀ယ် မီးရထားစက် ၀င်ခုတ်သလို တဒိန်းဒိန်း ဖြစ်၍လာပြီးလျှင် ဤသွားလျက်ရှိသော ခရီးအဆုံးသို့ ဘယ်အခါမျှ မရောက်ပါစေနှင့်ဟု ဆုတောင်းမိလေ၏။

မိမိစိတ်၌ မဏိစည်သူကဲ့သို့ လက်ညှိုးညွှန်ရာ ရေဖြစ်လျှင် ဤလှေကို ချော်တောင်ငေါ်ကာ ဟိမ၀န္တာသို့ရောက်အောင် ပို့လိုက်ချင်၏။ သို့သော်လည်း ထိုခရီး၏အဆုံးကို တားဆီး၍မရ။ ဤမျှလောက် ကြီးမားသော သုခကိုပေးသည့် ညဥ့်သည်လည်း မကြာမီ နေထွက်၍ လာခဲ့လျှင် ခရီးအဆုံးကို မြင်ရတော့မည်။ မိမိကြီးစွာသော သုခအဆုံးသို့ ရောက်တော့မည်ဟူသော တွေးတောခြင်းတို့ဖြင့် သက်မကြီး ချမိရှာလေ၏။

ထိုကဲ့သို့ မနန်းနွယ်ကို ချစ်ခြင်း၌ ရသာစိတ်ယစ်မူး၍ သစ်လွင်သောဘ၀သို့ ရောက်၍နေရာတွင် မိမိတို့ရှေ့၌ အခြားလှေငယ်တစ်စင်း ဖြတ်သန်းကာ မိမိတို့လှေနောက်သို့ ကွေ့၍လာသည်ကို မြင်ရလေ၏။ ထို့နောက် မိနစ်အနည်းငယ်အတွင်း လှေငယ်တစ်စင်း ထပ်မံ၍ ပေါ်လာပြန်၏။ ထိုနောက်တစ်စင်း၊ ထိုနောက်တစ်စင်း အစဉ်သဖြင့် ပေါင်းလှေငါးစင်းတိုင်အောင် ပေါ်၍လာသောအခါ မနန်းနွယ်နှင့် လှေသားများသည် လှေကိုရပ်ကာ ထ၍ကြည့်ကြလေရာ ၎င်းလှေငယ်များသည် ရှေ့သွားနောက်ဆုတ် ဖြစ်၍နေကြသည်ကို မြင်ရသောကြောင့် သက်မကင်း



ဖြစ်ကြပြီးလျှင် မနန်းနွယ်က မောင်ဘဝင်းအပါးသို့ကပ်ကာ မောင်ဘဝင်းကို ဖက်တော့မလို တွယ်ထားလျက် –

"ကိုဘဝင်းရဲ့ ဓားပြတွေပါပဲ။ ကျွန်မ တွေးတောစိုးရိမ်သမျှ မှန်ပါပြီ။ ဘယ့်နှယ့်ကြံမလဲ"

ဟု ပြောလေရာ –

မောင်ဘဝင်းသည် မိမိ၏အထုပ်ရှိရာသို့ ပြေးပြီးလျှင် အထုပ်ထဲက မြင်းသေနတ် တစ်စင်းကိုယူကာ ကိုင်ထားလေ၏။

(ထိုအခါသမယ၌ မြန်မာပြည်မှာ ဥရောပတိုက်သားများနှင့် အတော်ဆက်ဆံ၍ နေသောကြောင့် မြင်းသေနတ်များရှိကြောင်းကို ရာဇ၀င်ဖြင့် အတိအလင်း သိနိုင်၏။)

လှေသမားများသည်ကား လှေ၀မ်းထဲ၌ ထည့်ထားသော သေနတ်တို့ကို ထုတ်ယူကြပြီးလျှင် ခဲယမ်းများကိုထိုးကာ မနန်းနွယ်ပါ တစ်စင်းစီ ကိုင်ထားကြလေ၏။

မနန်းနွယ်က "ကိုဘဝင်းလည်း တစ်စင်းကိုင်ပါ။ ဒီလမ်းဆိုးတဲ့အတွက် ကျွန်မတို့မှာ အသင့်ဆောင်လာရတဲ့ လက်နက်ဖြစ်ပါတယ်"

ဟု ပြောလေ၏။

မောင်ဘဝင်းက "မနန်းနွယ် ... မကြောက်ပါနဲ့၊ မနန်းနွယ် ပေါင်းမိုးထဲကိုသာ ၀င်နေပါ။ မနန်းနွယ်ကို မတော်တဆ ထိခိုက်သွားပါ့မယ်။ ကျုပ်ရှေ့က အသေခံပါ့မယ်။ မနန်းနွယ်ရဲ့ နှုတ်ကချစ်ပါတယ် ဆိုတဲ့စကားကိုရပြီး ဖြစ်သည့်အတွက် လောကမှာ ကျုပ် ဘာကိုမှ မကြောက်တော့ပါ။ မနန်းနွယ်အတွက် စွန့်စားချင်တဲ့စိတ်ဟာ စွန့်စားဖို့အခွင့်ကို ရပါပြီ"

ဟု ပြောလေ၏။

ထိုအတွင်း ဓားပြလှေများသည် အပါးကို ကပ်လာကြလေရာ မောင်ဘဝင်းနှင့်တကွ လှေသားအားလုံးတို့သည် စီး၍အနီးသို့သော ဓားပြလှေကို ပစ်ခတ်ကြလေရာ လှေပေါ်၌ရှိသော လူပေါင်းသုံးယောက်

www.burmeseclassic.com



အနက် နှစ်ယောက်မှာ ရေထဲသို့ကျ၍ တစ်ယောက်မှာ လှေထဲတွင် လဲ၍ နေလေ၏။ ထို့နောက် အခြားလှေနှစ်စင်းသည် လှေဦးဘက်မှ ပေါ်ပေါက်လာလေရာ လှေသမားနှစ်ယောက်သည် ထိုလှေကိုလည်း တစ်ပြိုင်တည်း ပစ်ခတ်ကြလေ၏။ မနန်းနွယ်သည်ကား ပေါင်းမိုးထဲတွင်ထိုင်ကာ အားလပ်သော သေနတ်များကို တွင်တွင်ကြီး ယမ်းထိုး၍နေလေ၏။

မောင်ဘဝင်းသည် မြင်သမျှသောလှေတို့ကို စီး၍ပစ်ခတ်လေ၏။ လှေများသည် အပါးသို့ မကပ်ဝံ့ဘဲ လွှင့်စဉ်ဆုတ်ခွာစ ပြုလေ၏။ ဓားပြများသည် အပါးသို့ မကပ်ဝံ့ကြသော်လည်း မရပ်မနား ပစ်ခတ်ကြလေ၏။ ၎င်းတို့သည် မူလစ၍တိုက်စဉ်က ခရီးသည်များ ဤမျှလောက် စီး၍ခုခံနိုင်ကြလိမ့်မည်ဟု မထင်ကြချေ။ သို့အတွက် အံ့အားသင့်လျက် အဘယ်ပုံ ချည်းကပ်ရမည်ဟု ကြံမရနိုင်အောင် ရှိသည့်အပြင် ၎င်းတို့ဘက်၌လည်း အတော်ပင် ကျဆုံး၍သွားကြလေ၏။

ထို့နောက် အတန်ကလေး ကြာသောအခါ လှေများသည် တကွဲတပြားစီ ခွဲကြပြီးလျှင် ဝိုင်းရံလာကြလေရာ လွန်စွာပင် ခုခံရန် ခဲယဉ်းသဖြင့် မနန်းနွယ်ကိုယ်တိုင် ပေါင်းမိုးထဲမှထပြီးလျှင် ကူညီပစ်ခတ်လျက်ရှိစဉ် လှေဦး၌ရှိသော လှေသမားတစ်ယောက်သည် ပေါင်တွင်ဒဏ်ရာရ၍ လဲကျသွားလေ၏။

ထိုအခါ `ဓားပြများသည် ရဲ၍လာကြပြီးလျှင် တိုး၍နီးကပ်စွာလာလေရာ စီး၍ပြင်းထန်စွာ ပစ်ခတ်ကြသဖြင့် ဓားပြများဘက်၌ အချက်တိုင်း လူနှစ်ယောက်သုံးယောက်ကျကုန်သဖြင့် နောက်သို့တစ်ဖန် ဆုတ်ခွာ၍ သွားကြလေ၏။

မနန်းနွယ်နှင့် မောင်ဘဝင်းသည် အားမလျော့ဘဲ ပစ်ခတ်ကြရာ ဓားပြများသည် တိုး၍မကပ်နိုင်ဘဲ ဝေးသည်ထက် ဝေးကွာ၍ သွားကြပြီးနောက် အဝေးမှနေ၍ ပစ်လိုက်သော ကျည်ဆန်တစ်လုံးသည် ဝင်းခနဲ ထွက်၍လာလေရာ မောင်ဘဝင်းမှာ မျက်လုံးထဲတွင် လျှပ်စစ်လက်သလို ဖြစ်သွားပြီးနောက် ထိုင်လျက်ကျသွားပြီးလျှင် ပက်လက်လန်၍ နေလေ၏။



ပဲ့ဘက်က အဘိုးကြီးနှင့် လှေသမားသုံးယောက်သည် မလျော့သော စိတ်အားနှင့် ပစ်ခတ်လေရာ ဓားပြများ၏ လှေများမှာ ရှန်းရင်းဆန်ခတ် ဖြစ်သွားလေ၏။

မနန်းနွယ်သည် မောင်ဘဝင်းကို ပွေ့ထူကာ ရင်ခွင်၌ပိုက်ထားလေ၏။ မောင်ဘဝင်းကိုယ်မှ တစွေးစွေး၊ တရှိန်ရှိန် ကျဆင်းသော သွေးများသည် မနန်းနွယ်၏ ရင်ခွင်ပေါ်သို့ ကျရောက်လေ၏။

မနန်းနွယ်သည်ကား –

"ကိုဘဝင်း ... ကိုဘဝင်း ... အမယ်လေး ... သေပါပြီ။ ကိုဘဝင်း သတိရသေးရဲ့လား"

စသည်ဖြင့် ညည်းတွားကာ မလှုပ်မရှားဘဲ မှိတ်လျက်ရှိသော ဖြူဝင်းသည့် မျက်နှာကို မျက်တောင်မခတ်ဘဲ ကပ်၍ကြည့်ကာ တင်းကျပ်စွာပွေ့ပိုက်လျက် မျက်ရည်များနှင့် ပါးချင်းကပ်ကာ ရှိုက်၍ငိုက်၍သာ နေရှာလေသတည်း။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မောင်ဘဝင်းသည် သတိရ၍လာသောအခါ မျက်လုံးများကို ဖွင့်လေလျှင် လွန်စွာအံ့အားသင့်၍ နေလေ၏။

မိမိ၏ ပတ်ဝန်းကျင်၌ ကော်ဇောတွေ၊ ကန့်လန့်ကာတွေ ကာရံလျက် ငါသေသလား၊ ရှင်သလား၊ အိပ်မက်သလား၊ ဓားပြတွေရှိကြသေးရဲ့လား၊ ဘာသံမှလည်း မကြားရပါလား၊ တိတ်ဆိတ်လှချည်ရဲ့လား၊ ငါရောက်နေတာ အိမ်လား၊ လှေလား၊ အလို အခန်းကြီးပါတကား။ မနန်းနွယ် ဘယ်မှာပါလိမ့်မလဲ။ မနန်းနွယ် ရှိသေးရဲ့လား။ မနန်းနွယ် အသံကိုလည်း မကြားပါတကား” စသည်ဖြင့် တွေးတောကာ အံ့ဩ၍ နေလေ၏။

ထိုကဲ့သို့ အံ့ဩနေခိုက်တွင် –

“ဗိုလ်ဝင်း … နေကောင်းပြီလား။ မျောနေတာ ငါးရက်နဲ့ငါးညရှိပြီ။ အခု သက်သာပြီလား”

ဟု မေးသော အသံတစ်ခုကို မိမိ၏ ခေါင်းရင်းဘက်မှ ကြားရလေ၏။

“မနန်းနွယ် … မနန်းနွယ် …”



ဟုခေါ်ကာ ခေါင်းထောင်၍ ကြည့်လေရာ ရွှေကျင်ခတ် ခေါင်းပေါင်းနှင့် နှုတ်ခမ်းမွေးကောင်းသော လူပျိုတစ်ယောက် မိမိကိုစိုက်၍ ကြည့်နေသည်ကို တွေ့ရသဖြင့် –

“အင့်ဟင် … ခင်ဗျား ဘယ်သူလဲ။ မနန်းနွယ်ကော။ ကျုပ်ကို ဒီနေရာရောက်အောင် ဘယ်သူယူလာသလဲ။ ဘယ်သူ ကယ်ဆယ်သလဲ။ မနန်းနွယ် ဘယ်မှာလဲ။ မနန်းနွယ် မသေပါဘူး”

ဟု ပြောလေရာ ယောက်ျားပျိုက ပြုံးလျက် –

“အို … စကားများများ မပြောပါနဲ့။ အားကုန်သွားဦးမယ်။ ငြိမ်ငြိမ် နေပါ”

ဟုပြောပြီး စားစရာ သစ်သီးသစ်ဥ၊ ဆန်ပြုတ်များနှင့် နို့များကို အပါးသို့ယူလာကာ တိုက်ကျွေး စားသောက်စေ၏။

မောင်ဘဝင်းသည်ကား မိမိမေးသော အရာများကို မပြောကြားသဖြင့် စိတ်အားငယ်သော်လည်း မွတ်သိပ်ဆာလောင်ခြင်းကြောင့် ကျွေးမွေးသမျှကို အတော်လောက် ဝင်အောင်စားလျက် ပခုံးတွင် ပတ်ရစ်ထားသော ဒဏ်ရာမှ တစ်ချက်တစ်ချက် ကျဉ်ခနဲ၊ နာခနဲဖြစ်သည်ကို သတိရ၍ မိမိဒဏ်ရာကို သိရလေ၏။

ထို့နောက် “ငါ ဘယ်နေရာကို ရောက်နေပါသလဲ။ ငါမေးတာကို ပြန်၍မပြော၊ ငါ စကားပြောသည်မှာလည်း အခွင့်မပေး၊ အစာကိုသာ အတင်းကျွေးသွားသော ဤယောက်ျားပျိုသည် မည်သူဖြစ်ပါသနည်း။ မနန်းနွယ် ရှိပါသေးရဲ့လား၊ ဓားပြတို့လက်ချက်ဖြင့် အသက် သေဆုံးလေပြီလား၊ ဓားပြတို့ အရှင်လတ်လတ် ဖမ်းသွားပြီး သူတို့လက်ထဲသို့ ရောက်နေပြီလား၊ မနန်းနွယ် ဥက္ကံသုံးဆယ်ကို ရောက်နေပြီလား၊ ငါ့ကို ဘယ်အတွက် ပစ်သွားပါလိမ့်မလဲ။ ငါ့ကို ဘယ်အတွက် ယူဆောင်၍ မသွားပါလိမ့်မလဲ။ မနန်းနွယ် … မနန်းနွယ် …”

ဟု တကာ နေရှာလေ၏။

မောင်ဘဝင်းသည် ယောက်ျားပျိုကလေး၏ ကျွေးမွေးပြုစုခြင်းကြောင့် ခွန်အားများ ပြန်၍ပြည့်လာလေ၏။ ယောက်ျားပျိုကလေးသည်

www.burmeseclassic.com

www.burmeseclassic.com



လည်း အနီးအပါးမှ ပျောက်ကွယ်၍သွားလေရာ မောင်ဘဝင်းသည် အိပ်ရာပေါ်တွင် ထိုင်ပြီးလျှင် တစ်ကိုယ်တည်း မိမိ၏ပတ်ဝန်းကျင်ကို လှည့်လည် ကြည့်ရှုလေရာ ခမ်းနားစွာ ပြင်ဆင်ထားသော နေရာတစ်ခုကို တွေ့မြင်ရလေ၏။

ထိုနေရာ၊ ဤအခန်းသည်ကား ဤဝတ္ထုအစ၌ ကျွန်ုပ်တို့ရေးသား ဖော်ပြခဲ့သော မှော်ဘီတောရှိ ကျောက်တောင်၏ အခန်းကြီး ဖြစ်လေ၏။

မောင်ဘဝင်းသည် မိမိ၏ပတ်ဝန်းကျင်ကို ကြည့်ရှုကာ အံ့သြ၍ မဆုံးနိုင်အောင် ရှိလေ၏။ အကြောင်းမူကား တိတ်ဆိတ်ခြင်းနှင့် ခမ်းနားကြီးကျယ် သန့်ရှင်းစင်ကြယ်ခြင်းသည် ထိုနေရာ၌ ရောစပ်လျက်ရှိသောကြောင့် လေပွေဖြင့် ဇွတ်တိုက်ကာ အပြင်မှ အတွင်းသို့ဝင်ရောက်၍ လာသော ပန်းရနံ့တို့သည် လူတို့နှင့်မစပ်၊ နတ်နှင့်သာ ဆိုင်သောနေရာ အရပ်ကဲ့သို့ မိမိ၏စိတ်၌ ဖန်တီးထင်မြင်စေသဖြင့် ထိုခမ်းနားစွာ ဝတ်စားသော ယောကျ်ားပျိုသည် လူလား၊ နတ်လား၊ သို့တည်းမဟုတ် ငါသည် ဥစ္စာစောင့်သိုက်အတွင်းသို့ ရောက်သဖြင့် ဥစ္စာစောင့် မောင်မယ်တို့၏ ပြုစုကျွေးမွေးခြင်းကိုခံ၍ နေရလေသလား။ ဤအရပ်သည် အဘယ်သို့သော အရပ်နည်း။

ငါ၏နား၌ ကြားရသော ငှက်သံတို့သည် နက်လှစွာသော တောတောင်၊ တောဖျား၌ ကြားရသော အသံများပေတကား။ ငါသည် ရိုးမတောင်ထိပ်ကို ရောက်၍နေသလား၊ သို့တည်းမဟုတ် ပုပ္ပားတောင်ထိပ်သို့ ငါ့ကို နတ်များဆောင်ယူ၍ လာလေသလား စသည်ဖြင့် လွန်စွာ အံ့သြလျက် ဤကျောက်လိုဏ်ဂူအတွင်းမှ အပြင်သို့ထွက်ကာ နေရာဌာန အခြေအနေများကို ရှုစားလိုသော ဆန္ဒရှိလာလေ၏။

သို့သော်လည်း မိမိပခုံးနှင့် လက်မောင်း၌ရှိသော ဒဏ်ရာမှာ အနာအကျင်အကိုက်အခဲ လုံးလုံးကြီး မပျောက်သေးသောကြောင့် မထဝံ့ဘဲ နေလေ၏။

ယင်းကဲ့သို့ တစ်ကိုယ်တည်း တွေးတောကာ အိပ်ရာပေါ်တွင် ထိုင်လျက်နေလေရာ အပြင်ဘက်၌ တီးတိုးစကားပြောသော အသံများကို



ကြားရသဖြင့် "ဤနေရာသည် လူသူနည်းပါးသော နေရာမဟုတ်၊ ငါသည် တောပုန်းဓားပြတို့၏ နေရာသို့ ရောက်၍နေလေပြီတကား။ တောပုန်းဓားပြတို့သည် မိမိတို့၏နေရာကို ဤမျှလောက် ခမ်းနားကြီးကျယ်စွာ ပြုလုပ်၍ ထားတတ်ကြပေ၏"

"ငါတို့၏လှေကို လာ၍တိုက်သော ဓားပြများသည် မယ်ယက္ခ၏ ဓားပြများဖြစ်သောကြောင့် မယ်ယက္ခ၏ လက်တွင်းသို့ ကျရောက်၍ နေလေပြီလား။ ဤအခန်းသည် မယ်ယက္ခ၏ အခန်းများဖြစ်လေသလား။ မယ်ယက္ခဆိုတာ အဘယ်မှာပါလိမ့်မလဲ" စသည်ဖြင့် တွေးတောကာ မယ်ယက္ခကို မြင်လိုသောဆန္ဒသည် ကြီးစွာ ပေါ်ပေါက်လာလေ၏။

ထိုအတွင်း ယောကျ်ားပျိုကလေးသည် အခြားလူတစ်ယောက်နှင့် ပြန်၍လာပြီးလျှင် မောင်ဘဝင်း၏ ပခုံး၌ ပတ်ရစ်ထားသော အဝတ်များကိုဖြေကာ ဆေးဝါးများကို ထည့်ပေးပြီးလျှင် ယောကျ်ားပျိုကလေးက –

"ဗိုလ်ဝင်း ... ကြိုးစားပြီး သည်းခံပါ။ ဒီအခန်းထဲမှာ နေရတာ ပျင်းသလား။ နောက်နှစ်ရက်လောက်ကြာရင် သက်သာပါလိမ့်မယ်။ ဒီတော့ အပြင်ကိုထွက်ပြီး လည်ကြတာပေါ့"

ဟု ပြောလေ၏။

ထိုအခါ ဗိုလ်ဝင်းက –

"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒါပေမဲ့ ကျွန်တော် ဘယ်ကိုရောက်နေတယ်၊ ကျွန်တော့်ကို ကြည့်ရှု ပြုစုနေကြတဲ့သူတွေဟာ ဘယ်သူများ ဖြစ်ပါသလဲ"

ဟု မေးလေရာ ယောကျ်ားပျိုကလေးက ပြုံးရယ်လျက် မိမိနှင့် ပါလာသောသူကို အတန်ကလေးကြာစွာ ကြည့်ပြီးမှ မောင်ဘဝင်းဘက်သို့ လှည့်ကာ –

"ဒီနေရာဟာ အခြားနေရာ မဟုတ်ပါဘူး။ မယ်ယက္ခရဲ့ နေရာပါပဲ"

ဟု ပြောလေရာ မောင်ဘဝင်းမှာ မျက်နှာများ ဖြူ၍လာပြီးလျှင် အကြောင်သားငေးလျက် စကားမပြောနိုင်ဘဲ နေလေ၏။

ယောကျ်ားပျိုကလေးက မောင်ဘဝင်း၏ ပခုံးကိုကိုင်ကာ –

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ ဗိုလ်ဝင်းရဲ့ ...။ ဗိုလ်ဝင်း ကြောက်ရမယ့်သူ မဟုတ်ဘူး ထင်ပါတယ်။ စိတ်ချပြီး ကောင်းကောင်းသာနေပါ။ ကျုပ်တို့ အရှင်သခင်မဟာ မရက်စက်ပါဘူး။ ဒါပေမဲ့ သူ့အလိုက်ကိုမသိဘဲ စိတ်ထဲက တစ်မျိုးတစ်မည်ကြံရင် အင်မတန် သိတတ်ပါတယ်၊ ဒီလိုအခါ ကျမှ မယ်ယက္ခခေါ်တဲ့ နာမည်နဲ့ညီအောင် ပြုတတ်ပါတယ်။ မယ်ယက္ခ ဆိုတာ လူအများ မတရားခေါ်ကြတဲ့ နာမည်ဖြစ်ပါတယ်"

ဟု ပြောလေ၏။

ထို့နောက် မောင်ဘဝင်းသည် စကားမပြောဘဲ ဆိတ်ငြိမ်စွာနေလျက် စိတ်အားလျော့ကာ အိပ်ရာထက်တွင် ပက်လက်လှန်၍ နေလေ၏။

မောင်ဘဝင်းသည် ရဲရင့်သောသူမှန်ပါလျက် မယ်ယက္ခဆိုသော နာမည်ကို ကြားရသောအခါ မိမိ၏ နားထဲတွင် မိုးကြိုးသံကို ကြားရသကဲ့သို့ မှတ်ထင်လိုက်လေ၏။ ထို့နောက် စိတ်ကိုတင်းကာ တွေးတောသည်မှာ "မယ်ယက္ခသည် ငါ့ကို ဘယ်အတွက် တစ်ခါတည်း မသတ်သနည်း။ ဘယ်အတွက် ငါ့ကို ဤနေရာသို့ အရောက်ဆောင်ယူ၍ လာပါသနည်း။ ဘယ်အတွက် ငါ့ကို အခုလို ကြင်ကြင်နာနာ ပြုစုရန် ခိုင်းပါသနည်း။ ငါ့အား အဘယ်ကြောင့် မျက်နှာကို မပြပါသနည်း။ မယ်ယက္ခကို ငါဘယ်တော့မှ မြင်ရမည်နည်း" စသည်ဖြင့် တွေးတောကြံဆ၍ မရနိုင်အောင် ရှိလေ၏။

နောက်သုံးရက်လောက် ကြာသောအခါ မောင်ဘဝင်းသည် အတော်ကျန်းမာ၍လာသဖြင့် အိပ်ရာပေါ်မှ ဆင်းပြီးလျှင် အခန်း၏အနေအထားကို ကြည့်ရှုကာနေလေရာ ယောကျာ်းပျိုကလေးသည် အခန်းရှေ့တံခါးမှ ဝင်လာပြီးလျှင် –

"ဗိုလ်ဝင်း ... နေကောင်းပြီထင်တယ်။ အပြင်ကိုထွက်ပြီး လမ်းလျှောက်ရအောင် လိုက်နိုင်ပါ့မလား"

ဟု မေးလေ၏။

ထိုအခါသည် ဆောင်းဥတုအခါသမယ ဖြစ်သောကြောင့် ချမ်းသော နံနက်ဖြစ်သော်လည်း နှင်းမြူများကင်းစင် ကောင်းကင်မှာ ကြည်



လင်လျက် ဖျန်းပက်သော မြောက်လေမှာ ကြည်လင်သင်းပျံ့ ပန်းရနံ့တို့ဖြင့် လွန်စွာပင် သန့်ရှင်းမွှေးကြိုင်လျက် လိုဏ်နန္ဒမူ မြိုင်ငူတောစ ဂန္ဓမာဒန တောင်စမ်းဝမှ မဉ္ဇူသကနတ်ပန်း လေဖျန်း၍ကျပြီးလျှင် ပန်းမွေ့ရာခင်းသလို အထူးပင် မွှေးကြိုင်လေ၏။

မောင်ဘဝင်းသည် နေရာဌာန ကြည့်ချင်လိုသော စိတ်၊ အခြေအနေကို အကဲခတ်လိုသောစိတ် လွန်စွာပင် ထက်သန်၍ နေသည့်အတွင်း ယောကျာ်းပျိုကလေးက ဤကဲ့သို့ ပြောလာသောအခါ မိမိ၌ ခံစားရသော ဝေဒနာသည် လုံးလုံးကြီး ပျောက်ကင်းသွားသလို ဖြစ်သွားပြီးလျှင် ဆဲ့ပါးသော ကိုယ်လက်ဖြင့် ယောကျာ်းပျိုကလေးနှင့်အတူ ဂူအပြင်ဘက်သို့ ထွက်သွားလေရာ အလွန်တရာ ထူးဆန်းသာယာ အမျိုးပေါင်းများစွာသော ပန်းအရုံအနွယ် အပင်အမြင့် အဆင့်ဆင့် ဝေဆာသောပန်းတို့ကိုလည်းကောင်း၊ ဂမုန်း အမျိုးမျိုးတို့ကိုလည်းကောင်း တွေ့မြင်ရသဖြင့် အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်ပြီးလျှင် အင်မတန်မှ ထူးဆန်းထွေလာ ပျော်စရာ အခန်းခန်းပေတကားဟု တွေးတောကာ မိမိသည် ဤနေရာ၊ ဤဌာနသို့ အကျဉ်းသမားအဖြစ်နှင့် ရောက်နေသည်ကိုမှ သတိမထားမိဘဲ မိမိသည် ပျော်ပါးကစားရန် ရောက်၍လာသကဲ့သို့ မှတ်ထင်ကာ သောကပူပန်ခြင်း လုံးလုံးကြီးကင်းသော ကလေးသူငယ်၏ စိတ်ကဲ့သို့ နှစ်သိမ့်စွာရှုစားရင်း ချိုအေးသင်းပျံ့သောလေကို ဝလင်စွာ ရှုရှိုက်ကာ ယောကျာ်းပျိုကလေးနှင့် အတူယှဉ်လျက် ပန်းပင်များအလယ်တွင် ရပ်ကာနေလေ၏။

ထိုကဲ့သို့ ရပ်ကာနေခိုက်တွင် ယောကျာ်းပျိုကလေးသည် မောင်ဘဝင်း၏စိတ်၌ ကြီးစွာသော ပျော်ရွှင်ခြင်း ဖြစ်၍နေသည်ကို ဉာဏ်မျက်စိဖြင့် ဖောက်ထွင်းရှုမြင်ကာ ဝမ်းသာ၍နေသော အမူအရာမျိုးနှင့် ကြည့်ကာနေလေ၏။

ထိုကဲ့သို့ ကြည့်၍နေခိုက်တွင် မောင်ဘဝင်းသည် ၎င်းယောကျာ်းပျို၏မျက်နှာကို လှည့်၍ကြည့်လိုက်လေရာ ယောကျာ်းပျိုသည် မျက်နှာကို ရှောင်လွှဲပြီးလျှင် သာယာစွာ မြည်တွန်ကြွေးကြော်လျက်နေသော ဥဩငှက်တစ်ကောင်၏ အသံကို နားစိုက်ဟန် ဆောင်၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဥသြ ဥသြနှင့်မြည်သော အသံသည်ကား တစ်နေရာမှတစ်နေရာသို့ ရွေ့ပြောင်းလျက်နေသဖြင့် အော်၍နေသော ငှက်ကို မမြင်ရသောကြောင့် ငှက်သတ္တဝါ၏ လည်ချောင်းမှထွက်သော အသံနှင့်မတူ၊ အာကာသ လေလဟာပြင်၌လည်းကောင်း၊ လေထဲတွင် ယိမ်းယိုင်ကာ နေကြသော သစ်ပင်ပန်းပင်များ၏ အပွင့်အရွက်၊ အခက်အလက်၊ အကိုင်းကြီးငယ်တို့၏ အကြိုအကြား၌လည်းကောင်း၊ လေကိုစီးလာသလို ပန်းပင်ကြီးများ၏ အခက်အရွက်၊ အခက်အလက်၊ အကိုင်းကြီးငယ်တို့၏ အကြိုအကြား၌လည်းကောင်း လေကိုစီးကာ အလိုအလျောက် မြည်၍နေသော ထူးဆန်းသောအသံနှင့် တူလေ၏။

ထိုအသံသည်ကား ကြားရသူများ၏ နှလုံးဘဝင်တွင် ဆို့လျက်ရှိသော အလွမ်းဓာတ်စမ်းစက်ရေကို ပြင်းထန်စွာ မှုတ်၍ထုတ်သော အဆွေးသံ၊ အလွမ်းသံ၊ ကရုဏာသံ ဖြစ်လေ၏။

မောင်ဘဝင်းသည် ထိုအသံကို ကြားရသောအခါ မိမိနှင့် အတူတကွ လှေပေါ်၌ ချစ်ခင်ကြည်ဖြူကာ စကားကောင်း၍နေရာမှ တမကြာကာလအတွင်း မိမိနှင့်ကွဲကွာ၍ သွားဟန်ရှိသော မနန်းနွယ်ကလေး၏ မျက်နှာကို သွား၍မြင်ပြီးလျှင် မိမိ၏လက်ယာလက်ဖြင့် ရင်ကိုနှိပ်မိ ကပ်မိလေ၏။

အကြောင်းမူကား ရင်ထဲ၌ ရှိုက်လျက်တက်လာသော အလုံးတစ်ခုသည် လည်ချောင်း၌ဆို့ကာ အသက်ကို အဆုံးစီရင်တော့မည့်ကဲ့သို့ မှတ်ထင်ရလေ၏။ ဆက်လက်ကာ အလွမ်းဖော်လျက် တကြော်ကြော် တမ်းတကာ အဖော်ကိုအော်ကာ ရှာဟန်ရှိသော နာမ်ရှိလျက် ရုပ်မရှိသကဲ့သို့ မှတ်ထင်ရသည့် ဥသြငှက်၏အသံသည်ကား မောင်ဘဝင်း၏ အသည်းကို ကြာပွတ်နှင့် လာ၍ချသလို ကြေကွဲဆွေးမြည့်အောင် ပြုလာလေ၏။

ထို့နောက် မောင်ဘဝင်းသည် ဆက်လက်၍ တွေးတောမိသည်မှာ "ဤနေရာသည် လွန်စွာမှ သန့်ရှင်းစင်ကြယ်သော နေရာထူးနေရာမြတ်ဖြစ်ပေ၏။ မနန်းနွယ်သည် ဤနေရာ၌ ငါနှင့်အတူ ပါ၍လာချေက လူသတ္တဝါတို့မှီဝဲသော ဘောဇဉ်အာဟာရကိုပင် မတွေ့ဘဲ မနေရစေကာမူ တစ်ယောက်၏မျက်နှာကို တစ်ယောက်ရှုကာ ဤသင်းပျံ့မွှေးကြူသော



လေပြည်ကို ရှူရှိုက်ခြင်းဖြင့် ကမ္ဘာပေါင်းများစွာ ပြောင်း၍နေနိုင်ရန်ရှိ၏။

ယခုမှာမူ မနန်းနွယ် မပါဘဲလျက် ဤမျှလောက် မွန်မြတ်သော နေရာ၊ ဤမျှလောက် ပျော်ရွှင်ဖွယ်ကောင်းသော နေရာသို့ ငါရောက်၍လာရသည်မှာ အချည်းနှီး ရောက်လာရခြင်း ဖြစ်လေသည်တကား"

"မနန်းနွယ်သည် ဓားပြတို့၏ လက်ချက်ဖြင့် တကယ်သေဆုံးပြီး ငါ၏နား၌ ထပ်ခါထပ်ခါ နှစ်သက်ဖွယ်ရာသော အသံဖြင့် မြည်လာသော ဥသြငှက်မလေး ဖြစ်၍များ နေရှာလေသလား။ လူများဟာ ကွယ်လွန်အနိစ္စရောက်သူတို့၏ ဝိညာဉ်များကို မမြင်နိုင်ကြသော်ငြားလည်း ကွယ်လွန်သူများ၏ ဝိညာဉ်တို့သည်ကား ကျန်ရစ်သူတို့ကို လာ၍မြင်ရသတဲ့။ ခေါ်ကာ၊ အော်ကာ၊ တီးခေါက်စမ်းသပ်ကာ နှုတ်ဆက်လာကြသတဲ့။ သည်လို နှုတ်ဆက်လာသည့်အခါ လူများက ကမ္ဘဇိဒ္ဓိတန်ခိုးကို မရသဖြင့် မမြင်ရ၊ မကြားရ၊ မသိရဘဲ နေကြသည့်အခါ စိမ်းကားသကဲ့သို့ဖြစ်သောကြောင့် သနားစရာကောင်းတဲ့ ဝိညာဉ်များဟာ စိတ်နာပြီး ရှောင်ရှားလွင့်ပါးပြီး သွားရသတဲ့"

"မနန်းနွယ်ရဲ့ ကျုပ် စိတ်မနာပါဘူးကွဲ့။ မင်း အခု ဘယ်မှာလဲ။ ဤတော၊ ဤတောင်၌ ကျုပ်နောက်ကို ယောင်လည်လည် လိုက်၍လာပြီး ပန်းရနံ့လေကိုစီး၍ ကျုပ် နှာဝကိုလာ၍ မြူလေသလား" စသည်ဖြင့် တွေးတောကာ နေလေ၏။

ထိုကဲ့သို့ တွေးတော၍နေခိုက်တွင် အပါး၌ရပ်နေသော ယောကျ်ားပျိုကလေးသည် မောင်ဘဝင်းကို များစွာအကဲခတ်လျက် မောင်ဘဝင်း၏ စိတ်၌ အဘယ်ကဲ့သို့သော အကြံအစည်များ ပေါ်ပေါက်နေသည်ကို ဆင်ခြင်ကာနေပြီး –

"ဗိုလ်ဝင်း ... ကျုပ်တို့နေတဲ့နေရာဟာ ပျော်ရွှင်စရာ မကောင်းဘူးလား"

ဟု ဗိုလ်ဝင်း၏လက်ကို ကိုင်ကာမေးလေ၏။

ဗိုလ်ဝင်းက "ပျော်စရာ အလွန်တရာမှ ကောင်းပါတယ်ခင်ဗျား။ ဒါပေမဲ့ ကျုပ်ကို ဘယ်တော့မှ သတ်မလဲဆိုတာကို သိချင်လှပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ယောက်ျားပျိုကလေးက "အို ... မပူပါနဲ့။ ဗိုလ်ဝင်းကို သတ်ဖို့ ခေါ်လာတာ မဟုတ်ပါဘူး။ သတ်ချင်ရင် ဗိုလ်ဝင်း သေပြီးတာ ကြာလှပါပြီ။ နို့ပေမဲ့ ကျုပ်တို့သခင်မ အခု မရှိသေးဘူး။ ကျုပ်သခင်မ ရောက်လာရင် ခင်ဗျားကို ဘယ်လိုနေရာချထားမယ် မသိရသေးပါ။ ဒါပေမဲ့ ကျုပ် ရှိပါတယ်။ မစိုးရိမ်ပါနဲ့"

ဟု ပြောလေ၏။

မောင်ဘဝင်းက "ဒီလိုပြောတာ ကျေးဇူးတင်လှပါပြီခင်ဗျာ။ ဒါပေမဲ့ ကျုပ်နဲ့အတူ လာကြတဲ့လှေနဲ့ လှေပေါ်မှာရှိသူများဟာ ဘယ်လိုများ ဖြစ်ပျက်ကြတယ်ဆိုတာ မသိရသည့်အတွက် အလွန်တရာမှ စိတ်လက်မချမ်းမသာဖြစ်ပြီး နေရတာကို အင်မတန်မှပဲ သိချင်လှပါတယ်။ သိရရင် အခုပင် သေရစေတော့။ ကျုပ်စိတ်ထဲမှာ သောကဖြစ်ဖို့ မရှိပါဘူး။ ခင်ဗျားသခင်မဆိုတဲ့ မယ်ယက္ခလည်း ဘယ်တော့မှ ပေါ်လာမှာလဲခင်ဗျာ"

"ကျွန်တော်တို့သခင်မ နက်ဖြန်ခါလောက် ရောက်လာလိမ့်မယ် ထင်ပါတယ်။ မြင်ရပါလိမ့်မယ်။ ခင်ဗျားပြောတဲ့ လှေအကြောင်းကိုတော့ ကျုပ်ကောင်းကောင်း မသိဘူး။ လှေပေါ်မှာတော့ မိန်းမပျိုတစ်ယောက် ပါတယ်လို့ ပြောသံကြားတာပဲ။ သူတို့လည်း မသေပါဘူးတဲ့။ အခုလောက်ရှိရင် သူတို့ဒေသကို ရောက်နေကြရော့မယ်"

ဟု ယောက်ျားပျိုလေးက ပြောလေ၏။

ထိုအခါ မောင်ဘဝင်းက –

"မနန်းနွယ် ... မနန်းနွယ် ... တကယ်မသေဘူးလား။ အမှန်ပဲ ခင်ဗျား သိသလား"

ဟု စိတ်အားထက်သန်စွာနှင့် ယောက်ျားပျိုကလေး၏ လက်ကို ကိုင်ကာမေးလေရာ ယောက်ျားပျိုက နှုတ်ခမ်းမွေးကိုသပ်ရင်း –

"စိတ်သာချပါ၊ မသေပါဘူး။ မိန်းမသားကို သတ်ဖြတ်နှိပ်စက်လို့ ဘာအကျိုးကျေးဇူးရှိမှာလဲ ဗိုလ်ဝင်းရဲ့"

ဟု ပြောလေရာ ဗိုလ်ဝင်းမှာ သက်မကြီးချပြီးလျှင် –



"မနန်းနွယ် မသေရင်တော်ပါပြီ။ ငါမသေလို့ ဒီနေရာကလွတ်ရင် မနန်းနွယ်ကို တွေ့အောင်ရှာမယ်။ မနန်းနွယ် ဥက္ကံသုံးဆယ်မှာ ရှိမှာပဲ"

ဟု တွေးတောကာ ယောက်ျားပျိုကလေး ဘက်သို့လှည့်ပြီး –

"နေပါဦး ခင်ဗျာ။ ကျုပ်ကို ဘယ်လောက်ကြာကြာကြီး ဒီမှာ ထားဖို့ ကြံစည်ကြပါသလဲ။ မနန်းနွယ်ကို ကျုပ် ရှာချင်လွန်းလို့ပါ မိတ်ဆွေရယ်။ ကျုပ်ကို ဒီနေရာက မြန်မြန်လွတ်ရအောင် ကြံစည်မပေးနိုင်ဘူးလား"

ဟု မေးလေ၏။

ယောက်ျားပျိုက "ဗိုလ်ဝင်းဆိုတဲ့ လူကိုမိပြီးမှ ကျုပ်တို့ ပြန်ပြီး လွှတ်နိုင်ပါ့မလား။ မနန်းနွယ်ဆိုတာ ခင်ဗျားနဲ့ ဘာတော်သလဲ။ မောင်နှမလား"

ဟု မေးလေ၏။

ဗိုလ်ဝင်းက "မောင်နှမ မဟုတ်ပါဘူးခင်ဗျာ။ သူ့စိတ်ကတော့ ဘယ်လိုရှိမယ် မသိပါဘူး။ ကျွန်တော်ကတော့ အသေအလဲဆိုသလို ကြိုက်ပြီး သူတို့လှေနဲ့ အပါလိုက်ခဲ့ပါတယ်။ ကျွန်တော် မနန်းနွယ်ရဲ့ ရည်းစားမဟုတ်သေးပါ။ ရိုးရိုးပြောရမှာဖြင့် မနန်းနွယ်ကို ပိုးနေတဲ့လူပါပဲ"

ဟု ပြောလေ၏။

ထိုအခါ ယောက်ျားပျိုကလေးက ပြုံးရယ်လျက် –

"ဖြစ်မှ ဖြစ်ရလေခင်ဗျာ။ သူက ကြိုက်တယ်၊ မကြိုက်တယ်မှ မသိရသေးဘဲနဲ့ ခင်ဗျားက ဒီလောက်တောင် လွမ်းနေရသလား"

မောင်ဘဝင်းက "ကြိုက်မရှက် ငိုက်မရှက်ဆိုတဲ့စကားလို ကျွန်တော့်မှာ ကြိုက်မရှက်နှာစွဲကပ်သူမို့ အခုဖြင့် အရူးလို ဖြစ်နေရတော့တာပါပဲ"

ယောက်ျားပျိုကလေးသည် ဗိုလ်ဝင်းကို ကြင်နာသော အမူအရာနှင့် ကြည့်ကာ –

"အို ... ဒီလောက်တောင်လည်း သောကမဖြစ်ပါနဲ့။ ခင်ဗျား ရည်းစား ဖက်မှန်ရင် ပြန်ပြီးတွေ့ရဦးမှာပေါ့။ ကိုင်း ... ပျောက်ပျောက်ပျက်ပျက် ရှိအောင် ဟောဟိုက ချောက်ထဲဆင်းပြီး ပန်းပင်ကြီးတွေထဲမှာ လှည့်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြည့်ရအောင်”

ဟု ပြောကာ မောင်ဘဝင်း၏ လက်ကိုဆွဲ၍ ခေါ်လေရာ မောင်ဘဝင်းသည် စိတ်မပါတပါနှင့် လိုက်သွားရရှာလေ၏။

မောင်ဘဝင်းသည် ယောက်ျားပျိုကလေးနှင့် လှည့်လည်၍နေပြီးလျှင် နံနက်စာ ထမင်းစားချိန်လောက်မှာ ဂူလိုဏ်သို့ ပြန်၍ ရောက်လာကြပြီးလျှင် ကျားရေသစ်ရေတို့ဖြင့် ထပ်ကာခင်းအပ်သော ကောင်းကင်ပေါက်နှင့်တည့်တည့် ကော်ဇောပေါ်တွင် ကောင်းစွာပြင်ဆင်ထားသောဘောဇဉ်အရသာတို့ကို တွေ့ကြရသဖြင့် ယောက်ျားပျိုကလေးသည် ထမင်းစားမည့်ဟန်ပြင်ပြီးမှ မစားသေးဘဲ အနီးရှိ မောင်းကလေးကို ထုလိုက်လေရာ လူတစ်ယောက် အရှေ့ခန်းမှ ပြေးဝင်လာလေ၏။

မောင်ဘဝင်းသည်ကား ဘာများလုပ်မလို့ပါလိမ့်မလဲဟု တွေးတောကာ မတ်တတ်ရပ်၍ နေလေ၏။

ဝင်လာသောလူအား ယောက်ျားပျိုကလေးက –

“ဒီထမင်းများကို အပြင်ထုတ်။ ဟောဟို ချောက်ထဲက ကံ့ကော်ပင်ကို ယူသွားပါ။ အခေါင်းထဲမှာ ထမင်းကို မျိုလို့မကျဘူး။ ကျုပ်တို့လူမမာ ဗိုလ်ဝင်းလည်း နှလုံးမှာ စွဲကပ်နေတဲ့ အပူခဲကလေးကို ခပ်မြန်မြန်အေးရအောင် လေပြည်ကိုခံရင်း ပွဲတော်တည်နိုင်ကြရအောင်”

ဟု အာဏာသြဇာရှိပုံ၊ ပိုင်စိုးပိုင်နင်းပြောပုံတို့ကို စဉ်းစားကာကြည့်၍နေလေ၏။

ဝင်လာသောသူသည်လည်း ပျာယီပျာယာ အပြင်ကိုထွက်ပြီးအခြားလူနှစ်ယောက်ကို ခေါ်ခဲ့ကြပြီးလျှင် ပွဲရံများကို ယူဆောင်သွားကြလေ၏။

မောင်ဘဝင်းနှင့် ယောက်ျားပျိုကလေးသည်လည်း အတူတကွယှဉ်တွဲကာ ဂူထဲမှထွက်ပြီးလျှင် ဂူရှေ့ရှိ ပန်းဥယျာဉ်၏ အနောက်ချောက်ထဲသို့ ကျောက်လမ်း လှေကားအထစ်များဖြင့် ဆင်းသွားကြလေရာ ကံ့ကော်ပင်အောက်သို့ ရောက်သောအခါ ပွဲရံနှင့် လူသုံးယောက်သည် အသင့်စောင့်၍ နေကြလေ၏။

ပွဲရံအနီး၌ ကျားရေများ ခင်းကျင်းထားလေ၏။



မောင်ဘဝင်းနှင့် ယောက်ျားပျိုကလေးသည် ချိုးသား၊ ခါသား၊ ယုန်သား၊ အမဲသားတို့နှင့်တကွ လတ်ဆတ်သော တောဟင်းသီး၊ ဟင်းရွက်တို့ဖြင့် မြိန်ရှက်ဖွယ် ကောင်းလှသော ပွဲရံရှေ့ ကျားရေများပေါ်တွင် ထိုင်ကြလေ၏။

မောင်ဘဝင်းသည်ကား ဤယောက်ျားပျိုသည် မည်သို့သောသူဖြစ်လေသနည်းဟု စဉ်းစားရင်းပင် ထမင်းကို စားစပြုလေ၏။ ။

* * *

www.burmeseclassic.com

## အခန်း (၁၆)

နောက်တစ်နေ့ မောင်ဘဝင်းသည် အိပ်ရာကနိုး၍ မျက်နှာများသစ်ပြီး နောက် ဂူအပြင်သို့ ထွက်သွားလေ၏။ အပြင်သို့ ရောက်သွားသောအခါ ပန်းပင်များကို လှည့်လည်၍ ကြည့်ရှုနေခိုက်တွင် တစ်ခုသော ရင်ခတ် ပင်၏ အကိုင်းကိုကိုင်ဆွဲကာ မိမိဘက်သို့ ကျောခိုင်းရပ်နေသော မိန်းမပျို တစ်ယောက်သဏ္ဍာန်ကို တွေ့မြင်ရလေ၏။

မောင်ဘဝင်းသည် ထိုသဏ္ဍာန်ကို မြင်သောအခါ မိမိမျက်လုံး များကို မယုံကြည်နိုင်အောင် ရှိလေ၏။ "ထိုသဏ္ဍာန်သည် ငါ့အား နာနာဘာဝရုပ်ဆောင်၍ ပြသောသဏ္ဍာန်ပေလား၊ ရုပ်ဆောင်သော နာနာ ဘာဝတို့သည် ကျောခိုင်း၍ ပြတတ်သည်ဟု ပြောကြ၏။ ဤတော၊ ဤ တောင်၊ ဤဂူလိုဏ်အရပ်၌ မနန်းနွယ်သည် အဘယ်သို့သောနည်းဖြင့် ရောက်၍နေပါသနည်း။ မနန်းနွယ်၏ကိုယ်ဟန်၊ မနန်းနွယ်၏ဦးခေါင်း ကလေး၊ မန ်နွယ်၏ ခါးကလေး၊ တင်ကလေးကို ငါသည် ကောင်းစွာ မှတ်မိနေ၏။ ငါ၏မျက်စိများသည် ငါ့ကို လှည့်စား၍ နေလေသလား၊ ငါသည် မနန်းနွယ်ကို မပြတ်မလပ် တွေးတောကာ နေသောကြောင့် ငါ့ မျက်စိတို့သည် ထင်ယောင်ထင်မှား ဖြစ်လေသလား။ အမယ်မင်း ... မနန်းနွယ်၏ ရုပ်ပုံပါပဲ"



ဟု အံ့အားသင့်ကာ ဝမ်းသာလုံးဆို့ပြီးလျှင် အသက်များ ထွက်လေ မလားဟု စိုးရိမ်ကာ ညာလက်ဖြင့် ရင်ကိုနှိပ်လျက် ရှေ့သို့လည်း မတိုး နိုင်၊ နောက်သို့လည်း မဆုတ်နိုင်၊ ကျောက်ရုပ်ကြီးပမာ မတ်တတ်ကြီး ငေးမော၍ နေလေ၏။

ထို့နောက် ဆက်လက်၍ တွေးတောသည်မှာ "မနန်းနွယ်သည် ဤနေရာ၌ ဤမျှလောက် ခမ်းခမ်းနားနား ဝတ်ဆင်ပြီး မလာတန်ရာချေ။ မနန်းနွယ်ဟာ ဓားပြတွေလက်ချက်နဲ့ သေဆုံးပြီး ငါ့အား ကိုယ်ရောင် ကိုယ်ဝါ လာပြီးပြတာပဲ။ ငါအပါးကိုကပ်သွားရင် ကြောက်သွားလိမ့် မယ် ထင်တယ်။ မနန်းနွယ် ... မနန်းနွယ်လို့ ခေါ်လိုက်ရင် လှည့်ကြည့်ပါ့ မလား။ အခုလို အဝေးကနေပြီး ကြည့်နေရလျှင် ကောင်းလေမလား" စသည်ဖြင့် တွေးတောကာ ကြံရာမရ ဖြစ်၍နေလေ၏။

ထိုကဲ့သို့ နေသည့်အထဲတွင် စိတ်ကိုမချုပ်နိုင်ဘဲ မနန်းနွယ်ကို အတင်းပြေး၍ ဖက်ချင်သောစိတ်သည် ပေါ်ပေါက်လာလေ၏။

"လက်ထဲမှ ပျောက်သွားမှာကိုလည်း လွန်စွာစိုးရိမ်ရတယ်။ ငါ့ရဲ့ ခြေမန်းကွင်းပါရင် ဒီနာနာရုပ် မနန်းနွယ်ကို မကွယ်မပျောက်ရအောင် ဖမ်းလိုက်ချင်စမ်းလှပါဘိတယ်" ဟု တွေးတောကာ အသာကလေး ခြေ ဖျားထောက်လျက် အသက်ကိုမှ ပြင်းပြင်းမရှူဘဲ နောက်ပါးသို့ ကပ်သွား လေ၏။ မိန်းမပျိုသည်ကား လှည့်၍မကြည့်ဘဲ ငြိမ်သက်စွာနေလေ၏။

ယင်းကဲ့သို့သွားရာ လက်လှမ်းလျှင် ထိလောက်သော နေရာသို့ ကပ်သွားလေရာ "လှမ်း၍ဖက်ရလျှင် ကောင်းမည်လား။ အလို ... နာနာ ဘာဝမှ ဟုတ်ပါ့မလား။ အကောင်အထည်က ထင်ရှားလွန်းလှပါတယ်။ ငါ့ရဲ့မျက်လုံးများဟာ ငါ့အား ဒီလိုထင်ထင်ရှားရှား လှည့်စားနိုင်ဖို့မရှိ။ မယ်ယက္ခပေပဲလား၊ မနန်းနွယ်နှင့် ကိုယ်ဟန်များ တူလို့ပေလား။ သူ့ ခါး၊ သူ့တင်၊ သူ့ပေါင်၊ သူ့ခြေ၊ သူ့လက်တို့၊ သူ့လည်ပင်းတို့သည် မနန်းနွယ်နှင့် အဘယ်နေရာမှ မခြားပါတကား။ ဟယ် ... ဘယ်လိုပဲဖြစ်ဖြစ် လှည့်ကာ အော်ခေါ်လိုက်ပါတော့မည်ဟု အောက်မေ့ကာ မနန်းနွယ်ဟု ခေါ်လိုက်မည်အပြုတွင် မိန်းမပျိုက ရှေ့ကိုလာပါဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မောင်ဘဝင်းသည် ထိတ်ခနဲဖြစ်ပြီးလျှင် "အလို ... မနန်းနွယ်၏ အသံပါကလား။ မတော်လို့ ရှေ့ရောက်မှ လျှာကြီးကိုထုတ်ပြ၊ မျက်လုံးကြီးကို ပြူးပြရင် ငါဒုက္ခဖြစ်တော့မယ်" ဟု တွေးကာ နောက်ကပဲနေ၍ ခေါ်စမ်းကြည့်လေမှ တော်မည်ဟုကြံလျက် –

"မနန်းနွယ် ..."

ဟု ခေါ်လိုက်လေ၏။

ထိုအခါ မိန်းမပျိုက နောက်သို့လှည့်မကြည့်ဘဲ –

"ဘယ်လူ့ကို ခေါ်တာလဲ။ ရှေ့ကိုလာပြီး ကြည့်စမ်းပါ။ ဗိုလ်ဝင်းပုံကို ဟောဟိုရှေ့က စမ်းရေထဲမှာ မြင်ရပါတယ်။ မကြောက်ပါနဲ့"

ဟု ပြောလေ၏။

ထိုအခါ ဗိုလ်ဝင်းသည် အံ့အားသင့်လျက် "အလဲ့ ... ဘယ့်နှယ့်ပါလိမ့်မလဲ" ဟု တွေးတောကာနေပြီးမှ သိချင်သော မြင်ချင်ဇောသည် ကြောက်ဇောထက် ပိုမိုကြီးမား၍ လာသောကြောင့် ချက်ချင်းလှည့်ကာ ရှေ့သို့သွားလေရာ –

"အမယ်လေး ... မနန်းနွယ်ရဲ့ မနန်းနွယ်ပါပဲ။ ဘယ်လူမှ မဟုတ်ပါဘူး။ ကျုပ် မှတ်မိပါတယ်။ မနန်းနွယ် အစစ်ပါ။ မနန်းနွယ် ဘယ်အတွက် ကျုပ်ကို လှည့်စားသလဲ။ မနန်းနွယ် ဘယ်ကရောက်လာသလဲ"

ဟုပြောကာ လက်နှစ်ဖက်ကိုဆန့်လျက် အတင်းချင်းနင်းဝင်ရောက် ဖက်မြှောက်ပွေ့ယူတော့မလို ဟန်ပြင်လေရာ မိန်းမပျိုသည် လက်များကိုဆန့်ကာ –

"ဗိုလ်ဝင်း ... ငြိမ်ငြိမ်နေပါ။ သတိထားပါ။ သေချာစွာကြည့်ပါ။ တူလို့ထင်ပါရဲ့။ ရှင့် မနန်းနွယ်ဆိုတာ ဘယ်ကလဲ။ ကျွန်မ မကြားဖူးပါကလား။ အပါးကို သိပ်ပြီး မကပ်ပါနဲ့။ ယောကျ်ားရဲ့ အကပ်ကိုခံတတ်တဲ့ မိန်းမ မဟုတ်ပါ။ ယောကျ်ားအကပ်ကိုခံရင် ဒီတောထဲမှာမနေနိုင်ပါ။ ခပ်ခွာခွာရပ်ပြီး သေသေချာချာ ကြည့်ပါ။ ကျွန်မနဲ့ တူတဲ့မိန်းမ ဘာ့ဗောပေါ်မှာ ရှိနိုင်ပါ့မလား"

ဟုပြောလျက် စူးရှသော မျက်လုံးများနှင့် မောင်ဘဝင်းကိုကြည့်



ကာ အလွန်တရာ ထက်မြက်၍ တန်ခိုးသတ္တိရှိသော အမူအရာဖြင့် ဣန္ဒြေကြီးမွှာထားလျက် –

"ဗိုလ်ဝင်း ... ဟောဟို ကျောက်တုံးပေါ်မှာထိုင်ပြီး မယ်ယက္ခဆိုတာ လူလား၊ နတ်လား၊ ဘီလူးလားလို့ သေချာစွာ ကြည့်စမ်းပါ"

ဟု ကျောက်တုံးကို လက်ညှိုးညွှန်ကာ ပြလေ၏။

ထိုအခါ မောင်ဘဝင်းသည် စကားလည်းပြောချင်၊ ကြောက်စိတ်အတော်ဝင်ပြီး အင်မတန် အံ့သြလျက် "မယ်ယက္ခ" ဟူသော နာမည်ကိုကြားရရုံမျှနှင့် ၎င်းမိန်းမပျို၏ သဏ္ဍာန်၌ရှိသော မနန်းနွယ်၏ရုပ်ပုံသည် ပျောက်ပျက်၍ သွားသကဲ့သို့ မှတ်ထင်ရလေ၏။

ထိုမိန်းမပျိုသည် မိမိ၏ ခမ်းနားသောကျက်သရေ၊ မိမိ၏ ထက်မြက်သော မျက်လုံး၊ ထက်သန်သော အာဏာသြဇာသံ၊ ဝင်းလျှံသော မျက်နှာ၊ တန်ခိုးကြီးသော အမူအရာ၊ တောက်ပခမ်းနားသော ဆင်ယင်တန်ဆာတို့ဖြင့် အထူးအချွန် လှပလျက် မနန်းနွယ်၏အလှသည် မယ်ယက္ခ၏ အလှရိပ်တွင် လမင်းကိုတိမ်လွှမ်း၊ ယုန်သော်တာငွေစန်းမှာ ပေပုပ်ဖမ်းခံရသလို ဖြစ်၍သွားလေ၏။

ထိုမျှလောက် တောက်ပသော ကျက်သရေ အရောင်အဝါတို့၏ အောက်၌ မနန်းနွယ်ပုံသဏ္ဍာန် ရေးရေးကလေးမျှသာ မြင်ရလေ၏။ မောင်ဘဝင်း၏စိတ်သည် အံ့သြခြင်း၊ ကြောက်ခြင်း၊ ချစ်ခြင်းတည်းဟူသော လေပြင်းမုန်တိုင်းတို့အထဲတွင် ပရမ်းပတာ ဖြစ်၍နေသော်လည်း မယ်ယက္ခ၏အလှသည် တစ်ချက်တစ်ချက် မိမိ၏စိတ်၌ လွှမ်းမိုး၍လာသောအခါ မိန်းမော၍နေလေ၏။

မယ်ယက္ခက ပြောပြန်သည်မှာ –

"ဗိုလ်ဝင်း ... မကြောက်ပါနဲ့။ ရှင့်ကို ကျွန်မတို့ ဘယ်လိုမှ မလုပ်ပါ။ ရှင် ကောင်းကောင်းနေသမျှ ကာလပတ်လုံး ကျွန်မတို့က ကောင်းကောင်းထားပါမယ်။ ကျွန်မတို့အပေါ်မှာ သစ္စာရှိရင် ရှင့်အပေါ်မှာ ကျွန်မတို့က သစ္စာရှိပါလိမ့်မယ်"

"ဒါပေမဲ့ မနန်းနွယ်လို့ ကျွန်မကို အထင်မှားပြီး အချည်းနှီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်သောက ဖြစ်မနေရအောင်သာ ကျွန်မ သတိပေးရပါတော့တယ်။ ကျွန်မ မနန်းနွယ် မဟုတ်၊ မယ်ယက္ခ အစစ်ဖြစ်တာကို သိပြီမဟုတ်လား။ မနေ့က ရှင့်ကို ကြည့်ရှုနေရတဲ့လူအား မနန်းနွယ်ရဲ့ အကြောင်းများကို ရှင်ပြောနေတဲ့အခါ ကျွန်မလည်း အပါးမှာ ရှိပါတယ်။ မနန်းနွယ်လည်း မရှိပါဘူး။ မနန်းနွယ်ဆိုတဲ့ မိန်းမဟာလည်း ရှင့်ကို သတိရမှာမဟုတ်ပါဘူး။ စိတ်ကိုသာ ကောင်းကောင်းထားပြီး ကျွန်မတို့နဲ့အတူ အေးအေးနေပါ။ တဖြည်းဖြည်း စိတ်လက် ပျော်လာပါလိမ့်မယ်”

ဟုပြောပြီး လိုဏ်ဂူဘက်သို့ လှည့်ကာ ထွက်သွားလေ၏။

မောင်ဘဝင်းသည် မယ်ယက္ခ ပြောသမျှစကားများကို စဉ်းစားလျက် လွန်စွာအံ့အားသင့်ကာ တွေဝေငေးမောခြင်းနှင့် မိမိနေရာတွင်ရပ်၍ နေရစ်သည်အခိုက် လိုဏ်ဂူသို့ ဝင်သွားသော မယ်ယက္ခကိုကြည့်ကာ တွေးတောသည်မှာ –

“ငါသည် တံလျက်ကို ရေထင်သော သမင်ကဲ့သို့ မနန်းနွယ် အထင်မှားပြီး မယ်ယက္ခ လက်ထဲသို့ ကျရောက်လေပြီတကား။ မယ်ယက္ခတည်းဟူသော လောင်ကျွမ်းစေတတ်သည့် မီးတောက်ကို မသိမှု၍ မနန်းနွယ်ဟူသော အဆင်းကိုမက်ကာ မီးတောက်ထဲသို့ ရောက်၍ လာလေပြီတကား။ မနန်းနွယ်ခေါ်သော မိန်းမသည် မင်းသမီးယောင်ဆောင်သော ဘီလူးမ မယ်ကုဝဏ် ဖြစ်ချေတော့သည်တကား။

“သို့သော် ဘီလူးအစစ်ဖြစ်သော မယ်ယက္ခတည်းဟူသော မယ်ကုဝဏ်သည် မင်းသမီးထက်ပင် လှနေပေသည်။ ဤမိန်းမသည် ကြောက်မက်ဖွယ်ကောင်းသော မိန်းမဖြစ်ပါလျက် ငါသည် ယခုတိုင် မကြောက်နိုင်ဘဲ သဲသဲမဲမဲ အစွဲသန်၍နေ၏။ ငါ၏စိတ်ကို ဘီလူးတို့၏အတတ်ဖြင့် ဖမ်းစား၍ ထားလေသလား။ သူသည် မနန်းနွယ်မဟုတ်ဟု အတင်းခံ၍ ငြင်း၏။

“သို့သော်လည်း မနန်းနွယ် အစစ်ဖြစ်ကြောင်းကို ငါသည် အမှန်သိ၏။ မနန်းနွယ် ဟန်ဆောင်၍နေစဉ်က လွန်စွာ နူးညံ့သိမ်မွေ့လျက် ငါ့အား အချစ်ဖြင့် ဖမ်းစား၏။ ငါ၏အချစ်ကို အတုံ့အလှည့်ပြု၏။ ယခု



သည်ကား ငါ့ကို အကျဉ်းသမားပမာ ထားတော့မည်။ ငါသည် အပါးသို့ ကပ်ရတော့မည် မဟုတ်ချေ၊ နီးလျက်ဝေး၍ နေရချေတော့မည်တကား။ သူ၏စိတ်သည် လွန်စွာ ခက်ထန်ပုံပေါ်၏၊ ဆင်ရိုင်း၊ ကျားရိုင်းကို ချစ်ကျီစယ်လျှင် အသက်သေဖွယ်ရာသာ ရှိ၏။ သရဲသဘက်ကိုချစ်လျှင် ကုတ်ချိုး၍ အူအသည်းကို အစားခံရလိမ့်မည်”

“ဤမယ်ယက္ခကို ငါချစ်ရသည်မှာ ငါ၌ အဘယ်သို့သော ဘေးဒဏ်ကို ဖြစ်စေမည်နည်း။ သူ့ကို ငါချစ်ကြောင်း သူကောင်းကောင်းကြီး သိ၏။ သူသည်ကား စိမ်းကားလျက် ငါ၏ရူးမိုက်သော ချစ်စိတ်ကို ရှုတ်ချရယ်မောကာနေ၏။ သူ့ကို ငါနေ့တိုင်း တွေ့ရမည်လား။ သူ အဘယ်က ပေါ်လာသလဲ။ သူ ဘယ်မှာနေပါလိမ့်မလဲ။ ငါ့ကို ထိန်းစောင့်သည့် ယောကျ်ားပျိုသည် ငါ့အား အကျိုးအကြောင်းကို ကုန်စင်အောင် ပြော၍ မပြပါတကား” စသည်ဖြင့် တွေးတောကာနေလေ၏။

သို့ပင် တွေးတောကာ နေရငြားသော်လည်း မယ်ယက္ခကို မနန်းနွယ်ထက် ပိုမို၍ စွဲလမ်းလျက် “မယ်ယက္ခ၏ လက်ဖြင့် အသက်ပင် သေစေတော့၊ ငါ၏စိတ်ကို ငါမနိုင်။ ညောင်ပင်သည် ပေပင်ကို တစ်ခါင့်သလို၊ မယ်ယက္ခတည်းဟူသော ပေပင်ကြီးကို ငါသည် အချစ်စိတ်ဖြင့် နေ့ရော ညရောင့်၍ နေရချေတော့မည်တကား” ဟု အောက်မေ့ကာ နေလေ၏။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

နောက်အတန်ကြာသောအခါ မောင်ဘဝင်းသည် ဂူထဲသို့ ရောက်သွားလေရာ အခါတိုင်းနှင့်မတူ ဂူဝ၌ လက်နက်ကိုင်လူများ စောင့်ကြပ်၍နေသည်ကို တွေ့ရလေ၏။

ဂူတွင်းသို့ ဝင်သွားသောအခါ အခန်းကလေးထောင့်၌ လက်နက်ကိုင် လူလေးယောက် စောင့်၍နေသည်ကို တွေ့ရလေ၏။

ထိုလူများသည် စကားတစ်လုံးကိုမျှ မပြောကြဘဲ ဆိတ်ငြိမ်စွာ ရပ်လျက် နေကြလေ၏။

ဂူနောက်ဘက်၌ များစွာသော လူတို့ စကားပြောဆို၍နေသော အသံများကို ကြားရလေ၏။

လက်နက်ကိုင် လူများသည်ကား မောင်ဘဝင်း ဝင်သည်ထွက်သည်ကို တစ်စုံတစ်ရာ တားမြစ်ကန့်ကွက်ခြင်းမပြုကြဘဲ မောင်ဘဝင်း ဂူဝသို့ လာသောအခါ ရိုသေစွာ လမ်းဖယ်၍ ပေးကြလေ၏။

မောင်ဘဝင်းသည် ဂူအပြင်ဘက်၌ အသံများကို ကြားရသောကြောင့် အဘယ်သို့သော အကြောင်းပေနည်းဟု သိလိုသဖြင့် တစ်ဖန် ဂူအပြင်ဘက်သို့ ထွက်ပြီးလျှင် ဂူ၏နောက်ဘက်သို့သွားရန် လမ်းကိုကြည့်ရှုလေရာ ဂူဝနံဘေး၌ သေးငယ်သော လှေကားထစ်များကို တွေ့ရှိ၍ တက်သွားရာ ထိပ်သို့ရောက်သောအခါ မိမိသည် ကျောက်တောင်ကြီးပေါ်သို့ ရောက်နေသကဲ့သို့ မှတ်ထင်ရလေ၏။

ထိုကျောက်တောင်ပေါ်သို့ တက်သွားလေရာ ထိပ်သို့ရောက်သော အခါ နောက်ဘက်သို့ လှည့်၍ဆင်းသော လှေကားထစ်များကို တွေ့ရပြန်လေ၏။ ဝဲယာတစ်ဖက်တစ်ချက်၌ကား မနီးမဝေးအကွာတွင် မြက်များ၊ သစ်ပင်ပျိုများနှင့် စိမ်းလန်းနုပျိုသော တောင်ကမ်းပါးယံနှစ်ခုကို တွေ့ရ



လေရာ ထိုကျောက်ဂူကြီးသည် တောင်ပူစာနှစ်လုံး ညှပ်၍နေကြောင်းကို သိရလေ၏။

ကျောက်ဂူထိပ်ဝမှနေ၍ ကြည့်လိုက်သောအခါ ဂူ ရှေ့ပန်းဥယျာဉ်မှာ မြေညီဖြစ်လျက် လက်ဝဲဘက်၌ နက်သောချောက်ကြီးကို တွေ့ရလေ၏။

ထိုချောက်ကြီးမှ ကျောက်နံရံတို့သည် လွန်စွာစောက်လျက် စမ်းရေပေါက်များ၊ စမ်းတွင်းများ၊ စမ်းချောင်းကလေးများနှင့် နွယ်များ၊ ကျောက်ခက်များကို တွေ့ရှိရလေ၏။

လက်ယာဘက်၌မူ တောင်ပူစာနှင့် ဂူ၏အကြား၊ မညီမညာသော ကျောက်တန်း၊ ကျောက်တံတားများဆက်ကာ ဂူဝဘက်မှ နောက်ဘက်သို့ မဝင်နိုင်အောင် ကျောက်လုံးကြီးများနှင့် ကန့်ဆီး ပိတ်ဆို့နေသည်ကို တွေ့ရလေ၏။

ဂူ၏နောက်ဘက်ဖြစ်သော အရှေ့ဘက်သို့ တူရူကြည့်လိုက်သော အခါ ကျယ်သောမြေနိမ့်ကြီးကို တွေ့မြင်ရလေ၏။

ထိုမြေနိမ့်တွင် သစ်ပင်ကြီး၊ သစ်ပင်ငယ်တို့ ပေါက်ရောက်လျက် လွန်စွာ နုပျိုစိမ်းစိုသည့်အပြင် ထိုသစ်ပင်များ၏အကြား၌ သပ်ရပ်သော ဝါးအိမ်အငယ်တို့ကို တွေ့မြင်ရလေ၏။

ထိုဝါးအိမ်ငယ်များကို ရေတွက်ကြည့်လိုက်သောအခါ အိမ်ပေါင်း ၁၅ အိမ်လောက်ရှိသဖြင့် အိမ်များမှာ မညီမညာ ဆောက်လုပ်ထားသော ကြောင့် တစ်အိမ်နှင့်တစ်အိမ် ကူးသန်းသော လမ်းကလေးများသည် တောလမ်းကလေးများကဲ့သို့ ဖြူဖြူဖွေးဖွေး ကွေ့ကာကောက်ကာ ကူး ယှက်၍ နေကြသည်ကို တွေ့ရလေ၏။

မောင်ဘဝင်းသည် ထိုအေးမြရိပ်ငြိမ် သာယာသော ရွာကလေးနှင့် အိမ်ရှေ့တွင် စုကာထိုင်ကာ သွားလာကူးသန်း၍နေသော ယောကျ်ား၊ မိန်းကလေး၊ လူကြီးတို့ကို မြင်ရသောအခါ မောင်ဘဝင်းသည် လူတို့ နေထိုင်သော ရွာပေလား၊ နာနာဘာဝ ကျွတ်များ မိမိကိုလှည့်စား၍ ပြလေရော့သလားဟူ၍ တွေးတောကာနေလေ၏။

မောင်ဘဝင်းကို မြင်ကြရသော လူများသည်ကား မောင်ဘဝင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဝမ်းမြောက်ဝမ်းသာသော လက္ခဏာနှင့် ကြည့်ကာနေကြလေရာ မောင်ဘဝင်းသည် ကျောက်လှေကားတစ်ခုဖြင့် မြေနိမ့်အရပ်သို့ ဆင်း သွားလေ၏။

မောင်ဘဝင်း ဆင်းသွားသောအခါ ကလေးတစ်ယောက်၊ နှစ် ယောက်တို့သည် ပြေး၍လာကြလေ၏။

မောင်ဘဝင်းသည် ၎င်းကလေးများကို ဝမ်းမြောက်ဝမ်းသာစွာနှင့် လက်ဆွဲကာ ကလေးများနှင့်အတူ အိမ်များရှိရာသို့ သွားပြီးလျှင် လှည့်လည် ကြည့်ရှုလေရာ ယောက်ျား၊ မိန်းမတို့သည် ကောင်းစွာ ဧည့်ခံကြလျက် သူ့အိမ်ကိုဝင်ပါ၊ ငါ့အိမ်ကိုဝင်ပါဟု ပျူပျူငှာငှာ ခေါ်ကြလေ၏။

ထိုအခါ မောင်ဘဝင်းသည် ငါသည် ဤနေရာ၌ အကျဉ်းသမား မဟုတ်ပါတကားဟု တွေးတောအံ့သြ၍ နေလေ၏။

မောင်ဘဝင်း တွေ့သောအိမ်များမှာ လွန်စွာသပ်ရပ်၍ ကွမ်းသီး ပင်များကို ထက်ခြမ်းခွဲပြီးလျှင် ရေတံလျှောက်များပြုကာ အိမ်များ၌ စမ်းရေတို့ကို အသီးသီး သွယ်ယူသုံးစွဲကြလျက် ရေပေါများသောကြောင့် ယောက်ျား၊ မိန်းမ၊ ကလေးများကို သန့်သန့်ရှင်းရှင်း တွေ့မြင်ရလေ၏။

၎င်းတို့၏မျက်နှာများ၌ ဝပြောသာယာစွာ စားသောက်နေထိုင်ရ သော အမှတ်လက္ခဏာကို သိသာနိုင်လေသည်။

မောင်ဘဝင်းရောက်စက ၎င်းရွာရှိ ယောက်ျားများသည် အလုပ် ပေါ်သဖြင့် သွားလာနေကြရလေရာ မိန်းမများနှင့် ကလေးများမှာ ဤ နေရာနှင့် မိုင်ဝက်ခန့်မျှကွာသော ဂူတစ်ခုသို့ ပြောင်းရွှေ့၍ နေကြရပြီး ယနေ့နံနက်တွင်မှ ယောက်ျားများ ပြန်၍လာကြသဖြင့် ထိုယောက်ျားများ သည် မိန်းမများ၏ဂူသို့ ရှေးဦးစွာ သွားကြပြီးနောက် အတူတကွ ဤ နေရာသို့ ပြန်လာကြသောကြောင့် ချမ်းချမ်းသာသာ ပြန်၍လာကြသော မိမိတို့၏ ယောက်ျားများနှင့်အတူ မိန်းမများသည် ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသဖြင့် ဆူညံသော အသံများကို ကြားရခြင်းဖြစ်လေ၏။ ။

* * *

## အခန်း (၁၈)

မောင်ဘဝင်းသည် ၎င်းရွာ၌ ပျော်ရွှင်စွာ လှည့်လည်ကြည့်ရှုပြီး နောက် ဂူသို့ ပြန်လာလေ၏။

ဂူရှေ့သို့ ရောက်သောအခါ နံနက်စာ ဘောဇဉ်ခဲဖွယ်တို့ကို အငွေ့ တထောင်းထောင်းနှင့် အသင့်တွေ့ရလေရာ ၎င်းစားဖွယ်၊ သောက်ဖွယ် များကိုကြည့်ကာ ပါးစပ်ပြင်၍နေလေ၏။

အကြောင်းမူကား နံနက်ခင်း လှည့်လည် လမ်းလျှောက်ပြီးနောက် ဆာလောင်မွတ်သိပ်၍ လာလေ၏။

မောင်ဘဝင်းသည် ချိုးသားကောင်လုံးကြော်၊ ကြက်၊ ငှက်၊ အကြော်ချက်တို့ကိုလည်းကောင်း၊ ဝက်သနီချက်ကိုလည်းကောင်း၊ အငွေ့ ထောင်းထောင်းထွက်နေသော တောသား၊ အမဲဟင်းလျာ မွှေးကြိုင်စွာတို့ကို လည်းကောင်း၊ စိမ်းလန်းသော တောဟင်းရွက်တို့မှာ အရောင်မညှိုးဘဲ ပန်းကန်ထဲတွင် အငွေ့ထွက်၍ သောက်သုံးရန်ကောင်းလှသော ဟင်းချို အဖြစ်သို့ ရောက်၍နေသည်ကိုလည်းကောင်း မြင်ရသောအခါ “ဤတော ဤတောင်၌ ငါသည် ဤကဲ့သို့ ခမ်းနားဖွယ်ရာစွာ စားသောက်လည်ပတ် ကာ နေဖို့ရန် အဘယ်သို့ ကုသိုလ်သည် ငါ့အား ဖန်တီး၍ ပေးလာပါ သနည်း။ ဤအာဟာရတို့သည် မယ်ယက္ခ၏တန်ခိုးဖြင့် ပေါ်လာသော နတ်သုဒ္ဓါတစ်မျိုး ဖြစ်လေရော့သလား။ ငါ၏ပတ်ဝန်းကျင်၌ ရှိကြကုန်သော လူအပေါင်းတို့မှာမူ လူသားစင်စစ် ဖြစ်ကြသောကြောင့် ထိုအာဟာရ ဘောဇဉ်တို့သည် လူတို့၏လက်ဖြင့်သာ စီမံချက်ပြုတ် လုပ်ကိုင်အပ်သော ဘောဇဉ်ခဲဖွယ်များသာ ဖြစ်ဖွယ်ရာရှိလေသည်” စသည်ဖြင့် ပွဲရံအနီးတွင် ရပ်ကာကြည့်၍နေသည့် အတွင်းတွင် မိမိနှင့် မနီးမဝေး ကန့်လန့်ကာ အတွင်းမှာ လှုပ်ရှားသော ပိုးသံ၊ ဖဲသံ၊ အဝတ်သံနှင့် လက်ကောက်သံများ ကို ကြားရလေရာ ငေးစိုက်ကာ ကြည့်၍နေမိလေ၏။

www.burmeseclassic.com



ယင်းကဲ့သို့ ကြည့်၍နေရာ ကန့်လန့်ကာသည် လှုပ်ရှား၍လာပြီးလျှင် ဖြူစင်လှပသော လက်ချောင်းကလေးများသည် ကန့်လန့်ကာကို အတွင်းမှ ကိုင်ကာဖယ်၍ အပြင်သို့ ထွက်လာသော မယ်ယက္ခကိုမြင်လေရာ အာဟာရသောဇဉ်တို့၏ အထဲတွင် ဝင်၍နေသောစိတ်သည် ပျောက်ပျက်လျက် မယ်ယက္ခကို စိုက်ကာကြည့်၍ နေပြီးလျှင် "ဤကန့်လန့်ကာအတွင်း၌ သူရှိမှန်းကို ငါသိလျှင် ယနေ့နံနက် ငါတခြားကို သွားကြည့်ရှု၍ အချိန်ကို ကုန်လွန်စေခဲ့မည် မဟုတ်ချေ။ သည်အခန်းကို ငါ၏အထိန်းဖြစ်သော လူ၏အခန်းဟု ငါထင်နေ၏" ဟု တွေးတောကာ နေလေရာ ပုဇွန်၏လေးထောင့်၌ရှိသော လက်နက်ကိုင်တို့သည်ကား မြေပေါ်မှာ ပြားပြားဝပ်ကာ နေကြသည်ကို မြင်ရလေ၏။

မယ်ယက္ခသည် အတိုင်းမသိ ချိုသောမျက်နှာနှင့် ၎င်း၏ လူများကိုကြည့်ကာ ပြုံးပြီး ခေါင်းညိတ်လိုက်သောအခါကျမှ ၎င်းလူများသည် နေရာမှထကြ၍ မိမိတို့ စောင့်မြဲအတိုင်း စောင့်၍နေကြလေ၏။ မောင်ဘဝင်းသည်ကား အံ့အားသင့်လျက် အရိုအသေတို့ကိုလည်း သတိမရ။ မြေပေါ်၌ စိုက်ထောင်၍ထားသော အရုပ်ကဲ့သို့ ဖြစ်၍နေလေ၏။

မယ်ယက္ခသည် ဗိုလ်ဝင်းကို သိမ်မွေ့သောမျက်နှာနှင့် ကြည့်လျက်–

"ဗိုလ်ဝင်း ... ဒီကနေ့ ကျွန်မနဲ့အတူ ထမင်းသုံးဆောင်ဖို့ အထူးပဲ စီမံထားပါတယ်။ ထိုင်ပါရှင်"

ဟု ပြောလေရာ ဗိုလ်ဝင်းက–

"ကျေးဇူးကြီးလှပါတယ်။ ကျွန်တော်လည်း အင်မတန် မြိန်ရှက်ဖွယ်ကောင်းတဲ့ ပွဲရံကို ကြည့်နေသောအခါ ဆာမွတ်တဲ့ အာသာဟာ အင်မတန် တိုးပြီးလာပါတယ်။ မနန်းနွယ် (အို ... ယောင်လို့) မယ်ယက္ခနဲ့ အတူစားဖို့ အခွင့်ရတာဟာ မွတ်သိပ်တဲ့အစာ တိုးပြီး ဆယ်ဆတံပိုးစားလို့ကောင်းမှာပဲ။ ကျွန်တော့်ကို မယ်ယက္ခ ဒီလောက်တောင် ကြင်ကြင်နာနာ ဂရုစိုက်ထားတာကို ကျေးဇူးတင်လို့ မဆုံးနိုင်အောင် ဖြစ်တော့တာပါပဲ"

ဟု ပြောလေ၏။



"အို ... ကျေးဇူးတင်မနေပါနဲ့။ မြိန်မြိန်ရှက်ရှက် စားစမ်းပါ။ ကျွန်မတို့ ဗိုလ်ဝင်းလိုလူကို ကျွေးချင်လှပါတယ်လို့ အဘယ်မျှ တောင့်တပြောသော်လည်း ယခုလို ကြုံကြိုက်ဖို့ရာ လွန်စွာမှ ခဲယဉ်းလှပါတယ်။ ကျွန်မတို့နေရာကို ဗိုလ်ဝင်းရောက်လာတဲ့အတွက် ကျွန်မက ကျေးဇူးတင်လို့ မဆုံးအောင် ဖြစ်နေရတာပါပဲ။ ဒီ့ထက် စကားပြောနေရရင် အဆာလွန်ပြီး မစားနိုင်မှာကို ကျွန်မ အင်မတန် စိတ်မကောင်း ဖြစ်ရပါလိမ့်မယ်။ ဒီ့အတွက် မြန်မြန်စားကြပါစို့ရဲ့ရှင်။ ထိုင်ပါ"

ဟု ပြောကာ နှစ်ယောက်သား ထိုင်ကြလေ၏။

ထိုအတွင်း ထောင့်လေးထောင့်၌ ရပ်၍နေကြသော အစောင့်များသည် တစ်ယောက်ကိုတစ်ယောက် အနက်အဓိပ္ပာယ် ကြီးကျယ်များပြားသော မျက်လုံးများနှင့်ကြည့်ကာ အဘယ်သို့သော အရာများကိုတွေးတောကြံဆ၍ နေကြသည်ကို ပြောမပြနိုင်အောင် ရှိလေ၏။

ဗိုလ်ဝင်းနှင့် မယ်ယက္ခသည် ပွဲရံမှာထိုင်ကာ စား၍နေကြသောအခါ သခင်နှင့် သခင်မနှစ်ပါးကဲ့သို့ မှတ်ထင်၍ နေကြလေသလားမသိချေ။

ထမင်းစားရင်း မယ်ယက္ခက ပြောသည်မှာ–

"ကျွန်မတို့ဟာ ဒီမျှလောက် နက်တဲ့တောထဲမှာ ရွာတည်ပြီးနေကြတာမှာ အဘယ်ကမှ အနှောင့်အယှက်မရှိပါ။ ကျွန်မတို့ရဲ့ နေရာကိုသိတဲ့လူလည်း မရှိပါ။ ကျွန်မတို့မှာ အကြီးဆုံးရန်သူ တစ်ယောက်ရှိပါတယ်။ ဒီရန်သူဟာ တခြားမဟုတ်ပါဘူး။ ဗိုလ်ဝင်းပဲ ဖြစ်ပါတယ်။ ဗိုလ်ဝင်းဟာ ကျွန်မတို့လို စိတ်သဘောထားမယ်ဆိုရင် တစ်သက်လုံး ယခုလို အေးအေးချမ်းချမ်း နေရမှာပဲ။ ဒီ့ပြင် အရေးရှိရင် ဗိုလ်ဝင်းလိုလူရထားတာဟာ ကျွန်မတို့မှာ အားဆယ်ပြန်တိုးသလို ဖြစ်ပါတယ်"

ဟု ပြောလေ၏။

ထိုအခါ ဗိုလ်ဝင်းက "ဤစကားများသည် ငါ့ကို ဓားပြဖြစ်အောင် သွေးဆောင်သည့် စကားများဖြစ်၏။ ငါသည် ပြည်သူတို့၏ ရန်သူဖြစ်သော ဓားပြလူဆိုးတို့နှင့် မိခင်သတ်သူကို ကလဲ့စားချေရန် တစ်ခုတည်းသော

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်နှင့် ဝန်ရှင်တော်မင်းကြီးထံမှ ပဋိညာဉ်ခံခဲ့၏။ ဤမိန်းမသည်ကား ငါ၏ ဖြောင့်မတ်သောလမ်းမှ ငါ့ကို မတရားသောလမ်းသို့ သွေးဆောင်ရာသို့ ငါသည် အဘယ်နည်းနှင့် လိုက်ပါနိုင်ပါမည်နည်း။ သို့သော် ဤမိန်းမကဲ့သို့ လှသောမိန်းမကို ငါ၏ဘဝ၌ တစ်ရံတစ်ခါမျှ မတွေ့ဖူး၊ မကြုံဖူးချေ။ သူ၏ အလှတန်ခိုးဖြင့် အရောင်အဝါတည်းဟူသော ပင့်ကူအိမ်၌ ငါ၏ခက်ထန်သောစိတ်သည် ယင်ကောင်၊ ခြင်ကောင်တို့၏ပမာ မိ၍နေလေပြီတကား။ ဤနေရာနှင့် ဤမိန်းမထံမှ အဘယ်သို့သောနည်းနှင့် အခြားသို့ သွားနိုင်ပါမည်နည်း" စသည်ဖြင့် တွေးတောကာ စိတ်ကို မနိုင်မနင်းဖြစ်လျက် စကားပြန်၍ မပြောနိုင်ဘဲ ပြူး၍သာ နေလေ၏။

ထိုအခါ မယ်ယက္ခက –

"ဗိုလ်ဝင်း စဉ်းစားပါ။ ဗိုလ်ဝင်းစိတ်ထဲမှာ ဖြောင့်မှန်တဲ့အရာကို ပြုဖို့ရာ အကြံရှိတာကို ကျွန်မ ရိပ်မိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ မဖြောင့်မတရားသည့် အလုပ်လုပ်တဲ့ လူစုမဟုတ်ပါ။ ဆင်းရဲသားများကို မနှိပ်စက်၊ ဆင်းရဲသားတို့ကို ညှဉ်းပန်းနှိပ်စက်တဲ့ မင်းစိုးအရာရှိများကိုသာ ကျွန်မတို့ အပြစ်ဒဏ်ပေးပါတယ်။ မယ်ယက္ခဆိုတဲ့ နာမည်ဟာ မတရားသဖြင့် ခေါ်ကြတဲ့ နာမည်ဖြစ်ပါတယ်"

ဟု ပြောလေရာ –

ဗိုလ်ဝင်းသည် ဆိတ်ငြိမ်စွာ စဉ်းစားလျက် "မိမိအသက်ကို ကယ်ဆယ်လာသည်များကိုလည်းကောင်း၊ မိမိသည် ရန်သူကဲ့သို့ ပြုမူခြင်း မခံရသည်ကိုလည်းကောင်း၊ အချို့သော ဆင်းရဲသည့် ရွာသားများအား ထောက်ပံ့ဖူးသည့် အတ္ထုပ္ပတ္တိများကိုလည်းကောင်း တွေးလိုက်သောအခါ မိမိ၏စိတ်၌ရှိသော သံသယသည် အနည်းငယ် ကွယ်ပျောက်မလိုလို ဖြစ်သော်လည်း မိခင်အသတ်ခံရသည့် အကြောင်းကို တွေးတောလိုက်သည့်အခါ မယ်ယက္ခ၏ လူစုပင် မသတ်ဖြတ်စေကာမူ အခြားသော လူဆိုး၊ သူဆိုးများ သတ်ဖြတ်ချေက ထိုလူဆိုး၊ သူဆိုးကိုသာ ကလဲ့စားချေရန် စိတ်သည် မိမိကို အတင်းနှိုးဆော်သကဲ့သို့ ဖြစ်လျက် ဤသာယာ



သောတောနှင့်၊ ဤလှပသောမိန်းမကို ငါတပ်မက်၍ နေချေက ငါ၏ ရည်ရွယ်ချက်၊ ပြဋ္ဌာန်းချက်သည် ဆုံးခန်းတိုင်အောင် ပေါက်ရောက်တော့မည်မဟုတ်ဟု" တွေးတောမိလျက် မယ်ယက္ခကိုကြည့်ကာ –

"မယ်ယက္ခပြောတဲ့ စကားများအတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ဆုံးခန်းကို မရောက်သေးတဲ့ အလုပ်တစ်ခုရှိပါတယ်။ ဒီအလုပ်ကို မပြီးပြတ်သေးသမျှ သေသွားတဲ့တိုင်အောင် စိတ်အေးရတော့မှာ မဟုတ်ပါ။ ဒီ့အတွက် မယ်ယက္ခအပေါ်မှာ ဘယ်အခါမျှ ရန်မရှာပါဘူးဟု အဓိဋ္ဌာန် ပြုနိုင်ပါသော်လည်း ထိုအလုပ်တာဝန်ဟာ လေးလံစွာ ကျန်ရှိနေပါတယ်"

ဟု ပြောလေ၏။ ထိုအခါ မယ်ယက္ခက –

"ဘယ်လို တာဝန်များပါလဲ"

ဟု မေးလေရာ မောင်ဘဝင်းက မိခင်သေဆုံးခြင်း၏ အကြောင်းရင်းကို ပြန်ပြောင်း ပြောပြလေရာ မယ်ယက္ခက အတန်ကလေး ကြာစွာ စဉ်းစားပြီးမှ –

"ဗိုလ်ဝင်း ...ဒီ့အတွက် မပူပါနဲ့။ မယ်ယက္ခဆိုတာ ဘယ်လောက် သတ္တိရှိတယ်ဆိုတာ ဗိုလ်ဝင်းလည်း သိပါတယ်။ ဒီတရားခံကို မယ်ယက္ခကိုယ်တိုင် အရရှာပြီး ဗိုလ်ဝင်း စိတ်ကျေနပ်လောက်အောင် အပြစ်ပေးပါမယ်"

ဟုပြောလေရာ ဗိုလ်ဝင်းက ထက်သန်သောမျက်နှာနှင့် မယ်ယက္ခကို ကြည့်လျက် လက်သီးများကိုဆုပ်ပြီး မယ်ယက္ခဟု ခေါ်ကာ –

"ဒီအတိုင်းမှန်ရင် ကျွန်တော် အထူးပြောဖို့ မရှိတော့ပါ။ တစ်သက်လုံး မယ်ယက္ခကျွန် ဖြစ်ရပါတော့မယ်"

ဟု ရဲရဲကြီး ပဋိညာဉ်ပြုလေ၏။

ထိုအခါ မယ်ယက္ခက –

"မင်းမှာသစ္စာ၊ လူမှာကတိတဲ့။ စကားကိုသာ တည်ပါစေ။ ကျွန်မ ပြောတဲ့စကားလည်း တည်ပါစေ့မယ်။ စိတ်သာချပါ"

ဟု ပြောလေ၏။ ထိုအခါ မောင်ဘဝင်းက –

www.burmeseclassic.com

www.burmeseclassic.com



"မယ်ယက္ခကဲ့သို့သော မင်းသမီးရဲ့အမှုကို ဆောင်ရွက်ရခြင်းဟာ ကျွန်တော့်မှာ ငြီးငွေ့ခြင်းဖြစ်ဖို့ မရှိနိုင်ပါ။ ကျွန်တော့် ရည်ရွယ်ချက် အထမြောက်ရင် ကျွန်တော့်မှာ ဒီဘဝ၌ တစ်စုံတစ်ရာမျှ လုပ်ကိုင်ရန် မရှိတော့ပါ။ မယ်ယက္ခကိုသာ ပျော်ပျော်ရွှင်ရွှင် အမှုထမ်းဖို့ ရှိပါတော့တယ်။ မယ်ယက္ခအတွက် အမှုထမ်းရခြင်းအလုပ်သည် နဂိုကပင် အထူးအချွန် ပျော်ရွှင်ဖွယ်ရာကောင်းတဲ့ အလုပ်ဖြစ်ပါလိမ့်မယ်။ နို့လေမယ့် ကျွန်တော့်မှာ ဒုက္ခကြီးတစ်ခု ရှိပါတယ်။ ဒီဒုက္ခဟာ အမြဲရှို့လောင် ပူပင်ခြင်းဖြစ်စေမယ့် ဒုက္ခပါပဲ"

ဟု မယ်ယက္ခ၏ မျက်နှာကိုကြည့်ကာ ပြောလေ၏။

မယ်ယက္ခသည် မျက်နှာနီမြန်းလျက် မောင်ဘဝင်းကိုမော်၍ ကြည့်ကာ အကဲခတ်၍နေပြီးလျှင် –

"ဗိုလ်ဝင်းမှာ ဘယ်လိုဒုက္ခမျိုး ရှိပါသလဲ"

ဟု မေးလေ၏။

ဗိုလ်ဝင်းက "ကျွန်တော်ရဲ့ဒုက္ခဟာ အထူးတော့မဟုတ်ပါ။ ငယ်ရွယ်သူတို့ရဲ့ ရူးမိုက်တတ်တဲ့ဒုက္ခမို့ ကျွန်တော်နဲ့အတူတူ လှေစီးလာတဲ့ မနန်းနွယ်နဲ့ကွဲပြီး မယ်ယက္ခနဲ့ တွေ့ကြုံရတာမှာ ဘယ်လူနဲ့မှ မတွေ့ဘဲ နေရတာထက် များစွာ ပိုမိုကောင်းမြတ်ပါသေးတယ်။ မယ်ယက္ခထံကို ရောက်ရခြင်းဟာလည်း မနန်းနွယ်ကလေးရဲ့ ကျေးဇူးပါပဲ။ မနန်းနွယ်ဆိုတဲ့ ရုပ်ပါရုံတည်းဟူသော ငါးစာကိုမြင်ကာ လိုက်လံမိသဖြင့် မယ်ယက္ခရဲ့ ငါးမျှားချိတ်မိခြင်းကို ခံနေရပါတယ်။ ဒါပေမဲ့ ငါးမျှားချိတ် အချိတ်ခံရခြင်းဟာ ငါးစာကို စားရသည်ထက် အရသာရှိနေသဖြင့် အထူးညည်းညူဖို့ မရှိတော့ပါ။ မယ်ယက္ခ ပြုပြင်ရာကိုသာ ခံစားရတော့မယ့် ကိုယ်သာ ဖြစ်ပါတော့တယ်"

ဟု အရဲစွန့်ကာ ပြောဆိုလိုက်လေ၏။

ထိုအခါ မယ်ယက္ခသည် ပြုံးတော့မလို မျက်နှာနှင့် မျက်လုံးကလေးများကိုလှန်ကာ မောင်ဘဝင်း၏ မျက်နှာကို ချိုသာစွာ စိုက်၍ကြည့်နေပြီးမှ စိမ်းလဲ့လဲ့ရှိသော ဟင်းချိုသောက်ကာ နေပြီးလျှင် –



"ဗိုလ်ဝင်း … ဒီမနန်းနွယ်ကို မေ့ပဲ မမေ့နိုင်တော့ဘူးလား။ တကယ်ပဲ ဒီ့လောင်တောင် စွဲနေပြီလား"

မောင်ဘဝင်းက "ဘယ့်နှယ့်ပြောပါလိမ့် ခင်ဗျာ။ သူ့အတွက် အသက်တစ်ဖျား ကျွန်တော် စွန့်စားပြီး လိုက်လာရပါတယ်။ အခုမှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီး ကျွန်တော့်အပေါ်မှာ စိမ်းကားတာများဟာ ဘယ်အခါမှ မေ့နိုင်ဖွယ်ရာမရှိပါ။ ဒါကြောင့် သင်း ဒီဘဝမှာသာ ငါ့အပေါ်မှာ စိမ်းကားနိုင်မယ်။ နောင်ဆက်လက်ပြီး စိတ်ထဲမှာ အစိဋ္ဌာန်ကြီးထားရင် နောင်ဘဝမှာ သင်း စိမ်းကားနိုင်ရိုးလား။ ဟိုအရင်ဘဝဘဝများက သူ့အပေါ်မှာ ဒီက စိမ်းကားဖူးလို့ အခုလိုအခါ အတုံ့အလှည့် ဖြစ်တာကပဲလို့သာ တွေးပြီး တရေးရေး အောက်မေ့ကာ တရားနဲ့ ဖြေရပါတော့တယ်"

ဟု ပြောလေ၏။

မယ်ယက္ခက "ဗိုလ်ဝင်း … ရှင့်မှာ ညီအစ်ကိုမောင်နှမ မရှိဘူးလား"

ဟု မေးရာ –

မောင်ဘဝင်းက "နှမသည်ကလေးမှာ မိခင်သေတဲ့နေ့မှာပဲ ပျောက်ခြင်းမလှ ပျောက်သွားပါတယ်။ ဖခင်မှာ ငယ်ငယ်ကပဲ မတွေ့ခဲ့ရပါဘူး"

ဟု ပြောလေ၏။

မယ်ယက္ခက "နို့ … ဒီနှမသည်ကလေးကိုတော့ သတိမရ၊ ရှာလည်းမရှာ၊ မိခင်ကိုသတ်တဲ့ လူကိုသာ ရှင် လိုက်ရှာတယ်လို့ ပြောပါကလား"

ဘဝင်းသည် မယ်ယက္ခနှုတ်မှ ညွှန့်ညွှန့်ကို သတိရအောင် နှိုးဆွသည့် စကားများကို ကြားရသောအခါ ထမင်းလုပ်ကိုကိုင်ကာ ငေးစိုက်၍ နေပြီးလျှင် မယ်ယက္ခနှင့်မနန်းနွယ်တို့၏ အလှစက်ကွင်းထဲ၌ ညွှန့်ညွှန့်၏ သနားစဖွယ်ကောင်းသော မျက်နှာကလေးသည် မိမိ၏စိတ်တွင် ရေးရေးကလေး ပေါ်၍လာလေ၏။

ထိုကဲ့သို့ ပေါ်လာသောအခါ မနန်းနွယ်နှင့် မယ်ယက္ခတို့ကို စွဲလမ်းသောအာရုံသည် သက်သာခွင့် ရသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နမသည်ကလေးကို တောင့်တသောစိတ်သည် အခါတိုင်းနှင့်မတူဘဲ တိုးတက်၍လာပြီးလျှင် စားနေသောထမင်းကို မျိုး၍မကျနိုင်အောင် ဖြစ်၍ သွားရလေ၏။

ထို့နောက် မယ်ယက္ခအား ပြန်၍ပြောသည်မှာ–

"နမသည်ကလေးကို ကျွန်တော် ဘယ်တော့မှမမေ့ပါ။ မိခင်ရဲ့ ရန်သူကိုရှာဖွေရင်း နမကလေးရဲ့ သတင်းကိုလည်း နားထောင်လျက် နေပါတယ်။ နို့ပေမယ့် နမသည်ကလေး ညွန့်ညွန့်ကို တွေ့ရတော့မယ် မဟုတ်ပါဘူး"

ဟု ပြောလေ၏။

"ဒီလိုလည်း စိတ်ကို မလျှော့ပါနဲ့ရှင်။ ပျောက်သောသူကို ရှာရင် တွေ့သတဲ့၊ သေသောသူကို ကြာရင်မေ့သတဲ့ရှင်။ ဒီလို စိတ်လျှော့လိုက်တာ ရှင့်နမကလေးကို မနန်းနွယ်ဆိုတဲ့ ဟိုမိန်းမလောက် သတိမရလို့ပါဘဲ"

ဟု ပြောလေ၏။

"သတိရပါတယ် မနန်းနွယ်ရယ် (ဩော် ... ယောင်လို့)။ သတိရ ပါတယ်ခင်ဗျာ။ ဒါပေမဲ့ ပြန်လို့တွေ့ရဖို့ရာ နည်းလမ်းက အင်မတန်မှ နည်းပါးလေတော့ တွေးပေမယ့် ဆွေးဖို့သာရှိတယ်လို့ သဘောထားကာ ကံကောင်းရင်လည်း တွေ့ရမှာပဲဆိုပြီး သွားလာနေရတာပါပဲ"

"ရှင်အခု ဒီကိုရောက်လာတာဟာ ရှင့်နမလေး ကို ရှာဖို့လာတာ မဟုတ်။ မနန်းနွယ်ဆိုတဲ့ မိန်းမကိုမြင်တာနဲ့ ငမ်းငမ်းတက် လိုက်လာတာ မဟုတ်လား"

ဟု မေးလေ၏။

"ဟုတ်တယ်ပဲ ထားပါတော့ မယ်ယက္ခရယ်။ အဲဒီလို ငမ်းငမ်း တက်မိတဲ့အတွက် အခုလည်း ကျွန်တော့်မှာ ဘေးသင့်ပြီး မယ်ယက္ခ လက်ထဲသို့ ရောက်နေတာပါပဲ။ ရုပ်ရည်ရုံအချစ်ဇာကြောင့် နမကလေးကို ခဏကလေးမေ့သလို ရှိမိတဲ့အတွက် ဘေးဒဏ်သင့်တာ ထင်ပါရဲ့"

ဟုပြောကာ ရေကိုသောက်ပြီး အနီးရှိ ပန်းကန်ထဲတွင် နှိုက်ကာ လက်ဆေး၍ လက်များကို သုတ်လေ၏။



မယ်ယက္ခသည်ကား ထမင်းကို ခပ်နှေးနှေးစားသဖြင့် မောင်ဘဝင်း ပြီးမှပြီးလေ၏။

ထို့နောက် ဆက်လက်၍ စကားပြောကြရင်း ထမင်းကို စားကြ လေရာ နံနက်စာအပြီးသို့ရောက်၍ ချိုချဉ်သစ်သီးပွဲရံများ ရောက်၍ လာလေရာ နှစ်ယောက် အတူတကွပင် ထိုင်၍စားကြပြီးလျှင် မယ်ယက္ခ သည် မောင်ဘဝင်းအား–

"ရှင် ... ကျွန်မတို့ရွာကို မြင်ရပြီလား"

ဟု မေးလေ၏။

မောင်ဘဝင်းက "ယနေ့နံနက်ပင် ရွာကို လှည့်လည် ကြည့်ရှုခဲ့ရ ပါတယ်"

ဟု ပြောပြလေရာ မယ်ယက္ခက–

"ဒီလိုဖြင့် တခြားနေရာများကို လည်ပြီးကြည့်ရအောင်၊ ကျွန်မနဲ့ မလိုက်ချင်ဘူးလား"

ဟုပြုံးကာ မေးလေ၏။

မောင်ဘဝင်းမှာ "ရေငတ်တုန်း ရေတွင်းထဲကျ" ဆိုတဲ့ စကားလို မယ်ယက္ခနှင့် ဘယ်အခါမျှ မကွဲဘဲ အမြဲစကားပြော၍ နေချင်သူမို့ မယ် ယက္ခ၏စကားသည် သွေ့ခြောက်သောသစ်ပင်ကို ရေနှင့်ဖျန်းလိုက်သလို မောင်ဘဝင်း၏စိတ်မှာ စိမ်းလန်းလတ်ဆတ်၍လာပြီးလျှင် မောင်ဘဝင်း က–

"ကောင်းလှပါပြီ မယ်ယက္ခရယ်။ မယ်ယက္ခထံမှာ အမြဲ အသုံးခံ ပါတော့မယ်ဟု ပဋိညာဉ်ပြုပြီးမှ ငြင်းဆန်ဖို့မရှိပါ။ သက်တော်စောင့် တစ်ယောက်ရတယ်လို့သာ အမှတ်ထားလိုက်ပါတော့"

ဟု ပြောလေ၏။

မယ်ယက္ခနှင့် မောင်ဘဝင်းသည် ဂူမှထွက်၍ ဂူရှေ့၌ရှိသော မြေညီပန်းတောကို ဖြတ်သန်းကာ မြေနိမ့်ဘက်သို့ နှစ်ယောက်သားပြည်၍ ဆင်းသွားကြလေ၏။

မြေနိမ့်ရှိစံကားစိမ်း၊ စံကားဝါ၊ ဒေါနု၊ ခရေ ပန်းပင်ကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် နှစ်ယောက်သား စကားမပြောဘဲ လှည့်လည်လျှောက်လာနေကြရာတွင် မောင်ဘဝင်း၏စိတ်သည် နတ်၏ဗိမာန်၊ နတ်တို့၏ဥယျာဉ်၌ အလွန်တရာလှပသော နတ်သမီးကလေးတစ်ယောက်နှင့် နှစ်ကိုယ်တည်း ပျော်ရွှင်စွာ နေရသကဲ့သို့ မှတ်ထင်ကာ ကြည်လင်အေးမြသင်းပျံ့မွှေးကြိုင်သော လေကို ရှူရှိုက်လျက် –

"ငါသည် ဓားပြတို့လက်ချက်ဖြင့် လှေပေါ်မှာ မနန်းနွယ်နှင့်အတူ သေပြီး နှစ်ယောက်စလုံး နတ်ပြည်သို့ ရောက်၍များ နေသလား" ဟု တွေးမိလေ၏။

နှစ်ယောက်သား ကုန်းမြင့်ကလေးများပေါ်သို့ နယ်ဖူးသော သစ်ကိုင်းကလေးများကို ကိုင်ဆွဲကာ တက်ကြရင်း ကုန်းမြင့်ပေါ်မှာ မြေနိမ့်ချောက်ကမ်းပါးများသို့ နှစ်ကိုယ်အတူ ယှဉ်တွဲကာ သက်ဆင်းကြရ၏။

လမ်း၌ ပေါက်၍နေသော စံပယ်ပင် အရိုင်းကလေးတွေကို မောင်ဘဝင်းသည် ချိုးဆွတ်ပြီးလျှင် မယ်ယကွ၏လက်သို့ ဆက်သလေ၏။

မယ်ယကွသည် တောပန်းများကို မောင်ဘဝင်း၏ လက်မှ ဝမ်းမြောက်ဝမ်းသာယူ၍ မိမိ၏ ဦးခေါင်းထက်တွင် ဝေဝေဆာဆာပန်ဆင်ပြီး မောင်ဘဝင်း၏မျက်နှာကို ပြုံးချိုသော မျက်နှာနှင့်ကြည့်လေရာ မောင်ဘဝင်းမှာ အချစ်ရန် အစခံရသလိုဖြစ်ပြီးလျှင် အချစ်စိတ်တွေ တစ်အုံလုံးကြွလာလျက်၊ ဟယ် ... ဘယ်လိုဖြစ်ဖြစ် သင်းသတ်လို့ သေစေတော့၊ ငါအတင်းပွေ့တော့မည်ဟု စိတ်အကြံပေါ်လာမိသဖြင့် မိမိ၏ကိုယ်ကို အနိုင်နိုင်သိမ်းဆည်းချုပ်တည်း၍ ထားရလေ၏။

တစ်ရံတစ်ခါ ဤမယ်ယကွကို ငါအတင်းထမ်းပြေးပြီး လူ့ပြည်သို့ ခေါ်ဆောင်ယူပါတော့မည်ဟု စွန့်စားသောအကြံကို ပြုမိလေ၏။

သို့သော်လည်း မယ်ယကွ၏ ထက်မြက်သော မျက်လုံးများကို မြင်ရသောအခါ ထိုရဲရင့်သော အကြံများသည် ယုန်သူငယ်ပမာ နုံးညံ့၍ သွားပြီးလျှင် မယ်ယကွ၏ရှေ့တွင် ဒူးတုပ်ကာ ပြုလိုရာပြုပါတော့ဟု စိတ်မာန်ကို လျှော့လိုက်ချင်၏။

မယ်ယကွသည် မိမိ၏ ထက်မြက်စူးရှသောမျက်လုံးများနှင့်



မောင်ဘဝင်း၏မျက်နှာကို စိုက်ကာ ကြည့်လိုက်သည့်အခါ မောင်ဘဝင်း၏စိတ်အကြံတွေကို ထွင်းဖောက်ကာ သိသကဲ့သို့ –

"ဗိုလ်ဝင်း ... ကျွန်မနဲ့ အခုလို သွားလာနေရတာ မပျော်ဘူးလား" ဟု မေးလေ၏။

"ကျွန်တော်ဖြင့် နတ်ပြည်ကိုရောက်နေပြီး နတ်သမီးတစ်ယောက်နဲ့ နေရသလို ဖြစ်နေတော့တာပဲ။ ဇနက္ကမင်းသားဟာ မေခလာရင်ငွေ့နဲ့ ပင်လယ်မှာ အပွေ့ခံရစဉ်က မေ့မြောကာ အိပ်ပျော်သွားတယ်လို့ စာထဲမှာ ဖတ်ရပါတယ်။ ကျွန်တော့်မှာ မယ်ယကွနဲ့အတူ သွားလာရရုံနဲ့ ဇနက္ကစည်းစိမ်ထက် ပိုမိုပြီး ကြီးတဲ့စည်းစိမ်ကို ခံစားနေရတယ်လို့ မှတ်ထင်တာပါပဲ"

ဟု ပြောလေ၏။ ထိုအခါ မယ်ယကွမျက်နှာလေးမှာ သွေးရောင်တွေလျှမ်းကြွလာပြီး –

"ဗိုလ်ဝင်းက တယ်လာပါကလား"

ဟု ပြောကာ မြေနိမ့်တွင်ရပ်၍နေသော မောင်ဘဝင်း၏မျက်နှာကို ကုန်းမြင့်ကလေးပေါ်ကနေ၍ စိုက်ကာကြည့်လေ၏။

မောင်ဘဝင်းသည် မယ်ယကွ၏မျက်နှာကို မော်ကြည့်လေရာ မျက်လုံးချင်းဆိုင်ကာ အတန်ကလေးကြာစွာ မခွဲမခွာနိုင်ဘဲ နေကြလေ၏။

ထို့နောက် မယ်ယကွသည် မြေနိမ့်သို့ဆင်းရန် ဟန်ပြင်၍နေရာ မောင်ဘဝင်းသည် မိမိ၏ လက်ယာလက်ကို မြှောက်လျက် မယ်ယကွ၏လက်ကို လှမ်း၍ကိုင်ကာ မြေနိမ့်သို့ သမင်မကလေးပမာ ပေါ့ပါးစွာခုန်၍ ချလိုက်လေ၏။

ထို့နောက် ဆက်လက်၍ လျှောက်သွားကြလေရာ ကုန်းကိုတက်ကာ၊ ချောက်ကိုဆင်းကာ၊ သစ်ပင်ကြီး၊ သစ်ပင်ငယ်၊ ချုံပုတ်ငယ်တို့ အလယ်တွင် ကွေ့ကာ ကောက်ကာ လှည့်လည်ကာ လျှောက်သွားကြသဖြင့် ဂူနှင့် အတော်ကြီး ဝေး၍သွားကြလေ၏။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ထိုကဲ့သို့ ဝေး၍သွားကြပြီးနောက် တစ်ခုသော ကုန်းမြင့်ရှိ စိမ်းစိုသော သစ်ပင်တစ်ပင်အောက်တွင် နှစ်ယောက်သား ထိုင်ကြလေ၏။

ဆိတ်ငြိမ်သော တောထဲ၌ လှသောယောကျ်ားပျိုနှင့် လှသော မိန်းမပျိုတို့သည် နှစ်ကိုယ်တည်း တွေ့ကြုံရသည့်အခါ အဘယ်သို့သော စိတ်မျိုး ဖြစ်ပေါ်တတ်သည်ကို စာဖတ်သူတို့သည်လည်း စဉ်းစားသိရှိနိုင်ကြပေလိမ့်မည်။

မောင်ဘဝင်း၏စိတ်၌ ထိုကဲ့သို့ ပေါ်ပေါက်သောစိတ်သည် ချုပ်တည်း၍ မရအောင် ဖြစ်လေ၏။

သို့သော်လည်း စိတ်ကို မယ်ယကျွ သိလောက်အောင် အတိအလင်း မပြဝံ့ချေ။

သို့ပင် မပြဝံ့ငြားသော်လည်း မယ်ယကျွသည် အခြားမဟုတ်၊ မိမိ၏ အချစ်စိတ်ကို များစွာ အားပေးခဲ့ဖူးသော မနန်းနွယ်ပင် အမှန် ဖြစ်ကြောင်းကို ကောင်းကောင်းကြီး သိရသောကြောင့် အဘယ်လိုပဲ ဖြစ်စေကာမူ ငါ အတင်းစွန့်ကာ ပြောတော့မည်ဟု စိတ်မာန်တင်းကာ ယောကျ်ားဟူသော မာန်မာနကို ဆောင်မိလေ၏။

ထိုကဲ့သို့ အားဆင်ကာ မယ်ယကျွ၏ခံတပ်ကို အတင်းနင်းကာ တိုက်ဝင်တိုးဇော့တော့မည် ကြံစည်ရာ၌ ရဲဆေးကိုတင်သော အချက်များ သည်ကား အောက်ပါမေးခွန်းများ ဖြစ်လေ၏။ ထိုမေးခွန်းများမှာ–



၁။ မယ်ယကျွသည် ဘယ်အတွက် ငါ၏အသက်ကို ချမ်းသာပေးပါသနည်း။

၂။ မယ်ယကျွသည် ဘယ်အတွက် ငါ့ကို မိမိနှင့်အတူ ထမင်းစားဖို့ အခွင့်ပြုပါသနည်း။

၃။ ဤမယ်ယကျွသည် အဘယ့်ကြောင့် ငါ့ကို အခြားသူများနှင့် အတူမထားဘဲ မိမိနှင့်အတူ ထားပါသနည်း။

၄။ ဤမယ်ယကျွသည် အဘယ်ကြောင့် ငါ့ကို ဤကဲ့သို့ ပြုစုထားပါသနည်း။

၅။ မယ်ယကျွသည် အဘယ်ကြောင့် ငါနှင့် နှစ်ယောက်တည်း ဤတောထဲမှာ လည်ပတ်၍ နေပါသနည်း။

၆။ ငါ့ကိုထိန်းသော ယောကျ်ားပျိုသည် မယ်ယကျွပင် ဖြစ်လေသလား။

၇။ ငါ့တစ်ကိုယ်တည်း ကန်တော်ကြီး၌ တွေ့စဉ်က အဘယ်ကြောင့် ဖမ်းဆီးနှိပ်စက်ခြင်း မပြုပါသနည်း။

၈။ အဘယ်အတွက် လှေပေါ်၌ ငါ့နှင့် နှစ်ကိုယ်တည်း ကျိတ်ကာ စကားပြောပါသနည်း။

၉။ ငါ သူ့လက်ကို ကိုင်သောအခါ ဘယ်အတွက် ငြိမ်သက်စွာ ခံ၍နေပါသနည်း။ ဤမေးခွန်းများ ဖြစ်လေ၏။

ထိုမေးခွန်းများ၏ အဖြေကို မောင်ဘဝင်းသည် နှိုက်နှိုက်ချွတ်ချွတ် မွှေရှာ စဉ်းစားလိုက်သောအခါ တစ်ခုတည်းသော ဖြေကြားချက်ကိုသာ ရ၏။ ထိုဖြေကြားချက်သည်ကား မိမိ၏ စိတ်အလိုကို လိုက်စားသော ဖြေကြားချက်မဟုတ်၊ အကျိုးကိုမြင်သဖြင့် အကြောင်းကိုထင်ရသော သမာသမတ်ဖြစ်သည့် ဖြေကြားဆုံးဖြတ်ချက် ဖြစ်လေသည်။ ထိုဖြေကြား ဆုံးဖြတ်ချက်သည်ကား အခြားမဟုတ် "ချစ်သောကြောင့်" ဟူသော ဖြေကြားရှင်းလင်း သံသယမကင်းစရာ အချက်ကြီး ဖြစ်လေသတည်း။

မောင်ဘဝင်းသည် ထို ကိုးနဝင်းပုစ္ဆာ၊ မေးခွန်းကြီးကိုဖြေတို့ဖြင့် မိမိ၏ကိုယ်ကို အထပ်ထပ်အပြန်ပြန် အတန်တန် စစ်ဆေးကာ စကား

www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ မိမိရှေ့၌ရှိသော တောအုပ်ကြီးကို မျှော်ကြည့်ကာ နေလေရာ ထိုဖြေကြားချက်သည် မိမိစိတ်ကို လွမ်းမိုးလာပြီးလျှင် "ဘဝင်း နင် အသိသား မဟုတ်လား။ ဘဝင်း နင် လူပါးမဟုတ်လား။ ဘဝင်း နင် အဘယ့်ကြောင့် တိတ်ဆိတ်စွာနေသလဲ" ဟူသော သြဝါဒစကားတို့ဖြင့် နားချကာ သွေးဆောင်၍ လာလေ၏။

ထိုအခါ "ဘယ် ... ဘယ်လိုဖြစ်ဖြစ် လသာတုန်း ဗိုင်းငင်ရသတဲ့။ ဤနေရာထက် ဗိုင်းငင်စရာ ကောင်းသောအခါသည် ငါတစ်ခါမှ မကြုံဖူးချေ။ ငါသည် အချစ်၏ချည်မျှင်ကို ဗိုင်းငင်ကာ ဆင်ပြီးလျှင် ၎င်းချည်မျှင်တို့ဖြင့် ဤအပါး၌ရှိသော ဤမယ်ယက္ခ၏ နှလုံးသားကို ချည်မန်းကွင်းစွပ်ကာ ကစားတော့မည်" ဟု အားယူကာ နေရာမှထတည့်၍ ခြေလက်များဆန့်ပြီး –

"မနန်းနွယ်"

ဟု လက်ကိုပိုက်ကာ မယ်ယက္ခ၏ မျက်နှာကို စေ့စေ့ကြည့်ကာ ခေါ်လိုက်လေ၏။

မယ်ယက္ခက "ဗိုလ်ဝင်း ... ကျွန်မကို မနန်းနွယ်လို့ ခေါ်ပြန်ပြီလား။ ကျွန်မ မနန်းနွယ် မဟုတ်ပါဘူး။ သတိထားပါ"

ဟု မိမိရှေ့၌ရှိသော ကျောက်ခဲကလေးတစ်လုံးကို ကိုင်ယူကာ မငြိမ်သက်သော လက်၏အမူအရာနှင့် မောင်ဘဝင်း၏ မျက်နှာကို ကြည့်ကာ ပြုံးစိစိမျက်နှာနှင့် ပြောလေ၏။

မောင်ဘဝင်းက "မနန်းနွယ် ...။ ကျုပ်ကို အဘယ်အတွက် သည်လောက်တောင် လှည့်စားလို့နေပါသလဲ။ ချစ်တဲ့စိတ်ဟာ အရိပ်ကိုမြင်ရုံနဲ့ ကိုယ်ပါမဟုတ်၊ အတွင်းစိတ်ကိုပါ သိနိုင်ပါတယ်။ မနန်းနွယ်ရဲ့အပေါ်၌ စွဲရင်းတိုင်း အချစ်စိတ်ဟာ ရင်ဝကိုတွန်းကန်ကာ ပွင့်တော့မှာပဲ။ သိုသိပ်၍ မရတော့တာ မနန်းနွယ်ဖြစ်ကြောင်းကို ငြင်းကောင်းတာ မဟုတ်ပါဘူး။ မနန်းနွယ်ရဲ့ လှတဲ့မျက်နှာ၊ မနန်းနွယ်ရဲ့ လှတဲ့နှာခေါင်း၊ မနန်းနွယ်ရဲ့ ချစ်စဖွယ်နှုတ်ခမ်း၊ မျက်လုံး၊ မျက်ခုံး၊ မျက်တောင်တို့ဟာ တစ်နေ့တခြား အထင်အရှား ပေါ်လို့လာပါပြီ။ ကျုပ် သိုသိပ်၍ မထားနိုင်တော့ပါ။



ဟောဒီ လက်ကလေးတွေဟာလည်း မနန်းနွယ်ရဲ့လက်ပါပဲ။ ဟောဒီ ခါးကလေးဟာလည်း မနန်းနွယ်ရဲ့ ခါးပါပဲ။ ဟောဒီ ဖြောင့်ဖြောင့်စင်းစင်း အဆင်းအကျ ညီညွတ်လှတဲ့ ခြေလက်များဟာ မနန်းနွယ်ရဲ့ ကိုယ်ပိုင်ဖြစ်တာကို ကျုပ် သိရပါတယ်။ မနန်းနွယ် ဘယ်အတွက် အခုလို ကွယ်၍နေပါသလဲ"

"ကျုပ်ကို အခုလို လှည့်စားလို့နေတာဟာ အသေသတ်သည်ထက် ကြီးသောဝန်လေးခြင်း ဖြစ်ပါတယ်။ မနန်းနွယ်အပေါ်မှာ စွဲလမ်းတဲ့အချစ်ဟာ အခုလို သိုသိပ်ကာ ထားရမယ်ဆိုရင် ကျုပ်အတွက် သေလောက်တဲ့ လက်နက်ဖြစ်ကြောင်းကို မနန်းနွယ် သိတဲ့အတွက် အခြားနည်းနဲ့ ကျုပ်ကို အပြစ်မပေး၊ ဓားနဲ့လည်း မသတ်၊ သေနတ်နဲ့လည်း မပစ်ခတ်ဘဲ ဒီအချစ်ဓာတ်မီးအိုးကြီးမှာ ကျုပ်ကို နေ့စဉ်မပြတ် အိုးချစ်တိုက်ပြီး လက်လွှတ်စပယ် သေစေဖို့ အလိမ္မာဉာဏ်ကိုသုံးထားရင် မုန်းကြောင်းကိုဖွင့်၍သာ ပြောလိုက်ပါတော့ မနန်းနွယ်ရဲ့"

ဟုပြောကာ မနန်းနွယ်၏ ရှေ့အနားတွင် တစောင်းထိုင်ကာ ချလိုက်လေ၏။

မယ်ယက္ခက "ကိုဘဝင်း ... လောကမှာ လူတူမရှားဆိုတဲ့ စကားရှိပါတယ်။ ရှင် ကျွန်မကို မတရားစွပ်စွဲခြင်း ပြုနေပါပြီ။ သတိထားပါ။ အို ... အနားကို သိပ်ပြီးမကပ်ပါနဲ့။ ကျွန်မလူတွေ မတော်တဆ မြင်သွားရင် ကိုဘဝင်း ဒုက္ခရောက်တော့မယ်"

ဟုပြောကာ နောက်သို့ ရွှေ့ထိုင်လိုက်လေ၏။

မောင်ဘဝင်းက "အို ... ဘယ်လူပဲမြင်မြင်၊ ဘယ်လိုပဲဖြစ်ဖြစ် မနန်းနွယ် သတ်ပစ်လို့ ခုချက်ချင်းသေပါစေ။ ကျွန်တော့်စိတ်ထဲမှာရှိတဲ့ အချစ်ရောဂါကြီးကို ဖုံးဖိလို့ မထားနိုင်လွန်းလို့ အတင်းစွန့်ကာ ပြောရတာပါပဲ"

မယ်ယက္ခက "ဒီလိုဆိုရင် ကျွန်မ မနန်းနွယ်ပဲဖြစ်ဖြစ်၊ ဘယ်လူပဲဖြစ်ဖြစ် ကျွန်မကို ရှင် ချစ်တယ်ဆိုတာပေါ့"

ဘဝင်းက "မှန်ပါတယ်။ သည်အတိုင်းပါပဲ။ မနန်းနွယ် စီရင်သလို

www.burmeseclassic.com

www.burmeseclassic.com

ခံရတော့မှာပါပဲ။ မနန်းနွယ်ရဲ့လက်နဲ့ပင် အသတ်ခံရစေတော့ မနန်းနွယ်ကို ချစ်ရက် သေရမှာပါပဲ"

"ဗိုလ်ဝင်း ... သတိထားပါ၊ မယ်ယက္ခဆိုတဲ့ မိန်းမကို သည်စကားမျိုး ပြောဖို့မဆိုထားနှင့်။ မည်သူမျှ မျက်စောင်းထိုးပြီး မကြည့်ဝံ့ပါ။ ဗိုလ်ဝင်းဟာ ကြောက်ရမှန်းလည်း မသိ၊ လန့်ရမှန်းလည်း မသိ၊ ဘယ့်နှယ့်လူပါလိမ့်မလဲ၊ ရှင်လိုလူကို ကျွန်မ သည်တစ်ခါ တွေ့ဖူးပါပေတယ်"

ဟု မယ်ယက္ခက ပြောကာ မောင်ဘဝင်း၏မျက်နှာကို မော့မော့ကလေး ကြည့်၍နေလေ၏။

ဗိုလ်ဝင်းက "မနန်းနွယ် ... အချစ်ဆိုတာ အကြောက်ကို နားမလည်ပါ။ မေတ္တာဆိုတဲ့ တရားဟာ ကျားကိုလည်း မကြောက်၊ ဘီလူးကုမ္ဘဏ်ကိုလည်း မကြောက်ပါ၊ ဝိဇယ အဘွားအေဟာ အချစ်တဏှာအစွမ်းကြောင့် လူသားကို စားတတ်တဲ့ ခြင်္သေ့မင်းကိုမှ မကြောက်ဘဲ ကောက်ကောက်လိုက်ပါလို့ ညားဖူးတဲ့ ထုံးများလည်း ရှိပါတယ်"

ဟု ပြောလေ၏။ ထိုအခါ မယ်ယက္ခက –

"ဗိုလ်ဝင်း ... ရှင် ကျွန်မကို မနန်းနွယ်လို့ တမ်းတမ်းစွဲကာ မှတ်နှစ်ပြီး ခေါ်နေပါတယ်။ ကျွန်မ မနန်းနွယ် မဟုတ်ပါ။ ရှင့်စိတ်ထဲက ဟုတ်တယ်လို့ပင် အထင်မှားပေမယ့် ကျွန်မကို မယ်ယက္ခလို့ခေါ်ပါ။ မယ်ယက္ခဆိုတဲ့ နာမည်ဟာ အများပြည်သူတို့ ပေးလို့ရတဲ့ နာမည်ဖြစ်ပါတယ်"

ဟု ပြောလေ၏။

ဘဝင်းက "ကိုင်း ... မယ်ယက္ခဝဲ ရှိပါစေတော့ဗျာ။ အဇ္ဈတ္တ ရ သရက်သီးဟာ ပိန္နဲသီးအခေါ်ခံရရုံနဲ့ ပိန္နဲသီးမဖြစ်နိုင်ပါဘူး။ မယ်ယက္ခ သဘောကျသလိုပဲ ခေါ်ရပါတော့မယ်။ ဒါပေမဲ့ မယ်ယက္ခမှာ နာမည်ရင်းတော့ ရှိမှာပါပဲ။ ဘယ်လူတဲ့လဲ"

ဟု မေးလေ၏။

မယ်ယက္ခက "ကျွန်မ နာမည်ရင်းဟာ ဘယ်လူပဲဖြစ်ဖြစ် မနန်းနွယ်တော့ မဟုတ်ပါဘူး"



"ကောင်းလှပါပြီ ခင်ဗျား။ မယ်ယက္ခက ဘယ်လူပဲဖြစ်ဖြစ် အခုဖြင့် ကျွန်တော် မယ်ယက္ခကို ချစ်နေပါပြီ။ ကျွန်တော့်စိတ်ဟာ အင်မတန်ခက်ပါတယ်။ ချစ်တာကို ဖုံးကွယ်လို့လည်းမရ၊ ပြောပြရမှ အေးတတ်ပါတယ်။ ကျွန်တော် ချစ်မိတဲ့ပြစ်မှုကြောင့် ဘယ်လိုများ အပြစ်ပေးဖို့ ကြံစည်ပါသလဲ"

ဟု ဘဝင်းက မေးလေ၏။

မယ်ယက္ခက "ဩော် ... ချစ်တယ်ဆိုတဲ့ ပြစ်မှုဟာ မနုမှာလည်းမပါ၊ မနောမှာလည်းမပါ၊ သုဓမ္မစာရီ ဖြတ်ထုံးများထဲမှာလည်း အချစ်ကြောင့် အပြစ်ခံရတဲ့ ထုံးများလည်း မပါပါ။ ဒီအတွက် ဗိုလ်ဝင်းကို ကျွန်မ အပြစ်ပေးဖို့ လမ်းမရှိပါဘူး။ ရှင့်အချစ်ဟာ ရှင့်ကိုစူးပြီး အချစ်ဘူးဝင်ကာ ဖမ်းလျက် ဘယ်တော့မှ မယ်ယက္ခဆိုတဲ့ မိန်းမကိုမရဘဲ ရှင့်စိတ်သောကများဖို့ ရှိပါတယ်။ မယ်ယက္ခဆိုတာ အင်မတန်ဆိုးတဲ့ မိန်းမဖြစ်တာကို ရှင် အသိရက်သားနဲ့ ချစ်မိရင် ရှင့်မှာ တာဝန်လေးပါလိမ့်မယ်။ မချစ်ပါနဲ့ရှင်။ ရှင့်ကို သနားလို့ပြောတာပါ။ ချစ်ပေမယ့် မယ်ယက္ခဟာ ဒီဘဝမှာ ယောကျာ်းယူမယ့် မိန်းမ မဟုတ်ပါဘူး"

"ယူဖို့၊ မယူဖို့ အရေးက ရှည်ဝေးလှပါတယ်။ လိုရင်းစကားလည်း မဟုတ်ပါဘူး။ ကျွန်တော်အားချစ်ဖို့ အခွင့်ပေးထားရင် တော်ပါပြီ"

"ရှင့်ဘာသာ ရှင်ချစ်နေရင် ကျွန်မ ဘာတတ်နိုင်မှာတဲ့လဲ"

ဟုပြောကာ အနီးရှိ သစ်ပင်ကလေးက သစ်ရွက်များကိုကိုင်ကာ ခြွေချလျက် ဗိုလ်ဝင်းမျက်နှာကို မကြည့်ဘဲ မျက်နှာမှာ ရှိန်းခနဲ၊ ရင်ထဲမှာ နွေးခနဲ ဖြစ်၍နေရှာလေ၏။

မောင်ဘဝင်းက မယ်ယက္ခ၏ လှပသော ဦးခေါင်းကလေးကို ကြည့်ကာ –

"ကျုပ် ယူဖို့စကားကို မပြောလိုပါ။ ကျုပ် ဒီလောက်ဆောင်ဖြစ်ပြီး မယ်ယက္ခအတွက် အင်မတန် ဒုက္ခများနေရင် နည်းနည်းကလေးမှ မသနားမိဘူးလား"

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မယ်ယက္ခက "သနားပေမယ့် ကျွန်မ ဘာတတ်နိုင်မှာတဲ့လဲ"

ဟု ပြောကာ မောင်ဘဝင်း၏ မျက်နှာကိုမော်၍ စဉ်းစားသော အမူအရာနှင့် ကြည့်နေလေ၏။

မောင်ဘဝင်းက "သြော် ... ဒီစကား အလိုအတိုင်းတော့ ကျွန်တော် ချစ်ရတဲ့အတွက် ကျွန်တော့်ကို နည်းနည်းကလေး သနားတယ် ဆိုပါတော့"

ဟုပြောကာ မြေကြီးကို ကျောက်ခဲ အစကလေးတစ်ခုနှင့် ခြစ်ရင်း မယ်ယက္ခမျက်နှာကို အသနားခံသော အမူအရာနှင့် ကြည့်လေ၏။

ထိုအခါ မယ်ယက္ခသည် သက်မကြီးချပြီးလျှင် မောင်ဘဝင်း မျက်နှာကို အတန်ကြာစွာ စိုက်၍ကြည့်ပြီးမှ –

"သနားပါတယ်။ ရှင်ဟာ အဟုတ်သနားစရာ ကောင်းတဲ့လူပါ"

ဟု ငေါ့သလို စကားသံနှင့် ပြောလေ၏။

မောင်ဘဝင်းက "သနားရင် ခင်ဗျား နည်းနည်းကလေးကော သနားချစ် မချစ်ကောင်းဘူးလား"

မယ်ယက္ခက "ရှင့်ကို မယ်ယက္ခ ဘယ်တော့မှ ယူနိုင်မှာ မဟုတ်ပါဘူး။ ဒီအတွက် ချစ်သည်ဖြစ်စေ၊ သနားသည်ဖြစ်စေ ရှင့်မှာ ဘာအကျိုးရှိမှာလဲ"

ထိုအတွင်းတွင် လေထဲမှာလိုလို၊ မြေကြီးထဲကလိုလို၊ မြေပေါ်ကလိုလို ထူးဆန်းသော အသံတစ်ခုကို ကြားရလေ၏။ ထိုအသံကို ကြားရသောအခါ နှစ်ယောက်သား လွန်စွာထိတ်လန့်လျက် အထက်နှင့်အောက်၊ တောင်မြောက်လေးပါး လှည့်လည်ကာ ကြည့်ကြလေ၏။ ၎င်းအသံသည် လွန်စွာ ပြင်းထန်ထက်မြက်လျက် ရှူးရှသောအသံ ဖြစ်လေသည်။

ထိုအသံသည် သားငှက်တိရစ္ဆာန်တို့၏ နှုတ်သီးပါးစပ်မှ ထွက်သော အသံနှင့်မတူ၊ လေပြင်းတွင် လှိုင်းထကာ ပြင်းပြစွာ ပုတ်ခတ်၍ လာသောအသံနှင့် တူလေ၏။ ကွဲသော ကြေးလင်ပန်းသံနှင့်လည်း ခပ်ဆင်ဆင်တူ၍ ပြင်းပြရှူးရှခြင်းသာလျှင် ခြားနားခြင်းရှိ၏။ ပုစဉ်းရင်ကွဲသံနှင့်လည်း ခပ်ဆင်ဆင်တူသော်လည်း ပုစဉ်းရင်ကွဲသံကဲ့သို့ ပျင်းရိလေး



တွဲစွာ ပေါ်ထွက်သော အသံမဟုတ်၊ ထက်သန်ပြင်းပြသော ဒေါသ၊ ခက်ထန်သောအသံ ဖြစ်လေ၏။

ထိုအသံသည် တစ်ခါတစ်ခါ ဆိုင်းရပ်၍သွားလေ၏။ ထို့နောက် ဆက်လက်၍ ပေါ်လာလေ၏။ တစ်ခါတစ်ခါ နီး၍လာသည်ဟု ထင်ရ၏။ တစ်ခါတစ်ခါ ဝေး၍သွားသည်ဟု ထင်ရ၏။ တစ်ခါတစ်ရံ မိမိတို့ အောက်က ကြားရ၏။ ထိုအသံသည် စိတ်ထင်ရာအရပ်က ကြားရသော အသံဖြစ်သဖြင့် အသံကို ထွက်ပေါ်စေသော အကောင်သည် အဘယ်သို့သော အကောင်ပေနည်း။ အတောင်နှင့် လာလေမလား၊ လေးဖက်ထောက်၍ လာလေမလား၊ ဘွားခနဲ မိမိတို့အောက်က ပေါ်လာလေမလား၊ အနီးရှိ ချုံများအကြားက မားမားကြီး ထ၍လာလေမလားဟူ၍ တွေးဆ၍မရနိုင်သဖြင့် နေရာမှ မထဝံ့ကြ၊ မပြေးသာမရှောင်သာဖြစ်ကာ တစ်ယောက်နှင့်တစ်ယောက် ပူးကပ်ကာ အဘယ်ပုံ ပြေးရမည်၊ အဘယ်ပုံ ကြံရမည်၊ အဘယ်ပုံ ခုခံရမည်ကို သတိမရနိုင်အောင် ရှိလေ၏။

ယင်းကဲ့သို့ ထူးခြားသော အသံကို ကြားကြရာတွင် မယ်ယက္ခသည် ရှေ့သို့လှမ်းကြည့်လိုက်ရာ ကမူအမြင့်တစ်ခု၏ စောင်း၌ရှိသော အထစ်ပေါ်တွင် သစ်ရွက်ခြောက်များနှင့် ကျောက်တုံး၊ ကျောက်လုံးကြီးငယ်တို့၏အကြား ကွေ့ကာ ကောက်ကာ၊ တွန့်ကာ လှုပ်ရှား၍နေသော သလုံးခန့်မီးနီး မြွေငန်းကြီးတစ်ကောင်ကို မြင်ရလေ၏။

ထိုမြွေငန်းကြီးကို မယ်ယက္ခ မြင်သောအခါ လွန်စွာထိတ်လန့်လျက် "ဗိုလ်ဝင်း ... ဗိုလ်ဝင်း" ဟု ခေါ်ကာ မောင်ဘဝင်းကို တွယ်ကာဖက်လေ၏။ လက်တစ်ဖက်က မြွေရှိရာသို့ ပြလေ၏။ ထိုအခါ ဘဝင်းသည် မယ်ယက္ခ၏ ပျော့ပျောင်းသောခါးကို မိမိ၏လက်ယာဘက်နှင့် ပတ်ရစ်ကာ၊ မိမိ၏ ရင်ရှိရာသို့ကပ်ကာ ၎င်းမြွေကို လှမ်း၍ကြည့်လေရာ နှစ်လံခွဲခန့်သာသာရှိသော မြွေငန်းကြီးသည် ကုန်းမြင့်ကမူကလေးကို တစ်ခြမ်းပတ်လုနီးနီး ဖြစ်နေသည်ကို မြင်ရလေ၏။

မြွေကြီးသည် ၎င်းတို့နှင့် မျက်နှာချင်းဆိုင်မိသောအခါ တရှူးရှူးတိုး၍ ကျယ်စွာမြည်ပြီးလျှင် ခေါင်းကိုထောင်ကာ စကောငယ်ခန့် နီးနီး

www.burmeseclassic.com

www.burmeseclassic.com



ရှိသော ပါးပျဉ်းကိုကြွစေ၏။ ထိုအခါ လည်ပင်းသည် ခါးစောင်းသာသာကြီးမြင့်လျက် တောက်ပသော မျက်လုံးများနှင့် မိမိတို့ရှိရာသို့ ကြည့်ကာ နှစ်ခွရှိသောလျှာမှာ တလှုပ်ရှားရှား အခိုးအလျှံများ ထွက်၍နေသကဲ့သို့ မှတ်ထင်ရလေ၏။ မောင်ဘဝင်းနှင့် မယ်ယကွသည် တစ်ယောက်ကို တစ်ယောက်ဖက်ကာ နေရာမှမရွေ့နိုင်ကြဘဲ ကြောက်အားနှင့် သတိများ လစ်၍ နေကြလေ၏။

မြွေကြီးသည် လည်ပင်းကိုထောင်၍ ကြည့်ပြီးနောက် ငုံ့လျှိုးကာ ဦးခေါင်းကို မြေသို့ချလိုက်ပြီးလျှင် ဦးခေါင်းထိပ်လည်၌ရှိသော ကြာကွက်ဖြူဖြူကြီးသည် မိမိတို့ရှိရာသို့ ဦးတည်ကာ ဆင်း၍လာလေ၏။ ထို့နောက် ရှည်လျားသောကိုယ်သည် တစ်ကိုယ်လုံး မြေနိမ့်အောက်သို့ လျှောခနဲ ကျလာလေရာ သစ်ရွက်ခြောက်များမှာ ဖြီးဖြီးဖြောက်ဖြောက် မြည်လေ၏။ ထိုမြွေသည် မယ်ယကွနှင့်မောင်ဘဝင်းကို အတင်းလိုက်ရန် ကြံစည်သော မြွေနှင့် သဏ္ဌာန်တူလေ၏။

မယ်ယကွနှင့်မောင်ဘဝင်းသည် မိမိတို့ဘက်သို့ မြွေကြီးဆင်းလာသည်ကို မြင်ရသောအခါ သတိရကြလျက် မိမိတို့ ရပ်၍နေသော ကုန်းမြင့်မှ အတင်းပြေး၍ဆင်းကာ နှစ်ယောက်သား လက်တွဲ၍ ပြေးကြလေရာ မိမိတို့၏ မူလနေရာနှင့် ဝါးတစ်ရိုက်လောက် ဝေးသောနေရာသို့ ရောက်ကြလေရာ ခဏကလေးရပ်၍ နောက်သို့လှည့်ကာ ကြည့်ကြလေ၏။

ထိုအခါ မိမိတို့ရပ်ခဲ့သော နေရာတည့်တည့်ပေါ်၌ မြင့်စွာထောင်နေသော ပါးပျဉ်းကြီးကို မြင်ကြရလေရာ ထိုမြွေသည် အဟုတ်ပင် မြန်မြန်ကြီး လိုက်၍ရှာရန် ကြံစည်ကြောင်းကို သိကြရသဖြင့် တစ်ဖန် အနိမ့်အမြင့်တို့ကို တက်ဆင်းကူးသန်းကာ ပြေးကြလေ၏။ အတန်ကလေး ပြေးမိသောအခါ ပြန်၍ကြည့်လေရာ မိမိတို့ ဒုတိယ ရပ်သောနေရာပေါ်သို့ ပါးပျဉ်းထောင်လျက် ရပ်၍နေသည်ကို တွေ့ရပြန်လေ၏။

ထိုအခါ မောင်ဘဝင်းသည် မယ်ယကွ၏ လက်ကိုကိုင်ကာ ပြေးပြန်လေရာ အချို့သော ကမူစောင်းများ၌ မယ်ယကွ၏လက်ကိုဆွဲ၍ နေရသောကြောင့် ခရီးဖင့်ခြင်းဖြစ်သဖြင့် —



"မနန်းနွယ် ... မင်း ထဘီကို ခပ်တိုတို ပြန်ပြီးဝတ်ပါ။ အတက်အဆင်းတွေ အင်မတန် များလှပါတယ်။ ဒီမြွေဟာ ငါတို့ကို တကယ်လိုက်နေပြီ"

ဟု ပြောလေရာ မယ်ယကွသည် ထဘီကို တိုတိုမြင့်၍ ဝတ်လေရာ ဒူးနားသို့ ထိ၍နေသဖြင့် ဖွေးဖွေးဖြူစင်သော ခြေသလုံးကလေးများသည် လျင်မြန်ပေါ့ပါးစွာ အနိမ့်အမြင့်တို့ကို တက်ဆင်းနိုင်လေ၏။ မြွေကြီးသည်ကား ၎င်းတို့ပြေးလွှားကြသည်ကို ကြည့်၍ကောင်းသကဲ့သို့ ပါးပျဉ်းထောင်ကာ ကြည့်၍နေလေရာ မောင်ဘဝင်းသည် ပေခြောက်ဆယ်ခန့် အကွာကနေ၍ ကျောက်ခဲများနှင့်ကောက်ကာ သုံးချက်၊ လေးချက် ပစ်လေ၏။ သို့သော်လည်း ကြောက်အားနှင့် ပစ်ရသောကြောင့် တစ်ချက်မှ မထိမှန်ချေ။ ထိုအတွင်း မြွေကြီးသည် ပါးပျဉ်းကို မြေကိုချလိုက်ပြန်လေရာ မောင်ဘဝင်းက ဟိုက် ... လာပြန်ဦးတော့မည်ဟု ပါးစပ်ကအော်ပြီး ပြေးကြရပြန်လေ၏။

နောက်သို့ ပြန်ကြည့်ပြန်လေရာ ပါးပျဉ်းထောင်နေသည်ကို မြင်သောကြောင့် မြွေကြီးသည်လည်း အတော်ပင် နီးကပ်၍နေသဖြင့် မောင်ဘဝင်းသည် ပြေး၍ဖြင့် လွတ်မည်မဟုတ်။ လူနှင့်နီးဖို့လည်း အတော်ဝေးသေးသည်။ ၎င်း၏ပါးပျဉ်းကိုဖြင့် မှန်အောင်ပစ်မှပဲဟု ကြံစည်ကာ ထပ်မံ၍ ပစ်မည်အရွယ်လိုက်တွင် ပါးပျဉ်းကို မြေကြီးသို့ချပြီး လိုက်စမြဲတိုင်း လိုက်ပြန်လေရာ နောက်တစ်ခါလှည့်၍ ကြည့်လိုက်သောအခါ မိမိတို့နှင့် ငါးလံကွာရှိသော မြေနိမ့်၌ လျင်မြန်စွာ ပြေး၍လာသည်ကို တွေ့ရလေ၏။

နောက်မိနစ် အနည်းငယ်အတွင်း ဧကန် မိမိတို့ကို မီတော့မည်ဖြစ်လေရာ လွတ်အောင် ပြေးနိုင်ဖို့ရန် နည်းလမ်းမရှိတော့ချေ။ ထိုအတွင်း မယ်ယကွသည် ကုန်းမြင့်မှပြေး၍အဆင်း ခြေအနင်းမှားမိ၍ ခြေချော်ကာ ကျလေရာ ဦးခေါင်းကို ကျောက်လုံးတစ်ခုနှင့် ဆောင့်မိသောကြောင့် နေရာမှ မထနိုင်ဘဲ အပုံသား လဲ၍နေလေ၏။

ထိုအခါ မောင်ဘဝင်းသည် ဟိုက် ... အခုမှ ခက်တော့တာပဲ။ ဒုက္ခဖြင့် တွေ့ရတော့မည်ဟု တွေးတောကာ ကြောက်ရွံ့မှုသဖြင့် အခွေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကျ၍နေသော မယ်ယက္ခ၏ကိုယ်ကို မိမိ၏ သန်မာသော လက်များနှင့်ပွေ့ယူလေရာ မယ်ယက္ခ၏ ပေါ့ပါးသော ကိုယ်ကလေးသည် အနည်းငယ်မျှ မလေးသကဲ့သို့ လွယ်ကူစွာ ပါ၍လာလေ၏။ ထို့နောက် ခြေကုန်လွှတ်၍ ပြေးလေရာ မယ်ယက္ခကိုတွဲ၍ ပြေးရသည်ထက် ပွေ့၍ပြေးရသည်မှာ ခရီးသာ၍တွင်သဖြင့် မြွေသည် ဝါးတစ်ရိုက်လောက် ကျန်ရစ်လေ၏။ ထိုအခါ အနည်းငယ်မျှ မောသောကြောင့် မယ်ယက္ခကို မြေပေါ်သို့ချကာ ကျောက်ခဲများကို ကောက်ယူ၍ အတင်းခုခံပစ်ခတ်လေရာ ငါးချက်လောက် ပစ်သောအခါ ဦးခေါင်းကို တစ်ချက်ထိမှန်လေ၏။ ထိုအခါ မြွေသည် ပါးပျဉ်းကိုမချ၊ ရှေ့သို့လည်း မတိုးဘဲနေသဖြင့် ထပ်မံ၍ပစ်လေရာ ပါးပျဉ်းကို ထပ်ခါထပ်ခါ ထိလေ၏။ မြွေသည် လွန်စွာစိတ်ဆိုးလျက် တစ်တောလုံးညံအောင် ပြင်းထန်သော အသံနှင့်အော်မြည်ကာ ပါးပျဉ်းကို ထောင်၍သာနေသောကြောင့် မောင်ဘဝင်းမှာ များစွာလက်မှန်းရပြီးများစွာ ထပ်မံ၍ပစ်ပြန်လေရာ ဆယ့်ငါးမိနစ်ခန့်ကြာကြာ ပစ်မိသောအခါ ပါးပျဉ်း၊ လည်ပင်း၊ ဦးခေါင်းများမှာ အချက်ပေါင်းများစွာ ထိမှန်သဖြင့် မြွေကြီး၏ ပါးပျဉ်းသည် တဖြည်းဖြည်း နိမ့်ဆင်းကာ ရှေ့သို့ဆက်လက်၍ မလိုက်နိုင်ဘဲ မြေပေါ်တွင် တလျားလျား တယှမ်းယှမ်းဖြစ်၍ နေလေတော့၏။

ထိုအခါ မောင်ဘဝင်းသည် ဆက်လက်၍ ပစ်ခတ်လေရာ အတော်ကလေး ရဲ၍လာပြီးလျှင် ရှေ့ကိုသာ နီးကပ်စွာတိုးလျက် ကျောက်ခဲအလုံးကြီးကြီးများနှင့် ပေါက်လေရာ မြွေသည် မလှုပ်နိုင်ဘဲ ကျောက်ခဲများအောက်တွင် သွေးခြင်းခြင်းနီ၍ နေလေ၏။ ထို့နောက် မလိုက်နိုင်တော့သည့်အကြောင်းကို စိတ်ချကာ မောင်ဘဝင်းသည် နေရာကို ကောင်းစွာအမှတ်အသားပြုပြီးလျှင် မြေပေါ်၌လဲ၍နေသော မယ်ယက္ခကို ထမ်းပွေ့ယူကာ သွားရန်လမ်းကို ရှာလေရာ မည်သည့်နေရာသို့ ရောက်မှန်းမသိ၊ လမ်းစလမ်းနလည်း မရှိသဖြင့် ဦးတည်မိရာသို့သာ မယ်ယက္ခကို ပွေ့ကာ၊ ထမ်းကာ၊ ပိုက်ကာဖြင့် လှည့်လည်ကာ နေလေ၏။

ယင်းသို့ တောအုပ်ပိတ်ပေါင်း ချောက်ဆောင်း၊ ကမ်းပါးစပ်တို့၌



ဆင်းချည်၊ တက်ချည် သွားလာ၍နေရာ အတန်ကလေး မော၍လာသည့်အခါ မယ်ယက္ခ၏မျက်နှာကို မိမိ၏မျက်နှာနှင့် ထိလုခမန်း ကပ်ခါကြည့်လေရာ အမောများပြေလျက် အားသစ်ထပ်လောင်း၍ လာလေ၏။ တစ်ရံတစ်ခါ မယ်ယက္ခကိုပွေ့ရင်း ခေတ္တမျှထိုင်လျက် မယ်ယက္ခ၏ ဖြူဝင်းစင်ကြယ်သော မျက်နှာကို ကြည့်ကာနေမိလေ၏။ မယ်ယက္ခ၏ လွန်စွာပျော့ပျောင်းသော ကိုယ်လက်များမှာမူ မလှုပ်မရှား ပွေ့သလို၊ ထမ်းသလို၊ ကိုင်သလို၊ ယူသလို ခံ၍နေရလေ၏။

ထိုအတွင်း စမ်းရေတွင်း တစ်ခုအနီးသို့ ရောက်သွားလေရာ ၎င်းစမ်းတွင်းအနီးတွင် မယ်ယက္ခကို ပိုက်ကာထိုင်လျက် လက်ခုပ်နှင့် ရေကိုယူကာ မျက်နှာကို ရေအေးနှင့်ဆွတ်ပြီး စိုက်ကြည့်နေလေ၏။ ထိုကဲ့သို့ကြည့်၍နေလေရာ နှင်းဆီပန်းပမာ နီမြန်းသော နှုတ်ခမ်းကလေးများနှင့် ပုလဲရောင်ပမာ တောက်ပသော သွားကလေးများသည် မိမိကို ငြင်းဆန်ခြင်းမပြုဘဲ အလိုတူ၍ နေဘိသကဲ့သို့ မှတ်ထင်ကာ မိမိ၏ ချစ်စိတ်အာသာကို အခြားနည်းနှင့် ဖြေဖျော်ရာမရ၊ အမောကြီးမော၍ လာစပြုသောကြောင့် "ဟယ် ... ဘယ်လိုပဲဖြစ်ဖြစ်" ဟု စိတ်ကိုတင်းပြီး နှုတ်ခမ်းချင်း၊ ပါးစပ်ချင်းအပ်ကာ၊ ရင်ဘတ်ခြင်းကပ်ကာ ငြိမ်သက်စွာနေလေရာ မောင်ဘဝင်းမှာ မိမိကိုယ်တိုင် မေ့မြော၍သွားသကဲ့သို့ ဖြစ်သွားလေ၏။

ထိုကဲ့သို့ နေသည့်အတွင်း မယ်ယက္ခသည် ဦးခေါင်းကိုလှုပ်၍လာရာ မျက်နှာကိုခွာ၍ ကြည့်လေ၏။ ထိုအခါ သတိရစဖြစ်သော မယ်ယက္ခ၏ မျက်လုံးများနှင့် မိမိ၏မျက်လုံးများသည် တစ်လက်မခန့်သာသာမျှ ကွာ၍နေပြီးလျှင် တိုး၍မခွာနိုင်ဘဲ –

"မနန်းနွယ် ... နေကောင်းပြီလား။ သတိရပြီလား"

ဟု မေးလေရာ မယ်ယက္ခက ခေါင်းညိတ်လျက် လူးကာပြန်ကာအားယူ၍ မောင်ဘဝင်းရင်ခွင်မှ ထွက်မည်ပြုလေရာ –

မောင်ဘဝင်းက "မနန်းနွယ် ... ငြိမ်ငြိမ်နေပါ။ မူးသွားပါလိမ့်မယ်"

ဟု ပြောသဖြင့် မယ်ယက္ခသည် မောင်ဘဝင်း၏ မျက်နှာကို စိုက်ကာကြည့်လျက် နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် အတန်ကြာစွာ ကြည့်နေကြပြီး နောက် –

မောင်ဘဝင်းက "မနန်းနွယ် ... ဘယ့်နှယ့်ရှိသလဲ။ မူးသေးသလား"

ဟု ပြောကာ မယ်ယက္ခကိုမပြီးလျှင် လွှတ်လိုက်လေ၏။ မယ်ယက္ခသည် စကားမပြောနိုင်ဘဲ ရပ်ကာ ဦးခေါင်းတစ်ဖက်တစ်ချက် နားထင်များကို လက်နှစ်ဖက်နှင့်ကိုင်ညှစ်ကာ မြေကြီးကို ငုံ့၍ကြည့်နေလေ၏။

ထိုအတွင်း မောင်ဘဝင်းက တွေးတောသည်မှာ "ငါ ခုတင်က သူ့မျက်နှာကလေးကို ငါ ဟိုဒင်းပြုလိုက်တာ သိသွားတယ် ထင်ပါရဲ့။ သိချင်သိပါစေတော့၊ သူသိမှ သာပြီးကောင်းမယ်" ဟု တွေးတောကာ –

"မနန်းနွယ် ... မူးသေးသလား"

ဟု ထပ်၍ မေးလေ၏။

မယ်ယက္ခက စိတ်ဆိုးနေသော အမူအယာမှ အံ့အားသင့်ပြီးလျှင် –

"မြွေသေပြီလား"

ဟုမေးကာ ကြည့်လိုသော အမူအရာနှင့် နောက်သို့ ချာခနဲ လှည့်လေရာ မောင်ဘဝင်းက–

"လာ ... လာ ... သွားကြည့်ရအောင်"

ဟုပြောပြီး ရှေ့က ထွက်သွားလေ၏။ ယင်းကဲ့သို့ သွားရင်း မယ်ယက္ခကို ပြန်ကြည့်လျက် –

"မနန်းနွယ် ... ချော်မလဲပါနှင့်ဦး။ နောက်တစ်ခါ ချော်လဲလို့ ကျုပ်ပွေ့ချီရရင် ကျုပ်မှာ ရာဇဝတ်သင့်လိမ့်မယ်"

ဟု ပြောလေ၏။ မယ်ယက္ခက –

"ကျွန်မ စိတ်မဆိုးပါဘူး"

ဟု ပြောလေ၏။

ထိုအခါ ဗိုလ်ဝင်းသည် ရပ်လျက် မယ်ယက္ခကို ကြည့်ကာ –

"စိတ်မဆိုးလို့ တော်တော့တယ်ခင်ဗျာ။ စိတ်များဆိုးရင် ဘယ်လိုနေမယ်မသိဘူး။ ဒါပေမဲ့ မနန်းနွယ် စိတ်ဆိုးတာကို ကြည့်ရတာ လှလွန်းလို့ ကျုပ်ကို မကြာခဏ ခုတင်ကလို စိတ်ဆိုးမာန်ဆိုးနှင့် ကြိမ်း



ပါစေလို့ အောက်မေ့နေတာပါပဲ။ မနန်းနွယ် တကယ်ပဲ စိတ်မဆိုးဘူးလား"

ဟု မေးလေ၏။

မယ်ယက္ခက "အို ... မမေးပါနဲ့။ ရှင်သတ်တဲ့မြွေကို ပြစမ်းပါ။ ဗိုလ်ဝင်းဆိုတာ လူစွမ်းကောင်း တစ်ယောက်ပါပဲကလား။ ကျွန်မဖြင့် အခုမှ သိရတာပါပဲ။ မြွေကိုလည်း သတ်သေးတယ်၊ ကျွန်မကိုလည်း ကယ်သေးတယ်။ ရှင် ကျွန်မမျက်နှာကို ကျူးကျူးလွန်လွန် မပြုရင်ဖြင့် ကျေးဇူးဆပ်လောက်ပါရဲ့။ ယခုတော့ ရှင် နည်းနည်းလွန်သွားတယ် ထင်တယ်။ ဘယ်မှာလဲ။ ဒီမြွေကိုသာ ပြပါ"

ဟု ပြောလေရာ မောင်ဘဝင်းသည် ဆက်လက်သွားလေ၏။

အတန်ကြာသောအခါ ကျောက်ခဲများနှင့် ပေါက်ထားသဖြင့် ပိ၍နေသော မြွေကြီးရှိရာသို့ ရောက်လာကြပြီးလျှင် အတန်ကြာကြည့်ရင်း မောင်ဘဝင်းက မြွေကြီးကို အဘယ်ပုံ သတ်ဖြတ်ရပုံများကို စိတ်အားထက်သန်စွာနှင့် မျက်လုံးများကို ပြူးကာဖြဲကာ၊ လက်ဟန်ခြေဟန်နှင့် ပြလေရာ မယ်ယက္ခသည် မြွေကိုမကြည့်ဘဲ ပြုံးချိုသောမျက်နှာနှင့် မောင်ဘဝင်းကိုသာ ကြည့်၍နေလေ၏။

စကားဆုံးသောအခါ မောင်ဘဝင်းက မယ်ယက္ခလက်ကို ဆွဲကိုင်ကာ –

"မနန်းနွယ် ... ဒီမြွေကြီးဟာ ကျုပ် ကျေးဇူးရှင်ကြီးပါပဲ"

ဟုပြောကာ မနန်းနွယ်၏မျက်နှာကို စိုက်၍ကြည့်လေ၏။ မယ်ယက္ခသည်ကား လက်များကို ပြန်၍သိမ်းရုပ်ခြင်း မပြုနိုင်ဘဲ မျက်နှာချင်းဆိုင်လျက် မယ်ယက္ခ၏ အသည်းနှလုံးအကြားတွင် လေပြည်များ တိုးဝှေ့သလို အထူးအေးမြလျက် နေလေ၏။

အတန်ကြာစွာ ဆိတ်ငြိမ်လျက် လက်နှစ်ဖက်ကို ဆွဲကိုင်ကာ မျက်နှာချင်းဆိုင်၍ နေကြရာတွင် တစ်တောလုံး ပျံ့နှံ့သော ပန်းရနံ့တို့နှင့် ၎င်းတို့ကို ဆောင်ယူသော လေပြည်လေညင်းသည် ၎င်းတို့၏ ပတ်ဝန်းကျင်၌ ရွှင်လန်းသော လက္ခဏာ၊ သာယာသောအသံဖြင့် ဝှေ့ဝိုက်ကာ လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကာလမှာ တပို့တွဲလဖြစ်သောကြောင့် တောတောင်တို့သည် လွှန်စွာနုပျိုစိမ်းစိုလျက် ထက်အောက်ဝဲယာ ပြာချည်၊ ဝါချည်၊ လေပြည်တွင် ညွှတ်ယိမ်း သိန်းသန်းများစွာ ပန်းရတနာတို့မှာ လှုပ်ရှားကာ အဆင်းပြိုင်ကြလျက် နူးညံ့သောနေရောင်၌ ကာရံကာနေကြသော သစ်ရွက်၊ သစ်ခက်တို့သည် အစိမ်းနု၊ အစိမ်းရင့်၊ အစိမ်းပုပ်၊ ညိုမှောင်၊ ပြောင့်တပြောင်၊ နက်တနက်၊ မဲ့တစ်ချက်၊ ပြာတစ်ခါ အမျိုးမျိုးဖန်ဆင်းကာ လတ်ဆတ်သောလေတွင်သာ တောကားကြီး ဆင်၍နေကြလေ၏။

ငှင်းသစ်ရွက်၊ သစ်ခက်၊ ပင်စည်၊ ကိုင်းမ၊ အုံ့ဆိုင်းကာ သာယာသော အကြိုအကြား လေယံတွင် ကစားကြသည့် အမျိုးမျိုးသော ငှက်များသည်လည်း မပူလွန်းသော နေရောင်၌ပျံကာ သာယာသောအသံနှင့် တစ်ပင်မှတစ်ပင်သို့ ကူးယှက်ကာ ပေါင်းဖွဲ့သော သစ်ရိပ်၊ သစ်ခက်နန်းများအပေါ်ကွင် ချစ်ကြင်ကြည်နူး ပျော်မြူးလွမ်းတ ကြွေးကြော်ကာ နေကြလျက် တောင်ပံကိုသကာ မောင်ဘဝင်းနှင့် မယ်ယက္ခတို့အတွက် မင်္ဂလာအောင်ပွဲကို အာကာနန်းမြင့် ထက်ဆင့်လေယံတွင်စံလျက် တေးတျာသံမစဲ တွဲယှက်ပြီး မငြီးအောင် ကျူးပကာ နေကြသကဲ့သို့ မှတ်ထင်ရလေ၏။

မယ်ယက္ခနှင့် မောင်ဘဝင်းတို့၏ စိတ်သည် အချစ်တည်းဟူသော ပင်လယ်လှိုင်းအိကြီးအပေါ်တွင် နိမ့်ချည်မြင့်ချည် ငြိမ်စွာစီးလျက် အသံကို မရှုအားအောင် အချစ်၏အရသာကို ခံစား၍နေကြသည်အတွင်း စကားပြန်ရန်ကိုမှ အချိန်မပေးနိုင်ကြဘဲ တစ်ယောက်၏မျက်နှာကို တစ်ယောက် ကြည့်ရှု၍မဝ၊ တစ်ယောက်၏လက်ကို တစ်ယောက်ကိုင်ရသည်မှာ အတုမရှိသောသုခကို ခံစားကြလျက် နှစ်ယောက်သော ပျိုရွယ်သူတို့မှာ ပထဝီမြေမျက်နှာမှ အထက်သို့ အလိုလိုမြောက်ကြွပြီးလျှင် တိမ်ထပ်၊ တိမ်လွှာ၊ အဇ္ဈော ဘဝဂ် အထက်ပိုင်းသို့ရောက်ကာ ဤလောကဓာတ်ကြီးပေါ်တွင် မိမိတို့ နှစ်ဦးတည်းသာ စိုးစံ၍နေရသကဲ့သို့ မှတ်ထင်ရလေ၏။ မည်သည့်အရာကိုမျှ သတိမရ၊ မည်သည့်အရာကိုမျှ မမြင်ရ၊ သာယာလှစွာသော ငှက်တို့နှင့် လေပြည်၏အသံများမှာ နတ်ပြည်က ဆင်းလာသော



တူရိယာသံကဲ့သို့ အချစ်၏လေးနက်ခြင်း အရသာ၌ တိုး၍သာ မျက်ဖြူဆိုက်အောင် ကတိုက်ကရိုက် ဖန်တီးကြလေ၏။

ယင်းကဲ့သို့ အတန်ကြာကြီး တစ်ယောက်၏လက်ကို တစ်ယောက်ကိုင်ကာ မျက်လုံးတည်းဟူသော အသီးသီးသော သမုဒ္ဒရာ၌ အချစ်တည်းဟူသော ရတနာအဖိုးထိုက်တို့ကို ရှာဖွေကာ ကြည့်၍နေကြရာတွင် သခေါ်ရသဘောအရ ခေတ္တမျှလွမ်းသော ပီတိမိုးစွေ၍ ကျပြီးလျှင် အနည်းငယ် သတိရလာကြသောအခါ မယ်ယက္ခက –

“ကိုဘဝင်း ... ဘာကို ပြောလိုက်သလဲ”

ဟု မေးကာ လက်ကိုပြန်၍ မရုန်းနိုင်ရှာဘဲ မျက်နှာကလေးကို မော့ကာ တောက်ပသော မျက်လုံးကလေးများ၏ ရှည်လျားသော မျက်တောင်များကို ပျာယီပျာယာခတ်ကာ သန္တာဖြင့် ဆိုးအပ်သော နှုတ်ခမ်းကလေးများကို ဖွင့်ကာ၊ ပုလဲရောင်ပမာ တောက်ပသော သွားကလေးများကိုပြကာ၊ စိမ်းလန်းသော အကြောကလေးများဖြင့် အတွင်းကိုဖောက်၍ မြင်ရလုခမန်းဖြစ်သော လည်တိုင်ကလေးကို ဆန့်ကာ မေးလေ၏။

မောင်ဘဝင်းက “မနန်းနွယ် ... ဒီမြွေကြီးဟာ ကျေးဇူးရှင်ကြီးပါပဲ။ ဒီမြွေကြီး ပေါ်လာပေလို့ မနန်းနွယ်ကို ကျုပ်သဘောရှိ နှစ်ခြိုက်စွာ ပွေ့ပိုက်ကာ ယူရပါတယ်။ ဒီမြွေကြီးပေါ်မလာရင် မနန်းနွယ်ရဲ့လက်ကိုမှ အခုလို ကိုင်ရဦးမှာ မဟုတ်ဘူး”

ဟု ပြောလေ၏။

ထိုအခါ မနန်းနွယ်သည် စကားပြန်၍ မပြောနိုင်ဘဲ ပင့်သက်ကို ရှိုက်ကာ ရှူလျက် ရင်ဝတွင် ဒီရေတက်သလို၊ သိသိသာသာ မချိရှာဘဲ ကြွကာကြွကာ ဣန္ဒြေဆည်၍ မရနိုင်အောင်ဖြစ်သဖြင့် မျက်နှာမှာ နှင်းဆီပန်းရောင်တွေ သန်းလာသောကြောင့် တရကြမ်းဖမ်းစား၊ အရမ်းမဲ့ကို စယ်ကာ ကစားသောစိတ်သည် ကြေးမုံပြင်ပမာ ထင်ရှား၍လာလေ၏။ ထိုအခါ မျက်နှာကို အောက်သို့ချပြီးလျှင် မြေကြီးကိုကြည့်ကာ ရှက်ကိုးရှက်ကန်းဖြစ်လျက် မယ်ယက္ခတည်းဟူသော သံမဏိသည် ပျားယောင်း၏ ဘဝသို့ရောက်ကာ ဒူးဆစ်များမှာ ရပ်တည်၍ မရနိုင်အောင် တဆတ်

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခါသဖြင့် မြေပေါ်သို့ ခွေလဲ၍ ကျတော့မလို ဖြစ်သွားလေ၏။

ထိုနောက် နှစ်ယောက်သား ထိုင်ကြလျက် မယ်ယက္ခက –

"ကိုဘဝင်း ... ကျွန်မ ဆက်လက်ပြီး မလိမ်တော့ပါ။ ကျွန်မ လှည့်စားပြီး လိမ်သမျှအတွက် အခွင့်သာလွှတ်ပါတော့။ မနန်းနွယ်ဆိုတာ မယ်ယက္ခပါပဲ။ ကျွန်မ ကိုဘဝင်းစိတ်က တကယ်ချစ်တယ်ဆိုတာ သိပါပြီ။ ကျွန်မရဲ့အသက်ဟာ ကိုဘဝင်း၏ အသက်ဖြစ်ပါတယ်။ ကိုဘဝင်း စိမ်သလို ခံရတော့မှာပဲ။ သို့ပေမဲ့ ကိုဘဝင်းစိတ်ထဲမှာ အခုရှိတဲ့ အချစ်ဟာ အစစ်ဖြစ်တယ်၊ မဖြစ်တယ်ကို ကျွန်မ သိချင်လှပါတယ်။ အချစ်ဆိုတာ လွန်စွာမှ လှည့်စားတတ်ပါတယ်။ ဒီလိုတောတောင်ထဲမှာ ကျွန်မလို မိန်းမတစ်ယောက်ကို တွေ့ရရင် ကိုဘဝင်း အမှန်စုံမက်မှာပဲ။ ဒါပေမဲ့ ကိုဘဝင်းနဲ့ကျွန်မ လူများတဲ့မြို့မှာ ခပ်ကြာကြာနေရရင် သည်ချစ်တဲ့စိတ်ဟာ တစ်စတစ်စ နည်းပါးပြီး သွားတတ်ပါတယ်"

ထိုအခါ မောင်ဘဝင်းက –

"မနန်းနွယ် ... ကျုပ် မနန်းနွယ်ကို ထန်းတပင်မြို့မှာ မြင်တဲ့နေ့က စပြီး ယခုထက်တိုင် ဘယ်အခါမှမမေ့၊ တစ်နေ့တခြား အချစ်ဟာ တိုးပြီး အသစ်ချစ်ခဲ့ပါတယ်။ ယခု မနန်းနွယ်နဲ့ ခဏကလေးမျှ စကားပြောနေရတဲ့အထဲမှာ ကျုပ်အချစ်တွေဟာ ရေအယဉ်လိုတိုးပြီး မဆုတ်ဘဲ အမျိုးမျိုး ချစ်နေပါတယ်။ မနန်းနွယ်ဟာ ကျုပ်မြင်ရသမျှ မိန်းမတွေနဲ့ တုပြိုင်အပ်တဲ့ မိန်းမမဟုတ်ပါ။ ဟောဒီ မိုးအောက်မြေပေါ်မှာ မနန်းနွယ်ကို မီတဲ့မိန်းမ မရှိဘူးလို့ ကျုပ် သဘောရရှိပါတယ်။ မနန်းနွယ်မှာ ဒီတောထဲမှာ အခြားမိန်းမများနဲ့ ယှဉ်ပြိုင်မကြည့်ရတဲ့အတွက် ဒီမျှလောက်သာ လှတာပါ။ တကယ်လို့ မိန်းမများထဲမှာ ယှဉ်ပြိုင်ပြီးကြည့်ရရင် ဒီ့ထက်ပင် ပိုပြီး အဆပေါင်းများစွာ လှပါလိမ့်ဦးမယ်။ အခြားမိန်းမများဟာ ကျောက်သလင်း၊ ဥဿဖရား၊ ကျောက်ညှံ့များနဲ့ တူပါတယ်။ သူတို့ဘာသာ ဘယ်လိုကျောက်နဲ့မျှ ယှဉ်ပြိုင်ပြီး မကြည့်ရရင် စိန်အစစ်လို တောက်ကြပါဘယ်။ တကယ့်စိန်နဲ့တွေ့ရင် စိန်တန်ခိုးကြောင့် အရောင်မှိန်ပြီး မပြောင်မထိန် မလက်နိုင်ဘဲ မြုပ်တိမ်၍ သွားရပါတယ် မနန်းနွယ်"



ဟု ပြောကာ မနန်းနွယ်ကို မိမိအပါးသို့ ဆွဲယူလိုက်လေရာ မနန်းနွယ်သည် အနည်းငယ်မျှ ငြင်းဆန်ခြင်းမပြုနိုင်ဘဲ မောင်ဘဝင်း၏ ရင်ခွင်ပေါ်သို့ ယိုင်လဲကာ ကျသွားလေ၏။ ထိုအခါ ချစ်ဖွယ်ကောင်းလှသော ခိုကလေးသည် ပိုးမျှင်ဖြင့်ပြီးသော အချစ်တည်းဟူသော ပိုက်ကွန်တွင် အုပ်ရစ်ကာ အဖမ်းခံရသည့်အလား၊ အချစ်ဓာတ် အသားအသွေးတို့သည် တဖျတ်ဖျတ် တောင်ပံကိုခတ်ပြီးမှ အချစ်စက်ကွင်းမှ လွတ်မြောက်ခြင်းသို့ လုံးလုံးကြီး မရောက်ရှာနိုင်တော့သည် ဖြစ်ရကား ငြိမ်ဝပ်၍ သွားရှာသဖြင့် မျက်လုံးကိုမှ ကောင်းစွာမဖွင့်နိုင်ဘဲ ညင်သာစွာ အသက်ရှူလျက် အိပ်မောကျပြီးလျှင် အတိုင်းမသိ သာယာပျော်ရွှင်ကြည်နူးဖွယ်ရာ ကောင်းလှသော အိပ်မက်ကို မြင်မက်ရဘိသကဲ့သို့ ငါ့ဒီ အိပ်မက်ပေလား၊ တကယ်ပေလား၊ မတော်တဆ အိပ်ရာကနိုးပြီး "ငါ တွေ့ကြုံ ခံစားရသမျှသော စည်းစိမ်တို့သည် ချုပ်ငြိမ်းပျောက်ကွယ်၍ သွားလေမည်လား" စသည်ဖြင့် တွေးတောကာ "အိပ်ရာက မနိုးပါစေနှင့်။ ဆက်လက်၍ မက်လို့သာ နေပါစေ။ အမယ်မင်း ... နိုးရတော့မယ် ထင်ပါရဲ့။ အဟုတ်ပဲလား၊ တကယ်ပဲလား၊ အိပ်မက်မဟုတ်ဘူးနော်။ အမှန်နော် အစစ်နော်။ တကယ်နော်။ မနိုးတမ်းပါ။ မလင်းတမ်းပါ" စသည်ဖြင့် ဖုတ်လှိုက်ဖုတ်လှိုက်နှင့် မောဟိုက်ကာ အပြင်းဖမ်း၍ အချစ်ဓာတ် တစ်ကိုယ်လုံး ဖြန်းပြီးလျှင် ကတမ်းကရမ်းဖြစ်၍ နေရှာလေသတည်း။

သို့သော်လည်း မောင်ဘဝင်းသည် လွန်စွာ ယောကျ်ားပီသသူ ဖြစ်သောကြောင့် မနန်းနွယ်၏အလှကို အနည်းငယ်မျှ ဆုတ်ယုတ်နည်းပါးစေတတ်သော အပြုအမူမျိုးမှ လုံးလုံးကြီး ရှောင်ကြဉ်လျက် အလှဓာတ်ပျက်မည်ကို လွန်စွာစိုးရိမ်သူ ဖြစ်လေရကား မရှောင့်သာ မလွှဲသာအောင် ချစ်စိတ်သည် ဖမ်းစားသဖြင့် မတော်တဆ မိမိ၏ရင်ခွင်ပေါ်သို့ မနန်းနွယ်ကို မိမိ၏ သန်မာချော့မွတ်သော လက်မောင်းများဖြင့် ပွေ့ဖက်ထားယူမိသည်ကိုပင် အများကြီး လွန်လှပြီဟူ၍ မှတ်ထင်မိလေ၏။

ထို့နောက် နှစ်ယောက်သား တွဲဖက်ကာ အလွန်တရာ သာယာနုပျိုသော နတ်ဥယျာဉ်တွင် လှည့်သည်ကာ လေယူလိုက်ပါလျက်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စွာနေသော နတ်သူဇာ မောင်မယ်ပမာလို၊ အချစ်တည်းဟူသော လေပြည်လှုံ့ဆော်သဖြင့် မြင့်ရာနိမ့်ရာ ဆိပ်သာမြောင်လမ်း အခန်းခန်းသော ပန်းတောကြီးတွင် လှည့်လည်ကာ သွားကြလေရာ မောင်ဘဝင်းသည် မိမိကိုယ်တိုင် နိုင်နင်းနှိပ်ကွပ် ဖြိုဖျက်အောင်မြင်ခဲ့သော ကျေးရှူးရှင် မြွေဟန်းကြီးကို အမြီးမှကိုင်ဆွဲကာ မလွှတ်ဘဲ ယူဆောင်၍ သွားလေ၏။

ယင်းကဲ့သို့ သွားကြစဉ် တဖြည်းဖြည်း ဂူအနီးသို့ ရောက်သောအခါ နေအချိန်ကုန်တော့မည် ဖြစ်သောကြောင့် ဖြူဝင်းပပ "မိုးရွှေလ" သည် ကောင်းကင်၌ ပေါ်လာလေ၏။ ထိုအခါ ခရီးပန်းကြသဖြင့် မြွေကြီးကို အပါးတွင် ထားကြလျက် တစ်ခုသော ကျောက်ဆောင်ပေါ်တွင် ထိုင်ကြလေရာ မနန်းနွယ်က –

"ကိုဘဝင်း ... ကျွန်မနဲ့ လည်ရတာ မမောဘူးလား"

ဟု မေးလေ၏။

မောင်ဘဝင်းက "မမောပါဘူး မနန်းနွယ်ရဲ့။ လည်ရတာ နေ အင်မတန် ဝင်လွယ်တယ်လို့ ထင်မိပါတယ်"

ဟု ပြောလေ၏။

မနန်းနွယ်က "ကိုဘဝင်း ... ရှင်အခုလို ကျွန်မနဲ့ တစ်သက်လုံး နေနိုင်ပါ့မလား။ ကျွန်မနဲ့နေလို့ အတော်ကြာတော့ ရှင့်ချစ်သူဟောင်း ကလေးများကို အောက်မေ့ပြီး သွားချင်တဲ့စိတ် ပေါ်လာမှာလား"

ဟု မေးလေ၏။

ထိုအခါ မောင်ဘဝင်းက "ကျုပ် မည်သူ့ကိုမှ လွမ်းစရာမရှိပါဘူး။ တစ်သက်လုံး နတ်သမီးနဲ့ ပျော်ပါးပြီး နေရှာသူဟာ လူ့ပြည်ကိုပြန်ပြီး လွမ်းနိုင်ပါဦးမလား"

ဟုပြန်၍ ပြောခိုက်တွင် ညွန့်ညွန့်၏ရုပ်ပုံသည် မိမိ၏ရှေ့၌ ဝမ်းနည်းသော အမူအရာနှင့် ပေါ်၍လာလေ၏။

မောင်ဘဝင်းသည် ဝမ်းနည်းသော အမူအရာနှင့် ပေါ်၍လာသော မမျိုးညွန့်ကလေး၏ သဏ္ဌာန်ကို မိမိ၏ရှေ့၌ အကွင်းသား မြင်ရသော အခါ ငေးမောတွေးတောလျက် "ဤနိမိတ်သည် အဘယ်ကို ရည်ဆောင်



သော နိမိတ်ပေနည်း။ ငါသည် နမကလေး မမျိုးညွန့်ကို ရှာဖွေရန် မူလကရည်ရွယ်၏။ ယခုတွင် ငါသည် သူ့အကြောင်းကို လုံးလုံးကြီး မေ့သကဲ့သို့ ဖြစ်၏။ မမျိုးညွန့်ကို ငါချစ်သော အဟုတ်အမှန် အစစ်ဖြစ်သော ငယ်ချစ်သည် ငါ၏စိတ်၌ အနည်းငယ်မျှသာ ပျောက်၏။ ပြန်၍ တွေးလိုက်လျှင် ဤအပါး၌ရှိသော မနန်းနွယ်နှင့် မခြားမနား အချစ်အား သန်၏၊ မမျိုးညွန့်ကို ငါသည် ဆက်လက်၍ မရှာဘဲ လုံးလုံးကြီး စွန့်ပစ်ကာ ဤမနန်းနွယ်နှင့်သာ ပျော်ပိုက်၍ နေနိုင်ပါမည်လား။ လိုက်လံရှာဖွေ၍ မမျိုးညွန့်ကိုတွေ့လျှင် ငါ၏စိတ်သည် မနန်းနွယ်၏အပေါ်၌ ယခုကဲ့သို့ ခိုင်မာတည်တံ့ခြင်း ရှိနိုင်ပါမည်လား။ ယခု ငါသည် တွေးတောလျက် နေစဉ်မှာပင် သူ၏မျက်နှာသည် လွန်စွာ ထင်ရှား၍လာ၏။ ငါ၏လမ်းလွဲသော အချစ်ကို လာရောက် သတိပေးလေသလား" စသည်ဖြင့် တွေးတောကာ မိမိ၏လုပ်ငန်းတာဝန်ကို ပြန်၍သတိရ၏၊ မမျိုးညွန့်ကို ရှာဖွေရမည် ဖြစ်သော အလုပ်သည် မိမိစိတ်ထဲတွင် ကြီးစွာသော တာဝန်ကဲ့သို့ ပေါ် ပေါက်၍ လာလေ၏။

ထိုအခါ မောင်ဘဝင်း၏စိတ်သည် အခြေမကျ ချုပ်တည်း၍ မရ သကဲ့သို့ ဖြစ်လေ၏။ ဤမျက်မှောက်၌ရှိသော မယ်ယက္ခကိုလည်း ညွန့်ညွန့်နှင့်မခြား အသည်းနှလုံးပါ ပြုတ်၍ပါအောင် လက်လွှတ်စပယ် အကုန်အစင် ချစ်မိလေ၏။ ထိုကဲ့သို့ ချစ်၍နေသော်လည်း ညွန့်ညွန့်ကို မေ့လျော့ကာ စွန့်ပစ်၍မထားနိုင်။ မနန်းနွယ်ထံမှ ထွက်ခွာပြီး မမျိုးညွန့်ကို လိုက်ရှာရမည်မှာ လွန်စွာခက်ခဲ၏။ မနန်းနွယ်မှာ လက်တွေ့ အပြီး အပိုင် ချစ်ရတော့မည်။ ညွန့်ညွန့်မှာ လိုက်လံရှာဖွေသော်လည်း တွေ့ချင်မှ တွေ့မည်၊ အဘယ်ပုံ ကြံစည်ရမည်နည်းဟု စိတ်၌ ဝေခွဲ၍မရနိုင်အောင် ရှိလေ၏။

"ငယ်ကချစ် အနှစ်တရာ မမေ့သော" ဆိုသည့် စကားအရ ညွန့်ညွန့် သည် နုနုနယ်နယ် ငယ်ရွယ်စဉ်က ချစ်ခဲ့ရသူဖြစ်၏။ မနန်းနွယ်သည် ကြီးမှ ကြိုက်ရသူဖြစ်၍ ညွန့်ညွန့်သည် လွန်စွာ နူးညံ့သိမ်မွေ့သော ပန်းဖူးကလေး နှင့် တူ၏။ မနန်းနွယ်သည် ရင့်မာကားဆင့်၊ ရွှင်ပွင့်လျက်

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝတ်ပန်းဆီတို့ဖြင့် ကောင်းစွာပြည့်စုံ၏။ မောင်ဘဝင်းတည်းဟူသော ပျားသည် မည်သည့်ပန်းကို တပ်မက်ပါသနည်း။ မတော်တဆ ပွင့်အာမွေး ကြိုင် လှိုင်လှိုင်သင်းပျံ့ ရနံ့ထူးခြားသော မနန်းနွယ်တည်းဟူသော ပန်းပွင့် ကြီး၌ ပျော်ပိုက်ကာ ပန်းဝတ်၊ ပန်းဆီ၊ ပန်းအရသာတို့ကို ယူပြီးနောက် မမျိုးညွန့်တည်းဟူသော ပန်းကလေးဟာ လေအဟုန်တွင် ပွင့်အာလျက် အကိုင်း၊ အခက်၊ အရွက်တို့၏အကြားမှ သင်းပျံ့မွေးကြိုင်သော ရနံ့ဖြင့် မိမိကို မြူကာကစားချေက ငယ်ငယ်က ချစ်သမျှသော စိတ်လေပြည်တို့သည် မိမိကိုပတ်ရစ်ကာ ထိုညွန့်ညွန့်ထံသို့ သွေးဆောင်ကာ ခေါ်ချေမည်လား” စသည်ဖြင့် ဆင်ခြင်ကာ အကြံရကျပ်လျက် အခက်ကြုံ၍ နေပြီးလျှင်၊ မနန်းနွယ်၏ မျက်နှာကို မော်၍ကြည့်ပြီးလျှင် စကားမပြောဘဲ ကြီးစွာသော စဉ်းစားပုံ အထွေထွေတို့ကို ထင်ရှားသိသာစေ၏။

မနန်းနွယ်သည် မောင်ဘဝင်း၏မျက်နှာကို စိုက်ကြည့်လျက် မောင်ဘဝင်း၏ စိတ်သည် အဘယ်ပုံ ပျံ့ဝဲလှုပ်ရှားကစား၍ အတည်တကျ မနေနိုင်သည်ကို ရိပ်မိလျက် များစွာ အကဲခတ်မိကာ ဆင်ခြင်၍ မရ နိုင်အောင် ရှိနေသဖြင့် –

“ကိုဘဝင်း ... ဘာတွေကို စဉ်းစားနေပါသလဲ”

ဟု မေးလေ၏။

ထိုအခါ မောင်ဘဝင်းက –

“မနန်းနွယ် ... ကျုပ် ဘာကိုမှ မစဉ်းစားပါဘူး။ ကျုပ်မှာ လာရင်းက နှမကလေး မမျိုးညွန့်ကို တွေ့ဖို့၊ မိခင်ကို သတ်တဲ့လူကို ရှာဖို့၊ မယ် ယက္ခကို ဖမ်းဖို့ လာခြင်းများ ဖြစ်ပါတယ်။ အခုမှာ ... မယ်ယက္ခကိုလည်း မဖမ်းရ၊ မနန်းနွယ်ရဲ့ အဖမ်းကိုခံနေရပြီး အခြား တာဝန်ကိစ္စများမှာ လည်း ပျက်ကွက်ကာ မနန်းနွယ် အပါးကလည်း တစ်ဖဝါးမှ မခွာနိုင်ဘဲ နေရလေတဲ့ အကြောင်းများကိုသာ ပြန်ပြန်တွေးတောပြီး နေတာပါပဲ”

ဟု ပြောလေ၏။

မယ်ယက္ခက “သြော် ... ကျွန်မ ရိပ်မိပါပြီ။ မယ်ယက္ခကို မဖမ်းရ တဲ့အတွက် စိတ်မကောင်း ဖြစ်နေတာလား။ ဒီလို စိတ်မကောင်းဖြစ်ပြီး



စိတ်ညစ်ကာမနေပါနဲ့။ ကိုဘဝင်း မယ်ယက္ခကို ဖမ်းရမှ စိတ်ပျော်မယ်ဆိုရင် ကျွန်မကို အခုဖမ်း၊ မြို့ဝန်ကြီးထံသို့ ပို့လိုက်ပါ။ ကိုဘဝင်းမှာ နာမည် ကောင်းပြီး လူကြီးတစ်ယောက် ဖြစ်ပါလိမ့်မယ်။ ကျွန်မ အဖမ်းခံဖို့ရာ အသင့်ပါပဲ”

ဟု ပြောကာ မိမိလက်များကို ဆန့်ပေးလေ၏။

ဗိုလ်ဝင်းက မနန်းနွယ်၏ လက်များကိုကိုင်ကာ “မနန်းနွယ် ... ကျုပ်အပေါ်မှာ မသက်သာလို့ ဒီစကားကို ပြောတာလား။ မနန်းနွယ်ကို ကျုပ်ဖမ်းနိုင်တဲ့ သတ္တိလည်း မရှိပါ။ ဖမ်းလည်း မဖမ်းဝံ့ပါ။ ဖမ်းလည်း မဖမ်းနိုင်ပါ။ ဖမ်းလည်း မဖမ်းချင်တော့ပါ။ တကယ်လို့ မနန်းနွယ်ကို မဖမ်းဘဲ နေရတဲ့အကြောင်းတစ်ခုခု ပေါ်ပေါက်လို့လာရင် မနန်းနွယ်ရဲ့ လက်နဲ့ အသက်ကို စွန့်ဝံ့ပါတယ်။ ဒါပေမဲ့ ...”

စကားရပ်၍ နေလေ၏။

မနန်းနွယ်က “ဒါပေမဲ့ နှမကလေးကို တွေ့အောင် ရှာချင်သေး တယ် ဆိုပါတော့။ ရှင့်နှမကလေးကို တွေ့ရင် စိတ်အေးမလား”

ဟု မေးလေ၏။

ထိုအခါ မောင်ဘဝင်းက မျက်နှာကို သေချာစွာစိုက်ကြည့်လျက် စကားပြန်မပြောနိုင်ဘဲ နေလေ၏။ အကြောင်းမူကား နှမကလေး ညွန့် ညွန့်ကို ပြန်၍တွေ့ရလျှင် မိမိမှာ မတွေ့ရသည်ထက် ပိုမိုခက်ခဲမည့် အရေးကို သိရလေ၏။ တွေ့အောင်မရှာဘဲ နေချင်သော စိတ်လည်းရှိ လေ၏။ သို့သော်လည်း ရုတ်တရက်တော့ တွေ့မှာလည်း မဟုတ်ပါဘူး လေဟု စိတ်၌အောက်မေ့ကာ –

“ဘာပြောစရာရှိလဲ မနန်းနွယ်ရယ် ...။ ကျုပ် နှမကလေးအတွက် အပူအေးသွားရင် ဘာမှဆက်လက်ပြီး ပူစရာတော့ရှိတော့မှာ မဟုတ်ပါဘူး”

ဟု ပြောလေ၏။

မနန်းနွယ်က “ရှင့်နှမကလေးဆိုတာ ဘယ်လောက်ကြီးပြီလဲ”

မောင်ဘဝင်းက “အခုနေမှာဖြင့် မနန်းနွယ်တို့လောက် ရှိမှာပဲ”

မနန်းနွယ်က “ရှင့်နှမ အရင်းပဲလား”

www.burmeseclassic.com

www.burmeseclassic.com

မောင်ဘဝင်းက "ဟုတ်ကဲ့ ... အင်း ... အရင်းလို့ပဲ ဆိုပါတော့လေ" ဟု ဆိုင်းတွကာ ပြန်ပြောလေ၏။

ထိုအခါ မနန်းနွယ်က အံ့အားသင့်သော အမူအရာနှင့် "အလို ... ကိုဘဝင်း။ ရှင့်အတွင်းစိတ်ထဲမှာ မှိုသိပ်ပြီးထားတဲ့ အရာတစ်ခုရှိတယ်လို့ ကျွန်မ ထင်ပါတယ်။ ကျွန်မ အင်မတန် မသင်္ကာဘူး။ ရှင်ရှာနေတာ ရှင့်နှမလား၊ ရှင့်ရည်းစားလား"

ဟု မနန်းနွယ်က မေးပြန်လေ၏။

မောင်ဘဝင်းသည် မိန်းမနှင့်ပတ်သက်၍ မုသားစကားကို သုံးတတ်သူ မဟုတ်သဖြင့် များစွာ မျက်နှာပျက်ပြီးလျှင် –

"မနန်းနွယ် ... ကျုပ် မှန်တာပြောပါမယ်။ အခု ကျုပ်လိုက်ပြီးရှာနေတဲ့ မမျိုးညွန့်ကလေးဟာ ကျုပ်ဖခင် မွေးစားတဲ့ သမီးဖြစ်ပါတယ်။ သို့သော်လည်း ငယ်ငယ်ကလေးက နို့ဘူးနဲ့ မွေးရတာမဟုတ်တဲ့အတွက် မောင်နှမအရင်း မဟုတ်ကြောင်းကို ကျုပ်တို့အချင်းချင်း သိကြပါတယ်။ မောင်နှမလိုချစ်ရာမှ တစ်စတစ်စပြောင်းပြီး အခု မနန်းနွယ်ကို ကျုပ်ချစ်ရသလို ချစ်ရပါတယ်။ သူကတော့ ကျုပ်လို ချစ်မယ်၊ မချစ်မယ် မသိပါ။ ကျုပ်ကသာ ချစ်ရတာပါပဲ။ သူက မချစ်ဘူးဆိုတာကို ကျုပ်သိပါတယ်။ တကယ်လို့ ကျုပ်လိုချစ်ရင် အခုလောက် ကြာကြာကြီးခွဲပြီး အကြောင်းတစ်စုံတစ်ရာမျှ မကြားဘဲ နေနိုင်ဖို့မရှိပါ။ တွေ့ပြန်ရင်လည်း သူက ချစ်မှာ မဟုတ်ပါဘူး။ အခုနေ ယောကျ်ားများတောင် ရနေပြီလို့ ကျုပ်စိတ်မှာ ထင်နေတာပါပဲ။ ဒီစကားကို မနန်းနွယ်အား ကျုပ် အတိအလင်း ဖွင့်ပြောရတဲ့အတွက် ဘယ်လိုမှ စိတ်မထားပါနဲ့လို့ တောင်းပန်ချင်တာပဲ။ အခုဖြင့် မနန်းနွယ်ကို တကယ်ချစ်နေပါပြီ။ မမျိုးညွန့် ပေါ်လာသော်လည်း ကျုပ်စိတ်ဟာ ပြောင်းလို့ရတော့မှာ မဟုတ်ပါဘူး"

ဟု ပြောလေ၏။

မနန်းနွယ်က ဣန္ဒြေလုပ်လျက် စကားမပြောဘဲ အတန်ကလေးကြာစွာ ငေး၍နေပြီးမှ –

"မဟုတ်ဘူး ဗိုလ်ဝင်းရဲ့ ...။ ရှင့်နှမ မမျိုးညွန့်က ရှင့်ကို တကယ်



မချစ်ဘူးဆိုတာကို ရှင်ဧကန် ပြောနိုင်သလား။ ရှင်ငယ်ငယ်က ချစ်တဲ့ မမျိုးညွန့်ကို ပြန်တွေ့ရင် ဧကန်ကျွန်မကို မုန်းပါလိမ့်မယ်။ ဒို့ပြင်လည်း ငယ်ငယ်က ချစ်တဲ့ရည်းစားနဲ့ ပြန်ပြီးတွေ့တဲ့အခါ ဒီရည်းစားကို မချစ်ဘဲ နေနိုင်ရင် ကျွန်မကိုလည်း တစ်နေ့မှာ အချစ်ပြယ်ပြီး အသစ်ကို ရှယ်မှာပါပဲ။ ဒီအတွက် ကိုဘဝင်းကို ကျွန်မယုံရမှာ အင်မတန်မှ ခက်တာပါပဲ"

ဟု အတည်ပြောလေ၏။ ထိုအခါ မောင်ဘဝင်းသည် မိမိ၏ နဂိုစိတ်ရင်း၌ အခက်အခဲကြုံ၍ နေပြီဖြစ်သောကြောင့် တစ်စုံတစ်ရာ ပြန်၍မပြောနိုင်ဘဲ မှောင်စပြုသော ညဥ့်ရောင်ထဲကို မျက်တောင်မခတ်ဘဲ ငေးမောကာကြည့်လျက် တိတ်ဆိတ်စွာနေလေ၏။

ထိုအတွင်းတွင် တဖြည်းဖြည်း ညိုမည်းသော ညဥ့်ရောင်သည် တောတောင်ကမ်းပါးယံစခန်းကို လွှမ်းအုပ်၍လာလေရာ ရှေ့၌ရှိသော သစ်ပင်ပန်းပင် အကြီးအငယ်၊ အနိမ့်အမြင့်တို့မှာ ကောင်းစွာ မသဲကွဲဘဲ မည်းမည်းလေထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်၍နေကြသော မှောင်ခဲကြီးများနှင့် တူကြလေ၏။

မနန်းနွယ်က "ကိုဘဝင်း ကောင်းကောင်းကြီး စဉ်းစားပါ။ ရှင်တို့ ယောကျ်ားဆိုတာ လှည့်စားတဲ့ မာယာအတတ်မှာ မိန်းမထက် သိန်းမက ပို၍တတ်ပါတယ်။ ကျွန်မကို ဒီတောထဲမှာလာပြီး လှည့်စားကာ အစာဝတော့ ဌာနကိုပြန်ပြေးရင် ကျွန်မ ဒီတောဒီတောင် ဒီဂူများထဲမှာ တလည်လည်နဲ့နေပြီး တစ်နေ့သ၌ ဟောဟိုရှေ့မှာရှိတဲ့ ညို့ညို့မှိုင်းမှိုင်း၊ မည်းမည်း မှောင်မှောင် တောင်ကုန်းအကြားမှာ အဖော်မရှိဘဲ တစ်ကိုယ်တည်း ဂူကလေးနဲ့ နေရပါလိမ့်မယ်။ ရှင့်စိတ်ထဲမှာ မမျိုးညွန့်က တစ်ပိဿာ၊ မနန်းနွယ်ဆိုတာက ငါးကျပ်သားမှာ ရှိပါတယ်လို့ ထင်ပါတယ်။ ဒို့ပြင်မှ တစ်ပါးလည်း ဒီလို စိတ်မတည့်မတဲ့ဖြစ်ရင် မမျိုးညွန့်ကိုပင် ပြန်၍မတွေ့စေကာမူ အခြားမိန်းမလှလှကလေး တစ်ယောက်ကိုတွေ့ရင် တစ်မျိုးစိတ် ပြောင်းပြီး သွားပါလိမ့်မယ်"

ဟု ပြောလေ၏။ မောင်ဘဝင်းသည်ကား စကားပြန်၍ မပြောဘဲ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဘဝင်းသည် မိမိကို ချစ်ကြောင်း မနန်းနွယ်သိ၏။ မမျိုးညွန့်ကိုလည်း တွေ့ချင်ကြောင်း ရိပ်မိ၏။ မိမိသည် မမျိုးညွန့်ဖြစ်ကြောင်းကို ပြောပြလိုက်ရလျှင် ကောင်းမည်လားဟူ၍လည်း စဉ်းစားမိ၏။ သို့သော်လည်း မမျိုးညွန့်ဖြစ်ကြောင်းကို ပြောပြလိုက်ရလျှင် မိမိဖခင် ဗိုလ်တိုင်းကျော်ကို ရိပ်မိလိမ့်မည်။ မတော်တဆ မိခင်ကို သတ်သောသူသည် အခြားသူမဟုတ်၊ ဗိုလ်တိုင်းကျော်ဖြစ်ကြောင်းကို သိလေမလား၊ သိလျှင် မိမိ၏ဖခင် ဗိုလ်တိုင်းကျော်နှင့် ငါ့ကို ကြဲဖော်ကြဲဖက်ထင်ကာ ငါ့ကို မုန်းလေမလား၊ မယားကိုသတ်ပြီး၊ သားကို ပစ်ထားသောသူနှင့် ငါအတူနေသည့်အတွက် ငါ့ကို မုန်းထားပြီး ဆိုးယုတ်သည်ဟု မှတ်ထင်လေမလား" စသည်ဖြင့် တွေးတောဝေခွဲ၍ မရဘဲ နေလေ၏။

မောင်ဘဝင်းသည်ကား မိမိ၏မိခင်၌ အပြစ်ရှိသည်ကို သိသဖြင့် မိမိ၏မိခင်ကို သတ်သောသူသည် မိမိ၏ဖခင် ဖြစ်သည်ဟု ရိပ်မိ၏။ သို့သော်လည်း ဖခင်၏ ဆိုးသွမ်းမှုကို တစ်ရံတစ်ခါမှ ထုတ်ဖော်၍ မပြောဘဲ ဖခင်ကိုတွေ့လျှင် နာနာကြီး ပြောဆိုရန်သာ စိတ်အကြံရှိလေ၏။ မိခင်သည် အခြားယောကျ်ားနှင့် မတော်တဆ တိတ်တဆိတ် ပြစ်မှားမိသည်မှာ မိမိ၏ဖခင် ဆိုးသွမ်းစွာ စွန့်ပစ်၍ ထားသောကြောင့်သာ ဖြစ်သည်ဟု ကောင်းစွာသိသဖြင့် ဖခင်၏အပြစ်သည် မိခင်၏အပြစ်ထက် ကြီးသေးသည်ဟု အယူရှိ၏။ မမျိုးညွန့်မှာမူ ဖခင်နှင့် ရှိလေသလားဟု စဉ်းစား၍ မရချေ။ မမျိုးညွန့်သည် မိခင်ကိုသတ်သော အရေး၌ တစ်စုံတစ်ရာ ပါဝင်ခဲ့မည် မဟုတ်ကြောင်းကိုကား စဉ်းစားမိ၏။ သို့သော် အကယ်၍ ၎င်းဆိုးသွမ်းသော ဖခင်နှင့်နေရလျှင် မမျိုးညွန့်လည်း ကောင်းတော့မည် မဟုတ်ဟု အယူရှိလေ၏။ ထိုအခိုက်တွင် ပြင်းထန်စွာမြည်သော မြင်းခွာသံကို ကြားရလေ၏။ ထိုအခါ နှစ်ယောက်သား အံ့အားသင့်ကြလျက် နေရာမှထကြပြီးလျှင် မိမိတို့ဘက်သို့ မြန်မြန်ကြီးလှည့်၍ လာသော မြင်းခွာသံ ကြားရာဘက်သို့ လှမ်းကာ ကြည့်ကြလေ၏။ ထိုကဲ့သို့ ကြည့်နေသော အခိုက်တွင် မိမိတို့နှင့် အတန်ကလေး နီး၍လာသောအခါ ပြင်းထန်သော ခွာရိုက်သံသည် အထက်ကလောက် မမြည်ဘဲ ခပ်နှေးနှေး



မှု ကျောက်တုံး၊ ကျောက်ဆောင်၊ ကျောက်လှေကားပေါ်သို့ နင်း၍လာသော အသံကို ကြားရလေ၏။

မြင်းစီးသမားသည် မနန်းနွယ်နှင့် မောင်ဘဝင်းတို့ ထိုင်၍နေသော နေရာအနီးသို့ ရောက်လာသောအခါ မြင်းဇက်ကြိုးကို ဆွဲလိုက်လေရာ သန်မာသောမြင်းကြီးသည် လေလဟာပြင်ကိုမော့ကာ စားဝါးသည့်ပမာ လည်ပင်းကို ထောင်လိုက်လေရာ ပါးစပ်မှ ဖြူဖြူဖွေးဖွေးထွက်သော အမြှုပ်များသည် မှောင်ထဲတွင် ခပ်ရေးရေးကလေး ပေါ်လာလေ၏။ မြင်း၏ ရှေ့လက်နှစ်ချောင်းမှာ အထက်သို့မြောက်ကာ မြေကိုမနင်း၊ လေပြင်ကိုနင်းချင်သလို ကျ၍နေလေ၏။ ထို့နောက် ရှေ့တိုးနောက်ဆုတ်ပြုကာ ဆားတစ်ဖက်တစ်ချက်သို့ ရွေ့ကာ၊ တိမ်းကာ မြင်းသည် နောက်ခြေများကိုချ၍ မြေပေါ်တွင် ထိုင်တော့မလိုပြုပြီးမှ မြင်းစီးသမားက လည်ပင်းကိုလှမ်း၍ ပုတ်လျက် စုတ်သပ်သဖြင့် ငြိမ်သက်စွာ ရပ်၍နေလေ၏။

ထို့နောက် မြင်းစီးသမား လူရှည်ရှည်မားမားကြီးသည် မြင်းပေါ်မှ လွှားတဲ့၍ ဆင်းလာပြီးလျှင် ခေါင်းကိုဖြေကာ ဆံပင်၌ကပ်နေသော မှုန်များကို လက်နှင့် တစ်ချက်နှစ်ချက် ရိုက်ခတ်ပြီးလျှင် ပဝါကိုခါလျက်ဦးခေါင်းပေါ်တွင် ဆံပင်များနှင့်ရော၍ ရစ်ပြီးလျှင် မင်းသားကြီးကျိုက်,ကျိုက်ထားသော ပုဆိုးကိုဖြည်ကာ မနန်းနွယ်နှင့် မောင်ဘဝင်းတို့၏အပါးသို့ ကပ်ကာလာလေ၏။ မနန်းနွယ်က –

"သြော် ... ဦးလေးကြီး အချိန်မတော်ပါကလား။ ဘယ်လိုအရေးများ ပါလိမ့်မလဲ"

ဟု ပြောလေရာ ဗိုလ်တိုင်းကျော်လည်း စကားပြန်၍ မပြောသေးဘဲ မောင်ဘဝင်းကို စောင်း၍ကြည့်လေလျှင် –

"ကိစ္စမရှိပါဘူး ဦးလေးရဲ့။ ပြောသာပြောပါ၊ စိတ်ချရပါတယ်"

ဟု ပြောလေ၏။

ထိုအခါ ဗိုလ်တိုင်းကျော်က –

"သြော် ... ဗိုလ်ဝင်းဆိုတာ မဟုတ်လား။ ကိစ္စမရှိပါဘူးထင်ပါရဲ့"

ဟု ပြောလေ၏။ မနန်းနွယ်က –

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး။ ပြောသာပြောပါ"

ဟု လက်ကိုဆွဲ၍ မေးလေ၏။

ထိုအတွင်းတွင် ဗိုလ်ဝင်းသည် မိမိဖမ်းဆီးဖူးသော ဗိုလ်တိုင်းကျော်၏ မျက်နှာနှင့်အသံ၊ လူလုံးလူဟန်ကို မှတ်မိလျက် အံ့အားသင့်ကာ နေလေ၏။ ထိုကဲ့သို့ အံ့အားသင့်သည်ကို ဗိုလ်တိုင်းကျော် ရိပ်မိသောအခါ မိမိ၏သားအား –

"မောင်ရင် ... ကျုပ်ကို ဖမ်းများဖမ်းဦးမလား"

ဟု ရယ်မောကာ ပြောလေရာ ဗိုလ်ဝင်းက –

"မဖမ်းနိုင်ပါဘူးခင်ဗျာ။ ဖမ်းလည်း မဖမ်းလိုပါဘူး"

ဟု ပြောလေ၏။

ထို့နောက် ဗိုလ်တိုင်းကျော်သည် မနန်းနွယ်၏ လက်များကို ကိုင်ကာ –

"တူမကြီး ... တော်တော်ပျော်ရဲ့လား။ ဦးလေးတော့ အင်မတန် အလုပ်များခဲ့တာပဲ။ အလုပ်များဆို အတော်ကြီး ခက်နေပြန်ပေါ့လေ၊ လူတွေကော အသင့်ရှိရဲ့လား"

ဟု မေးလေရာ မနန်းနွယ်က –

"ရှိပါတယ် ဦးရဲ့။ ဘယ်လိုများ ခက်နေပါလိမ့်မလဲ။ ကျွန်မ ရိပ်မိပါတယ်။ မြတ်အောင် မဟုတ်လား"

ဟု ပြောလေ၏။

ဗိုလ်တိုင်းကျော်က "သူပဲပေါ့ တူမကြီးရဲ့။ အခြားလူအရေးတော့ ဘယ်ရှိမလဲ။ သူပဲ သိတာပဲ။ အရေးက ဒီလိုပါ။ ဒီအကောင်ဟာ တူမကြီး သိတဲ့အတိုင်းပဲ။ တူမကြီးတို့၊ ဦးလေးတို့ကျေးရွာကြောင့် လူထဲမှာ လူတစ်လုံး ဖြစ်နေတယ် မဟုတ်လား။ သူ ဘုရားတည်၊ ကျောင်းဆောက်တာတွေ၊ ကျောက်ကုန်သည်ဆိုတဲ့ သူ့နာမည်နဲ့ သူ့စည်းစိမ်တွေဟာ ဦးလေးတို့ မ,လို့ ဖြစ်တာတွေ မဟုတ်လား"

မနန်းနွယ်က "မှန်ပါတယ် ဦးလေးကြီးရဲ့။ သူအရင်က မထင်မရှား သူများ ခိုင်းစေရာကို လုပ်နေရတဲ့လူပါ။ အခုမှ ကျွန်မတို့ ကြည့်ရှုတာနဲ့ ကောင်းစားနေပါတယ်။ တကယ်ဆိုတော့ သူ့ကို ကျွန်မတို့က များများ ခိုင်းစေတာ မဟုတ်ပါဘူး။ ကျွန်မတို့ ပစ္စည်းကလေးများကို ထုခွဲဖို့၊ ရိက္ခာထောက်ဖို့ အလုပ်ပါပဲ။ သူ နာမည်ကြီးရပြီး ဘုရားဒကာ၊ ကျောင်းဒကာရယ်လို့ အခေါ်ခံရတာတွေ၊ မင်းနဲ့စိုးနဲ့ ပေါင်းဖော်ရတဲ့ ဂုဏ်တွေဟာ ကျွန်မတို့ ဓားလှံလက်နက် အချွန်အဖျားက ရတယ်ဆိုတာ ဘယ်သူမှ သိတာ မဟုတ်ပါဘူး။ အခု ကျွန်မတို့ကိုဖမ်းမိရင် ဆုငွေပေးမယ်ဆိုတဲ့ အတွက် ခွေးအက ကျားကို ထစ်ချင်တယ် ထင်ပါရဲ့။ ကျေးရွာရှင်ကို ကျေးစွပ်ရင် အာစိ သေလိမ့်မယ်"

ဟု ဒေါသမျက်မာန် ပြင်းထန်စွာနှင့် လက်သီးကိုဆုပ်ကာ ပြောလေရာ မနန်းနွယ်၏ ခက်ထန်သော အမူအရာသည် မောင်ဘဝင်း၏ စိတ်၌ အလွန်တရာ ချစ်ဖွယ်ကောင်းသဖြင့် မောင်ဘဝင်းသည် မနန်းနွယ်ကို စိုက်ကာကြည့်၍ နေလေ၏။

ဗိုလ်တိုင်းကျော်က "ဟုတ်ပါတယ်။ ဦးလေးတို့နေရာကို သူပဲသိပါတယ်။ သို့ပေမယ့် ဦးလေးကိုလည်း သူ မမြင်ဖူးဘူး။ တူမကြီးကိုလည်း မမြင်ဖူးတဲ့အတွက် ပါးစပ်ကစပြီး မအူမီ မယောင်မီ သူ့ကို ခပ်မြန်မြန် အုပ်ကြမှ တော်မယ်ထင်တယ်"

မနန်းနွယ်က "ဟုတ်ပါတယ် ဦးလေးရဲ့။ အမဲလိုက်ခွေးဟောင်ရင် မုဆိုးလေးကို ထောင်လိမ့်မယ်။ သူခေါင်းဆောင်ပြီး ကျွန်မတို့ကို ရန်မပြုမီ ကျွန်မတို့က သူ့လည်မျိုကို ညှစ်မှ တော်မယ်ထင်တယ်"

"ခပ်မြန်မြန် လုပ်ကြမှပဲ။ အခုတော့ သူ မပြောသေးဘူး။ ဈေးဆစ်နေတယ်လို့ ကြားရတယ်။ ဘယ်ရွှေ၊ ဘယ်မျှရမှ ပြောမလိုလို သတင်းကြားရတယ်။ သူပြောလိုက်ရင် မြို့ဝန်နဲ့ တပ်သားများဟာ ဘွားခနဲ ရောက်လာကြလိမ့်မယ်။ ကြောက်စရာတော့ မရှိပါဘူး။ နို့ပေမယ့် နေရာအသစ် ရှာနေရဦးမှာလို ဖြစ်နေတယ်။ ဒီထက်လုံတဲ့ နေရာတော့ မြင်းမိုရ်တောင်ထိပ်မှာမှ ရှိတော့မှာပဲ။ အထက် မင့် ဖခင်လက်ထက်ကတည်းက နေလာရတဲ့နေရာကို ဦးလေးလည်း မစွန့်ချင်ဘူး"

ဟု ဗိုလ်တိုင်းကျော်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မနန်းနွယ်က "မှန်ပါတယ် ဦးလေးရဲ့။ မစွန့်ချင်ပါဘူး။ ဒီနေရာမှာပဲ ခေါင်းချချင်တာပါပဲ။ ဒါ့ထက် ဒီအရေးအတွက် ဗိုလ်ဝင်းလည်း ကျွန်မတို့ဘက်က များစွာ ကူဖော်လောင်ဖက် ရလိမ့်မယ်လို့ ထင်ပါတယ်။ ဘယ့်နှယ့်လဲ ကိုဘဝင်းရဲ့။ ကူမလား"

ဟု မောင်ဘဝင်းဘက်သို့ လှည့်ကာမေးလေရာ မောင်ဘဝင်းက –

"မနန်းနွယ်အတွက်ဆိုရင် နေပြည်တော်ကို ပြန်၍လုပ်ကြရပါစေ။ စွန့်ဝံ့ပါတယ်"

မနန်းနွယ်က "မင်းမှာသစ္စာ၊ လူမှာကတိတဲ့ ကိုဘဝင်းရဲ့။ ကျွန်မတို့ အရေးပေါ်လာပြန်ပြီ။ တကယ် ယုံကြည်ပါရစေ"

ဟု ပြောသောအခါ ဖခင် ဗိုလ်တိုင်းကျော်သည် မောင်ဘဝင်းကို ကြည့်ကာ ခေါင်းညိတ်၍နေလေ၏။ ထို့နောက် ဂူသို့ သုံးယောက်သား သွားကြလေ၏။ ဂူသို့ရောက်သောအခါ စိမ့်ရေ၊ စမ်းရေ တထွေထွေ ကျဆင်းလျက်ရှိသော ချောင်းမြောင်းတို့၏ အကြားမှာ အလွန်တရာ မွှေးပျံ့ကြိုင်သင်း၍ မှိုင်းမှိုင်ညိုညို၊ စိုပျိုသော တောသစ်ပင်အပေါင်းတို့၏ အလယ်မှာ အလွန်တရာ ပျော်မွေ့ဖွယ်ကောင်းသော ကျောက်ဂူကြီးတစ်ခုကို တွေ့ရလေ၏။ ထိုကျောက်ဂူကြီးသည် စိမ်းလန်းသော မြက်သစ်ပင်တို့၏ အကြားတွင် အေးမြသောဓာတ်ဖြင့် မပြတ်စိမ်းစိုလျက် ရှိသောကြောင့် အလွန်လွမ်းဆွတ်ကြည်နူး အထူးပျော်မွေ့ဖွယ် ကောင်းလေသည်။ ဂူ၏ နံဘေးတစ်ဖက်တစ်ချက်များတွင် အလွန်တရာ မွှေးကြိုင်လှသော မြတ်လေး၊ စံပယ် အသွယ်သွယ်သော တောပန်းတို့ကို အခိုင်ခိုင်၊ အပွတ်ပွတ် ပန်းပြာသာဒ် ပြုလုပ်ပြီးလျှင် အစီအတန်းလိုက် လှပစွာပြင်ဆင်၍ ထားသောကြောင့် အလွန်တရာ ဆန်းကြယ်သော ပန်းဥယျာဉ်ကြီးအလယ်သို့ ရောက်သွားရသကဲ့သို့ နှာခေါင်းမဆံ့လှမျှ မွှေးပျံ့သောရနံ့တို့ကို တကြူကြူ လွှတ်လျက် ရှိလေ၏။ ဗိုလ်တိုင်းကျော်တို့ ကျောက်ဂူသို့ ရောက်သောအခါ အကြိုအကြားမှ လူများစွာတို့သည် အံ့အားသင့်သော မျက်နှာနှင့် ဘရုန်းဘရင်း ပြေးထွက်လာကြလေ၏။ ထိုလူစုက –

"အလို ... ဆရာ ဘယ်တုန်းက ရောက်လာသလဲ။ ကျွန်ုပ်တို့



မျှော်လိုက်ရတာ မောလို့။ ဆရာတို့များ သွားရာ မေ့နေတော့တာပဲ ထင်ပါရဲ့"

ဟု ပြောကာ ခရီးဦးကြိုပြုပြီးလျှင် ခြေမကိုင်မိ လက်မကိုင်မိနှင့် အရေးပါစွာ နှုတ်ခွန်းဆက်သ၍ မိမိတို့ ရှာမှီးထားသော တောသစ်သီးကလေးများကို ထုတ်၍ကျွေးကြလေ၏။

မောင်ဘဝင်းသည်ကား တစ်စုံတစ်ရာကို တွေးတောမိသော မျက်နှာမျိုးနှင့် စကားတစ်ခွန်းမျှ မပြောဘဲ မှိုင်တွေကာနေလေ၏။ မယ်ယကျွက –

"ဘယ့်နှယ့်လဲ ဗိုလ်ဝင်း။ မှိုင်လှချည်ကလား။ ကျွန်မတို့ဘက်က ကူရမယ်ဆိုလို့ စိတ်အိုက်နေတယ် ထင်ပါရဲ့။ စိတ်ပူလို့ဖြင့် မနေပါနဲ့ရှင် ရှင်သဘောရှိမှ ကူညီပါ"

ဟု ချိုပြုံးသောမျက်နှာနှင့် ထေ့တေ့တေ့ မေးလိုက်ရာ မောင်ဘဝင်းက –

"ဒါကြောင့် မဟုတ်ပါဘူး၊ မနန်းနွယ်ရဲ့။ အထင်မလွဲပါနဲ့။ မနန်းနွယ်နဲ့ ပတ်သက်ရင် အသက်တောင် အသေခံဝံ့ပါတယ်လို့ ပြောထားတယ် မဟုတ်လား"

ဟု အသက်ပြင်းပြင်း ရှိုက်ကာ ပြန်ပြောလေ၏။

ဗိုလ်တိုင်းကျော်က မောင်ဘဝင်းမျက်နှာကို အတန်ကြာ စိုက်ကြည့်၍ အကဲခတ်ပြီး –

"ကိုင်း ... ဒီအရေးက အေးနေလို့ နေရာမကျဘူး။ သတိဝီရိယနဲ့ ကောင်းကောင်းကြီး ဂရုစိုက်ကြရမယ်။ ဟိုမြတ်အောင်ရဲ့အရေးက မအေးအောင် ဖြစ်နေတယ်။ ဒီနေရာဟာ တော်တော်လုံခြုံတဲ့နေရာမို့ ရန်ရှာဖို့ ခဲယဉ်းတယ်ဟု ဆိုရသော်လည်း သူသိပြီးသား နေရာဖြစ်နေတော့ "သတိထားမှန် ဉာဏ်မြေ့ကတုတ် ပညာ၏အစွန်းကို ချွန်းကဲ့သို့ အုပ်ရမယ်" ဆိုတဲ့စကားလို ပေါ့ပေါ့ဆဆ နေဖို့မတော်ပေဘူး"

ဟု ပြောဆိုသတိပေးရင်း မောင်ဘဝင်းမျက်နှာကို ကြည့်နေရာမှ ရှေးဟောင်းနှောင်းဖြစ်တွေ ပေါ်လာသကဲ့သို့ ဖြစ်လာပြီးလျှင် ဝမ်းနည်းပက်လက် ရှိလှသဖြင့် နေရာမှထ၍ ကျောက်ဂူနံဘေး သေးငယ်သော

www.burmeseclassic.com

www.burmeseclassic.com



အခန်းကလေး အတွင်းသို့ ဝင်သွားလေ၏။

ထို့နောက် တပည့်လက်သားတစ်စုတို့က မိမိတို့ ရှာဖွေစုဆောင်း ချက်ပြုတ်ဖုတ်၍ ကင်ထားသော တောကြက် တောငှက်သားကလေးအချို့နှင့် မီးပူတိုက်၍ ချက်ထားသော ထမင်းကလေးများကို အမြတ်တနိုး ထုတ်၍ ကျွေးကြသဖြင့် မြိန်ရှက်စွာ စားသောက်ကြပြီးလျှင် ညဥ့်နက်သည်နှင့် အိပ်ရာသို့ ဝင်ကြလေ၏။

မောင်ဘဝင်းသည် အိပ်ရာထဲမှာ တလူးလူး၊ တလိမ့်လိမ့်နှင့် မျက်စိတကြောင်ကြောင်ဖြစ်ပြီး တစ်ညလုံး အိပ်မပျော်နိုင်ဘဲ မိမိ၏ အဖြစ်အပျက်ကို စဉ်းစားကာနေလေ၏။ "ငါသည် ယခုလို လူသူမနီးတဲ့ တောမြိုင်ကြီးအလယ် ကျောက်ဂူထဲမှာ မျက်စိသူငယ် မယောင်မလည် ရောက်၍နေသည်မှာ အဘယ်လို အကြောင်းခြင်းတပေလဲ။ ယခုဖြင့် သူတို့လက်တွင်းသို့ ရောက်နေသဖြင့် လက်ခုပ်ထဲကရေလို သွန်လိုသွန်၊ မှောက်လိုမှောက် သူတို့ပြုသမျှ ခံရမယ့်အဖြစ်သို့ ရောက်နေပြီ။ ဗိုလ်တိုင်းကျော်သည် လွန်စွာကြမ်းကြုတ် ရက်စက်သော ဓားပြဗိုလ်တစ်ယောက်ဖြစ်ပါလျက် ငါ့ကို အဘယ်အတွက် မနှိပ်စက် မညှဉ်းပန်းပါသနည်း။ သူသည် ငါ့မျက်နှာကို မကြာမကြာကြည့်ပြီး ကြမ်းတမ်းသော ဒေါသရှိန်၊ မာနရှိန်များ ပျောက်ကွယ်ပြီး ရွှလွန်သနားကြင်နာသော ကရုဏာဟုန်၊ မေတ္တာဟုန်များသည် အဘယ်ကြောင့် ဖြစ်ပေါ်လာသနည်း။ အကြောင်းမူကား ဗိုလ်တိုင်းကျော်သည် သိတင်းသီလ နေ့စဉ်မြဲစွဲသော ဥပသကာကြီး မဟုတ်ကြောင်းကို မောင်ဘဝင်းသည် ကောင်းကောင်းသိလေ၏။ ငါ၏ ဖခင်သည် ငါငယ်ငယ်ကလေးက ရာဇဝတ်ဘေးနှင့် ထွက်ပြေးတိမ်းရှောင်ပြီး မကောင်းသော အသက်မွေးခြင်းဖြင့် ဓားပြကြီး လုပ်နေသည်ဟု ပြောကြသည်မှာ ဤဗိုလ်တိုင်းကျော်ဆိုသူပင် ဖြစ်လေရော့သလား။ ငါ၏ ဖခင်ဖြစ်လျှင် သူသည် အဘယ်အတွက် ငါ့အား ဤအကြောင်းကို မထုတ်ဖော် မပြောဆိုဘဲ နေပါသနည်း။ အသေအချာတတ်အပ် ဒိဋ္ဌမသိဘဲ ဖခင်ဟု စွပ်စွဲရမှာလည်း ရှက်စရာကြီးတစ်ခု ဖြစ်လေသည်။ သူသည် ငါ့အား သူ့လှိုဏ်စုံထောက်များ မှတ်ထင်နေသလား။ သို့ သူ့လှိုဏ်ထင်လျှင်



အမြန်သတ်ပစ်ရန် ရှိလေသည်။ ငါ့အား ယခုလို ငြိမ်ဝပ်စွာ ထားသည်ကို ထောက်ချင့်ကြည့်သော် အကြောင်းထူး တစ်စုံတစ်ရာ ရှိဟန်ရာ၏။ အရင်က ငါသည် ဗိုလ်တိုင်းကျော်အား များစွာပင် ဖမ်းဆီးချုပ်နှောင်ခြင်းဖြင့် သူ၏ လွတ်လပ်ခွင့်ကို ပိတ်ပင်တားမြစ်ခဲ့မိ၏။ ယခုအခါ သူ၏လက်တွင်းသို့ ရောက်နေပါလျက် လက်စားမချေဘဲနေသည်ကို ငါကောင်းမွန်စွာ မဆုံးဖြတ်နိုင်ချေ"

"ငယ်ငယ်က ပျောက်သွားသော နှမကလေး မမျိုးညွန့်ဟာ ဤ မယ်ယက္ခဆိုသူပင် ဖြစ်လေသလား။ သို့ဖြစ်ပါလျက် သူတို့သားအဖ နှစ်ယောက်တို့သည် ငါ့အား ဇဝေဇဝါနှင့် စိတ်ဒုက္ခရောက်နေရအောင် အတိအလင်း မပြောပြဘဲ နေကြသည်ဟု အစဉ်းစားရ ခက်လေသည်။ ယခုမူ ထောင်ချောက်ထဲသို့ ရောက်နေသော ကြွက်ကဲ့သို့ သူတို့လက်တွင်းက မလွတ်ထွက်နိုင်သဖြင့် သူတို့သတ်လျှင် ခံရမည်၊ သက်သာခွင့်ပေးလျှင်လည်း ချမ်းသာရမည်။ ယခုလို ထားပုံလက္ခဏာကို ကြည့်လိုက်လျှင် အပြစ်ပေးပုံမပေါ်။ ဘယ်လိုကိစ္စ အကြောင်းထူးရှိ၍ ငါ့အား ယခုလို ထားကြသည်ကို မကြာမီ-သိရလိမ့်မည်ဟု မျှော်လင့်ဖွယ်ရှိချေ၏ တကား" ဟု မောင်ဘဝင်းသည် မိမိ၏ အလွန် ရှုပ်ထွေးထူးဆန်းသော ဇာတ်စခန်း ဇာတ်လမ်းကြီးကို အပြန်ပြန် စဉ်းစားတွေးတောကာ နေလေ၏။ တစ်ခါတစ်ခါလည်း မိမိတို့ ငယ်ငယ်က နှမကလေး မမျိုးညွန့်နှင့် ကလေးတို့ဘာဝအတိုင်း ပျော်ရွှင်စွာ ပြေးလွှားကစား၍ နေကြသည်ကို တရေးရေး ထင်လာသကဲ့သို့ နေလေ၏။

တစ်ခါတစ်ခါလည်း "ကန်တော်ကြီးစောင်းမှာ တွေ့သော မနန်းနွယ်ဆိုသူသည် ငယ်ငယ်က ပျောက်သွားသော ငါ့နှမကလေး မမျိုးညွန့်နှင့် မည်သို့ ဆက်သွယ်ပါသနည်း။ သူသည် ငါ့အား ၎င်းအကြောင်းကို ဖွင့်ချည်တစ်ခါ၊ ဖော်ချည်တလှည့် ငါ၏တွေဝေမိန်းမောသောစိတ်ကို အမျိုးမျိုး ညှဉ်းပန်းခဲ့၏။ ဗိုလ်တိုင်းကျော်နှင့် မယ်ယက္ခသည် ဘယ်ဘဝ ဘယ်အခါ၊ ဘယ်နေရာကစ၍ ဆက်သွယ်ခဲ့ကြသည်ကိုလည်း ငါသည် ကောင်းကောင်း မရိပ်မိချေ။ သူတို့နှစ်ယောက်သည် သားအဖ အရင်းပေလော။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်လျှင် သူများဆီက မွေးစားသော ကိတ္တိမသမီးပေလော၊ ဦးလေးနှင့် မယ်ယက္ခက ခေါ်သည်ကိုထောက်လျှင် တူအရီးတော်သည် ဟူ၍လည်း တွေးထင်ဖွယ် ရှိလေသည်။ ဗိုလ်တိုင်းကျော်သည် ငါ့အားကျေးဇူးဆပ်သကဲ့သို့ အပြစ်မပေးဘဲ နေသည်မှာ မယ်ယက္ခနှင့် ချစ်ကျွမ်းဝင်နေသည့်အတွက် မယ်ယက္ခ၏ မျက်နှာကြောင့် ငါချမ်းသာရရတာ အမှန်ဘဲ၊ ယခုအခါ ဗိုလ်ဝင်းတည်းဟူသော ငါသည် ဘယ်ကမ်း၊ ဘယ်သောင်သို့ ဆိုက်မည်ကို ဘုရားရဟန္တာ၊ နတ်သိကြား ဗြဟ္မာမှတစ်ပါးမည်သူကမျှ ဆုံးဖြတ်ပိုင်းခြားနိုင်မည် မဟုတ်ချေ”

ဤသို့ မောင်ဘဝင်းသည် မိမိ၏ စာပေါင်းသိုက်၊ သပွတ်အူ၊ မှော်ရုံတော၊ ကြခတ်တောကြီးကဲ့သို့ ဖြေရှင်း၍ မရနိုင်လောက်အောင် အလွန်ရှုပ်ထွေးလှသော ဇာတ်လမ်းကြီးကို ရှေ့နောက် အဖန်ဖန်စဉ်းစားကာ တလူးလူး၊ တလိမ့်လိမ့် နေရှာလေ၏။

ထိုအချိန်သည် သန်းခေါင်ချိန် လေချိုသွေး၍ အလွန်အေးမြသော အချိန်ဖြစ်သဖြင့် တစ်တောလုံး လွန်စွာ တိတ်ဆိတ်လေ၏။ ကမ္ဘာလောက၌ အပူတည်းဟူသော ဥဏှဓာတ်ကို မပြတ်အောင် နှိုးဆွနေသော နေရောင်ခြည်တည်းဟူသော အနှောင့်မှကင်းသဖြင့် ပျင်းရိငြီးငွေ့ဖွယ်သော၊ ခြောက်သွေ့သော ဒုက္ခဝေဒနာကို ဟန့်တားလျက် ပျော်ပါးရွှင်ပြုံး၊ စိတ်နှလုံး ကြည်လင်ခွင့်ကို အဆင်သင့် စီမံသကဲ့သို့ရှိသောကြောင့် အတိုင်းမသိသော၊ သုခဓာတ်အရသာကို တဖွားဖွား ဖြစ်ပေါ်စေသော၊ အလွန်မွန်မြတ်သော အချိန်အခါကြီး ဖြစ်လေသည်။

ဟိမဝန္တာတော အနောတတ်အိုင်မှ အေးမြသည့် သီတာဓာတ်အဟုန်ကို အကုန်ပွေ့ယူ သိမ်းပိုက်လျက် ညင်းညင်းသာသာ တိုက်ခတ်လာသည့် သယ်ဓာတ ကမ္ဘာ့အမွေ မြောက်လေပြည်သည်လည်း ချောက်မြောင်၊ စိမ့်စမ်းတို့၏ ကမ်းနဖူး၌ အစီအစဉ် ပေါက်နေသည့် မြတ်လေး၊ စံပယ်၊ ထားဝယ်ဒေါနှ၊ ယုဇနစသော မွှေးပေါင်းပန်းတို့၏ ဝတ်မှုန်ရနံ့ကို တပျံ့ပျံ့ကြူစေလျက် တစ်တောလုံးကို ဖျော်ဖြေကာ နေလေ၏။

လေးစင်းသော သမုဒ္ဒရာ၊ သီတာခုနစ်တန်မှ စီးဆင်းလာသည်ဟု



ထင်ရသလောက် လှသည်၊ ဘော်အဆင်းပမာ ဖြူဖွေးစွာသည့် စိမ့်စမ်းရေသည် နစ်နစ်ဖြူသည့် ပုလဲလုံးကလေးတွေကို ထကြွစေလျက် ကျောက်ခွက်ပေါ်သို့ တစ်စက်စက်ကျသော အသံသည်လည်း လက်စရှိသောသူတို့၏ အဆွေးဓာတ်၊ အလွမ်းဓာတ်ကို မပြတ်အောင် နှိုးဆွသကဲ့သို့ ရှိလေ၏။

ထိုအချိန်အခါသည် လွန်စွာဆိတ်ငြိမ်၍ လူသံ၊ သူသံ၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်သံများကို တစ်ရံတစ်ခါမှ မကြားရဘဲ လူအမျိုးမျိုးတို့၏ စရိုက်ဝါသနာအလိုက် မိမိနှင့် ထိုက်သင့်သော၊ အမျိုးမျိုးသော စိတ်ကူးဉာဏ် အမြူးဓာတ်၊ အအေးဓာတ်၊ အဆွေးဓာတ်၊ အပူဓာတ်တို့ကို ပုဂ္ဂိုလ်နှင့် လျော်စွာ ဖန်တီး၍နေသော အချိန်အခါကြီးပေတည်း။

နံနက်မိုးလင်းသောအခါ အလွန်တရာ ဆူညံသော လူသံတွေနှင့် ပြင်းထန်လှသော မြင်းခွာသံများကို ခပ်ဝေးဝေး တစ်မိုင်၊ နှစ်မိုင်ကွာလောက်ကပင် ကြားကြရလေ၏။ ထိုအသံများသည် အထူးစိုက်ထုတ်သော ဝီရိယနှင့် အားကုန်နှင်၍ လာသောကြောင့် မြေတစ်ပြင်လုံး သိမ့်သိမ့်ခါမျှ တုန်လျက် ကျွက်ကျွက်ဆူသော အသံဗလံတို့ဖြင့် မြေပြိုလာသလား၊ ကမ္ဘာပျက်လာသလားဟု ကြောက်လန့်တကြား ယုံမှားတွေးတောရလေ၏။ ထိုအသံတွေထဲတွင် မိမိတို့ရှေ့က မှတ်သားမိဟန်တူသော အသံတစ်ခုလည်း အရာတွင်စွာ ပါလာလေ၏။ ထိုအသံများသည် တိုး၍တိုး၍ နီးကပ်လာသောကြောင့် ဗိုလ်တိုင်းကျော်တို့ လူစုသည် အိပ်ရာက အိပ်မှုန်စုံမွှားနှင့် လူးလဲထပြီး –

“ဟေ့ … လူသံကြားတယ်နော်။ သတိဝီရိယနဲ့နေကြ။ မဲခေါင်တို့ မဲမှောင်တို့၊ ရွှေကျီးတို့၊ ရွှေသိမ်းတို့ကော ရှိကြရဲ့ မဟုတ်လား။ ဒီအသံဟာ ထူးခြားတယ်။ တို့တပ်က လုံကြပါစေ”

ဆို၍ ဓား၊ လှံ၊ လေးမြားကိုင်စွဲကာ ဂူကလေးအတွင်းမှ နားတစွင့်စွင့် နေကြလေ၏။

ထိုအတွင်း လူသံနှင့်မြင်းသံများ နီးသည်ထက် နီးလာပြီး ဂူကလေးအနား သို့ ဘွားခနဲ ရောက်လာလေ၏။ သို့ရောက်လာရာ ထိုမြင်းစီးသမားလူစုထဲက ခပ်သွက်သွက် လူတစ်ယောက်က –

www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေ့က မြင့်ချည်နိမ့်ချည်နေတဲ့ ချောက်ကမ်းပါးစပ် သစ်ပင်ကလေးတွေအကြားမှာ ခြောက်ခြောက်နှင့် တစ်ပိုင်းပေါ်နေတဲ့ ကျောက်ဂူကလေးထဲမှာ သူတို့ နေတတ်တာပဲ။ အရိပ်အကဲကလေးများ ခတ်ကြည့်ပါဦး။ ဘာသံမှလဲ မကြားရဘူး။ ညကတော့ သူတို့ရှိတာ အမှန်ပဲ"

ဟုပြောရင်း ဂူအနားသို့ ရောက်ကြလေရာ သေးငယ်သော ကျောက်ဂူကလေးကို အပြင်က မြင်းတပ်နှင့် အထပ် ၅၀ လောက် ကာရံထားပြီး လူလေးငါးဆယ်လောက် ဂူတံခါးကလေးကို အတင်းဖွင့်လှန်၍ အထဲသို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးကြရာ လူတစ်ယောက်မှ မတွေ့ရချေ။ ထိုအခါ အဆိုပါ မြင်းတပ်သမားများသည် အလွန်အံ့အားသင့်ကြပြီး –

"ဘယ့်နှယ့်လဲ ထူးဆန်းလှချည့်လား။ မနေ့ညက လာစုံထောက်တော့ ရှိသေးတယ်။ ဒီအကောင်တွေ ဝိဇ္ဇာမိုရ်ပြီး ကိုယ်ပျောက်အတတ်များ ရနေကြသလား။ အကြိုအကြားမှာ ရှာကြပါဦး"

ဟု ပျာယိပျာယာနှင့် တောင်တောင်မြောက်မြောက် ကြည့်ကြရာ အစအနနှင့် မတွေ့ရချေ။

မြင်းတပ်သမားများသည် –

"ဘယ့်နှယ့် ခြေရာ လက်ရာတွေတော့ တွေ့ရပါတယ်။ ဒီအကောင်တွေ ပျောက်သွားတာ မကြာသေးဘူး။ ဟိုတောပြကြီးလည်း ဘာသံမှ မကြားရဘူး။ သူတို့အထဲ ရောပါသွားပြီထင်တယ်။ တတ်နိုင်တဲ့ အသင်းသားတွေပဲ"

ဟု တဖျစ်တောက်တောက် ပြောဆိုညည်းတွားပြီး ပြန်သွားကြလေ၏။

မြင်းတပ်သမားများ ပြန်သွားကြသောအခါ- ဗိုလ်တိုင်းကျော်တို့ လူစုသည် ဂူကလေးအောက် ဥမင်လိုဏ်ခေါင်းအတွင်းမှ တစ်ယောက်စီ ထွက်လာကြပြီး –

"ကျွန်တော်တို့မှာ အိုက်လိုက်တာ၊ မွန်းနေတာပဲ ဆရာရယ်။ ချွေးတွေများကျလို့ ကြာလျှင် အသက်ထွက်ရလိမ့်မယ် ထင်တာပဲ"

အသံတုန်တုန်နှင့် အတော် ဒေါသထွက်နေပုံရသော လူကြီးတစ်



ယောက်က –

"ကျွန်တော့် ခေါင်းပေါ်တည့်တည့်က လိုဏ်ပေါက်ကို ပိတ်ထားတဲ့ ကျောက်ခဲကြီးကို ဒေါသထွက်ထွက်နှင့် ဆောင့်ဆောင့်နင်းနေကော့ ကျွန်တော်ဖြင့် အသည်းဟာ ပြောင်းပြန်လန်ပြီး အသက်ထွက်တော့မလောက် ဖြစ်နေတာပဲ။ တဖျစ်တောက်တောက်နဲ့ ခဲလိုက်ကြတာ တယ်ပြီး အားကြီးမာန်တက် ရှိကြပါပေတယ်။ ဒင်းတို့ ဘယ်လို အားထုတ်ထုတ် ကျုပ်တို့ကို မိနိုင်ဖို့ရာ ခဲယဉ်းပါတယ်"

စသည်ဖြင့် တစ်ယောက်တစ်လှည့်စီ ဝမ်းသာအားရပြောပြီး ရယ်မောကာ နေကြလေ၏။

မယ်ယကွက "ဗိုလ်ဝင်း ... ကျွန်မတို့နဲ့နေရတာ စိတ်ပျက်သလား။ အခြားသူကို ကိစ္စမရှိဘူး။ ဗိုလ်ဝင်းကို ကျွန်မ အလွန်အားနာပါတယ်"

မောင်ဘဝင်းက "အားမနာပါနဲ့ မနန်းနွယ်ရဲ့။ စိတ်မပျက်ပါဘူး။ စိတ်အလွန်ပျော်ပါတယ်။ ပျော်လွန်းအားကြီးလို့ ကျုပ်ဖြင့် ခက်နေတာပါပဲ"

"လူဆိုတာ စိတ်ပျော်အောင် မွေးမြူရတယ် မဟုတ်လား ဗိုလ်ဝင်းရဲ့။ လောကမှာ စိတ်ပျော်ရင် ဘယ်ဟာ လိုပါသေးသလဲ"

ဟု မယ်ယကွက မောင်ဘဝင်းမျက်နှာကို ပြုံးစိစိနှင့်ကြည့်ကာ ပြောလိုက်လေ၏။

ထို့နောက် မယ်ယကွက ဆက်လက်၍ –

"ယခုလို ကျွန်မတို့ ပြေးရလွှားရနဲ့ အခြေမကျဘဲ ကျီးလန့်စာ စားဆိုသလို နေရလို့ ကျွန်မက အားနာတာပါပဲ"

ဟု ပြောသောအခါ မောင်ဘဝင်းက –

"ဘယ်လိုပဲနေရနေရ ကျွန်တော်တော့ မနန်းနွယ်နဲ့နေရတာ ပျော်တာပါပဲ။ မနန်းနွယ်က အားနာတယ်ဆိုရင် ကျွန်တော် အနေကျပ်ပါလိမ့်မယ်။ သည်လိုပြောတာ ကျွန်တော် မခံနိုင်ဘူး။ အားနာတယ်ဆိုတာ ဘာလိုလိုနဲ့ စင်စစ်တွေးကြည့်လိုက်တော့ သူစိမ်းစကားကြီး မနန်းနွယ်ရဲ့။ အလွန် အပြင်ဘက်ရောက်တဲ့ စကားပါ"

www.burmeseclassic.com

www.burmeseclassic.com



မယ်ယကျွက "အမယ်လေး ... ဗိုလ်ဝင်း စကားတတ်လှချည့်ကလား။ ရှင့်ကို ကျွန်မက သူစိမ်းသဘောနဲ့ပြောတာ မဟုတ်ပါဘူး။ ရှင်အနေရ အထိုင်ရ စိတ်ဆင်းရဲနေမှာကို စိုးလို့ပြောပါတယ်။ အားနာတယ်ဆိုမိတာနဲ့ ကျွန်မကို အပြစ်များ ပြုဦးမလို့လား။ ဒါထက် အရင်ပြောတဲ့ ရှင့်နှမကလေး မမျိုးညွန့်ဆိုတာကို သတိရသေးရဲ့လား။ ယခု တွေ့ချင်သေးသလား"

မောင်ဘဝင်းက "အမှန်ပြောရမှာဖြင့် ကျွန်တော့် နှမကလေးကို အလွန်တွေ့ချင်တာပဲ မနန်းနွယ်ရဲ့။ ဘယ်မှာရှိသလဲ။ မနန်းနွယ် ရှာပေးမလား"

မယ်ယကျွက "ရှင်အဟုတ်တွေ့ချင်ရင် ကျွန်မ ရှာပေးနိုင်ပါတယ်။ နို့ပြီးတော့ ကျွန်မ မနန်းနွယ် မဟုတ်ပါဘူးလို့ ပြောရက်သားနဲ့ ကျွန်မကို မနန်းနွယ်ပဲလို့ အတင်းစွပ်စွဲနေတာကိုလည်း ရှင်းရလိမ့်မယ်။ မှန်မှန်ပြောစမ်းပါ။ ဟိုကန်တော်ကြီးစောင်းမှာ တွေ့ခဲ့တဲ့ မနန်းနွယ်ရယ်၊ ကျွန်မရယ်၊ ရှင့်နှမကလေး မမျိုးညွန့်ရယ်။ ဒီသုံးယောက်မှာ ဘယ်သူ့ကို သာပြီးချစ်သလဲ"

ထိုအခါ မောင်ဘဝင်းက "ဒါတော့ အထူးမေးဖို့ မရှိပါဘူး မနန်းနွယ်ရဲ့။ သုံးယောက်စလုံး ချစ်တာပါပဲ။ သုံးယောက်စလုံး အတူတူ တွေ့ချင်တာပါပဲ။ အထူးတမ်းတသောစိတ်နဲ့ အလွန် တွေ့ချင်မြင်ချင်ပါလျက် အခုလို နှမကလေးများ ဘယ်အရပ်မှာ နေမှန်းမသိဘဲ တစ်ယောက်တစ်ကွဲစီနေရတာ ကျွန်တော် အင်မတန် အသည်းနာပါတယ်။ ကျုပ်ကို စိတ်ဆင်းရဲအောင် လုပ်မထားပါနဲ့ မနန်းနွယ်ရဲ့။ မနန်းနွယ် သိရင် အမြန်ပြောပါ။ ကျေးဇူးအလွန်တင်မှာပါပဲ"

ဟု ပြန်ပြောကာ မျက်နှာညှိုး၍သွားပြီးလျှင် စိတ်အားငယ်သော အမူအရာပေါ်၍ လာလေ၏။

မယ်ယကျွက "အလွန် ကြင်နာသနားပြီး ဒါလောက်တောင် အားမငယ်ပါနဲ့ ဗိုလ်ဝင်းရဲ့။ မကြာခင် ရှင့်နှမကို တွေ့ရပါလိမ့်မယ်။ တွေ့တဲ့အခါကျတော့သာ ကျွန်မတို့ကို မေ့သွားမှာ စိုးရိမ်ပါတယ်။ ရှင့်နှမ



ဆိုပေမယ့် အဖေတူ၊ အမေတူ၊ မောင်နှမ အရင်းမဟုတ်ဘဲ။ ရှင့်အဖေမွေးစားတဲ့သမီးဆိုလို့ ကျွန်မဖြင့် တယ်မသင်္ကာဘူး။ ရှင် ယခု လွမ်းတယ်၊ အောက်မေ့တယ်၊ တွေ့ချင်တယ်ဆိုတာ မောင်နှမသဘောလို တွေ့ချင်တာလား။ ဒါမှမဟုတ် ဘယ်လိုသဘောနဲ့ တွေ့ချင်တာလဲ"

မောင်ဘဝင်းက "မှန်ပါတယ် မနန်းနွယ်ရဲ့။ မနန်းနွယ် ပြောတာလို အစတုန်းက မောင်နှမလို ချစ်ကြတာပါပဲ။ နောက် မောင်နှမအရင်းမဟုတ်မှန်း ကျုပ်တို့ နှစ်ယောက်စလုံး သိကြလေတော့ အခု မနန်းနွယ်နဲ့ ချစ်ကြတာလို အချစ်ဆန်း ချစ်ကြရာမှ ကွဲသွားတဲ့အခါ အသည်းနာပြီး ဗားမဝင်၊ အိပ်မပျော် ဖြစ်နေရပါတယ်"

မယ်ယကျွက အသံထွက်အောင် ကျယ်စွာရယ်လျက် ...

"ဩော် ... သမီးရည်းစားမို့ ရှင် သေလုမတတ် လွမ်းနေတာကိုး။ နှမအရင်းကလေးဆိုရင် ဒါလောက်တောင် လွမ်းမယ် မဟုတ်ပါဘူး။ နှမနဲ့ ရည်းစား ရောထွေးနေပါတယ်။ လူကြားလို့ မတော်ပါဘူး။ နှမလိုလို၊ ရည်းစားလိုလို၊ ဗိုလ်ဝင်းသဘောကို ကျွန်မ ရိပ်မိပါပြီ။ မိန်းကလေးလှလှမြင်ရင် အင်မတန် ချစ်တတ်တာ ထင်ပါရဲ့။ ယခု ကျွန်မကို ချစ်ပါတယ်၊ ခင်ပါတယ်၊ ရှစ်ကမ္ဘာသစ္စာထားပြီး မေတ္တာတရား ကြီးပါတယ်ဆိုတဲ့ စကားတွေ မြိုင်လောက်အောင်သုံးပြီး လေလုံးရိုက်နေရာ ရှင့်ရည်းစားဟောင်း ညွန့်ညွန့်ကိုတွေ့ရင် ကျွန်မကို မေ့မှာထင်ပါရဲ့။ တန်ပါပြီရှင်။ ဒီတွင် ရပ်ကြပါစို့ရဲ့။ တော်တော်ကြာ ရှင့်အလွမ်းဟာ ကျွန်မအလွမ်း ဖြစ်ရစ်မှာ ကြောက်ပါတယ်"

ဟု အံ့အားသင့်သော မျက်နှာနှင့်ပြောရာ မောင်ဘဝင်းက ကပျာကယာ အရေးပါစွာနှင့် –

"ဒီလို မဟုတ်ပါဘူး မနန်းနွယ်ရဲ့။ အထင်မလွဲပါနဲ့။ အခုဖြင့် မနန်းနွယ်မှတစ်ပါး ဘယ်သူအားမျှ ကျုပ်အချစ်ကို မခွဲဝေနိုင်ပါ။ ညွန့်ညွန့်ဟာ ငယ်ရည်းစားဖြစ်သော်လည်း အချစ်အရည်မလည်ခင် ကွဲသွားပြီး၊ အခု သူလည်း ပြန်လာတော့မယ် မထင်ပါဘူး။ ယောကျ်ားရနေပြီ ထင်ပါရဲ့။ ကျုပ်ကို မချစ်လို့ လုံးလုံးကြီးပစ်ပြီး ပြန်မလာဘဲ နေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အသစ်တွေ့က အချစ်မေ့ဆိုတဲ့စကားဟာ မိန်းမများမှာ သာပြီးမှန်ကန်ပါတယ်။ ညွန့်ညွန့်လည်း အသစ်တွေ့နေလို့ ငယ်ချစ်ဖြစ်တဲ့ ကျုပ်ကို မေ့နေတာပေါ့။ ဒီအကြောင်း ရှေးလူကြီးသူမများ ပြောသံကြားဖူးတဲ့ ပုံဝတ္ထုကလေးတစ်ခု ကို ပြောပြပါဦးမယ်။ မနန်းနွယ် နားထောင်မလား"

မယ်ယက္ခက "ပြောစမ်းပါရှင်။ အင်မတန် နားထောင်ချင်ပါတယ်။ ဗိုလ်ဝင်းကတော့ ဒီလို ဝတ္ထုပုံပြင် ထူးထူးဆန်းဆန်းကလေးတွေကို အလွန် ဗဟုသုတ ရှိတာကလား"

ဟု ပြုံးချိုသော မျက်နှာနှင့် ပြောသောအခါ မောင်ဘဝင်းသည် မိမိကြားသိမှတ်မိသည့်အတိုင်း အောက်ပါ ပုံဝတ္ထုကလေးကို အတိုချုပ် ပြောပြလေ၏။

ရှေးအခါ ဗာရာဏသီပြည်မှာတဲ့ မနန်းနွယ်ရဲ့။ အသဃကမင်းကြီး ထီးဖြူအုပ်၍ မင်းလုပ်စဉ်အခါက ဥပရိဒေဝီဆိုတဲ့ မဟေသီဘွဲ့ခံ တောင်ညာစံ မိဖုရားကြီးဟာ ကောင်းမှုကုသိုလ်ဘက်ကို မလိုက်စားဘဲ သနပ်ခါး၊ ဘီး၊ မှန် အနားမှာသာ အချိန်ကုန်နေသဖြင့် သေသည်၏ အခြားမဲ့၌ နွားချေးပိုးကောင်မကြီး သွားဖြစ်နေသတဲ့။ အသဃကမင်းကြီးမှာဖြင့် အသက်တစ်မျှ ချစ်ခင်တဲ့ မိဖုရားကြီး သေဆုံးသဖြင့် ယူကျုံးမရ လူလုံးမလှဖြစ်ပြီး ပွဲတော်လည်း မတည်နိုင်၊ အိပ်လည်း မအိပ်နိုင်၊ အမှုအခင်းကိုလည်း မစီရင်နိုင်ဘဲ အရူးကဲ့သို့ဖြစ်ပြီးလျှင် မိဖုရားကြီး အလောင်းကိုသာ ဖက်ပြီး ငိုနေသတဲ့။ တော်တော်ရက်ကြာသောအခါ အလောင်းက အပုပ်နံ့တွေ လှိုင်နေသဖြင့် တစ်နန်းတော်လုံး မခံမရပ်နိုင်အောင် ဖြစ်နေခြင်းကြောင့် မှူးတော်မတ်တော်များက သုသာန်သို့ပို့ရန် လျှောက်တင်ကြသော်လည်း နားမဝင်ဘဲ အလောင်းကို မပုပ်ရအောင် ဆေးရည်စိမ်ထားပြီး နှစ်ရှည်လများ ဖက်ပြီးသာ ငိုတာပဲတဲ့"

"ဒါနှင့် တိုင်းပြည်ခရိုင် နိုင်ငံတော်အတွင်းမှာလည်း "ရှောမွေး တစ်ကောင်နှင့် ဗာရာဏသီချဲ့" ဆိုတာလို မိဖုရားတစ်ယောက် သေဆုံးတဲ့ အရေးနဲ့ အလုပ်ပျက်၊ အကိုင်ပျက် တစ်တိုင်းပြည်လုံး တရုန်းတရင်း ဒုက္ခဖြစ်နေကြတဲ့အခါမှာ ကံအားလျော်စွာ ဟိမဝန္တာတောက ရှာန်ရရသေ့



တစ်ပါး ကြွလာပြီး မင်းဥယျာဉ်မှာ သီတင်းသုံးနေပါရောတဲ့။ အဲဒီ ရှင်ရသေ့ကို အကြောင်းအကျိုး လျှောက်ထားကြတော့ "ကောင်းပြီ၊ ရှင်ဘုရင်ကို ငါတရားဟောမည်" ဆိုပြီး ရှင်ရသေ့က –

"အရှင်မင်းကြီး ... အသင်မင်းကြီးကသာ သေလုမတတ် လွမ်း၍ အလောင်းကိုဖက်ပြီး ငိုနေတယ်။ သင့်မိဖုရားကတော့ သင့်ကို လုံးလုံး မေ့ပြီး ယခု နွားချေးပိုးမ ဘဝသို့ရောက်ပြီး နွားချေးပိုးထီးကြီးနဲ့ ပျော်ပါးနေကြတာ သားတွေတောင် တစ်ကျိပ်တစ်ဖြာရနေပြီ။ သင်မင်းကြီး အင်မတန် ချစ်၍ငိုနေသော်ငြားလည်း အကျိုးခံစားရတော့မှာ မဟုတ်ဘူး"

လို့ တရားဟောသော်လည်း မင်းကြီးက မယုံကြည်နိုင်သဖြင့် ကိုင်း ... ဒါဖြင့်ကောင်းပြီ၊ သင့်ရှေ့မှာပင် သင့်မိဖုရားကြီးကို ခေါ်ပေးမယ် ဆိုပြီး နွားချေးပိုးမကြီးကို ဈာန်အဘိညာဉ်နဲ့ခေါ်ပြီး ရှေ့တော်သို့ ရောက်သကာလ ရှင်ရသေ့က –

"မိဖုရားကြီးဘဝက ရောက်လာတဲ့ အသင် နွားချေးပိုးမ။ သင် ရှေးကပေါင်းသင်းခဲ့တဲ့ အသဃကမင်းကြီးနဲ့ ယခု ပေါင်းသင်းဆဲဖြစ်တဲ့ နွားချေးပိုးထီးကြီးဟာ ဘယ်သူ့ကို သာပြီးချစ်သလဲ"

လို့ မင်းကြီးရှေ့မှာ မေးတော်မူတဲ့အခါမှာ နွားချေးပိုးမက ပါဠိဂါထာကလေးနှင့် ပြန်ပြောသည်မှာ –

နဝေနသုခဒုက္ခေန၊ ပေါရာဏအပိဓိယတိ၊

တသ္မာအသဃကရညာဝ၊ ကီဋ္ဌောပိယတရောမမ။ ။

နဝေန၊ အသစ်ဖြစ်သော။ သုခဒုက္ခေန၊ ချမ်းသာဆင်းရဲဖြင့်။ (ဝါ) အချစ်၊ အမုန်းသည်။ ပေါရာဏံ၊ ရှေးရှေးက အချစ်၊ အမုန်း၊ အဟောင်းတွေကို။ အပိဓီယတိ၊ ပိတ်ဖုံးကွယ်ကာ၍ ထားအပ်၏။ တသ္မာ၊ ထိုသို့ အသစ်တွေ့က အချစ်မေ့မြဲ ဓမ္မတာထုံးစံ ဖြစ်လေသောကြောင့်။ အသဃကရညာ၊ ရှေးကလင်ဟောင်း ငယ်ပေါင်းဖြစ်တဲ့။ အသဃကမင်းထက် မမ၊ သပိတ်လုံးကဲ့သို့ လုံးလုံးလျောင်းလျောင်း ရှုမွယ်ကောင်းလှ ကျွန်တော်မ နွားချေးပိုးမ၏။ ကီဋ္ဌောဝ၊ ယခု ပေါင်းတုန်းဖြစ်တဲ့ နွားချေးပိုးထီး အသစ်ယောက်ျားကလေးကိုသာ။ ပိယတရော၊ ဆထက်တိုး၍ ထမ်းပိုးသာ၍

www.burmeseclassic.com

www.burmeseclassic.com



ချစ်လှပါတော့သည် ဘုရား။

"အဲဒီလိုပြောတော့မှ မင်းကြီးက ငါကတော့ ချစ်လိုက်ရတာ သူ့ကဖြင့် မေ့ပြီကိုးလို့ စိတ်ဆိုးပြီး အလောင်းကိုချက်ချင်း သုသာန်သို့ ပို့လိုက်ရသတဲ့ မနန်းနွယ်ရဲ့"

"အဲဒီပုံဝတ္ထုမှာထဲကလို မိန်းမဆိုတာ အသစ်တွေ့မှဖြင့် အချစ်မေ့ကြလေတော့ ညွှန့်ညွှန့်ဟာ ငယ်ချစ်ဖြစ်တဲ့ ကျုပ်ကိုမေ့ပြီး ယခု အသစ်တွေ့နေပြီ ထင်ပါရဲ့"

ဟု လိုက်လှဲသောအသံဖြင့် ဝမ်းနည်းပက်လက် ညိုးငယ်စွာ ပြောသောအခါ မယ်ယက္ခက –

"သြော် ... တို့ဖြစ်နေရတဲ့ အကျိုးအကြောင်းကို ကောင်းကောင်းကြီး မသိရှာဘူးနော်။ အတော် သနားစရာဖြစ်နေပြီ။ ဇာတ်ကြောင်းလှန်ပြီး ပြောပြလိုက်ရရင် ဝမ်းလည်းသာရဲ့၊ ဝမ်းလည်းနည်းရဲ့ဆိုတာလို အင်မတန် ကြေကွဲဝမ်းနည်းရှာတော့မှာပဲ"

ဟု ငေးစိုက်ကာ အတန်ကြာ တွေးတောပြီးလျှင် –

"ဒီလိုလည်း မအောက်မေ့ပါနဲ့ရှင်။ သူကလည်း အင်မတန် လွမ်းရက်နေရှာမှာပါပဲ။ အကြောင်းမသင့် အခွင့်မတော်သေးလို့သာ ရှင်နဲ့ မတွေ့ရပဲ နေတာဖြစ်ပါလိမ့်မယ်။ ဒီလိုအရာမျိုးဆိုတာ မိန်းမများမှာသာပြီး အစွဲအလမ်း ကြီးတတ်ပါသေးတယ်"

ဟု သက်မကြီးချကာ ပြန်ပြောရှာလေ၏။

ထို့နောက် နေတော်တော် မြင့်၍သွားသဖြင့် ထမင်းဟင်းများကို မိမိတို့ တိုင်းရင်းဖြစ်၊ တောတွင်းထွက်ဖြစ်သော သစ်သားအိုး၊ ဝါးဆစ်အိုးကလေးများနှင့် ကြည်လင်သော ရေအနည်းငယ်ကလေးနှင့် မီးပူတိုက်၍ အပူတပြင်း ချက်ပြုတ်ပြီးလျှင် ကပျာကယာ စားသောက်ပြီးမှ အရပ်ရပ် အရေးကိစ္စများကို စေ့စုံစွာ တိုင်ပင်မှာထား၍ ဗိုလ်တိုင်းကျော်သည် နောက်ပါတပည့်နှစ်ယောက်နှင့် ကောင်းစွာ ထက်မြက်သော လင်းကင်းဓားရှည်ကို လက်စွဲလျက် ကိစ္စရှိသည်ဆိုပြီး ရပ်ဖျောက်ထွက်သွားလေ၏။

မယ်ယက္ခတို့ အသိုက်အအုံနေရာ အနီးအပါးမှာ အိမ်ခြေယာခြေ



အတော်နည်းပါး၍ လူသွားလူလာ တိတ်ဆိတ်သော တောရွာကလေး တစ်ရွာရှိလေ၏။ ထိုရွာနေ ယောကျ်ား၊ မိန်းမ၊ ရွာသူရွာသားများသည် အလွန်တရာ ခြောက်သွေ့နက်မှောင်သော အဆင်းအရောင်နှင့် အဆီအပြားခေါင်းပါးသော အသားအရေ ရှိကြလေ၏။ အဝတ်အစားမှာလည်း လုံလောက်စွာမရှိဘဲ တစ်ပိုင်းတစ်စမျှဖြစ်သော လုံချည်၊ အဝတ်အထည် အပိုင်းကလေးများနှင့် တောတွင်းဖြစ် ဝါး၊ ကြူနှင့် သစ်ခေါက်များကို ထုရိုက်ရက်လုပ်၍ အစုတ်အပြတ်ကလေးများကို စပ်ဖာချုပ်လုပ်ပြီး ဝတ်ဆင်နေကြသဖြင့် မြင်ရသူအပေါင်းတို့အား ဝမ်းမြောက်ရွှင်လန်း စိတ်နှလုံးချမ်းသာခွင့်ကိုမပေး။ ငြိုးငွေ့ခေါင်းပါး စိတ်အားညှိုးငယ်ခြင်းကို ဖန်ဆင်းတည်ထောင်သကဲ့သို့ရှိရကား သနားကြင်နာ လွန်စွာကရုဏာဖြစ်ဖွယ်ကောင်းသော ပျင်းရိငြီးငွေ့ဖွယ် အာရုံများ ဖြစ်လေသည်။ အလုပ်အကိုင်ဟူ၍လည်း တည်တည်တံ့တံ့ သီးသန့်မရှိဘဲ၊ တောင်သွားမြောက်သွား၊ ရရစားစား၊ ဝါးဝါးမိုမိုနှင့်ပင် အလိုလိုကာလ ကုန်ကြရလေသည်။ သို့ဖြစ်၍ ထိုရွာသူရွာသားများသည် တောဘုမ္မကဋ္ဌ ဇရာမ သုခဓာတ် အရသာကြီးဟူ၍ ခေါ်ဝေါ်သမုတ်ကြသည့် တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ ကျက်သရေရှိစွာသော ပြောင်ပြောင်လက်လက် အထက်တန်းစားဖြစ်သည့် ထိုစိုပြိုလှသော စည်းစိမ်ချမ်းသာ မင်္ဂလာ အခမ်းအနားကြီးကို အလကား အချည်းနှီး ဖြုန်းတီး၍နေကြသဖြင့် လွန်မင်းစွာ သနားကြင်နာ ကရုဏာဖြစ်ဖွယ်ကောင်းသည့် လူ့စုပေတကားဟု အများမှတ်ထင်ရသော်လည်း စင်စစ်အားဖြင့် သုခဓာတ်ဝေဒနာ လောက၏ အချမ်းသာဟူသည် တိုက်ကြီး၊ အိမ်ကြီး၊ ဘုံဗိမာန်ကြီးနှင့် တသီးတသန့် ခွဲဝေခြားနား၍ ထားသည် မဟုတ်သဖြင့် အကောင်အထည် လုံးလုံးလျားလျား ရှာဖွေစုံထောက်၍ မရနိုင်ချေ။

လူအမျိုးမျိုးတို့၏ နှလုံးဓာတ်အိမ်၌ ငြိမ်သက်စွာ တည်နေ၍ အထွေထွေသော စရိုက်၊ ဝါသနာအလိုက် ထိုက်သင့်သလို မိမိတို့ နှစ်ခြိုက်သဘောကျသော အာရုံတရားသည်သာလျှင် စိတ်နှလုံးမွေ့မွေ့အောင် အမြဲမပြတ် ဖျော်ဖြေလျက်ရှိသော သဘောတရား ဖြစ်ခြင်းကြောင့် ထို

www.burmeseclassic.com

www.burmeseclassic.com



ရှိ သူရွာသား ယောကျာ်း၊ မိန်းမများသည် မိမိတို့ နေချင်တိုင်း၊ ထိုင်ချင်တိုင်း လွတ်လပ်ပျော်မြူးစွာ နေထိုင်ရခြင်းသည်ပင် အလွန်ကြီးမားသော သုခဓာတ် အရသာကြီးပင်တည်း။ အများတို့ စိတ်နှလုံး၌ ခြောက်သွေ့ငြီးငွေ့ဖွယ် ထင်ရသည့် အာရုံများသည် ထိုရွာသားများတွင် ကြီးမားသော ပျော်မွေ့ဖွယ်ကြီး ဖြစ်လေ၏။ အဆိုပါ ရွာကလေးသည် မယ်ယက္ခတို့ လက်အောက်ခံ အသင်းအပင်း အအုပ်အစုပင် ဖြစ်လေသတည်း။

ထိုအခါ ကျွန်ုပ်ကို့သည် အလွန်တရာ ရှုပ်ပွေထူးဆန်း အံ့မခန်းဖြစ်သော မယ်ယက္ခဝတ္ထု ဇာတ်လမ်းကြီးကို အဘယ်သို့သော အခြင်းအရာ၊ အဘယ်သို့သော ရည်ရွယ်ချက်ဖြစ်သည်ဟု အမည်နာမ သရုပ်သကောင်နှင့်တကွ အရှုပ်အရှင်း ရှင်းလင်းဖော်ပြသင့်သော အချိန်သို့ ရောက်ရှိပြီဟု စာရှုသူမိတ်ဆွေအပေါင်းတို့က တောင့်တမျှော်လင့်လျက် ရှိကြလေပြီ။

ထိုဝတ္ထု၌ ဗိုလ်တိုင်းကျော်သည် အဘယ်အရပ်ဒေသ အဘယ်ဌာနမှ အဘယ်လို အကြံအစည်နှင့် လာရောက်နေထိုင်သူ ဖြစ်ပါသနည်း။ ဗိုလ်တိုင်းကျော်နှင့် မောင်ဘဝင်းသည် မည်သို့ တော်စပ်ပါသနည်း။ ဆွေမျိုးလော၊ သူစိမ်းလော၊ သို့မဟုတ် ငြိုးသူရန်ဘက်လော၊ ဆွေမျိုးဖြစ်လျှင် တစ်ယောက်နှင့်တစ်ယောက် အတုံ့အလှည့် ဖမ်းဆီးချည်တုပ်ရန်မရှိ။ ရန်သူဖြစ်လျှင်လည်း လက်တွင်းသို့ရောက်နေသူ မောင်ဘဝင်းကို အမြန်သတ်ပစ်ရန်ရှိသဖြင့် ယခုလို ထားသည့်အကြောင်းကို ကျွန်ုပ်တို့ ကောင်းစွာ စဉ်းစား၍မရနိုင်ချေ။ ဗိုလ်တိုင်းကျော်နှင့် မယ်ယက္ခသည် သားအဖ အရင်းပေလော၊ သို့မဟုတ် မည်သို့ တော်စပ်ပါသနည်း။ သူတို့သည် အဘယ်အကြံအစည်နှင့် တောကြီးမျက်မည်းထဲတွင် လူစုလူဝေး ပြုလုပ်နေထိုင်ကြပါသနည်း။

မယ်ယက္ခဆိုသူသည် မောင်ဘဝင်း၏ ရည်းစား မနန်းနွယ်ပင်လော၊ သို့မဟုတ် အခြားတစ်ယောက်လော၊ မယ်ယက္ခ၊ မနန်းနွယ်နှင့် မမျိုးညွန့်တို့သည် မည်သို့ ဆက်သွယ်ကြပါသနည်း။ တစ်ယောက်တည်းကိုပင် နာမည်သုံးမျိုးခွဲ၍ တစ်လှည့်စီ ခေါ်နေသလားဟူ၍လည်း စဉ်းစားဖွယ် ရှိလေသည်။ သို့တစ်ယောက်တည်းဆိုလျှင် မယ်ယက္ခက မောင်ဘဝင်း



အား သူသည် ငယ်ရည်းစား မဟုတ်ရကြောင်းနှင့် တစ်ဖက်သား စိတ်ဆင်းရဲအောင် အဘယ်အတွက် လိမ်လည်လှည့်ဖြားနေပါသနည်း။ ဗိုလ်တိုင်းကျော်အား သားကလေးတစ်ယောက် ရှိသည်ဆိုသည်မှာ ယခုရန်သူအဖြစ်နှင့် လက်ပူးလက်ကြပ် ဖမ်းဆီးရမိသော မောင်ဘဝင်းပဲဟူ၍ မှတ်ထင်ဖွယ်ရှိသော်လည်း ဗိုလ်တိုင်းကျော်က ၎င်းအကြောင်းကို မောင်ဘဝင်းအား အတိအလင်း မပြောပြသဖြင့် သားအဖဟူ၍လည်း မစွပ်စွဲသာချေ။

ယခုအခါ မိမိတို့လက်တွင်းသို့ ရောက်နေသော ဗိုလ်ဝင်းခေါ် မောင်ဘဝင်းကို မယ်ယက္ခနှင့် ဗိုလ်တိုင်းကျော်တို့သည် မည်သို့ အပြစ်စီရင်ကြမည်နည်း။ မောင်ဘဝင်းသည် တစ်ခါတစ်ခါ ငါသည် မကြာမီ အသတ်ခံရတော့မည်၊ တစ်နေ့တခြား သေဘက်သို့ နီးလာပြီဟု ထိတ်လန့်မိ၏။ တစ်ခါတစ်ခါလည်း ငါ့အား အခုလို ကောင်းစွာထားသဖြင့် အပြစ်ပေးမည်မဟုတ်ဟု ထင်မှတ်မိလေ၏။ သူသည် သေဘက်၊ ရှင်ဘက် လမ်းနှစ်လမ်းတို့တွင် အဘယ်လမ်းသို့ လိုက်ရှာရလိမ့်မည်နည်း။ အကြောင်းမူကား မယ်ယက္ခတို့ကို ဖမ်းဆီးရန် စေလွှတ်လိုက်သော မောင်ဘဝင်း၏ အရှင်သခင်သည် ယခုအခါ ကယ်ဆယ်ရန် ပေါ်လာမည် မဟုတ်ချေ။ ငယ်ငယ်က ကွဲသွားသော နှမကလေး မမျိုးညွန့်နှင့် ပြန်၍ တွေ့ရဦးမည်လော။ မည်သည့်အတွက် ကွယ်ဝှက်၍ ထားသနည်း။ မောင်နှမအရင်း မဟုတ်မှန်းသိ၍ ရည်းစားချင်းမို့ အတွင်းကပြုရှုကာ မတွေ့စေဘဲ ကွယ်ဝှက်၍ထားသည်ဟု အများတွေးထင်ဖွယ် ရှိလေသည်။ မယ်ယက္ခသည် ညွန့်ညွန့်အား မည်သည့်အရပ်၌ တွေ့ရှိ၍ မည်သည့်နည်းလမ်းနှင့် ခေါ်ငင်ယူဆောင်လာသည်ကိုလည်း မည်သူအားမျှ တပ်အပ် မသိရှိနိုင်ချေ။

မောင်ဘဝင်းသည် အကယ်၍ ငယ်ရည်းစား ညွန့်ညွန့်ကို တွေ့ရှိကြားအံ့၊ "ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ" "ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်း" "အသစ်ဘယ်လို ကောင်းသော်လည်း အဟောင်းတလယ်လယ် အောက်မေ့ပြန်တယ်" ဆိုတဲ့ စကားအတိုင်း ငယ်ငယ်က ချစ်ခဲ့ကြသော ညွန့်ညွန့်အပေါ်မှာသာ မေတ္တာစိတ် တိမ်းညွတ်၍ ယခုကြီးမှ

www.burmeseclassic.com

www.burmeseclassic.com



တွေ့သော တစ်ရံဆဲ မယ်ယကွအား မေတ္တာစိတ် လျော့ပါးသွားမည်ကို အမြော်အမြင်ကြီးသူ မယ်ယကွသည် အစဉ်မပြတ် စိုးရိမ်လျက် နေပေလိမ့်မည်။ အကြောင်းမူကား ဗိုလ်ဝင်းသည် လူချော၊ လူလှဖြစ်၏။ ရဲစွမ်းသတ္တိရှိ၏။ သို့အတွက် မယ်ယကွ၏ စိတ်နှလုံးကို ပျော်မွေ့အောင် အမြဲပျော်ပြေနိုင်မည့် လူတစ်ယောက်ဖြစ်ကြောင်းကို မယ်ယကွသည် ကောင်းကောင်းကြီး သိချေသည်သာလျှင်တည်း။

သို့သော်လည်း (ပုန်းသောအရာသည် ပေါ်လတ္တံ့။) (ဖုံးသောအရာသည် ဖော်လတ္တံ့။)ဆိုသော သိုက်စာအရ မယ်ယကွသည် ငြူစူသောစိတ်နှင့် မည်မျှလောက် ဖုံးလွှမ်းကွယ်ဝှက်၍ ထားစေကာမူ အချိန်တန်သောအခါ မရှောင်လွှဲသာသဖြင့် မောင်ဘဝင်းနှင့်ညွန့်ညွန့်အား တွေ့ဆုံတွေ့ဆိုင်၍ ပေးရမည်ကား မချွတ်တည်း။

ယမန်အခါက ကန်တော်ကြီးစောင်းတွင် မောင်ဘဝင်းနှင့် သမီးရည်းစားဖြစ်ခဲ့သော မနန်းနွယ်သည် ယခုအခါ မည်သည့်ရပ်ရွာသို့ ရောက်နေသည်ကိုလည်း ကျွန်ုပ်တို့ စုံထောက်၍ရနိုင်ရန် ခဲယဉ်းချေ၏။ မောင်ဘဝင်းသည် စိတ်အားအတော်တင်းနိုင်သော ယောက်ျားတစ်ယောက် ဖြစ်သော်ငြားလည်း မိမိရည်းစား (ဝါ) နှမကလေး ညွန့်ညွန့်ကလည်း ယခုထက်ထိ မတွေ့ရ၊ အသက်နှင့်နှိုင်းပြီး တစ်ကိုင်းတည်းချစ်ခဲ့တဲ့ မနန်းနွယ်လည်း ဘယ်မြို့၊ ဘယ်ရွာသို့ ရောက်နေသည်ကို သတင်းစကားသဲ့သဲ့မျှ မကြားရ။ မယ်ယကွကို လက်ဆုပ်လက်ကိုင် ချစ်နေရပါသော်လည်း ရှေးက ရန်ဘက်ချင်းဖြစ်၍ လုံးလုံး ယုံကြည်စိတ်ချရန် ခဲယဉ်းသဖြင့် မောင်ဘဝင်း၏စိတ်ထဲတွင် မည်ကဲ့သို့ တွေဝေရှုပ်ပွေ၍ မည်ကဲ့သို့ ပရိဒေဝ စိတ္တဇမီးလောင်ကျွမ်းပြီး လွမ်းဆွတ်တသ၊ မည်မျှလောက် စိုးရိမ်ပူဆွေး၍ နေရှာမည်ကို ကျွန်ုပ်တို့သည် ချင့်ချိန်သိရှိ ရိပ်မိနိုင်ကြလောက်ပေပြီ။ သို့ရာတွင် မယ်ယကွကဲ့သို့ လှပသော မိန်းကလေးတစ်ယောက်နှင့် အတူတကွ ယှဉ်တွဲပြီး ချစ်ပွဲခံ၍နေရခြင်းကြောင့် အရင်းလက်စရှိသလောက် ပူဆွေးမည်မဟုတ်ဘဲ ပျော်ခွင့်နှင့်ဆွေးခွင့် အလုအယက်ဖြစ်နေရာ မည်သူက နိုင်မည်ကိုလည်း အသေအချာ မဆုံးဖြတ်နိုင်ချေ။



မောင်ဘဝင်းသည် ညွန့်ညွန့်နှင့် လက်ထပ်မည်လား၊ မနန်းနွယ်နှင့် လက်ထပ်မည်လား၊ မယ်ယကွနှင့် လက်ထပ်မည်လား။ ၎င်းတို့သုံးယောက်တို့တွင် တစ်ယောက်ယောက်နှင့် လက်ထပ်ရမည်မှာ အမှန်ပင်ဖြစ်၏။ မည်သူ့ အကော်တွေ့မည်ကိုကား စဉ်းစား၍ မရနိုင်သေးချေ။ ကျွန်ုပ်တို့သည် ဆိုခဲ့ပြီး အကြောင်းအရာများကို ထင်ထင်ရှားရှားကြီး ရှင်းလင်းစွာ သိရလုပြီ။ မကြာမီ ဘူးပေါ်သလို ပေါ်တော့မည်ဟု မျှော်လင့်ယုံကြည်ဖွယ် ရှိလေသည်။

လူစွမ်းကောင်း ဗိုလ်တိုင်းကျော်သည် မိမိ၏ ထက်မြက်သော စွမ်းရည်သတ္တိ၊ ခွန်အားဗလတို့ကို နှိုးဆော်လျက် ဓားကိုပိုက်ပြီး မြိုင်တိုက်သို့ ဝင်သွားရာ အလွန်ထူထပ်သော သစ်ပင်အပေါင်းတို့ဖြင့် တောအထပ်ထပ်၊ ချောက်အမြောင်မြောင်၊ တောင်အဆင့်ဆင့် မြင့်ချည်နိမ့်ချည်နေ၍ အစအဆုံး ကမ်းလမ်းမမြင်နိုင်လောက်အောင် အလွန်တရာ မည်းညို့နက်မှောင်သော တောကြီးမျက်မည်းအတွင်းသို့ ရောက်သွားလေ၏။

ထိုတောကြီးသည် အလွန့်အလွန် ကြောက်လန့်တုန်လှုပ်ဖွယ်ကမ်းရှိ၍ ရှည်လျားသော သစ်ပင်တို့သည် မျက်စိတဆုံး မော်၍ကြည့်လျှင် အထက်ကောင်းကင်တွင် အမိုးမပါ ကျယ်ပြန့်စွာ ဖုံးအုပ်လျက်ရှိလေ၏။ အောက်မြေပြင် တစ်လျှောက်မှာကား စိမ်းလန်းသော မြက်သစ်ပင်ကလေးများသည် ပိပြားစွာ အညီအညာ ပြားဝပ်လျက် ကော်ဇောစိမ်းကြီးကို တစ်ပြင်တည်း ခင်းထားသကဲ့သို့ ဖြစ်လေ၏။ လမ်းသွားရင်းဆားတစ်ဖက်တစ်ချက်ကို မျှော်ကြည့်လိုက်သောအခါ စိတ်နှလုံးအင်အားပြည့်တင်းခွင့်မပေး။ ကြောက်သွေးတုန်လောက်အောင် ထိတ်ဖွယ်၊ လန့်ဖွယ်၊ ကြောက်ရွံ့တုန်လှုပ်ဖွယ်ကို အစဉ်မပြတ် ဖန်တီးသကဲ့သို့ ရှိရကားအလွန်တရာ ပွေရှုပ်သော သစ်ပင်ကြီးငယ် အနိမ့်အမြင့်တို့သည် တစ်ပင်နှင့်တစ်ပင် အရပ်ရပ်ရစ်ပတ်လျက် ရှင်းလင်းထိန်ဝင်း၍ ရွှင်ပျဝမ်းသာဖွယ် အရောင်ကို မမြင်ရဘဲ အစဉ်မပြတ် မည်းညိုကာ နေလေသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက် ပတ်ဝန်းကျင်တို့၌ တသွင်သွင် စီးဆင်းလျက်ရှိသော ယမားချောင်းရေများကလည်း ကြောက်ပါး

www.burmeseclassic.com

www.burmeseclassic.com



လိလိ ကြေးလင်ပန်းကွဲကို ပြင်းပြင်းတီးနက်သကဲ့သို့ ရှိရကား စိတ်အား ငယ်သည်ထက် ငယ်အောင် တမင်သက်သက် အနိမ့်အမြင့်၊ ညို့ညို့မှိုင်းမှိုင်း၊ အကိုင်းအခက် ရှုပ်ထွေးရစ်ပတ်လျက် အထပ်ထပ် အစီရရီပေါက်နေသော သစ်ပင်ကြီးငယ်တို့၏ ပွင့်ဖူးခက်လက်တို့အပေါ်၌ ယမားချောင်းစွယ်တို့ အကြားမှာ မောင်နှံစုံယှဉ်တွဲလျက် ကြေကွဲလွမ်းဆွတ်ဖွယ် အသွယ်သွယ် သာယာ ဘာသာဘာဝ မာဂဓဖြင့် တောလုံးညံမျှ တွန်ကြူးမြည်အော်လျက် ရှိကြသော ကရဝိတ်၊ ကြိုးကြာ၊ သာလိကာ၊ တိန်ညင်း၊ သောင်တင်း၊ ဇင်ယော် လည်ချင်းတွဲလျက် မောင်နှံစုံ ပျော်မြူးနေကြသော ငှက်အပေါင်း တို့ကလည်း မကောင်းသော စိတ်နှလုံး အပူဓာတ်တို့ကို ယှူင်၍ ပစ် သလို နေသောကြောင့် တစ်နည်းအားဖြင့် စိတ်အားရွှင်ပြုံး၊ နှလုံးကြည်လင် ခွင့်ကို အသင့်ဖန်တီးလျက် နေလေ၏။ ဗိုလ်တိုင်းကျော်သည် အတော် ရဲစွမ်းသတ္တိရှိ၍ ထိတ်လန့်ကြောက်ရွံ့ခြင်းကို အလျဉ်းနားမလည်သကဲ့သို့ ယောကျ်ားပီပီ အာဇာနည်တစ်ယောက် ဖြစ်သော်ငြားလည်း ထိုမျှလောက် တောနက်၍ ကြောက်မက်ဖွယ်ကောင်းလှသော မဟာဂနိုင် တောမြိုင်ကြီး အတွင်းသို့ သက်ဆင်းဝင်ရောက်မိလေရာ နဂိုစိတ်ပြောင်းလျက် ခေါင်း နားပန်းကြီးပြီးလျှင် ကြက်သီးမွေးညင်းထလျက် ခြေလှမ်းရှေ့သို့ မတိုး ချင်ဘဲ နောက်သို့ ခပ်ဆုတ်ဆုတ် နေလေ၏။

နောက်ပါ တပည့်နှစ်ယောက်မှာ မေးခိုင်လျက် စကားပြန်မရ တော့ဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေကြပြီးလျှင် ကေန္တ သည်တောထဲ ရောက်လျှင် ဆင်နှင့်တွေ့ရမလား၊ ကျားနှင့်တွေ့ရမလား၊ ခြသေ့ဟောက် လို့ သေရမလား၊ တို့ဆရာတပည့် သုံးယောက်တော့ လူ့ပြည်နေရတော့မှာ မဟုတ်ဘူး၊ မုချ သေရတော့မှာပဲဟု အသက်တောင် ရဲရဲမရှူဝံ့အောင် ထိတ်လန့် တုန်လှုပ်ကြပြီးလျှင် မိမိတို့ကိုယ်ကို မိမိတို့ သရဏဂုံတင်၍ နေကြလေ၏။

ဗိုလ်တိုင်းကျော်သည် မိမိနောက်ပါ တပည့်နှစ်ယောက် အလွန် ကြောက်ရွံ့ ထိတ်လန့်နေပုံနှင့်တကွ ရှေ့ဆောင်ဖြစ်သော မိမိကလည်း စိတ်အနည်းငယ် နောက်သို့ဆုတ်ချင်ဟန်ကို သိရှိရသောအခါ မိမိတို့



ကိုယ်ကိုမိမိ ရဲဆေးတင်ကာ အားပေး၍ "ယောကျ်ားဟဲ့နော်။ တိုင်းကျော်ဆိုတဲ့ နာမည်နှင့် နယ်ရောတိုင်းရော ကျော်အောင်စွန့်ခဲ့တာ၊ ဘယ်ဟာကိုမျှ မှုရတုန်း"၊ "အပွဲပွဲနွှဲခဲ့တာ ဒီပွဲမှာ နှပ်ပစ်ခံရ" ဆိုတာလို သည်တစ်ပွဲမှ မရဲဘဲနေလျှင် ရာဇဝင် မှေးတော့မယ်၊ သွေးညံ့တဲ့လူစားဖြင့် အလကား နာမည်ကြီးမလား"

ဟု စိတ်အားတင်းကာ ဆက်လက်၍ သွားလေရာ ဆရာတပည့် သုံးယောက် ကြောက်ရွံ့ရွံ့နှင့်ပင် အရဲစွန့်၍ သွားကြလျှင် တော်တော်ကြာ ကြာ သွားမိသောအခါ မနိမ့်မမြင့် အလယ်အလတ် ပုပုပြတ်ပြတ် အရိပ် အာဝါသ အလွန်ကောင်းသော အမည်မသိ သစ်ပင်တစ်ပင်အောက်သို့ ရောက်ကြလေရာ အမောအပန်းဖြေ၍ ရေမိုးကလေးများရှာ၍ သောက်ကြပြီး တစ်အောင့်တစ်နား နား၍နေကြလေ၏။

ထိုအတောအတွင်းမှာ စိတ်အားပြည့်တင်းအောင် အားပေးအော် လူသံသူသံများကို ကြားရလေ၏။ တစ်ခါတစ်ခါ သစ်တောသံကို ကြားရ လေ၏။

တစ်ခါတစ်ခါလည်း မြေပြို၍ လာသလားဟု မှတ်ထင်ရလောက် အောင် တစ်တောလုံး သိမ့်သိမ့်ခါမျှ တုန်လှုပ်လျက် ကြောက်မက်ဖွယ် ကောင်းလှသော တောဟိန်းသံကြီးကို ကြားရလေ၏။ သစ်ပင်တောတောင် တွေကို တိုးဝှေ့တိုက်ခတ်လျက် အပြတ်အသတ် အလွန်ပြင်းထန်လာသော တရုံးရုံး တအုံးအုံး နှလုံးတုန်ဖွယ်ကောင်းသည့် လေပြင်းမုန်တိုင်းကြီး များကိုလည်း ကြက်သီးမွေးညင်းထဖွယ်ရာ မကြာမကြာ တွေ့မြင်ရသဖြင့် ကြောက်တတ်ရွံ့တတ်၊ စိတ်အားငယ်တတ်သော သူများမှာ မည်သူမျှ ရန်မရှာရဘဲ ဆောက်တည်မရမူ၍ အသည်းအူကြွေပြတ်ကာ ကြောက်လန့်၍ သေဖွယ်ရာအကြောင်း ရှိလေ၏။ မသေလျှင်လည်း စိတ်နှလုံးမတည်တံ့၊ မခိုင်မြဲနိုင်ဘဲ၊ မည်းမည်းညို့ညို့၊ အလိုလို စိတ်နောက်ဖွယ်ရာ အာရုံကြီး တွေကိုသာ အစဉ်မပြတ် တွေ့မြင်နေရခြင်းကြောင့် နှလုံးသွေးပျက်ကာ ရူးသွပ်ခြင်း သို့သော်လည်း ရောက်ဖို့ရာအကြောင်း ရှိလေသတည်း။

ထိုသစ်ပင်အောက်မှ ဗိုလ်တိုင်းကျော်တို့ ဆရာတပည့် သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အကြိုအကြား တောင်မြောက်လေးပါးတို့ကို အသေအချာ ကြည့်ရှုကြပြီးလျှင် တစ်စုံတစ်ခုကို တွေးမိသော လက္ခဏာနှင့် –

"အင်း ... နေရာကျပပေါ့။ အခုမှ အချက်ကောင်း တွေ့တော့တယ်။ တယ်ဟန်တဲ့ကိစ္စပဲ။ တို့အသင်းသား လူစုနဲ့တော့ ဒီအချက်နဲ့မှ အင်းကိုက်တာပဲ။ မင်းတို့က ကြောက်တတ်လိုက်တာ၊ ဆရာကောင်းတပည့် လုပ်နေပြီး တယ်သွေးညံ့တာကိုး။ ပြေးခဲ့တယ်၊ ရဲတယ်ဆိုတဲ့ နာမည်ကို ဆရာတို့ကတော့ အခြားဘွဲ့တံဆိပ်ထက် စိတ်ထဲက စုံမက်သေးတယ်။ ဟော ... အခု အသက်စွန့်ပြီး မကြောက်မရွံ့ လာခဲ့တာ၊ ဘယ်လောက် အကျိုးရှိတယ်ဆိုတာ နောင်ခါတော့ မင်းတို့ ကောင်းကောင်းကြီး သိလိမ့်မယ်။ ဒီနေရာတွင်ပဲ တို့ကိစ္စ နေရာကျလောက်ပါပြီ။ ရှေ့ဆက်သွားနေလို့ အလကား သောင်းရှုံ့ရှိမှာပါပဲ၊ ကဲ ... ပြန်ကြပါစို့"

ဟုပြော၍ ဗိုလ်တိုင်းကျော်သည် ၎င်းနေရာ၌ အလွန်အရေးကြီးသော ပုံပန်းလက္ခဏာနှင့် ကောင်းစွာ ထင်ရှားသော အမှတ်အသားတစ်ခုကို ပြုခဲ့ပြီးလျှင် တပည့်နှစ်ယောက်နှင့်တကွ ယခင် ကျောက်ဂူသို့ ပြန်ကြလေ၏။

ကျောက်ဂူသို့ ရောက်သောအခါ မယ်ယက္ခက ကပျာကယာ စဉ်းစားသော မျက်နှာနှင့် –

"ဘယ့်နှယ့်လဲ ဦးလေးရဲ့။ အကြံအစည် နေရာကျခဲ့ရဲ့လား။ ပြန်လာတာ တယ်မြန်ပါကလား။ ကျွန်မတို့ဖြင့် နေရာကျပါစေလို့ ဆုတောင်းလိုက်ရတာ မောနေတာပဲ။ ဒီကိစ္စက အေးဆေးဆေးဆေး ဖြည်းဖြည်း နှေးနှေး လုပ်နေလို့ နေရာမကျဘူး။ နောက်ကျလျှင် သူများက အကြံဦး သွားမှာ ကြောက်ရတယ်"

ဟု အရေးတကြီး မေးလေ၏။ ဗိုလ်တိုင်းကျော်က –

"နေရာကျဆို ဘာမှ စိုးရိမ်စရာ မရှိပါဘူး တူမကြီးရဲ့။ ဦးလေး ကြံလျှင် ခံနိုင်ရိုးလား။ နက်ဖြန်မှပဲ စီမံကြစို့ရဲ့။ ကနေ့တော့ မိုးချုပ်သွားပြီး ခရီးက အတော်ဝေးတဲ့အတွက် နေ့ခင်း မြင်မြင်ထင်ထင်မှ နေရာကျမယ်။ ဒီနေရာက ကိစ္စကိုသာ စောစောစီးစီးက ပြီးစီးအောင် စီမံထား



ကြပေတော့"

ဟု ပြော၍ အနီးရှိ ဝါးကွပ်ပျစ်ကလေး အပေါ်မှာ လှဲ၍အမောအပန်းဖြေကာ နေလေ၏။

မယ်ယက္ခတို့ အသင်းသား၊ တပ်သားတစ်စုလည်း နေ့ခင်းအခါက သွားရလာရ၊ ကြံစည်ရ၊ လုပ်ကိုင်ရသည်နှင့် မောပန်းကြသဖြင့် ခပ်စောစောကပင် အိပ်မောကျသွားကြလေ၏။

သန်းခေါင်ကျော် လူခြေတိတ်၍ အားလုံး အိပ်ပျော်နေကြသည့်အခါ ဗိုလ်တိုင်းကျော်နှင့်မယ်ယက္ခတို့သည် လုံခြုံသောနေရာ၌ အရေးကြီးသော စကားနှင့် ဆွေးနွေးတိုင်ပင်နေကြသည်မှာ ဗိုလ်တိုင်းကျော်က –

"တူမကြီးရဲ့ ... ဟို မောင်ဘဝင်းကလေးဖြင့် ပူဆွေးဒုက္ခ စိတ်သောက ရောက်နေရှာတယ်။ အတော် သနားစရာဖြစ်နေပြီ။ ဒီအကြောင်း ဘယ်လို ဖန်တီးမလဲ။ တူမကြီး ဘယ်လိုသဘောရသလဲ ပြောပြစမ်းပါဦး"

မယ်ယက္ခက "ကျွန်မတော့ အခုနေကျမှဖြင့် မထူးပါဘူး ဦးလေးရဲ့။ အကျိုးအကြောင်းကို အတိအလင်း ဖွင့်ပြောလိုက်တာ ကောင်းလိမ့်မယ် ထင်တာပါပဲ။ ကျွန်မတို့ကို သတိရသေးရဲ့လားလို့ သူ့အကဲစမ်းနေတာ။ အလကား သူ့ စိတ်ဒုက္ခ ရောက်နေရှာတာပဲ"

ဗိုလ်တိုင်းကျော်က "ဟုတ်တယ်။ ကိုယ်နဲ့ နှိုင်းကြည့်ရမယ်။ အလွန် သိချင်ရှာမှာကလား။ ကြာတော့ လွမ်းစိတ်အားကြီးတာနဲ့ ရူးသွပ်ခြင်း ဖြစ်သွားမှာတောင် စိုးရိမ်ရတယ်။ ဒါလောက် အကဲစမ်းကြည့်ရင် သူ့သဘော သိရောပါ။ အကုန်သာ ဖွင့်ကြစို့ရဲ့"

ဟု တိုင်ပင်နေကြရင်း မိုးလင်းသွားလေ၏။

နံနက်မိုးလင်းသောအခါ မယ်ယက္ခသည် ခါတိုင်းထက် လောကွတ်ပျူငှာ မျက်နှာပြုံးချိုစွာနှင့် မောင်ဘဝင်းကို စိတ်ပျော်သည်ထက်ပျော်အောင် အမျိုးမျိုး ယုယချော့မော့ကာ ပရိယာယ်မာယာတို့ဖြင့် ပွတ်သီးပွတ်သပ် လုပ်ကာနေလေ၏။

မောင်ဘဝင်းကဲ "ဒီကနေ့ အနေအထိုင် ထူးခြားတယ်။ အထူး တစ်စုံတစ်ရာ ရှိလိမ့်မယ်။ ငါတော့ ကံကြမ္မာစီမံရာ ခံရတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အောက်မေ့ကာ သတိဝီရိယနှင့် နေထိုင်လေ၏။

မယ်ယက္ခက ပြုံးချိုသောမျက်နှာနှင့်

"ဗိုလ်ဝင်း ... ကျွန်မ အလွန်ထူးဆန်းတဲ့ ပုံကလေးတစ်ခု ပြောပြမယ်။ နားထောင်မလား"

မောင်ဘဝင်းက "ဘယ်လိုပုံလည်း မနန်းနွယ်ရဲ့။ မနန်းနွယ် ပြောရင် နားထောင်ဖို့အသင့်ပါပဲ"

ဟု ဆိုင်းတွကာ နှုတ်လေးလေး ပြန်ပြောလေ၏။

မယ်ယက္ခက "ကျွန်မပြောမယ့်ပုံက အင်မတန် ထူးဆန်းတယ်။ ရှင်တို့လို လူမျိုးနဲ့တော့ သာပြီးသင့်လျော်တာပဲ"

ဟု ဆို၍-

"ဒီလိုပါ ဗိုလ်ဝင်းရဲ့။ အတိုကလေး အကျဉ်းချုပ် ပြောပါရစေတော့နော်။ ရှေးကတဲ့ တစ်ခုသောအရပ်မှာ သားအမိသားအဖ လေးယောက် ရှိကြသတဲ့။ အငယ်ဆုံးဖြစ်တဲ့ နှမကလေးကတော့ သမီးရင်း မဟုတ်ဘူး။ မွေးစားတာတဲ့။ (ရှေးကနော် အခုမဟုတ်ဘူး။) အဲဒီလေးယောက်မှာ ဖခင်ဖြစ်တဲ့ ဗိုလ် ... အို ... နာမည်ကို ကျွန်မ အသေအချာ မမှတ်မိပါဘူး။ အဲဒီ ဖခင်ဖြစ်သူကတော့ မကောင်းသော အလှအကျင့်နဲ့ ဆိုးတေလေလွင့်ပြီး သူခိုး၊ လူဆိုးကြီး လုပ်နေသတဲ့။ ထိုအခါ နိုင်ငံကလည်း မငြိမ်မသက် တတ်သေးတဲ့အတွက် လူဆိုး၊ သူဆိုး၊ သူခိုး၊ ဓားပြတွေ များစွာထကြွနေကြရာ ခုတင်က ပြောခဲ့တဲ့ ဓားပြကြီးလည်း အထင်အရှား မနေဝံ့ဘဲ ရာဇဝတ်သားနဲ့ ထွက်ပြေးတိမ်းရှောင် နေရတဲ့အခါ သားကလေးကို ဘုန်းတော်ကြီးတစ်ပါးက သနားတာနဲ့ ကျောင်းကိုခေါ်ယူ မွေးစားထားသတဲ့"

ထိုအခါ မောင်ဘဝင်းသည် ဘာကို သတိရမိမှန်းမသိ၊ ဝမ်းထဲက လှိုက်လှဲလာပြီး အလွန်အရေးပါစွာ ပြုံးကလူး ပျာကလာ ဖြစ်လာ၍-

"ပြောပါ မနန်းနွယ်ရဲ့။ ဆုံးအောင်ပြောစမ်းပါ"

ဟု အရေးတကြီးပြော၍ နားစိုက်ကာ ထောင်နေလေ၏။

ထို့နောက် မယ်ယက္ခက ဆက်လက်ပြောဆိုသည်မှာ-

အဲဒီ ဓားပြကြီးဟာ တစ်နေ့သဥ္စ ပုန်းပုန်းကွယ်ကွယ်နဲ့ ရုပ်ဖျောက်ပြီး



အိမ်သို့ပြန်လာရာ သားကလေးကိုလည်း မတွေ့ရဘဲ မယားဖြစ်သူက အကျင့်ဖောက်ပြား မျောက်မထားလို့မို့ အခြားယောက်ျားနဲ့ မွေ့လျော်ပျော်ပါး၍နေသည်ကို ပက်ပင်းပါ တွေ့ရှိသောအခါ "မျက်စပိုးဝင်၊ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား၊ ရည်းစားကိုလူလု" ဆိုတဲ့ စကားလို အလွန်တရာ ဒေါသဖြစ်ပြီး သည်းမခံနိုင်တာနဲ့ စိတ်ကိုချုပ်တည်း၍ မရဘဲ တစ်ခါတည်းနှင့် ခုတ်သတ်ဖြတ်ပိုင်းပြီး သမီးငယ်ကလေးကို လက်ဆွဲခေါ်ယူကာ လက်လွတ် ထွက်ပြေးပါရောတဲ့ ဗိုလ်ဝင်းရဲ့။ အဲဒီ ထွက်ပြေးတဲ့ ဗိုလ်ကြီးဟာ ယခုထက်ထိ ဘယ်မြို့ဘယ်ရွာသို့ရောက်၍ ဘယ်ကမ်း၊ ဘယ်သောင် ဆိုက်နေတယ်ဆိုတာ သတင်းစကား မကြားသိရသေးဘူး ဆိုကြပါစို့ရဲ့"

"ဘုန်းကြီးကျောင်းမှာ ကျန်ရစ်တဲ့ သားကလေးဟာလည်း ကျောင်းက အိမ်သို့ပြန်လာရာ မိခင်မှာ ဒဏ်ရာနဲ့ မလှတမ သေနေရသည်ကို တွေ့ရှိရသောအခါ စိတ်ထဲတွင် ကမ္ဘာမီးလောင်သကဲ့သို့ ပူပင်သောက အလွန့်အလွန် ပူဆွေးသောကရောက်ပြီး ကယောင်ချောက်ချား ငိုယိုတမ်းတပြီးလျှင် နှမကလေးလည်း အစအန သတင်းပလင်းမှ မကြားရဘဲ ပျောက်ခြင်းမလှ ပျောက်သွားတဲ့အခါ အရူးကဲ့သို့ဖြစ်ပြီး တငိုငိုတရယ်ရယ်နှင့် နေရစ်ရှာသတဲ့ ဗိုလ်ဝင်းရဲ့"

ဟု လှိုက်လှဲသောအသံဖြင့် မျက်ရည်များဝိုင်းလာကာ ပြောသောအခါ မောင်ဘဝင်းက-

"အမယ်လေး ... မနန်းနွယ်ရဲ့။ ထူးဆန်းလှချည့်ကလား။ ကျုပ်အဖြစ်အပျက်နှင့် တူလှချည်ရဲ့။ ကျုပ် အသည်းနာတယ်နော်။ ကျုပ်အဆွေးကို ဆွတာနှင့် တူလှချည့်ရဲ့။ ရှေ့ဆက်စမ်းပါဦး"

ဟု ငိုသံပါပါနှင့် မေးရာ မယ်ယက္ခက-

"အဲဒီသားကလေးဟာ မိခင်လည်း မလှတမသေရ၊ ဖခင်နဲ့ နှမကလေးကိုလည်း စုံစမ်းရှာဖွေ၍ မရတဲ့အတွက် ပူပင်သောက စိတ်ဒုက္ခနဲ့ ကြံကောင်းစည်ရာကြံပြီး အရှင်သခင် အစိုးရများထံ ဝင်ရောက်စားကာ ဓားပြများကိုလည်း ဖမ်းဆီးရင်း၊ ဖခင်နဲ့နှမကလေးကိုလည်း ရှာဖွေရင်း

www.burmeseclassic.com

www.burmeseclassic.com

တောင်တောင်မြောက်မြောက် ရောက်ရာပေါက်ရာ လှည့်ပတ်သွားလာနေရှာသတဲ့။ ထိုသို့ သွားလာနေစဉ် ဟိုကန်တော်ကြီးစောင်းမှာ အလွန်တရာ လှပသော မိန်းကလေးတစ်ယောက်နဲ့တွေ့ပြီး ရေးရေစက်ကြောင့်လား၊ ငယ်က ချစ်ခဲ့ကြလို့လား မပြောတတ်ဘူး။ သမီးရည်းစား ဖြစ်ကြရောတဲ့။ အဲဒီရည်းစားနဲ့လည်း ကွဲသွားလိုက်တာ၊ အခုထက်ထိ မတွေ့ရဘူးဆိုပါတော့။ နောက်တစ်ခါ ဓားပြများနဲ့ တိုက်ခိုက်ဖမ်းဆီးရာ ဓားပြဘက်သို့ ပါသွားသဖြင့် အဲဒီဓားပြလက်ထဲမှာပဲ အလွန်ထက်မြက်သော စွမ်းရည်သတ္တိနဲ့ အကျော်အစောဖြစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ သမီးရည်းစားပဲဆိုပါတော့ရှင်။ မေတ္တာသက်ဝင် ကြပြန်ရောတဲ့။ ဒါပေမဲ့ ငယ်ငယ်က ပျောက်သွားတဲ့ နှမကလေးနဲ့ ကန်တော်ကြီးစောင်းမှာတွေ့တဲ့ ရည်းစားကို ဘယ်တော့မှမမေ့ဘဲ အမြဲတမ်းတနေတာပဲတဲ့။ ထိုမိန်းမ သုံးယောက်ဟာလည်း နာမည်သာကွဲပြီး လူတစ်ယောက်တည်း ဖြစ်နေတာလိုလို အစဉ်းစားရကျပ်ပြီး ထိုသူ၏စိတ်ထဲမှာ မဝေခွဲနိုင်ဘဲ သုံးယောက်စလုံးကိုသာ ချစ်နေရှာသတဲ့။ စင်စစ်မှာ အစစအရာရာ ထောက်လှမ်း စုံစမ်းကြည့်လိုက်တော့ တစ်ယောက်တည်းနဲ့ပဲ တူတာပါပဲ ဗိုလ်စိုင်းရဲ့။ ဒါနဲ့ မိန်းမလှစွမ်းကောင်းနဲ့ သမီးရည်းစားဖြစ်ပြီး အခု ဗိုလ်ဝင်းနဲ့ ကျွန်မချစ်နေကြတာလို ကျောက်ဂူကလေးထဲမှာနေပြီး မိန်းမက သူ့ကို ချစ်သေးသလားလို့ အမျိုးမျိုးအကဲစမ်းကာ မမေ့မှန်းကို သိတော့မှ ...”

ဟု မယ်ယက္ခသည် အလုံးဆို၍လာသဖြင့် ရှေ့သို့ဆက်လက်၍ မပြောနိုင်ဘဲ အတန်ကြာရပ်နေပြီးမှ ချုံးချုံးချငိုလိုက်ပြီး –

“အမယ်လေး ... မသေလို့တွေ့ရ မေ့နိုင်ပါဦးမလား ကိုဘဝင်းကြီးရဲ့။ ညွန့်ညွန့်ဆိုတာ ကျွန်မပါတဲ့ အသည်းနာလှချည်ရဲ့နော်။ ကျွန်မတို့ဖြစ်ရပုံ အကုန်လုံး မပြောလိုက်ချင်ဘူး။ မသေဘဲနဲ့ ဘဝပြောင်းနေကြပေါ့။ ကောင်းနိုင်သေးရဲ့လား။ မနန်းနွယ်ဆိုတာလည်း ကျွန်မပါပဲ။ အချစ်ကြီးကို သတိရသေးရဲ့လား။ ကိုဘဝင်းကြီး တစ်ကောင်ကြွက်တစ် မျက်နှာနဲ့ အားကိုးရာမဲ့ နေရတာပေါ့လေ။ အမယ်လေး ... တွေးမိတိုင်း အသည်းနာလှချည်ရဲ့။ ချစ်သူကို ဘာပြုလို့ ဒီလောက်ကြာအောင် ခွဲနေ



ရသလဲ”

စသည်ဖြင့် တီတီတာတာ သနား·စရာပြောဆို ရန်တွေ့ပြီးလျှင် မောင်ဘဝင်းကို အတင်းဖက်၍ ငိုလေ၏။

မောင်ဘဝင်းကလည်း ယိုကျသော မျက်ရည်တို့ကို မဆည်နိုင်ပဲ ရှိုက်ကြီးတငင်ငင်နှင့် ပြင်းပြစွာ ချုံးချုံးချငိုပြီး –

“အမယ်လေး ... မနန်းနွယ်ရဲ့။ အစက ဒီလို အကုန်ဖွင့်ပြီး ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါတော့လားကွဲ့။ ကျုပ်ကို စိတ်ဆင်းရဲ ဒုက္ခရောက်အောင် နှစ်ရှည်လများ ဘယ်အတွက် ဖုံးဖိ၍ထားရသလဲ။ ကျုပ်မှာဖြင့် ဒီဘဝမှာ ဖခင်ကိုလည်း မတွေ့ရတော့ဘူး။ ညွန့်ညွန့်တို့၊ မနန်းနွယ်လည်း ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်နေရာသို့ ရောက်နေပြီး ဘယ်ယောကျာ်းနဲ့ ရနေမလဲ မပြောတတ်ဘူး။ ငါနဲ့တော့ တွေ့ရမှာ မဟုတ်တော့ပါဘူး။ တွေ့ရမှာနဲ့ မတွေ့ရမှာ။ မတွေ့ရမှာက များနေတယ်လို့ တွေးတောပြီး နေ့ရော၊ ညဉ့်ရော၊ အိပ်လို့လည်းမပျော်၊ စားလို့လည်းမဝင်၊ ပူပင်သောကနဲ့ အချိန်ကုန်ရသည်ကို မနန်းနွယ်လည်း ရိပ်မိသိရှိပါလိမ့်မယ်။ အမယ်လေး ... အတွဲကောင်းကြပါပေရဲ့ မနန်းနွယ်ကြီးရဲ့၊ ညွန့်ညွန့်ရဲ့။ အားရအောင် ခေါ်လိုက်မယ်နော်။ ကျုပ်ကို ဘာကြောင့် ဒါလောက်ကြာအောင် ခွဲသွားနေတာလဲ အသည်းကွဲရချည်ရဲ့”

စသည်ဖြင့် အချစ်ဦးကလေး နှစ်ယောက် ယှဉ်တွဲပြီး ငိုပွဲခံနေကြလေ၏။

ဗိုလ်တိုင်းကျော်လည်း မယ်ယက္ခနှင့် မောင်ဘဝင်းတို့ ပြင်းပြစွာ အချီအချ တစ်ယောက်တစ်လှည့်စီ ငိုယို၍ နေကြသည်ကို မြင်သောအခါ လွန်မင်းစွာ ဝမ်းနည်းပက်လက်နှင့် မျက်ရည်တတွေတွေ စီးကျပြီးလျှင် သားနှင့်သမီး ငိုနေရာမှာ ရောငိုပြီး –

“အမယ်လေး ... လူကလေး မောင်ဘဝင်းရဲ့။ ဖေဖေ့ကို သတိရသေးရဲ့လား။ ငါ့သားကြီး ဘယ်နည်းနဲ့မှ မမေ့နိုင်ဘူး မောင်ရဲ့။ လူပျိုကြီး ဖားဖား ဖြစ်နေပါပကော။ ဖေဖေ့သား လူလားမမြောက်သေးနဲ့ ပစ်ထားခဲ့ရတယ်။ မျက်စိသူငယ်နဲ့ ဘယ်လိုများ နေထိုင်ရသလဲ သားကြီးရဲ့။ မင်း

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအဖေ ဘုန်းကြီးကတော့ ကောင်းကောင်းမှ ကြည့်ရှုရဲ့လား။ ငါ့သား စွမ်းရည်သတ္တိနဲ့ ကိုယ့်ထူးကိုယ်ချွန် မွန်ရည်တဲ့ယောက်ျားမို့ ဖေဖေက အားရပါတယ်။ ဖေဖေတို့မှာ ရှေးက ဝိပါက ဝင့်ကြွမှာကြောင့် အခုလို သားတစ်ကွဲ၊ မယားတစ်ကွဲနဲ့ အကုန်လုံး ကွဲပြားပျက်စီးပြီး အခြေမကျ အနေမကျ၊ တောင်ပြေးမြောက်ပြေး နေရသဖြင့် ငါ့သားကို ခွဲထားခဲ့ရတာ ဖေဖေ့ အသည်းနှလုံး နာလှတယ်။ မောင်ဝင်းကြီးကို ဘယ်နည်းနဲ့ ဖေဖေ ပြန်ခေါ်မတုန်းလို့ ထောက်လှမ်းစုံစမ်း ကြံစည်နေရတာ အခုမှ တွေ့ရပါတော့ကလား"

ဟု ပြောဆိုကာ ဗိုလ်တိုင်းကျော်လည်း သားများ၊သမီးများနှင့် အတူ ရော၍ငိုလေ၏။

ထို့နောက် မောင်ဘဝင်းက သူ့အဖေ ဗိုလ်တိုင်းကျော် ရော၍ ငိုသောအခါ သာ၍ ဝမ်းနည်းပက်လက် ဖြစ်ပြီးလျှင် –

"အမယ်လေး ... ဖေဖေရဲ့။ ကျွန်တော့်ကို ဘာကြောင့် ဒါလောက် ကြာအောင် ပစ်ထားခဲ့ပါသလဲ။ ကိုယ့်သားကိုယ် မသနားလို့လား။ ကျွန်တော် ဘယ်သူ့ အဖေခေါ်ပြီး နေရစ်ရမှာလဲ။ ကျွန်တော့်ကျေးဇူးရှင် မွေးသဖခင်ကို ဖြူသလား၊ မည်းသလား၊ လှသလား၊ အရုပ်ဆိုးသလား ဆိုတာ တစ်ခါမှမတွေ့ရဘဲ တစ်ယောက်တည်း မျက်နှာငယ်ငယ်နဲ့နေရတာ ဖေဖေ မသနားဘူးလား ဖေဖေရဲ့၊ အဘရဲ့၊ ကျေးဇူးရှင်ကြီးရဲ့။ ကျွန်တော့် ဖေဖေ မခေါ်ရတာ ကြာလှပါပေါ့ခင်ဗျာ။ အဖေငတ်နေသူမို့ မပြတ်အောင် အားရပါးရ ဝဝကြီး ဖေဖေ၊ ဖေဖေလို့ တစ်ခွန်းမက တစ်ထောင်လောက် ခေါ်လိုက်စမ်းပါရစေနော်။ ကျွန်တော် တစ်ကောင်ကြွက်တစ်မျက်နှာ အားကိုးရာမဲ့ဖြစ်ပြီး မျက်စိသူငယ်နဲ့ ဘယ်သွားရမှန်းမသိ၊ ဘယ်လာရမှန်း မသိ၊ ဘယ်လို အကြံအစည်နဲ့ ဘယ်လို လုပ်ကိုင်နေထိုင်ရမှန်းကိုလည်း မသိ၊ မိမဲ့ဖမဲ့၊ အားကိုးရာမဲ့၍ နေရတဲ့အခါ ကြံမိကြံရာကြံကာ အရှင်သခင် အစိုးရများထံ ဝင်ရောက်ဆည်းကပ်၍ လက်ဝဲလမ်းနဲ့ အကြမ်းဖက်က အမှုထမ်းနေရပါတယ်။ အမယ်လေး သားကလေး တစ်ယောက်တည်းကို ဘယ်သူ့ယုံလို့ ပုံခဲ့တာလဲ ဖေဖေရဲ့။ ဖေဖေက မသနားလေတော့



ကျွန်တော့်ကို ပစ်ထားခဲ့လေသလား"

စသည်ဖြင့် ပြောဆိုကာ ရှိုက်ကြီးငင်ကြီးနှင့် ငိုလေ၏။

၎င်းနောက် မောင်ဘဝင်းက စီးကျသော မျက်ရည်များကို လက်ကိုင်ပဝါနှင့် အနိုင်နိုင်သုတ်၍ ဆက်လက်မေးမြန်းသည်မှာ –

"ဖေဖေတို့ ကျွန်တော့်ကို တစ်ယောက်တည်း ပစ်ထားခဲ့ပြီး ဘယ်အတွက် ထွက်ပြေးကြတာလဲ။ ညွှန့်ညွှန့်နဲ့ ကျွန်တော့်ကို ညွှန့်ညွှန့်အားအချစ်ပိုကာ ညွှန့်ညွှန့်တစ်ယောက်တည်း ခေါ်ပြီးပြေးတာလား။ မေမေ့ကို ဘယ်အတွက် ဒီလောက်တောင် ရက်ရက်စက်စက် သတ်ဖြတ်တာလဲ။ ဖေဖေ့စိတ်က တယ်ပြီး ဒေါသထွက်လွယ်တာကိုး။ စိတ်ဆိုတာ ချုပ်တည်းနိုင်မှ တော်ရုံကျပါတယ်။ ဖေဖေတို့ ဘယ်အခါကစပြီး ဒီလို လူစုလူဝေးနဲ့ ဒီလိုတောကြီးမျက်မည်း ကျောက်ဂူကလေးထဲ ရောက်နေကြပါသလဲ။ ကျွန်တော်နဲ့ ကွဲသွားကတည်းကစပြီး ဘယ်လိုဖြစ်ပျက် နေထိုင်ကြရပါသလဲ။ အလွန်ကြီးများ ဆင်းရဲနေကြပါသလား။ ကျွန်တော်နဲ့အတူဆိုရင် ဒီလို ဒုက္ခရောက်ကြရမှာ မဟုတ်ပါဘူး။ ကျွန်တော် စွမ်းအားရှိသမျှ ကြံစည်လုပ်ကိုင်ကာ ကောင်းကောင်းနေရအောင် ပြုလုပ်နိုင်ပါတယ်။ ဖေဖေတို့ ဖြစ်ပျက်နေထိုင်ရပုံ အကုန်လုံး ပြောပြစမ်းပါဦး"

ဟု လူလားမမြောက်ခင် အရွယ်ငယ်ငယ်ကလေးက ကွဲသွားရသဖြင့် အကျိုးအကြောင်း သိချင်ရှာလှ၍ ငိုရင်းရှိုက်သံနှင့် မေးသောအခါ ဖခင် ဗိုလ်တိုင်းကျော်က မောင်ဘဝင်း၏ကျောကို အသာအယာ ပွတ်သပ်၍ –

"ငါ့သားကြီး အခုမှဖြင့် သန်းခေါင်ထက်တော့ ညဉ့်မနက်နိုင်ဘူး။ ဖေဖေ အကုန်ဖွင့်ပြောရတော့မယ်။ ရှက်လည်း မရှက်နဲ့တော့၊ စိတ်လည်း မရှိနဲ့တော့။ မင်းအမေက အကျင့်စာရိတ္တ ဖောက်ပြားလေတော့ ယောက်ျားတို့ ဓလေ့အတိုင်း စိတ်ထဲက မခံချိမခံသာ၊ မချိမဆံ့ဖြစ်ပြီး စိတ်လိုက်မာန်ပါ ဒေါသအလျောက် ဖြစ်သွားမိပေတယ်။ ဖေဖေကလည်း ငါ့သား သိတဲ့အတိုင်း သူများစိတ်နဲ့မတူဘဲ ဒေါသဖြစ်မိမှဖြင့် ရှူးရှူးရှဲရှဲ နှာသီးကြီးပြုတ် ဆီးမနိုင်တားမရ ဒေါသစရိုက် အင်မတန် အားကြီးလေတော့ ချုပ်တည်းမရနိုင်ဘဲ အလွဲအချော် ဖြစ်သွားတာကုန်တာပဲ။ စင်စစ်

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် တရားနဲ့ဖြေလိုက်တော့ မိန်းမဆိုတာ အကုန်လုံးလည်း မဟုတ်ဘူး။ များသောအားဖြင့် (ယေဘုယျနည်းအားဖြင့်) အခွင့်သာတဲ့ အလှည့်ကို ရောက်ရင် ဒီလိုအကျင့် ဖောက်ပြန်ကြစမြဲပေပဲ။ မိန်းမဆိုတာ ဆိတ်ကွယ်တဲ့ အရပ်မှာ အဝတ်အစား သန့်ပြန့်လှပစွာ ဝတ်စားပြီးလာတဲ့ မိမိရင်သွေးဖြစ်တဲ့ သားကိုပင် စိတ်ထဲက ပြစ်မှားတတ်ကြောင်းနဲ့ အဂုံတုတ္တိုရ်ကျမ်းမှာ အထင်အရှား မိန့်ဆိုထားကြောင်း ဆရာသမားများ ဟောသံကြားဖူးတယ်။ ပြီးတော့ နိပါတ်တော်ထဲများမှာလည်း “ကေပူရိသိကာ ဣတ္ထိနာမနတ္တိ။ ကေပူရိသိကာ၊ ယောကျ်ားတစ်ယောက်တည်းနှင့်သာ သွားလာဆက်ဆံသော၊ ဣတ္ထိနာမ၊ မိန်းမည်သည် နတ္တိ၊ မရှိတဲ့”

“အဲဒီလို ဟောထားတယ်။ မိန်းမရှိသရွေ့ အကုန်လုံးတော့လည်း မဟုတ်ပေဘူးပေါ့။ များသောအားဖြင့်သာ ပြောရတာပဲ။ အခုတော့ ဖေဖေလည်း တရားရလို့ မှားသမျှကို ဝမ်းနည်းနေပါတယ်။ ဖေဖေတို့ ငါ့သားနဲ့ ကွဲလာကတည်းက ဆင်းရဲတာက များနေတာပဲ မောင်ရဲ့။ ချမ်းသာတစ်ပဲ၊ ဆင်းရဲတစ်ပိဿာဆိုတာလို နေရတာပါပဲကွယ်”

“မကောင်းသော အလုပ်အကိုင် ဒုစရိုက် ဒုရာဇီဝအတတ်ဖြင့် အသက်မွေးနေထိုင်ရခြင်းဆိုတာ လွန်စွာ ကျဉ်းမြောင်းကျပ်တည်းပြီး ကြက်သီးမွေးညင်းထဖွယ် တကယ်စက်ဆုပ်ဖို့ကောင်းတဲ့ အလုပ်ကလား မောင်ရယ်။ ဘယ်သောအခါမှ စိတ်အေးလက်အေး ချမ်းချမ်းသာသာ မရှိရဘဲ အမြဲကြောင့်ကြပူပင် နေရတာကလား”

“ဖေဖေတို့မှာ အိမ်ခြေယာခြေရယ်လို့လည်း ဘယ်အရပ်မှာမှ အတည်တကျမရှိဘူး မောင်ရဲ့။ ပြေးရင်းလွှားရင်း၊ သွားရင်းလာရင်း၊ ကြံစည်ရင်းနဲ့ပဲ အချိန်ကုန်ရတော့တာပဲ။ အဝတ်အစားမှာလည်း ငါ့သား မြင်တဲ့အတိုင်းပဲ။ သစ်သစ်လွင်လွင် ပွဲဝင်လှအောင် ကောင်းမွန်စွာ ဝတ်စားနေထိုင်ရတာမဟုတ်ဘဲ မိမွေးတိုင်းဖမွေးတိုင်း လုံရုံ၊ သင့်လျော်ရုံသာ ဝတ်စားနေကြရတာကလား။ ဖေဖေတို့မှာ ဘယ်လိုပင် ဆင်းရဲသော်ငြားလည်း ငါ့သားကြီးကို အရှင်သခင်များက မစလို့ ချမ်းသာစွာ နေထိုင်ရတယ်ဆိုရင် ဖေဖေတို့က ဝမ်းသာလှပါတယ်။ ဖေဖေတို့မှာတော့ အေးအေး



ဆေးဆေး စည်းစိမ်ကလေးနဲ့ နေရဖို့မပြောနဲ့မောင်ရဲ့။ ကိုယ့်အသက် ဝိညာဉ်ကလေးတောင် မသေမပျောက် ယခုလောက် ကြာရှည်စွာ တည်နေရတာဟာ ဖေဖေတို့ အစွမ်းသတ္တိနဲ့ ကြံဆောင်အားထုတ်နိုင်လွန်းလို့သာ ဒီလောက်ကြာအောင် အသက်ရှည်နေတာပဲ”

ဟု ဗိုလ်တိုင်းကျော်သည် ယခုမှတွေ့ရသော မိမိသားကလေး မောင်ဘဝင်းအား အကျိုးအကြောင်း အဖြစ်သနစ်တွေကို အကုန်ဇာတ်လှန်၍ ပြောပြလေ၏။

မယ်ယက္ခက ကြားဖြတ်၍–

“အခုမှပဲ မောင်နှမ၊ သားအမိ၊ သားအဖတစ်စု ဇာတ်ပေါင်းမိကြတော့တယ်။ ကိုကိုဝင်းကတော့ ကျွန်မကို သေစာရင်း သွင်းထားမှာပေါ့လေ။ ဒီဘဝမှာ ငါ့အဖများ၊ ငါ့နှမများနဲ့တော့ မုချတွေ့ရတော့မှာ မဟုတ်ဘူးလို့ အမြဲမှတ်ယူနေတာပဲလား။ သေကံမရောက် သက်မပျောက် ဆိုတာလို ယခုလို ကြီးမှတစ်ဖန် ပေါင်းဆုံတွေ့ကြုံကြရခြင်းဟာ အင်မတန် ထူးခြားတဲ့ အကြောင်းအရာ ဖြစ်ပေတယ်။ ရှေးရှေးဘဝက ဆုတောင်းရေစက် အတူပြုခဲ့ဖူးတဲ့ ကာမာဝစရ ကုသိုလ်ကံအကြောင်းကိုသာ အောက်မေ့ ကျေးဇူးတင်ဖို့ ကောင်းပေတာပဲ။ တကယ်အပေါ်ယံသဘောနဲ့ တွေးတော ကြည့်မယ်ဆိုရင် ဗရုတ်ဗရက် ရှုပ်ယှက်ခတ်ဖြစ်နေကြပြီး ငယ်ငယ်ကလေး တစ်ယောက်နဲ့တစ်ယောက် မမှတ်မိ မသိတတ်သေးတဲ့အရွယ်က ကွဲသွားကြပြီး အခုလို နောက်ထပ်တစ်ဖန် တွေ့ကြုံဆုံစည်းဖို့အရေးဟာ အတော်ပဲ ဝန်လေးခက်ခဲလှပေတယ်။ ကျွန်မမှာ ကိုကိုဝင်းကြီး ဒီအချိန် ဒီအရွယ် ရောက်မှ မိန်းမလှလှကလေးနဲ့ လက်ထပ်ပြီးပြီလို့ အောက်မေ့နေတာပဲ။ မိန်းမမယူဘဲ လူပျိုကြီးလုပ်နေတာ အင်မတန် ကျေးဇူးတင်စရာပေပဲ။ ကြိုက်မယ့်မိန်းမပဲ မရှိလို့လား။ ကိုကိုဝင်းကပဲ စိတ်မရှိလို့လား မပြော တတ်ဘူး။ ရတာမယူ ယူတာမရဆိုတာလို ဖြစ်နေထင်ပါရဲ့”

ဟု ငိုအားထက် ရယ်အားသန်ပြီး အတန်ငယ် ပြုံးရွှင်စွာ ပြောလိုက်လေ၏။

ထို့နောက် သားအမိ၊ သားအဖ၊ မောင်နှမ သုံးယောက်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ဆွေးစိတ်၊ လွမ်းစိတ်များ ကွယ်ပျောက်၍ ဝမ်းမြောက်ဝမ်းသာ ကြည်ရွှင် ပြုံးချိုသောမျက်နှာနှင့် အနည်းငယ် သက်သာရာရရှိ၍ လာကြလေ၏။

မောင်ဘဝင်းကလည်း မိမိအား မွေးစားထားသော ဘုန်းတော်ကြီးဆီမှ ထွက်ခွာခဲ့သည်မှစ၍ အဖေနှင့်နှမကလေးများကို အလွန်တွေ့လိုသော ဆန္ဒနှင့် နေ့ညမပြတ် လိုက်လံရှာဖွေနေသည့်အကြောင်း စသည်ဖြင့် မိမိဖြစ်ပျက် တွေ့ကြုံခံစားခဲ့ရသော ဆင်းရဲချမ်းသာ အကျိုးအကြောင်း အဖြစ်သနစ်များကို တစ်လုံးမကျန် အကုန်ဖောက်လှန်၍ ပြောပြလေ၏။

ဗိုလ်တိုင်းကျော်နှင့် မယ်ယက္ခတို့ကလည်း မိမိတို့ လက်ဝဲလမ်းဖြင့် အကြမ်းဖက်ကာ စွန့်စားကြံစည်၍ မည်မျှလောက် စွမ်းစွမ်းတမံ အားထုတ်ကြိုးစားခဲ့ကြောင်း၊ အသက်အန္တရာယ် အသွယ်သွယ်တွေ့ရှိ၍ မည်မျှလောက် အခက်အခဲ အကျပ်အတည်းနှင့် တွေ့ကြုံခဲ့ရကြောင်း၊ မောင်ဘဝင်းအား မိမိကို လက်ထဲသို့ရောက်အောင် ပြန်၍ပေါင်းဆုံရရန် အမြဲမပြတ် ရှာဖွေစုံထောက်လျက်ရှိကြောင်း စသည်များကို ဆွေးချည် တစ်ခါ၊ သာချည်တစ်လှည့် အမျိုးမျိုး ဖောက်လှန်ကာ ပြောကြလေ၏။ ထိုကဲ့သို့ ဗိုလ်တိုင်းကျော်၊ မယ်ယက္ခနှင့် မောင်ဘဝင်းတို့သည် တစ်ယောက်တစ်လှည့်စီ မိမိဖောက်လမ်းစခန်းများ အချီအချ ပြန်လှန်ပြောဆို၍ နေကြသည်မှာ လေး၊ ငါး၊ ဆယ်ရက်လောက် ကြာရှိလိမ့်မည်ဟု တွေးထင်ရလေ၏။

မယ်ယက္ခသည် အလွန်တစ်ရာ ထက်မြက်သော စွမ်းရည်သတ္တိနှင့် အကျော်တစော အများအံ့သြ ချီးမွမ်းရသော မိန်းမလူစွမ်းကောင်း တစ်ယောက်ဖြစ်သဖြင့် လက်ရုံးရည်နှင့် အမှုထမ်း၍ အကြမ်းဖက်ကာ အသုံးချလျက် ရှိသော်လည်း ငယ်ရွယ်စဉ်ကာလကပင် ဗုဒ္ဓဘာသာ စာပေ၊ ပရိယတ္တိများကို (ဗုဒ္ဓဘာသာဆိုလျှင် ၎င်း၏အနှစ်သာရကို ကောင်းကောင်းကြီး သိသင့်လှသည်။) ဟု အမြဲနှလုံးပိုက်ထားသဖြင့် ဘာသာကျမ်းစာကို ဆရာသမားကောင်းများနှင့် လေ့လာလိုက်စားခဲ့သည့်အတိုင်း ဓမ္မခန်းကြောင်း၌လည်း အတော်အတန် နှံ့စပ်သည့် အားလျော်စွာ တရားဓမ္မဖြင့် ဖျောင်းဖျပြောဆိုသည်မှာ –



“သံသရာဆိုတာ ဒီလိုပဲ ကိုကိုဝင်းရဲ့။ ယခုဘဝမှာလည်း တစ်ယောက်နဲ့တစ်ယောက် အလှည့်မသင့်တဲ့အခါ ကွဲသွားရပြီး တော်တော်ကြာ အကြောင်းမကုန်ကြသေးရင်လည်း ပြန်ပြီး ပေါင်းဆုံရပြန်တာပဲ။ ဒီဘဝသာ မဟုတ်ဘူး။ ဖြစ်လေရာရာ ဘဝသံသရာမှ တွေ့ဆုံရတဲ့ဘဝမှာ တွေ့ဆုံရ၊ ကွဲရတဲ့ဘဝမှာ ကွဲရ၊ တော်တော်ကြာ မောင်နှမဖြစ်ရ၊ တော်တော်ကြာ အကြင်လင်မယား၊ သားသမီးဉာတိ သင်္ဂဟ စသည်ဖြင့် ကပြောင်းကပြန် သံသရာလည်နေတာပဲ။ ဥပမာ–ဘယ်လိုလဲလို့ဆိုတော့ အထက်မြစ်ညာက လေဟုန်နဲ့ ရေစုန်လိုက်မျောပြီး လာတဲ့သစ်တုံးတွေဟာ ပင်လယ်ချက်မ ရေလယ်သို့ ရောက်သကာလ ရေလှိုင်းပုတ်ခတ်တဲ့အတွက် တစ်ခါတစ်ခါပဲ ကစဉ့်ကရဲ ကွဲကုန်ကြတာပဲ။ လှိုင်းငြိမ်တဲ့အခါလည်း မကွဲဘဲ အတူတူယှဉ်တွဲပြီး မျောလာကြတာပဲတဲ့။ အဲဒီဥပမာလို လူချင်းတစ်ယောက်နဲ့တစ်ယောက်ဟာ အကုသိုလ်တည်းဟူသော ရေလှိုင်းတိုက်ခတ်သဖြင့် အကြောင်းရေစက်ကုန်တဲ့အခါမှာ ကွဲသွားကြရတာပဲ။ အကြောင်းရေစက် မကုန်သေးရင်လည်း ပြန်ပြောင်းပြီး တစ်ဖန် ပေါင်းကြရပြန်ရောတဲ့။ အဲဒါကြောင့်မို့ ပညာရှိဆရာကြီး၊ သမားကြီးများ ဟောကြားဖူးတဲ့ ပါဠိဂါထာကလေးမှာ –

ယထာဝဏ္ဏဝမှိ ဒါရုနိ၊ မိလိတွာန ဝိဂစ္ဆရေ။
တထာသတ္တာပိသံသာရေ၊ မိလိတွာန ဝိဂစ္ဆရေ။ ။

(အနက်ကား) အဏ္ဏဝမှိ၊ ပင်လယ်သမုဒ္ဒရာထဲ၌။ ဒါရုနိ၊ သစ်တုံးထင်းစ ဟူသမျှတို့သည်။ မိလိတွာန၊ အကြောင်းစုံကြောင့် ပေါင်းဆုံပူးကပ်ပြီး၍။ ဝိဂစ္ဆရေယထာ၊ လှိုင်းရေဟုန်အားကြောင့် ကွဲသွားကြရပြန်ကုန်သကဲ့သို့။ တထာ၊ ပမာနှိုင်းယူ ထိုနည်းအတူသာလျှင်။ သတ္တာပိ ယောက်ျား၊ မိန်းမ ဟူသမျှတို့သည်လည်း။ သံသာရေ၊ သံသရာပြင်ကျယ် မြစ်ပြင်လယ်ကြီးထဲ၌။ မိလိတွာန၊ အကြောင်းရေစက်ကြောင့် ပေါင်းဖော် တွေ့ဆုံကြကုန်ပြီး၍။ ဝိဂစ္ဆရေ၊ ရေစက်နည်းသဖြင့် ကစဉ့်ကရဲ ကွဲကြရကုန်တော့သတည်း။

“တေးဘုမ္မကဋ္ဌ အထွတ်အထိတ်သို့ကျအောင် ကျွန်ကြီးတစ်ခုလုံး

www.burmeseclassic.com



ခြ၍ အကုန်လုံး စဉ်းစားလိုက်သောအခါ ချစ်ခြင်းသည် ဆွေးခြင်း၏ အစဖြစ်၏။ ဆွေးခြင်းသည် ချစ်ခြင်း၏ မိတ်ဆွေဖြစ်၏။ ဆင်းရဲခြင်းသည် ချမ်းသာခြင်း၏ မြေကတုတ်ခံတပ်ကြီး ဖြစ်၏။ ပူရခြင်းသည် အေးခြင်း၏ ပိုင်နက်၊ ပိုင်စားဖြစ်၏။ မေတ္တာသည် သစ္စာနှင့်ဆွေရင်း၊ မျိုးရင်းကြီးပေတည်း။ တမ်းတခြင်းသည် မျှော်လင့်ချက်အရာကို ကောင်းစွာမိအောင် ဖမ်း၏။ စင်ကြယ်သော အချစ်လက်စသည် သုခခေါ်သည့် ချမ်းသာမျိုးကို တစ်မျိုးတစ်မည် ခြယ်လှယ်၏။ သို့သော်လည်း မစင်ကြယ်သော အချစ်လက်စသည်ကား သုခ၏ ရုပ်လှသောဝန်ကို ဖန်တီး၏။ တည်ကြည်သော အကျင့်စာရိတ္တသည် ပျော်မြူးဖွယ်နှင့် အဆုံးသတ်ရ၏။ ဖောက်ပြားသော သစ္စာကတိသည်ကား ကြီးမားသော စိတ်အရသာ၏ အနှောင့်အယှက်ပေတည်း။ ကြည်လင်ခြင်းသည် ပျော်ရွှင်ခြင်း၏ ထူးခြားလှသော ပြောင်းလဲခြင်း အခြေအနေမဟုတ်၊ ပူဆွေးခြင်းသည် အေးမြခြင်း၏ ရင်းနှီးသော ဘိမ်းရည်းစားတည်း” သို့ဖြစ်၍ မောင်ဘဝင်း၏ နေ့စဉ်မပြတ် တမ်းတ ပူဆွေးရသော အလွမ်းဓာတ်၊ အဆွေးဓာတ်သည် နောက်ဆုံး၌ ချစ်သူနှင့် ဆုံစည်းရ၍ သုခဓာတ်ဝေဒနာ ကိုယ်စိတ်ချမ်းသာကို တဖွားဖွား ဖြစ်ပေါ်လျက် ရှိလေသတည်း။

နှစ်ရှည်လများ လွမ်းဆွတ်တသ ခဲ့ရသော အပူအပင် အများသည် ချစ်သူနှင့်ဆုံတွေ့၍ တစ်ခဏမျှတွေ့ရသော လက်နက်ကြီးဖြင့် အပြီးချေမှုန်း၍ ပစ်လေ၏။ မောင်ဘဝင်းသည် အလွန်တသသော စိတ်ဖြင့် အိပ်မပျော်စားမဝင် ပူပင်သောကသည် နေ့နှင့်ည မသဲမကွဲအောင် ရှိနေသမျှကို ယခုတစ်ခဏ ချက်ချင်း သူ၏မျက်နှာကို ပြုံးချိုစွာမြင်ရ၍ခေတ္တမျှ ပေါင်းရခြင်းတည်းဟူသော အရသာကလေးနှင့် အလေးချိန်တူညီစွာ အလိုက်အစားမပါ လဲလှယ်နိုင်၏။ အဆုံးဘဝ နောက်နောင် ကြာသော အခါ၌ကား ထိုကဲ့သို့သော တရားတို့နှင့် တန်းတူထား၍ မနှိုင်းချိန်နိုင်ချေ၊ မောင်ဘဝင်းသည် ရှေးအခါက မပြတ်ပူပင်ရ၏။ ယခုအခါ အလွန်စိတ်ချမ်းသာ၍ နေရ၏။ သို့သော်လည်း ရှေးကပူရခြင်းထက် ယခု အေးရခြင်းသည် ပိုမို၍ခရီးရောက်၏။ အကြောင်းမူကား သုခနှင့်ဒုက္ခသည် ပီယ



ဓာတ် ဝေဒနာကသာလျှင် နိုင်နင်းစွာ အုပ်စိုးလေသတည်း။

ထို့နောက် မောင်ဘဝင်းက စကားလက်စကို ဆက်လက်၍–

“ကျွန်တော်ဖြင့် ယခုလို သားအဖတစ်စု အကုန်လုံး တစ်သိုက်ကစ်ဝန်း၊ တစ်သင်းတစ်ဖွဲ့ တွေ့ကြုံဆုံစည်းဖို့ မျှော်လင့်ချက် အတော်နည်းတာပဲ။ ယခုမှ အကြောင်းမကုန်နိုင်သော မှတ်တမ်း ပေါ်ပေါက်ချက်ကြီး ဖြစ်ပါတယ်။ အခုဖြင့် ဖေဖေတို့၊ ညွန့်ညွန့်တို့ရော၊ ကျွန်တော်ရော ချမ်းသာလည်း တွေ့ခဲ့ရ၊ ဆင်းရဲမှု တွေ့ခဲ့ရ၊ သုခရော၊ အပူရော၊ အအေးရော ဆိုသလို တွေးရောယှက်တင် အတော်စုံလင်ခဲ့ပေါ့။ စိတ်ထားသဘောထား အခြေအနေ၊ အလုပ်အကိုင်၊ အနေအထိုင် တစ်မျိုးပြောင်း၍ ဇာတ်ကောင်းတစ်ခု ခင်းကြဦးစို့ရဲ့။ ခုလိုနေလို့ဖြင့် အခြေမလှဘူး။ သံသရာလည်းမကောင်း၊ လောကလည်းမကောင်း လူပေါင်းလည်းစုံကြပြီ။ ဖေဖေတို့ ဘယ်လိုသဘောရသလဲ”

ထိုအခါ ဗိုလ်တိုင်းကျော်က –

“ဖေဖေတို့ကတော့ အထူးပြောစရာ မလိုပါဘူး။ ငါ့သား သဘောကျတဲ့ အချက်ကို ဖေဖေတို့လိုက်နာမယ်။ ပျက်အစဉ် ပြင်ခဏဆိုတာလို ရှေးက မကောင်းခဲ့ကြသော်လည်း အခု ကောင်းအောင်နေကြရင် နေရာကျနိုင်ပါတယ်။ ဒီနေရာမှာ အစဉ်နေလို့လည်း ဟန်မရဘူး။ နေရာလည်း ပြောင်းကြဦးစို့ရဲ့။ နေရာပြောင်းပြန်လျှင်လည်း မလုံခြုံတဲ့ နေရာဖြစ်နေရင် ဖေဖေတို့ အဖမ်းခံရလို့ ဒုက္ခတွေ့ကုန်လိမ့်မယ်၊ အို ... ဘယ်လိုပဲဖြစ်ဖြစ်လေ ငါ့သားကြီး တစ်ခုပါပဲ။ ဆင်းရဲရင်လည်း မင်းတာဝန်ပဲ။ ငါ့သားကသာ တော်အောင် ကြည့်စီမံပါတော့”

ထိုအခါ မောင်ဘဝင်းက မျက်နှာကို အောက်စိုက်ထားပြီး ဆိတ်ငြိမ်စွာ စဉ်းစား၍ –

“အို ... အရှင်သခင်များက ဖမ်းဆီးဖို့အရေးတော့ ပူစရာမရှိပါဘူး။ ဒီအတွက်တော့ ကျွန်တော် တာဝန်ခံနိုင်ပါတယ်။ အခြားမှာ ချမ်းသာစွာ နေဖို့ထိုင်ဖို့ဆိုတာလည်း ကျွန်တော် ကြံစည်နိုင်ပါရဲ့။ ဖေဖေတို့က ကျွန်တော့် သဘောအတိုင်းဆိုရင် နက်ဖြန်၊ သဘက်ပဲ ဒီနေရာက ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ချွေကြစို့ရဲ့။ ဘာကိုမှ စိုးရိမ်စရာ မရှိပါဘူး။ အရပ်ရပ် နေရာကျအောင် ကျွန်တော် ကြံစည်ပါ့မယ်”

ဟု ပြော၍ နောင်အခါ နေထိုင်ကြဖို့အရေး ဆွေးနွေးတိုင်ပင်နေကြလေ၏။

ထိုသို့ အရပ်ရပ် နေထိုင်ရေးတို့ကို ဆွေးနွေး တိုင်ပင်ကြပြီးနောက် မောင်ဘဝင်းက –

“ကိုင်း … ဒီနေရာမှာ အရှည်သဖြင့် နေလို့ဟန်မရဘူး။ အခုလို တိုက်လားခိုက်လား စရိုက်မတရားတဲ့ ဓားပြအလုပ်ကိုလည်း ယနေ့က စ၍ ဖြုတ်ပစ်ကြစို့ရဲ့။ အလုပ်ပြောင်းမှ ကောင်းသောအခြေအနေသို့ ရောက်ကြလိမ့်မယ်။ သောတပန်တည်ပြီး အရိယာနွယ်သို့ မရောက်သမျှ ပုထုဇဉ်ဘဝမှာဖြင့် အခုလို မှားတဲ့အခါမှား၊ မှန်တဲ့အခါမှန်နဲ့ပဲ အခန့်သင့်တဲ့အခါ နိဗ္ဗာန်ရောက်ကြရတာပဲ။ ဘုရားအလောင်းကြီးများတောင် မှားတဲ့ဘဝမှာ မှားလို့၊ အရက်သမား၊ ထန်းရည်သမားကြီး ဖြစ်ခဲ့ဖူးသေးတာကလား။ အဲဒီတော့ ဖေဖေတို့ မှောက်မှားခဲ့တဲ့ အမှုတွေကိုလည်း ဝန်ကြီးတစ်ခုပြုဖို့ ဝမ်းနည်းလို့မရှိဘူး။ ပြီးတော့ အခုလို မကောင်းသောအလုပ်ကို အရှည်သဖြင့် လုပ်နေမယ်လို့ဆိုရင်လည်း တစ်သက်ပတ်လုံး ပုန်းလျှိုးခိုကပ်ပြီး နေနိုင်မယ် မဟုတ်ဘူး”

“ဘုရင်တို့ဘုန်း မိုးသို့ချုန်း၊ လူပုန်းတောမှာ မနေသာ” ဆိုတဲ့ စကားအတိုင်း ဘုန်းတော်ကြီးမြတ်တော်မူလှသော အရှင်သခင် အစိုးရမင်းများရဲ့ တန်ခိုးအာဏာ အရှိန်အဝါကို မလွန်ဆန်နိုင်ဘဲ တစ်ခါတစ်ခါတော့ ဖမ်းဆီးရမိ မချိမဆံ့ ဒုက္ခတွေ့ကြလိမ့်မယ်။ အဲဒီတော့ စောစောစီးစီးကပဲ ကိုယ့်အပြစ်ကို ကိုယ်သိပြီး အရှင်သခင် အစိုးရမင်းများထံ ဝန်ချတောင်းပန်ပြီးရင် အလံတော်အောက်သို့ ဝင်ရောက်ခိုလှုံကြစို့ရဲ့။ အရှင်သခင်များကလည်း အခုလို ကိုယ့်အပြစ်ကို ကိုယ်သိတဲ့ သူများကိုတော့ အပြစ်များများ မထားဘဲ၊ သနားကြင်နာ မဟာကရုဏာ သက်တော်မူလေ့ ရှိကြပါတယ်။ အို … ဒီအတွက်တော့ ကျွန်တော့်မှာ အရှင်သခင်များက စေလွှတ်ထားတဲ့ ဘက်တော်သား ဖြစ်လေတော့ အပြစ်မပေးရန်ကို ကျွန်တော် လုံးဝတာဝန်



ခံနိုင်ပါတယ်။ အပြစ်မပေးရုံသာမက အရှည်သဖြင့် ကောင်းမွန်ချမ်းသာစွာ နေထိုင်ဖို့ အရေးကိုတောင် ကျွန်တော် ကြံစည်ပြီးပေးနိုင်ပါရဲ့။ အရှင်သခင်များကတော့ ကျွန်တော် လျှောက်ထားရင်ဖြင့် ကိစ္စပြီးတာပါပဲ”

ဤသို့ မောင်ဘဝင်းသည် မိမိဖခင် ဗိုလ်တိုင်းကျော်နှင့် မယ်ယက္ခခေါ် နှမကလေး မမျိုးညွန့်တို့အား အကျိုးအကြောင်း ပြောဆိုနားချသောအခါ မယ်ယက္ခနှင့်ဗိုလ်တိုင်းကျော်တို့သည် အလွန်အမင်း ဝမ်းသာလုံးဆို၍ နေကြလေ၏။

မယ်ယက္ခက ပြုံးပြုံးချိုချို နဂိုယဉ်ကျေးသော မျက်နှာကလေးနှင့် မောင်ဘဝင်းအနားသို့ ပွတ်သီးပွတ်သပ်ကပ်ပြီး –

“အမယ်လေး … ကျွန်မတို့ ကိုကိုဝင်းကြီး ကယ်ပေလို့။ မင်းပြစ်မင်းဒဏ်လည်း အမှန်လွတ်ရတော့မယ်။ ချမ်းသာစွာလည်း နေထိုင်ရတော့မယ်။ တကယ့် ကျေးဇူးကြီးတဲ့ ကျေးဇူးရှင်ကြီးရဲ့။ ကျွန်မ ဘယ်လိုနည်းနဲ့ ကြံဖန်ပြီး ကျေးဇူးကျေလည်အောင် ကျေးဇူးဆပ်ရပါမလဲ။ ကျေးဇူးဆပ်ချင်လှချည်ရဲ့။ အဲဒီလို ကိုကိုဝင်းတို့ကတော့ အရည်အချင်းစွမ်းရည်သတ္တိနဲ့ ယောကျ်ားကောင်းပီသပြီး အားကိုးလောက်တဲ့လူမို့ ကျွန်မ မမေ့နိုင်တာပါဘဲ”

စသည် ချွဲတီချွဲတဲ မူတိမူရာ မပီကလာ ပီကလာနှင့် ပြောသောအခါ မောင်ဘဝင်းက –

“မယ်မင်းကြီးမကလေးရဲ့ … ။ ဒီလိုလေမျိုး ရှီးကုန်ပါ့မယ်။ အခုအစွမ်းကုန် မသုံးလိုက်ပါနဲ့ဦး”

ဟု ပြုံးကာ ပြန်ပြောပြီး သားအဖသုံးယောက် နောက်ပါ တပည့်လက်သားတွေနှင့်တကွ မောင်ဘဝင်း၏ အရှင်သခင်ထံ ငြိမ်သက်စွာ သွားကြလေ၏။

အမှုထမ်းများက “ဟော … ဓားပြတွေ လာကြတယ်” ဆိုပြီး ဗရန်းဗရင်းနှင့် ဖမ်းမယ်၊ ဆီးမယ် လုပ်ကြသောအခါ မောင်ဘဝင်းက လက်ပြပြီး –

“ဟေ့ … မဖမ်းကြနဲ့နော်။ ဒီဟာ ငါ့လူစုကွဲ။ နောက်မှမင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း သိရမယ်”

ဟု ပြောဆိုတားမြစ်ပြီး မိမိသခင်မင်းကြီးထံ ဝင်ရောက်ခစားလေ၏။ မင်းကြီးက စားပြတွေကို ဖမ်းဆီးခေါ်ယူလာသော မိမိတပည့်မောင်ဘဝင်းကို မြင်သောအခါ လွန်စွာအားရပြီး အလွန်ရွှင်လန်းသော မျက်နှာနှင့် –

“ဘယ့်နှယ့်လုလေး ... စားပြတွေ မိလာပြီလား။ အကျိုးအကြောင်း လျှောက်တင်စမ်းပါဦး”

ဟု ပြုံး၍ မေးတော်မူလေ၏။

ထိုအခါ မောင်ဘဝင်းက မိမိတို့ ငယ်ငယ်ကလေးက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများနှင့်တကွ ဗိုလ်တိုင်းကျော်သည် မိမိဖခင်အရင်းဖြစ်ကြောင်း၊ မယ်ယက္ခဆိုသော မိန်းမကလေးသည် မိမိနှမကလေးဖြစ်ကြောင်း၊ ယခု အပြစ်ကိုသိ၍ အစိုးရမင်းများထံ ဝင်ရောက်ကြောင်း၊ မိမိမျက်နှာကို ထောက်ရှု၍ ၎င်းတို့အား အပြစ်မှလွတ်ပြီးလျှင် ချမ်းသာစွာရာထူးဌာနန္တရဖြင့် ချီးမြှင့်ပါမည့်အကြောင်း စသည်ဖြင့် တစ်ခုမကျန် အကုန်ဇာတ်လမ်း လျှောက်တင်သောအခါ မင်းကြီးက စုတ်သပ်ပြီး –

“ြော်... ဒီလိုလား။ ကျွန်ုပ် အပုံကြီးသနားတယ်။ ကျွန်ုပ် ကောင်းကောင်းကြီး ကြည့်ရှုမယ်” ဟု ဆိုပြီး ဆုငွေလာဘ်သပ်ပကာ များစွာပေးကမ်းပြီးလျှင် မောင်ဘဝင်းအား စစ်ဗိုလ်ချုပ်ကြီးရာထူးဖြင့် မြှောက်စားလေ၏။ ဗိုလ်တိုင်းကျော်သည်ကား ၎င်းစစ်ဗိုလ်ရာထူးဖြင့် မြှောက်စားသော်လည်း အသက်အရွယ်ကြီးပြီဖြစ်၍ လက်မခံဘဲ မိမိသားအိမ်မှာပင် ချမ်းသာစွာနေ၍ ဘုရားသွား၊ ကျောင်းတက်နှင့်ပင် အချိန်ကုန်လေ၏။ ထို့နောက် များမကြာမီ မောင်ဘဝင်းနှင့် မယ်ယက္ခခေါ် ညွန့်ညွန့်အား မွေးစားသော သမီးဖြစ်သဖြင့် မောင်နှမအရင်း မဟုတ်ကြသည့်အတိုင်း ကြီးကျယ်စွာ လက်ထပ်မင်္ဂလာပွဲ ပြုလုပ်ကျင်းပပြီးလျှင် ချမ်းသာစွာ နေထိုင်ကြလေသတည်း။ ။

ပီမိုးနင်း

■